# ဧဝံဂေလိလုပ်ငန်း၊

## သင့်အသင်းတော်ကို ရွေ့ပြောင်း တည်ထောင်နည်း

**Randall J. Hillebrand**

("ခိုင်မာသောအသင်းတော်တည်ထောင်ခြင်း" စာအုပ်နှင့်တွဲဖက်သောစာအုပ်)

# အမှာစာ

ဤစာအုပ်သည် ကျွန်ုပ်၏ပထမဆုံးစာအုပ်တစ်အုပ်ဖြစ်သည့် “ခိုင်မာသောအသင်းတော်ကို တည်ထောင်ခြင်း” စာအုပ်ရေးသားရာတွင် အဓိကလက်စွဲစာအုပ်ပင်ဖြစ်ပါသည်။ ခိုင်မာသောအသင်းတော်ကိုတည်ထောင်ခြင်းစာအုပ်တွင် ခေါင်းဆောင်မှုဆိုင်ရာအကြောင်းရင်းများ၊ ၎င်း၏ပန်းတိုင်များ၊ ရည်ရွယ်ချက်များနှင့် အမှုတော်လုပ်ငန်းများ စသဖြင့်သောအရာများဖြစ်သည့် အသင်းတော်၏ကျန်းမာသန်စွမ်းခြင်းအတွက် လိုအပ်သည့်ခေါင်းစဉ်များစွာကို ထည့်သွင်းရေးသားထားပါသည်။ ဤစာအုပ်နှစ်ခုစလုံးသည် သခင်ခရစ်တော်၏အသင်းတော်ကိုတည်ထောင်ခြင်းလုပ်ငန်းတွင် အသင်းတော်ခေါင်းဆောင်များကို အထောက်အကူပြုရန်ရည်ရွယ်ရေးသားထားပါသည်။

ဤစာအုပ်သည် ခေါင်းစဉ်ကဖော်ပြထားသည့်အတိုင်း ဧဝံဂေလိလုပ်ငန်းစာအုပ်ပင်ဖြစ်သည်။ သို့ရာတွင် ၎င်းသည် ဧဝံဂေလိလုပ်ငန်း၏ပြင်ဆင်မှု၊ နည်းဗျူဟာနှင့်နည်းစနစ်လမ်းကြောင်းလမ်းကြောင်းများကို တင်ပြထားသည့် အမှီအငြမ်းတော့မဟုတ်ပါ။ ယုံကြည်ခြင်းကို မည်သို့မည်ပုံဝေငှသက်သေခံရမည်အကြောင်းနှင့်ပါတ်သက်၍သော်လည်းကောင်း၊ ခရစ်ယာန်ယုံကြည်ခြင်းကို အကာအကွယ်ကိုမည်သို့လုပ်ဆောင်ရမည်အကြောင်းနှင့်ပါတ်သက်၍သော်လည်းကောင်း ဖော်ပြထားသည့်စာအုပ်ပေါင်းမြောက်များစွာရှိသော်လည်း ဤအကြောင်းအရာများသည် ဤစာအုပ်၏ အဓိကဦးတည်ချက်မဟုတ်ပါ။ ဤစာအုပ်နှင့်ပါတ်သက်၍ ကျွန်ုပ်၏ရည်ရွယ်ချက်နှင့်ပန်းတိုင်မှာ အသင်းတော်ခေါင်းဆောင်များအား ၎င်းတို့၏အသင်းတော်ရှိလူများအား ဧဝံဂေလိလုပ်ငန်းများလုပ်ဆောင်ရာတွင် ပြင်ဆင်မှုနှင့်ဆော်ဩစည်းရုံးမှု၌ အထောက်အကူပေးရန်ဖြစ်သည်။ ထို့ကြောင့် ဤလုပ်ဆောင်မှုက ဧဝံဂေလိလုပ်ငန်းများဆက်လက်လုပ်ဆောင်ရန်အတွက် အသင်းတော်တွင် မရှိမဖြစ်လိုအပ်သည့် အခြေခံအချက်အလက်များကို တင်ပြခြင်းပင်ဖြစ်သည်။

ဤစာအုပ်သည် ဧဝံဂေလိလုပ်ငန်းနှင့်ဆက်နွယ်မှုတွင် ဘုရားသခင်၏နှုတ်ကပါတ်တော်နှင့်ဆိုင်သော အရေးပါသည့်အချက်များထည့်သွင်းထားသည်ဖြစ်၍ အချို့သောသူများက ဤစာအုပ်သည် ဧဝံဂေလိလုပ်ငန်းထက် သမ္မာကျမ်းစာသွန်သင်ခြင်းနှင့်ဟောပြောခြင်းနှင့်ဆိုင်သည့်လိုအပ်မှုများအကြောင်းကို ပို၍ ထည့်သွင်းထားသည်ဟု ထင်မြင်ယူဆမှုရှိနိုင်ပါသည်။ ဤသို့သော အယူအဆများသည် နားလည်နိုင်စရာဖြစ်သော်လည်း ဘုရားနှုတ်ကပါတ်တော်၏အရေးကြီးမှုနှင့်ပါတ်သက်ပြီး များစွာရေးသားရန် လိုအပ်လှပါသည်။ အဘယ့်ကြောင့်ဆိုသော် အသင်းတော်တစ်ခုကိုလှုံ့ဆော်တိုက်တွန်းရန်မှာ အဓိကသောချက်ပင်ဖြစ်ပါသည်။ အကြောင်းအရာနှစ်ခုသည် တစ်ခုနှင့်တစ်ခုအပြန်အလှန်ဆက်စပ်မှုရှိပြီး ခွဲခြားမရနိုင်ပါ။

ဤစာအုပ်တစ်ခုလုံးကို ခြုံငုံ၍လေ့လာကြည့်သော် သင်းအုပ်နှင့်ဓမ္မဆရာများသည် အသင်းတော်၏ခေါင်းဆောင်များအဖြစ်များသောအားဖြင့် ဆွေးနွေးတင်ပြထားသော်လည်း ရေးသားချက်လွယ်ကူချောမွေ့ဖို့ရန်အတွက် ထိုသို့လုပ်ဆောင်ခြင်းဖြစ်သည်ကို သိစေလိုပါသည်။ အသင်းတော်ကို သင်းအုပ်များနှင့်ဓမ္မဆရာများပါဝင်သည့် အသက်ကြီးသူများအဖွဲ့တစ်ဖွဲ့က တိုက်ရိုက်ဦးဆောင်လမ်းညွှန်ပြသည်ကို သမ္မာကျမ်းစကားထဲမှ ကျွန်ုပ်သိရှိရပေသည်။ သူတို့သည် ပထမအဆင့်ဦးစားပေးခေါင်းဆောင်များဖြစ်ကြပါသည်။ သင်းအုပ်များနှင့်ဓမ္မဆရာများသည် ဘုရားသခင်၏ရွေးချယ်ခေါ်ယူခြင်းနှင့်ပါတ်သက်ပြီး (ဧဖက် ၄း ၁၁ ) အသင်းတော်အတွင်း၌ အဓိကအခန်းကဏ္ဍတွင် ရှိကြသော်လည်း သူတို့သည် သင်းအုပ်များ၏အပေါင်းအဖော်များဖြစ်ကြသည့် အခြားဘုရားတရားကြည်ညိုသောသူများ၏အကူအညီဖြင့် ၎င်းတို့၏အသင်းတော်ကိုဦးဆောင်ဦးရွက်ပြုရာတွင် အတူတကွလုပ်ဆောင်ကြရန်ဖြစ်သည်။ နောက်ဆက်တွဲအခန်းတွင်မူ ဤအကြောင်းအရာကိုပြောဆိုထားသည့် ခိုင်မာသောအသင်းတော်ကိုတည်ထောင်ခြင်းစာအုပ်မှ “သင်းအုပ်နှင့်ဓမ္မဆရာများ၏ ပြင်ဆင်ခြင်းအမှုတော်လုပ်ငန်း” ခေါင်းစဉ်ကို “အသက်ကြီးသူများကို အဘယ့်ကြောင့် အများကိန်သုံးရသနည်း” ဟူသောခေါင်းစဉ်ဖြင့် တင်ပြထားသည့်အပိုင်းတစ်ပိုင်းပါဝင်သည်။ ဆက်လက်ဖြေရှင်းချက်အတွက် ဤအခန်းကို ကြည့်ရှုလေ့လာပါ။

ကျွန်ုပ်သည် ဤစာအုပ်ထဲတွင် သာသနာပြုများကို အသင်းတော်တည်ထောင်သူအများအဖြစ်လည်းသတ်မှတ်ထားပါသည်။ သာသနာပြုသူ၏လုပ်ငန်းသည် လူများအား ခရစ်တော်နှင့် မိဿဟာရထဲသို့ ခေါ်ဆောင်လာခြင်းတစ်ခုတည်းမဟုတ်( တမန်တော် ၈း ၂၆- ၄၀ ညွှန်းဆို)၊ အသင်းတော်သစ်စတင်ခြင်းလည်းဖြစ်သည် (သာသနာပြုဖိလိပ္ပ၏လုပ်ဆောင်ချက်ကို သမ္မာကျမ်းစာကရည်ညွှန်းထားဟန်ရှိသည်၊ တမန် တော် ၈း ၅- ၈၊ ၁၂ ) ဟု ကျွန်ုပ်နားလည်သည်။ ထို့ကြောင့် ဤစာအုပ်တွင် သာသနာပြုများသည် အသင်းတော်သစ်များကို အစပြုသူများဟု ဖော်ပြထားသည်။

ကျွန်ုပ်သည် ဤစာအုပ်ကို ကျယ်ပြန့်သောပရိသတ်များအတွက်ရည်ရွယ်ရေးသားရန် ကြိုးစားအားထုတ်သော်လည်း ရေးသားသည့်အချိန်ကာလတွင် စိတ်ထဲ၌ ကနဦးဆိုဗီယက်ပြည်ထောင်စုလည်း ကိန်းဝပ်ခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်၏ရေးသားတင်ပြချက်သည် ဖတ်ရှုလေ့လာသည့် သင်၏ရိုးရာယဉ်ကျေးမှုနှင့်လိုက်လျောညီထွေမှုမရှိခဲ့လျှင် ၎င်းသည် အကြောင်းတရားဖြစ်လာနိုင်ပါသည်။ ဤစာအုပ်သည် သင်၏အမှုတော်လုပ်ငန်း၌ အထောက်အကူဖြစ်နိုင်ရန်မှာ ကျွန်ုပ်၏မျှော်လင့်ချက်နှင့်ဆုတောင်းချက်ပင်ဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့် ဤစာအုပ်ဖြစ်မြောက်လာရေးအတွက် အတည်ပြုဖတ်ရှုပေးသည့် ချစ်ဇနီးသည် Annette ကို ကျေးဇူးတင်လိုပါသည်။ ဤအစီအစဉ်ဖြစ်မြောက်ပြည့်စုံလာခြင်းအတွက်

သင်၏ဖွဲ့လုံးလဝီရိယနှင့်မဆုတ်မနစ်ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုလျက် ကျေးဇူးတင်ပါသည်။

Randy နှင့် သူ၏ဇနီးသည် Annette တို့သည် ၂၀၀၁ ခုနှစ်ကစ၍ ယူကရိန်းနိုင်ငံတွင် နေထိုင်ကြပါပြီး သင်းအုပ်ဆရာများ၊ အသက်ကြီးသူများ၊ သာသနာပြုများနှင့်၎င်းတို့၏ဇနီးသည်များအား သင်ကြားပေးခြင်းလုပ်ငန်းကိုလုပ်ဆောင်ကြပါသည်။ ယခင်က သင်းအုပ်အလုပ်ကိုလုပ်ခဲ့သည့် Randy သည် ခိုင်မာသောအသင်းတော်တည်ထောင်ခြင်းလုပ်ငန်းလုပ်ဆောင်ပုံနှင့်ဧဝံဂေလိလုပ်ငန်းလုပ်ဆောင်ရာတွင် သင်၏အသင်းတော်နှိုးဆော်တိုက်တွန်းနည်းနာများနှင့်ပါတ်သက်ပြီး ဥရောပနိုင်ငံအနှံ့အပြားတွင် သင်တန်းများပို့ချလျက်ရှိသည်။ Annette သည်လည်း ယခင်ကသင်းအုပ်တစ်ယောက်၏ဇနီးသည်ဖြစ်သောကြောင့် စိတ်ဝင်စားစရာခေါင်းစဉ်မျိုးစုံဖြင့် ခေါင်းဆောင်များ၏ဇနီးသည်များကို သွန်သင်ပို့ချပေးနိုင်ပါသည်။ Randy အား အသင်းတော်အရေးကိစ္စနှင့်ဆက်စပ်၍ စာရေးသားပေးပို့လိုလျှင် ရေးသားနိုင်ပါသည်။


လိပ်စာ၊

Randy Hillebrand

PO Box 52

Kiev, Ukraine 02175

ဖုန်း၊ +380 (67) 235-93-10

အီးမေးလ်၊ randy.hillebrand@crossworld.org

# အကြောင်းအရာ

ဆက်ကပ်မှုစာမျက်နှာ ---------------------------------------------------------

အမှာစာ-----------------------------------------------------------------

အခန်း ၁။ အသင်းတော်၊ ပြင်ဆင်သည့်နေရာတစ်ခု -------------------------------

အခန်း ၂။ ဇဝ်ဂေလိလုပ်ငန်း၊ စုစည်းပြီး ဖြန့်ကျဲသည်-------------------------------

အခန်း ၃။ တည်ဆောက်သူ၊ စီမံကိန်းတစ်ခုကိုပြင်ဆင်သည် -------------------------

အခန်း ၄။ တရားပလ္လင်၊ အားလုံးသည် ဤနေရာတွင်အစပြုသည် --------------------

အခန်း ၅။ သမ္မာကျမ်းစာလေ့လာခြင်း၊ နှုတ်ကပါတ်တော်ထဲနက်နဲစွာလေ့လာခြင်း-------

အခန်း ၆။ တပည့်တော် ၊ အခြားသူများကို သွန်သင်နိုင်သောသူတို့အား အားကိုးခြင်း ---

အခန်း ၇။ အသင်းတော်၊ လူအားလုံးတွင် အရာအားလုံးဖြစ်လာမည့်လိုအပ်ချက်များ -----

အခန်း ၈။ နောက်ထပ်ခြေလှမ်း၊ ရှေးသို့တက်လှမ်းခြင်း ------------------------------

နောက်ဆက်တွဲ၊

အမှုတော်လုပ်ငန်းတွင်ရှိသည့် ဘုရားသခင်၏နှုတ်ကပါတ်တော် -------------------------

သမ္မာကျမ်းစာလေ့လာနည်းများ ---------------------------------------------------

အသက်ကြီးသူများသည့် အဘယ့်ကြောင့်အများကိန်းဖြစ်ရသနည်း -----------------------

စာရေးသူအကြောင်း ----------------------------------------------------------

အခန်း ၁။

# အသင်းတော် ၊
# ပြင်ဆင်သည့်နေရာတစ်ခု

"ခရစ်တော်၏ကိုယ်ကိုတည်ဆောက်၍၊ ဓမ္မဆရာအမှုကိုပြုတတ်မည်အကြောင်း၊
သန့်ရှင်းသူတို့ကိုပြင်ဆင်ခြင်းအလို့ငှါ၊ ဌိသခင်သည် လူအချို့တို့ကို တမန်တော်အရာ၌၎င်း၊အချို့တို့ကို
ပရောဖက်အရာ၌၎င်း၊ အချို့တို့ကို သာသနာပြုအရာ၌၎င်း၊ အချို့တို့ကို သင်းအုပ်အရာ၊
ဆရာအရာ၌၎င်း၊ ခန့်ထားတော်မူ၏။ ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့၎င်း၊
ဘုရားသခင်၏သားတော်ကိုသိကျွမ်းခြင်းသို့၎င်း၊ တညီတညွတ်တည်းရောက်၍၊
ခရစ်တော်၏ပြည့်စုံခြင်းပမာဏအရပ်တည်းဟူသော
ကြီးရင့်သောလူ၏အဖြစ်သို့ရောက်ကြသည်တိုင်အောင်ဖြစ်သတည်း။"

(ဧဖက် ၄း ၁၁- ၁၃ )

### တစ်ဦးတစ်ယောက်၏အခန်းကဏ္ဍနားလည်ခြင်း၏အရေးပါမှု

သင်းအုပ်ဆရာတစ်ပါးနှင့်သာသနာပြုဆရာတစ်ပါး (အသင်းတော်တည်ထော်သူ) တို့သည် ၄င်းတို့၏အခန်းကဏ္ဍအသင်းတော်၏အခန်းကဏ္ဍကို မည်သို့နားလည်သဘောပေါက်သည် ဟူအသောအချက်က သူတို့သည် မည်သို့သောအသင်းတော်အမျိုးအစားကို တိုးတက်ကြီးထွားအောင်လုပ်ဆောင်သည်ဟူသောအရာကို အဆုံးအဖြတ်ပေးပေမည်။ သူတို့သည် မိမိကိုယ်ကို သိုးထိန်းများ၊ တရားမျှတစွာအဆုံးအဖြတ်ပေးသူများ၊ စီမံခန့်ခွဲရေးအရာရှိများ၊ အုပ်ချုပ်သူများ၊ လူမှုရေးဆိုင်ရာညွှန်ကြားချက်ပေးသူများ စသည်ဖြင့် ရှုမြင်ကြပါသလား။ ဒေသန္တာရအသင်းတော်နှင့်ပါတ်သက်ပြီး ၄င်းတို့၏အမြင်ကား အဘယ်နည်း။ ဧဝံဂေလိလုပ်ငန်း၊ ဖျော်ဖြေမှု၊ အဖွဲ့အစည်း၊ လူမှုရေးအစီအစဉ်များ၊ ခရစ်ယာန်ဝတ်ပြုပွဲများကျင်းပရန်နေရာအဖြစ်သာ မှတ်ယူကြပါသလား။ သူတို့သည် သမ္မာကျမ်းစာဆိုင်ရာ၄င်းတို့၏အခန်းကဏ္ဍများကို နားလည်သဘောပေါက်ခြင်းမရှိလျှင်၊ သင်းအုပ်ဆရာနှင့်သာသနာပြုများက သူတို့အသင်းတော်အတွက်အလုပ်လုပ်နေခန်းကဏ္ဍများကို နားလည်သဘောပေါက်ခြင်းမရှိလျှင်၊ သင်းအုပ်ဆရာ နှင့်သာသနာပြုများက သူတို့သည်အသင်းတော်အတွက်အလုပ်လုပ်နေကြခြင်းဖြစ်၏ မဖြစ်၏ကိုလည်းကောင်း၊ အသင်းတော်သည် မှန်ကန်သောပန်းတိုင်

ဆီသို့ဦးတည်တက်လှမ်းနေခြင်းရှိ၏ မရှိ၏ကိုလည်းကောင်း နားလည်သဘောပေါက်ကြမည်မဟုတ်။ သို့ဖြစ်သောကြောင့် သမ္မာကျမ်းစာသွန်သင်ချက်ဆိုင်ရာ သင်းအုပ်နှင့်သာသနာပြုတို့၏အခန်းကဏ္ဍကား အဘယ်နည်း။ သမ္မာကျမ်းစာ၏သွန်သင်ချက်ဆိုင်ရာ အသင်းတော်၏အခန်းကဏ္ဍကားအဘယ်နည်း။

## သမ္မာကျမ်းစာသွန်သင်ချက်ဆိုင်ရာ အသင်းတော်၏အခန်းကဏ္ဍ

ဤအခန်းခေါင်းစဉ်က အလေးအနက်ထားပြောဆိုသည်အတိုင်း အသင်းတော်သည် ပြင်ဆင်မှုများလုပ်ဆောင်ရာနေရာပင်ဖြစ်ပါသည်။ အသင်းသူအသင်းသားများအား အမှုတော်လုပ်ငန်းလုပ်ဆောင်နိုင်ရန်ရည်ရွယ်၍ ပြင်ဆင်ထားရာနေရာဖြစ်ရပေမည်။ တနည်းအားဖြင့်ဆိုသော်၊ ဖျော်ဖြေပွဲပြုလုပ်ရာနေရာ၊ လူမှုရေးအသင်းအဖွဲ့စည်းဝေးရာနေရာ၊ အဖွဲ့အစည်းနေရာ၊ ဒဿနသို့မဟုတ် အသိဉာဏ်ဆိုင်ရာအဖွဲ့အစည်းနေရာ၊ သို့တည်းမဟုတ် လူသားချင်းစာနာထောက်ထားသည့်အဖွဲ့အစည်းလုပ်ဆောင်ရာနေရာ မဟုတ်ပါ။ အသင်းတော်တစ်ခုတွင် အထက်ကဖော်ပြခဲ့သည့် ဤအသင်းတော်ပုံစံများကို ရှုထောင့်အမျိုးမျိုးဖြင့်တွေ့မြင်ရသော်လည်း အသင်းတော်သည် ဤအရာအားလုံးကိုအတူတကွလုပ်ဆောင်သည်ထက် များစွာသောအရာဖြစ်နိုင်သည်။ အသင်းတော်ဆိုသည်မှာ သူ့ပတ်ဝန်းကျင်ကမ္ဘာရှိအရာကို ခရစ်တော်အတွက် အကျိုးသက်ရောက်စေသည့်ရည်ရွယ်ချက်ကိုဦးတည်လျက် ဘုရားသခင်က တိတိကျကျဖွဲ့စည်းတည်ထောင်ထားသည့်အဖွဲ့အစည်းဖြစ်သည်။ ၎င်းမှာ အသင်းတော်သည် အသင်းသားများအား ထိုသို့လုပ်ဆောင်ရန် သွန်သင်ပေးသည့်နေရာတစ်ခုဖြစ်သည့်အချိန်တွင် ဖြစ်လာပါလိမ့်မည်။ ၁ကော ၁၂ တွင်ဖော်ပြထားသည့် အသင်းတော်နှင့်စပ်လျဉ်း၍ ဘုရားသခင်၏ရည်ရွယ်ချက်က ဤအခန်းကဏ္ဍကို ပြည့်စုံရန်ရည်ရွယ်ထားသည့်ပုံစံကို ဖော်ပြထားပါသည်။

> “[၄]ဆုကျေးဇူးတော် အထူးထူးအထွေထွေရှိကြသော်လည်း ဝိညာဉ်တော်တပါးတည်းရှိ၏။ [၅]ဓမ္မဆရာအမှုအထူးထူးအထွေထွေရှိကြသော်လည်း သခင်တပါးတည်းရှိ၏။ [၆]ပြုပြင်ခြင်းအမှု အထူးထူးအထွေထွေရှိကြသော်လည်း၊ ခပ်သိမ်းသောသူတို့၌ ပြုပြင်သမျှကိုပြုပြင်တော်မူသော ဘုရားသခင်တပါးတည်းရှိ၏။ [၇]ကောင်းသောအကျိုးအလို့ငှါသာ ဝိညာဉ်တော်ကို လူအသီးသီးတို့အား ထင်ရှားစွာပေးတော်မူလျက်ရှိ၏။ [၁၁]ဤအခွင့်ရှိသမျှတို့ကို တပါးတည်းသောဝိညာဉ်တော်သည်ပြုပြင်၍ လူအသီးသီးတို့အား အသီးအသီးခံရသောအခွင့်ကို အလိုတော်ရှိသည်အတိုင်း ဝေငှ၍ပေးတော်မူ၏။ [၁၂]ဥပမာကား၊ ကိုယ်တခုတည်း၌ အင်္ဂါအများရှိသည်ဖြစ်၍၊ ထိုတခုတည်းသောကိုယ်၏အင်္ဂါအပေါင်းတို့သည် များလျက်နှင့်

ကိုယ်တခုတည်း ဖြစ် သကဲ့သို့ ထိုနည်းတူ ခရစ်တော်ဖြစ်၏။ [၁၁]အကြောင်းမူကား၊ ယုဒလူဖြစ်စေ၊ ဟေလဒလူဖြစ်စေ၊ ကျွန်ဖြစ်စေ၊ လူလွတ်ဖြစ်စေ၊ ငါတို့ရှိသမျှသည် ဝိညာဉ်တော် တပါးတည်းအားဖြင့် တကိုယ်တည်းထဲသို့ဗတ္တိဇံကိုခံကြ၏။ ငါတို့ရှိသမျှသည် တစိတ်တဝိညာဉ်တည်းထဲသို့လည်း သောက်ကြ၏။" (အပိုဒ် ၄- ၇၊ ၁၁- ၁၃၊ )

အကျိုးသက်ရောက်မှုတစ်ခုကို စဉ်းစားဆင်ခြင်ရန် အဖွဲ့အစည်းတစ်ခုကိုတည်ဆောက်ထားသည့်ခရစ်တော်၏ကိုယ်ခန္ဓာအတွက် ဘုရားသခင်၏ရည်ရွယ်ချက်နှင့်သက်ဆိုင်သည့် အရေးပါသောဝိသေသလက္ခဏာခြောက်ခုရှိသည်။ ယင်းတို့မှာ

၁။ ဝိညာဉ်ဆုကျေးဇူးအထူးထူးအထွေထွေကို ဤရည်ရွယ်ချက်ကြောင့် အသင်းသားများအား ပေးထားပါသည်။ (အပိုဒ် ၄၊ ၇၊ ၁၁ )

၂။ ဓမ္မဆရာအမှုအထူးထူးအထွေထွေကို ဝိညာဉ်ဆုကျေးဇူးကို လက်တွေ့ကျင့်ဆောင်နိုင်ခြင်းအားဖြင့် ဖန်တီးပေးထားပါသည်။ (အပိုဒ် ၅ )

၃။ ပြုပြင်ခြင်းအမှုအထူးထူးအထွေထွေကို ဓမ္မဆရာအမှုအမျိုးမျိုးအားဖြင့် ဆုကျေးဇူးကိုလက်တွေ့ကျင့်သုံးခြင်းအကျိုးဆက်ကြောင့် ထုတ်ဖော်ထားပါသည်။ (အပိုဒ် ၆ )

၄။ ဤဖြစ်စဉ်အားလုံးကို အစွမ်းတန်ခိုးပေးထားရာတွင် ဘုရားသခင်ပါဝင်တော်မူသည်။ (အပိုဒ် ၆ )

၅။ ဓမ္မဆရာအမှုအထူးထူးအထွေထွေနှင့်ပြုပြင်ခြင်းအမှုအထူးထူးအထွေထွေကို ထုတ်ဖော်နိုင်ခြင်း၌ ကိုယ်ကို ကွဲပြားခြားနားစေသည်။ (အပိုဒ် ၁၂။ ၁၄- ၂၀၊ ၂၇- ၃၀ ကို ကိုးကားသည်။ )

၆။ တစ်စိတ်တစ်ဝိညာဉ်တည်းဖြင့်အလုပ်လုပ်ဆောင်နိုင်ရန် ကိုယ်တစ်ခုတည်းဖြစ်၏။ (အပိုဒ် ၁၂-၁၃။ အပိုဒ် ၂၁-၂၆၊ ၂၇- ၃၀ ကို ကိုးကားသည်။

ခရစ်တော်၏ကိုယ်အင်္ဂါနှင့်ပါတ်သက်ပြီး ဘုရားသခင်၏အကြံအစည်တွင် တိကျသေချာသောရည်ရွယ်ထားချက်ရှိပါသည်။ ထိုရည်ရွယ်ချက်ကို ပြီးပြည့်စုံစေရန် ယုံကြည်သူအားလုံးသည် အမှုတော်အတွက် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပြင်ဆင်ထားခြင်းကို ခံရပါသည်။ ယုံကြည်သူတို့သည် ၎င်းတို့အားပေးတော်မူသောဆုကျေးဇူးများကို နည်းလမ်းအမျိုးမျိုးနှင့်အမှုတော်လုပ်ငန်း

အမျိုးမျိုးတို့တွင် အသုံးပြုရန်ဖြစ်သည်။ ဤပေါင်းစည်းထားသောဆုကျေးဇူးများနှင့်အမှုတော်လုပ်ငန်းများ၏အကျိုးဆက်ကြောင့် အောင်မြင်မှုများစွာရရှိမည်အကြောင်း၊ ထိုအောင်မြင်သည့်အကျိုးဆက်များကို ဘုရားသခင်ကိုယ်တော်တိုင် လူတို့၏အသက်တာများတွက် အသုံးချတော်မူမည်အကြောင်း ကတိတော်ထားတော်မူသည်။ ခရစ်တော်၏ကိုယ်အင်္ဂါကို ထိရောက်စေသော၊ ရှုပ်ထွေးစေသော၊ များစွာလက်လှမ်းမှီသော ဤရည်ရွယ်ထားချက်၏ဝိသေသလက္ခဏာတစ်ခုမှာ ဘုရားသခင်က ၎င်းကို ကွဲပြားခြားနားသော်လည်း တစ်စိတ်တစ်ဝိညာဉ်တည်းအဖြစ် ရည်ရွယ်ထားသည့်အချက်ပင်ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုသော်၊ လုပ်ဆောင်ခြင်း၌ ၎င်း၏စွမ်းဆောင်နိုင်မှုသည် အကန့်အသတ်မရှိဖြစ်သည်။ ဤအရာအားလုံး၌ပူးပေါင်းပါဝင်မှုသည် ဘုရားသခင်က ဤဖြစ်စဉ်တစ်ခုလုံးကို အစွမ်းတန်ခိုးပေးထားသောအချက်ကြောင့်ဖြစ်သည်။ ထိုသို့သောအဖွဲ့အစည်းတစ်ခုကို ၎င်း၏အသင်းတော်ခေါင်းဆောင်များက ကောင်းမွန်သင့်လျော်စွာပြင်ဆင်ထားပါလျှင် ပတ်ဝန်းကျင်ကမ္ဘာတွင် ကြီးမားသည့်သက်ရောက်မှုကို လုပ်ဆောင်ပေးနိုင်ပါသည်။

## သင်းအုပ်နှင့်သာသနာပြု၏အခန်းကဏ္ဍ

ခရစ်တော်၏ကိုယ်အင်္ဂါကို ကမ္ဘာကြီးအပေါ် သက်ရောက်မှုတွင် တည်ဆောက်ထားသော်လည်း ဘုရားသခင်သည် အမှုတော်လုပ်ငန်းအတွက် ကိုယ်အင်္ဂါများကိုပြင်ဆင်ခြင်းလုပ်ငန်းကို လုပ်ဆောင်ရန် သင်းအုပ်များနှင့်သာသနာပြုများကို ပေးထားပါသည်။ ၎င်းတို့လုပ်ဆောင်ခြင်း၏အကျိုးဆက်မှာ "ခရစ်တော်၏ကိုယ်ခန္ဓာတည်ဆောက်ခြင်း" တွင် အထောက်အကူပေးရန်ဖြစ်သည်။ (ဧဖက် ၄း ၁၁- ၁၂ ) ဤသည်မှာ သင်းအုပ်များနှင့်သာသနာပြုများအား (အသင်းတော်အသက်ကြီးသူများအဖွဲ့တွင် ပါဝင်သောသူများ) "သွန်သင်ခြင်းအမှုကိုပြုနိုင်ရန်" ကူညီထောက်ပံ့ရသည့်အကြောင်းရင်းဖြစ်သည်။ ( ၁တိ ၃း ၂၊ ၂တိ ၂း ၂၄၊ တိတု ၁း ၉ ) သွန်သင်ခြင်းအမှုကိုပြုရန် ၎င်းတို့၏အစွမ်းအစမှာ အသင်းတော်၏ကျန်းမာသန်စွမ်းမှုနှင့်အသက်ရှည်နေထိုင်ခြင်းအတွက် ကြီးမားသည့်အရာဖြစ်ပြီး ၎င်း၏ကျန်းမာသန်စွမ်းမှုကို ၎င်းကိုယ်တိုင်၏စုစည်းမှု၊ ရင့်ကျက်မှု၊ နှုတ်ကပါတ်တော်နားလည်သဘောပေါက်မှု၊ ခရစ်တော်နှင့်တူညီမှု၊ ချစ်ခြင်းမေတ္တာ၊ နှင့်အတူတကွလုပ်ဆောင်နိုင်သည့်အစွမ်းအစတွင် သက်သေထင်ရှားလျက်ရှိပါသည်။ (ဧဖက် ၄း ၁၃- ၁၆ ) ထို့ကြောင့် ဤသို့သောအကျိုးရလဒ်များထွက်ဖို့လာဖို့ရန်မှာ သင်းအုပ်နှင့်သာသနာပြုများ၏လုပ်ဆောင်ချက်သာလျှင်ဖြစ်သည်။ သူတို့သည် ၎င်းတို့အားခွဲဝေသတ်မှတ်ပေးထားသည့် ခရစ်တော်၏ကိုယ်အင်္ဂါတည်ဆောက်ခြင်းလုပ်ငန်းကိုပန်းတိုင်ထားလျက် လုပ်ဆောင်ကြရန်ဖြစ်သည်။ (၁ပေ ၅း ၃ ) သူတို့သည် ခရစ်တော်မိန့်တော်မူသည်အတိုင်း ( ၁တိ ၅း ၁၇ ) ၎င်းတို့၏အသင်းသားများအား သွန်သင်ခြင်းလုပ်ငန်းတွင် အားကြိုးမာန်တက်လုပ်ဆောင်ကြရန်ဖြစ်သည်။ သို့မှသာ သူတို့သည် ဘုရားသ

ခင်၏သားတော်အကြောင်းကို သိမှတ်စွဲလန်းလာကြမည်ဖြစ်သည်။ ( ဧဖက် ၄း ၁၃ ) ၎င်းတို့၏အသင်းတော်သည် အဓိကဦးတည်ချက်ဖြစ်သော အသက်တာရင့်ကျင့်မှုနှင့်ခရစ်တော်နှင့်ပုံသဏ္ဍာန်တူညီခြင်းဆီသို့ တက်လှမ်းရမည်ဖြစ်သည်။ သို့မှသာ ၎င်းတို့အား လှည့်ဖြားသွေးဆောင်ပြီး လမ်းမှားမှ လွဲရှောင်နိုင်မည်ဖြစ်သည်။ ( ဧဖက် ၄း ၁၃- ၁၄ ) သူတို့သည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့်ကျေးဇူးတော် ယိုဖိတ်စီးဆင်းလာရာ အသင်းတော်တည်ဆောက်ခြင်းတွင် ကြိုးပမ်းလုပ်ဆောင်ကြရန်ဖြစ်သည်။ သို့ဖြင့် အသင်းတော်သည် ကြီးပွါးတိုးတက်လာပြီး တည်ဆောက်ခြင်းသို့ရောက်ပေမည်။ ( ဧဖက် ၄း ၁၅- ၁၆ ) တမန်တော်ရှင်ပေါလုက ဧဖက် ၄း ၁၁- ၁၂ တွင် ဖော်ပြထားသည်အတိုင်း ဤသို့သောအကျိုးကျေးဇူးများဖြစ်ပေါ်လာစေရန် "အမှုတော်လုပ်ငန်းအတွက်သန့်ရှင်းသူများကိုပြင်ဆင်ရန်နှင့်ခရစ်တော်၏ကိုယ်အင်္ဂါကိုတည်ဆောက်ရန်" မှာ သင်းအုပ်နှင့် သာသနာပြုဆရာများ၏ တာဝန်ဝတ္တရားပင်ဖြစ်ပါသည်။ ( ဧဖက် ၄း ၁၁- ၁၂ နှင့်ပါတ်သက်ပြီး ဆက်လက်ရှင်းလင်းချက်ကို အခန်း ၃ တွင် လေ့လာပါ။ )

သွန်သင်ခြင်းအမှုတော်လုပ်ငန်းသည် လောကရှိဒေသန္တာရအသင်းတော်တွင် အရေးပါသော အခန်းကဏ္ဍတွင်ရှိနေသဖြင့် တမန်တော်များသည် ဤတာဝန်များတွင် ဆက်ကပ်အပ်နှံခဲ့ကြသည်။ တမန်တော် ၂း ၄၂ ကိုလေ့လာသောအခါ အသင်းတော်အစပြုသည်နှင့်ချက်ခြင်းပင် ဤသို့ဆိုထားပါသည်။

> "ထိုသူများသည် တမန်တော်တို့၏ဆုံးမဩဝါဒကိုခံခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်း၊ မုန့်ကိုဖဲ့ခြင်း၊ ပဌနာပြုခြင်းတို့ကို အမြဲဆောင်ရွက်၍နေကြ၏။"

ဤလုပ်ငန်း၏အရေးပါမှုကြောင့် တမန်တော်များသည် အစကနဦးမှစတင်ပြီး ယုံကြည်သူအသစ်များကို သွန်သင်ခြင်းအမှုပြုကြသည်။ နောက်ပိုင်းတွင် တမန်တော် ၆း ၄ တွင် မှတ်တမ်းတင်ထားသည့်အတိုင်း မုဆိုးမများကိုကူညီစောင့်မခြင်း၌ အသင်းတော်တွင်းပြဿနာတစ်ခုဖြစ်ပေါ်လာသည့်အချိန်တွင် ဤလုပ်ငန်းကိုလုပ်ဆောင်ရန်နှင့်စပ်လျဉ်းပြီး "သူတို့တွင် လူခုနှစ်ဦးကိုရွေးချယ်ရန်"( တမန် ၆း ၃ ) ပြောဆိုခဲ့ကြသည်။

> "ငါတို့မူကား၊ ဆုတောင်းပဌနာပြုခြင်း၊ နှုတ်ကပါတ်တော်ကိုဟောပြောခြင်းအမှုတို့ကိုအမြဲပြု၍ နေမည်ဟုဆိုကြ၏။" (အပိုဒ် ၄ )

ဤသည်မှာ သိသာထင်ရှားသောအရာဖြစ်ပါသည်။ အကြောင်းမူကား၊ သူတို့သည် ယေရုရှလင်မြို့အသင်းတော်၏ခေါင်းဆောင်များဖြစ်ကြသောကြောင့် ဤသည်မှာ ၎င်းတို့၏အဓိကထားလုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်ဖြစ်ကြောင်း ဆိုကြသည်။ တနည်းအားဖြင့် ဤသည်မှာ ၎င်းတို့၏အချိန်အများစုကို ရင်းနှီးမြှုပ်နှံရာနေရာလည်း ဖြစ်ပါသည်။

ဘုရားသခင်၏နှုတ်ကပါတ်တော်သွန်သင်ခြင်းသည် တမန်တော်ရှင်ပေါလုအတွက်လည်းပဲ အရေးကြီးသည် အခန်းကဏ္ဍတွင်ပါဝင်သည်။ ရှင်ပေါလုသည် ကောရိန္တုအသင်းတော်တွင်ရှိနေစဉ် ဘုရားသခင်၏သွန်သင်ခြင်းလုပ်ငန်းတွင် တစ်နှစ်ခွဲခန့်အချိန်သုံးခဲ့ရကြောင်း ရှင်လုကာက ရေးသားထားသည်။ ( တမန် ၁၈း ၁၁ ) ဧဖက်အသင်းတော်တွင် ရှိနေသည့်အချိန်ကာလနှင့်ပါတ်သက်ပြီး ရှင်လုကာက ဤသို့မှတ်တမ်းတင်ရေးသားထားပါသည်။

> “၈ ထို့နောက်မှ ရှင်ပေါလုသည် တရားစရပ်သို့ဝင်၍ သုံးလပတ်လုံး ဘုရားသခင်
> ၏နိုင်ငံတော်အကြောင်းများကို ဆွေးနွေးနှီးနှော၍ ဖြားယောင်းသွေးဆောင်သ
> ဖြင့် ရဲရင့်စွာဟောပြောလေ၏။ ၉ အချို့သောသူတို့သည် ခိုင်မာသောစိတ်ရှိ၍ မ
> ယုံကြည်ဘဲနေလျက်၊ လူများရှေ့မှာ ထိုဘာသာကိုကဲ့ရဲ့သောအခါ၊ ပေါလုသည်
> သူတို့အထဲမှထွက်သွား၍ တပည့်တော်တို့ကို အသီးအခြားခွဲထားပြီးမှ၊ ၁၀ တုရန္နု
> အမည်ရှိသောသူ၏စာသင်စရပ်၌ နှစ်နှစ်ပတ်လုံးနေ့တိုင်းဟောပြောသောအား
> ဖြင့်၊ အာရှိပြည်သားဖြစ်သောယုဒလူ၊ ဟေလသလူအပေါင်းတို့သည် သခင်ယေ
> ရှု၏နှုတ်ကပါတ်တရားတော်ကို ကြားရကြ၏။” (တမန် ၁၉း ၈- ၁၀ )

ရှင်ပေါလုသည် တရားဇရပ်တွင် သုံးလကြာမျှသွန်သင်ခြင်းအမှုကိုပြုပြီးနောက် တုရန္နု၏တရားစရပ်သို့ပြောင်းရွှေ့ပြီး တပည့်တော်များအား နှစ်နှစ်လုံးလုံးသင်ကြားပေးခဲ့သည်။ သူသည် ဧဖက်မြို့တွင်ရှိသောသူများသာမက အာရှိပြည်သားတို့ကိုလည်း သွန်သင်ပေးထားခဲ့သည်။ ဂရိစာမူတစ်ခုက ဖော်ပြထားသည်မှာ သူ၏သင်ကြားရေးလုပ်ငန်းလုပ်ဆောင်ရာအခန်းသည် နံနက် ၁၁း ၀၀ မှ ညနေ ၄း ၀၀ တိုင်အောင် အသုံးပြုခွင့်ရှိသည်ဟူ၍ ဖြစ်သည်။ လူအများစုသည် နေ့လည်စာ သုံးဆောင်ပြီးနောက် တရေးအိပ်ကြသည်။ ဤသည်မှာ ရှင်ပေါလုက သွန်သင်ခြင်းကိုပြုနေသည့်အချိန်ဖြစ်နိုင်သည်ဟု ယူဆရပါသည်။ အပူအိုက်ဆုံးအချိန်ကာလဖြစ်သော်လည်း ရှင်ပေါလု

သည် သွန်သင်ခြင်း၊ ပျိုးထောင်ခြင်းနှင့်ခရစ်တော်၏ကိုယ်ခန္ဓာတည်ဆောက်ခြင်းဖြစ်သည် ၎င်း၏ လုပ်ငန်းအပေါ်တွင် အလေးအနက်ထား ဆောင်ရွက်လေသည်။

ဤအခန်းကဏ္ဍများအပေါ်သဘောပေါက်နားလည်ခြင်း၏နက်ရှိုင်းမှု

သင်းအုပ်နှင့်သာသနာပြုများ၏အခန်းကဏ္ဍနှင့်အသင်းတော်၏အခန်းကဏ္ဍများကို အကြွင်းမဲ့ နားလည်သဘောပေါက်ခြင်းသည် ထူးခြားလေးနက်သောအကြောင်းအရာပင်ဖြစ်သည်။ အရေးကြီးရသည့်အကြောင်းတရားမှာ သင်းအုပ်များနှင့်သာသနာပြုများသည် တစ်နေ့သောအခါ ၎င်းတို့အသင်းတော်များကို မည်သို့မည်ပုံဦးဆောင်လမ်းပြသည်နှင့်စပ်လျဉ်းပြီး ပြန်လည်ဖြေကြားရမည်ဟူသောအချက်နှင့် ဆက်စပ်နေသည်။ ဤမှန်ကန်မှု၏ခိုင်မာသောအဆုံးအမတစ်ခုကို ၁ကော ၃ တွင်တွေ့ရှိနိုင်ပါသည်။

ဤနေရာတွင် တမန်တော်ရှင်ပေါလုက အသင်းတော်နှင့် ၎င်း၏ကြီးထွားရှင်သန်မှုအကြောင်းကို ဆွေးနွေးတင်ပြထားပါသည်။ သူကိုယ်တိုင်၏အမြင်ရှုထောင့်အားဖြင့် သူက ခရစ်တော်တည်းဟူသောအသင်းတော်၏အုတ်မြစ်ကိုချထားတော်မူကြောင်း ဆိုထားသည်။ (အပိုဒ် ၁၀- ၁၁) ဤသည်မှာ ခရစ်တော်၏အကြောင်းနှင့်ပါတ်သက်ပြီး သွန်သင်ခြင်းအမှုကိုအမြဲပြုလေ့ရှိကြသော တမန်တော်များနှင့်ပရောဖက်များ၏လုပ်ငန်း တာဝန်ဖြစ်သည်။ ( ဧဖက် ၂း ၁၉- ၂၀ ) အပိုဒ်ငယ် ၁၀ တွင် ရှင်ပေါလုက “အခြားသော” သူသည် (အခြားသောလူကိုရည်ညွှန်းထား) “ထိုတိုက်မြစ်အပေါ်မှာတည်ဆောက်သည်။” ထိုသူသည် အဘယ်သူဖြစ်သနည်း။ ရှင်ပေါလုက လူတစ်ဦးတည်းကိုသာရည်ညွှန်းထားခြင်းကြောင့် ဤသည်မှာ အခြားအသင်းတော်သင်းအုပ်ဆရာကို ရည်ညွှန်းပြောဆိုထားချက်တစ်ခုဖြစ်သည်ဟု အဆုံးသတ် သတ်မှတ်ရန် ကျိုးကြောင်းဆီလျော်သည်။ ဤသူ၏အမှုတော်လုပ်ငန်းသည် ရှင်ပေါလုချထားသည့် ခရစ်တော်၏တိုက်မြစ်အပေါ်တွင် အသင်းတော်ကိုတည်ဆောက်ခြင်းပင်ဖြစ်သည်။ (၎င်းမှာ သင်းအုပ်၏လုပ်ငန်းပင်ဖြစ်သည်။ ဧဖက် ၄း ၁၁- ၁၆၊ ၁ပေ ၅း ၂- ၃ ) အကြောင်းမှာ ဤသည်မှာ ထိုသို့အရေးပါသောလုပ်ငန်းဖြစ်သောကြောင့် ဤသူများက လုပ်ဆောင်နေကြသည်။ အပိုဒ်ငယ် ၁၀ တွင် ရှင်ပေါလုက ဆိုထားသည်မှာ “အဘယ်သို့ထပ်ဆင့်၍ တည်ဆောက်သည်ကို လူတိုင်းသတိပြုပါစေ” ဟူ၍ဖြစ်သည်။ သူသည် အပိုဒ်ငယ် ၁၂- ၁၅ ကို ဆက်လက်ပြောဆိုထားပါသည်။

> “[၁၂]ထိုတိုက်မြစ်အပေါ်၌ ရွှေ၊ ငွေ၊ ကျောက်ကောင်း၊ သစ်သား၊ မြက်ပင်၊ ကောက်ရိုးများကို ထပ်ဆင့်၍တည်ဆောက်သောသူရှိသမျှ၊ [၁၃]အသီးအသီးလုပ်သောအလုပ်သည် ထင်ရှားလိမ့်မည်။ အဘယ်သို့နည်းဟူမူကား၊ ဘော်ပြချိန်နေ့

ရက်သည် မီးအားဖြင့်ထင်ရှားစေလိမ့်မည်။ လူတိုင်းလုပ်သောအလုပ်သည် အ
ဘယ်သို့သောအလုပ်ဖြစ်သည်ကို မီးသည် စစ်ကြောစုံစမ်းလိမ့်မည်။ [14]ထိုတိုက်
မြစ်အပေါ်၌ထပ်ဆင်၍ တည်ဆောက်သောအကြင်သူ၏အလုပ်သည် မြဲ၏။ ထို
သူသည် အကျိုးကိုခံရလိမ့်မည်။ [15]အကြင်သူ၏အလုပ်သည် ကျွမ်းလောင်၏။
ထိုသူသည် အရှုံးခံရလိမ့်မည်။ သို့သော်လည်း၊ မီးနှင့်လွတ်သကဲ့သို့ သူသည်
ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။”

သင်းအုပ်တစ်ဦးနှင့်သာသနာပြုတစ်ဦးက ၎င်းတို့၏အသင်းတော်ကိုအဘယ်သို့တည်ဆောက်ထားသည်ဟူသောအချက်မှာမှာ အရေးပါသောအရာဖြစ်ကြောင်း ရှင်ပေါလု၏စကားထဲတွင် ရှင်းလင်းပြတ်သားစွာ တွေ့မြင်နိုင်ပါသည်။ အကြောင်းမှာ သူသည် ခရစ်တော်၏ကိုယ်ခန္ဓာကို အဘယ်သို့တည်ဆောက်ထားသည်ဟူသောအချက်က ခရစ်တော်ချီးမြှင့်တော်မူမည့် ဆုလဒ်သရဖူကို တစ်နေ့တွင် အဆုံးအဖြတ်ပေးတော်မူလိမ့်မည်။ ဤကျမ်းပိုဒ်က ရှင်းရှင်းလင်းလင်းတည်ဆောက်ဖော်ပြထားသောကြောင့် သူ၏လုပ်ဆောင်ချက်များသည် အဆင့်အတန်းမှီသောလုပ်ဆောင်ချက်များဖြစ်လျှင် လုပ်ဆောင်ချက်အတွက် အကျိုးအခကို ရရှိသိမ်းပိုက်မည်။ သူ၏လုပ်ဆောင်ချက်သည် အကျိုးမရှိအနတ္တဖြစ်နေလျှင်၊ “သူ၏အလုပ်သည် ကျွမ်းလောင်၏။ထိုသူသည် အရှုံးခံရလိမ့်မည်။ သို့သော်လည်း၊ မီးနှင့်လွတ်သကဲ့သို့ သူသည် ကယ်တင်ခြင်းသို့ရောက်လိမ့်မည်” (အပိုဒ် ၁၅ ) နှစ်ပေါင်းများစွာအစေခံပြီးနောက်တွင် မိမိလုပ်ဆောင်သောအလုပ်ကိုစီရင်ပြီး အဘယ်ဆုလဒ်သရဖူပင်မရဘဲ ခရစ်တော်၏မျက်မှောက်တွင် အဘယ်သူရပ်ရဲမည်နည်း။ အဘယ်သူမျှ ထိုအဖြစ်မျိုးကို မျှော်လင့်မည်မဟုတ်ပါ။ သို့သောကြောင့် သင်းအုပ်နှင့်သာသနာပြုဆရာများသည် ၎င်းတို့၏အသင်းတော်ဝင်များ၏ဘဝအသက်တာရှိ ၎င်းတို့ကိုယ်တိုင်၏အခန်းကဏ္ဍနှင့်အသင်းတော်၏အခန်းကဏ္ဍကို ကောင်းမွန်စွာနားလည်သဘောပေါက်ရန်လိုအပ်လှပါသည်။ ဤသဘောတရားကိုနားလည်မှုမရှိခြင်းက ၎င်းတို့အသင်းဝင်များနှင့်၎င်းတို့ကိုယ်တိုင်ကို ထိခိုက်နစ်နာစေသည်။

ထို့နောက် ရှင်ပေါလုသည် ကောရိန္သုမြို့ရှိ အသင်းတော်အား သာ၍ကြီးမားသည့်တိုက်တွန်းခွန်အားပေးမှုများကို ဆက်လက်လုပ်ဆောင်သည်။

“[16]သင်တို့သည် ဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြသည်ကို၎င်း၊ သခင်ဘုရား
၏ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကျိန်းဝပ်တော်မူသည်ကို၎င်း မသိကြသ
လော။ [17]အကြင်သူသည် ဘုရားသခင်၏ဗိမာန်တော်ကိုဖျက်ဆီး၏။ ထိုသူကို ဘု
ရားသခင်ဖျက်ဆီးတော်မူလိမ့်မည်။ ဘုရားသခင်၏ဗိမာန်တော်သည် သန့်ရှင်းရ
၏။ သင်တို့သည်လည်း၊ ထိုဗိမာန်တော်ဖြစ်ကြ၏။” (၁ကော ၃း ၁၆-၁၇ )

ဤကျမ်းပိုဒ်များသည် အသင်းတော်နှင့်စပ်လျဉ်း၍ ရှင်ပေါလု၏ဆွေးနွေးချက်များကို ဆက်၍တင်ပြထားသည်။ ဤကျမ်းပိုဒ်များက ကိုယ်ခန္ဓာအကြောင်းနှင့်ပါတ်သက်ပြီး ယုံကြည်သူတစ်ဦးချင်းစီကို ဦးတည်ပြောဆိုထားခြင်းမဟုတ်သည်ကို နားလည်သဘောပေါက်ရန် အရေးကြီးသည်။ ရှင်ပေါလုက "သင်တို့သည် ဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြသည်ကို မသိကြသလော" ဟုဆိုရာတွင် "သင်တို့သည်" ဟူသောစကားလုံးသည် အများကိန်းဂဏန်းဖြစ်ပါသည်။ တနည်းအားဖြင့် ရှင်ပေါလုက ကောရိန္တုအသင်းတော်ကိုတည်ဆောက်ထားသည့် ယုံကြည်သူတစ်ခုလုံးကို ခြုံ၍ဆိုထားခြင်းဖြစ်သည်။ အသင်းတော်တစ်ခုအနေဖြင့်ရပ်တည်သောသူတို့အား ရှင်ပေါလုက "ဘုရားသခင်၏ဗိမာန်တော်"၊ သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်ရာ သန့်ရှင်းသောဗိမာန်တော်ဖြစ်သည်ဟုဆိုသည်။ (ဧဖက် ၂း ၁၉- ၂၂ ) ဤ "ဗိမာန်တော်" တည်းဟူသော အသင်းတော်ကို တစ်စုံတစ်ဦးက ဖျက်ဆီးလိုက်လျှင် "ဘုရားသခင်သည် ထိုသူကို ပြန်၍ဖျက်ဆီးမည်။"

အသင်းတော်ကို မှားယွင်းသောဆရာတစ်ဦးကသာလျှင်ဖျက်ဆီးနိုင်လိမ့်မည်ဟု အချို့က ယုံကြည်လက်ခံထားသော်လည်း ဤကျမ်းပိုဒ်၏ဆိုလိုရင်းမှာလည်း ထိုအချက်မဟုတ်ပါ။ ဤအချက်ကို "အကြင်သူသည်" ဟူသောစကားလုံးပါသည့် အပိုဒ်ငယ် ၁၇ တွင် တွေ့ရှိရသည်။ ဤသည်မှာ မယုံကြည်သူများသာမက၊ ယုံကြည်သူများပါ ထည့်သွင်းရည်ရွယ်ထားသည့် ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြချက်ပင်ဖြစ်သည်။ ဤစကားလုံးများကို အထက်ကအကြောင်းအရာများ(အပိုဒ် ၁၀- ၁၅) နှင့်ဆက်စပ်လိုက်သော အပိုဒ် ၁၇ သည် မယုံကြည်သူများအတွက်မဟုတ်ဘဲ ယုံကြည်သူများအတွက် သတိပေးထားချက်ပင်ဖြစ်ပါသည်။ အချို့တို့အတွက်မူ ဤအနက်ဖွင့်ဆိုချက်နှင့်ပါတ်သက်ပြီး ကြုံတွေ့ရတတ်သောအခက်အခဲပြဿနာသည် "ဘုရားသခင်၏ဗိမာန်တော်ကိုဖျက်ဆီးသောသူ" ကို ဘုရားသခင် ပြန်၍ "ဖျက်ဆီးမည်" ဟူသော ဤကျမ်းပိုဒ်ထဲတွင် ရှိသည်။ ဘုရားသခင်သည် စစ်မှန်သောယုံကြည်သူတစ်ယောက်ကို အမှန်တကယ် ဖျက်ဆီးမည်လော။

ပထမအချက်အနေဖြင့်၊ "ဖျက်ဆီးမည်" ဟူသောကြိယာကို ဓမ္မသစ်ကျမ်း၌ တစ်ဦးတစ်ယောက်ကို ငရဲ သို့မဟုတ် ထာဝရပျက်စီးခြင်းသို့ပို့ဆောင်ရာတွင် ရည်ညွှန်းအသုံးပြုထားခြင်းမျိုးမတွေ့ရသည်ကို မှတ်သားဖို့အရေးကြီးပါသည်။ သို့ရာတွင် ၎င်းသည် ဘုရားသခင်ကိုယ်တိုင် လုပ်ဆောင်ပြီးပြည့်စုံစေမည့်အနာဂတ်လုပ်ဆောင်မှုကို မျှော်ကြည့်နေခြင်းပင်ဖြစ်သည်။ တကယ်တော့ ဤစကားလုံးတွင် ညစ်ညမ်းပြီး ပျက်စီးစေသည့်အယူအဆရှိသည်။ ဤသည်မှာ ဓမ္မသစ်ကျမ်းတွင် ဤကျမ်းပိုဒ်ရှိဖြစ်စဉ်နှစ်ခုစလုံးတွင် "ဖျက်ဆီးသည်" ဟု နှစ်ကြိမ်ဘာသာပြန်ဆိုထားသည့် တစ်ခုတည်းသောနေရာသာဖြစ်သည်။ ထို့ကြောင့် ဗိမာန်တော်ကိုဖျက်ဆီးသောသူသည် ၎င်း၏အသင်းဝင်ဖြစ်ခြင်းကို ဖျက်ဆီးညစ်ညမ်းစေသည်နှင့်တူသည်။ သူသည် အနာဂတ်တွင် ဘုရားသခင်နှင့် စူးစူးဝါးဝါးရင်ဆိုင်ကြုံတွေ့ရလိမ့်မည်။ အနာဂတ်တွင် ဖြစ်ပျက်နာမည်အရာကို ရှင်ပေါလုက ဖော်ပြမထားပါ။ ၎င်းသည် ဤပုဂ္ဂိုလ်၏ဘဝအသက်တာတွင်လည်းကောင်း၊ သို့မဟုတ် ထာဝရကာလတွင်

လည်းကောင်း ဖြစ်ပျက်နိုင်သည်။ ထိုအကြောင်းတရား၏အကျိုးဆက်အနေဖြင့် ယုံကြည်သူတစ်ယောက်သည် ၎င်း၏လောကအသက်တာတွင် ကိုယ်ကာယကိုဖျက်ဆီးဖို့စာတန်လက်ထဲသို့အပ်နှံခြင်း ( ၁ကော ၅း ၅၊ ၁တိ ၁း ၁၉- ၂၀ )၊ အမှုတော်လုပ်ငန်းနှင့်မထိုက်တန်ခြင်း( ၁ကော ၉း ၂၄- ၂၇ )၊ သေခြင်းအပါအဝင် ကျန်းမာရေး (၁ကော ၁၁း ၃၀၊ ၁ယောဟန် ၅း ၁၆- ၁၇ ) သို့မဟုတ် အပြုအမူကြောင့် ယုံကြည်ခြင်းပျက်စီးခြင်း ( ၁တိ ၁း ၁၉- ၂၀) တည်းဟူသော ဓမ္မသစ်ကျမ်းတွင် ယုံကြည်သူတစ်ဦးကိုရည်ညွှန်းဖော်ပြထားသည့် ကြမ်းတမ်းခက်ထန်သောတရားစီရင်ခြင်းတို့ ပါဝင်နိုင်ပါသည်။ အကျိုးဆက်အနေဖြင့် ထိုသို့သောယုံကြည်သူတစ်ဦးအနေဖြင့် သေဆုံးပြီးနောက်တွင် ၎င်းအား ထာဝရအထိနာစေမည့် ထာဝရဆုလဒ်ကိုလည်း ဆုံးရှုံးသွားရမည့်သဘောရှိသည်။(၁ကော ၃း ၁၃၊ ၁၅ ) မယုံကြည်သောသူတစ်ဦးဖြစ်နေလျှင် ၎င်း၏ထာဝရတရားစီရင်ခြင်းမှာ ဤသို့သော မကောင်းသည့်အပြုအမူကောင့် သာ၍ကြီးသောအပြစ်စီရင်ခြင်းကိုခံရမည်ဖြစ်၍ ထာဝရမီးအိုင်ထဲတွင် ထာဝရကာလပတ်လုံး ပြင်းထန်သောဝေဒနာကိုခံလျက် အပြစ်ဒဏ်ကိုပေးဆပ်ခံရပါမည်။ (ဆာလံ ၆၂း ၁၂၊ မာကု ၁၂း ၄၀၊ ရောမ ၂း ၅- ၆၊ ဗျာဒိတ် ၂၀း ၁၂ )

အပိုဒ်ငယ် ၁၆ နှင့် ၁၇ သည် ယုံကြည်သူတစ်ဦးနှင့် ပတ်သက်နေသည်ဟူသောအချက်ကြောင့် သင်းအုပ်၊ သာသနာပြုနှင့်အခြားအသင်းတော်ခေါင်းဆောင်များသည် ၎င်းတို့၏အပြုအမူ၊ သို့မဟုတ် သွန်သင်ခြင်းတို့တွင် ဘုရားသခင်၏အသင်းတော်ကို နည်းလမ်းတစ်မျိုးမျိုးဖြင့် မညစ်ညမ်းစေရန် သို့မဟုတ် မဖျက်ဆီးရန် သတိပြုဖို့အရေးကြီးပါသည်။ ဟေဗြဲ ၁၀း ၃၀- ၃၁ က ယုံကြည်သူများကို သတိပေးထားပါသည်။

> “[၃၀]ငါသည် အပြစ်တရားကိုစီရင်ပိုင်၏။ အပြစ်နှင့်အလျောက် ငါဆပ်ပေးမည်” ဟူ၍၎င်း၊ “ထာဝရဘုရားသည် မိမိလူတို့အဘို့ တရားစီရင်မည်”ဟူ၍၎င်း မိန့်တော်မူသောသူကို ငါတို့သည် အမှန်သိကြ၏။ [၃၁]အသက်ရှင်တော်မူသော ဘုရားသခင်၏လက်တော်သို့ကျရောက်ခြင်းအမှုသည် ကြောက်မက်ဘွယ်သောအမှုဖြစ်သတည်း။”

## ဘုရားသခင်၏အကြံအစည်တွင်ရှိသည့် ဘုရားသခင့်နှုတ်ကပါတ်တော်၏အရေးကြီးမှု

အကြောင်းမူကား၊ အသင်းတော်က မိမိ၏ခေါင်းဆောင်များကိုပြင်ဆင်ရာနေရာဖြစ်စေရန်မှာ ဘုရားသခင်၏အကြံအစည်တွင်ရှိသော ဘုရားသခင့်နှုတ်ကပါတ်တော်၏အရေးကြီးမှုကို နားလည်သဘောပေါက်ရမည်။ သင်းအုပ်များ၊ နှင့် သာသနာပြုများသည် ဘုရားသခင်၏နှုတ်ကပါတ်တော်ကို သူတို့အသုံးပြုသင့်သည်အတိုင်း အသုံးမချမှီ သူတို့၏အမှုတော်လုပ်ငန်းတွင် ၄င်း၏စစ်မှန်သောအရေးပါမှုကို သိနားလည်ရမည်။ တမန်တော်များသည် ဘုရားသခင်၏နှုတ်ကပါတ်တော်နှင့် သွန်သင်ချက်များ၌ မိမိတို့ကိုယ်ကို ဆက်ကပ်အပ်နှံကြရသည်အကြောင်းမှာ သူတို့သည် ထိုသဘောတရားကို သဘောပေါက်နားလည်ကြသောကြောင့်ဖြစ်သည်။

- ♥ လွဲမှားခြင်းအလျဉ်းမရှိ။ (တော ၂၃း ၁၉၊ ၂တိ ၃း ၁၆၊ ယော ၁၇း ၁၇၊ ယော ၁၄း ၂၆၊ ဂလာတိ ၃း ၁၆ )
- ♥ မှုတ်သွင်းထားခြင်းဖြစ်သည်။ ( ၂တိ ၃း ၁၆-၁၇၊ ၂ပေ ၁း ၂၀-၂၁ )
- ♥ မမှားနိုင်သောအရာဖြစ်သည်။ ( မဿဲ ၅း ၁၈ )
- ♥ ဖျက်စီးမရနိုင်သော၊ အသက်ရှင်သော၊ ခိုင်မြဲတည်တံ့သော ( ဟေရှာ ၄၀း ၈၊ ၁ပေ ၁း ၂၃ )
- ♥ ၄င်း၏တာဝန်တွင် ထိရောက်ပြီးလုံလောက်သည်၊ ဘုရားသခင်အလိုတော်ရှိသောအရာအားလုံးကို ပြည့်စုံစေနိုင်သောတန်ခိုးရှိခြင်း၊ ( ဟေရှာယ ၅၅း ၁၀- ၁၁ )
- ♥ သံလျက်တကာထက် ထက်ခြင်း၊ အရိုးဆစ်နှင့်ခြင်ဆီတို့ကိုထုတ်ချင်းခွင်၍ စိတ်နှလုံးအကြံအစည်များကို သိမြင်ခြင်း ( ဟေဗြဲ ၄း ၁၂ )
- ♥ မယုံကြည်သူများ၏အသက်တာများကို ယေရှုခရစ်၏နောက်လိုက်များအဖြစ် ပြောင်းလဲစေနိုင်သည်။ ( ၁ပေ ၁း ၂၂-၂၅၊ တမန် ၂း ၃၇- ၃၈ )
- ♥ အမှုတော်အတွက် ဘုရားသခင်၏လူများကို ပြင်ဆင်နိုင်ခြင်း။ ( ၂တိ ၃း ၁၆- ၁၇ )
- ♥ ယုံကြည်သူတစ်ဦးကို စိတ်နှလုံးပြောင်းလဲစေပြီး အသက်တာရင့်ကျက်ခြင်းဆီသို့ပို့ဆောင်လျက် ဆေးကြောစင်ကြယ်စေနိုင်သည်။ ( ယောဟန် ၁၇း ၁၇၊ ဧဖက် ၅း ၂၅- ၂၇၊ ရောမ ၁၂း ၁-၂၊ ဧဖက် ၄း ၂၃ )
- ♥ နာခံမှုရှိသောသူများထံ အောင်မြင်ခြင်းကို ဆောင်ယူလာနိုင်သည်။( ယောရှု ၁း ၈)

- ♥ စာတန်ကိုဆီးတားရန် ယုံကြည်သူတစ်ဦး၏ထားဖြစ်သည်။ ( ဧဖက် ၆း ၁၁- ၁၃၊ ၁၇၊ မဿဲ ၄း ၄၊ ၇၊ ၁၀၊ ဟေဗြဲ ၄း ၁၂ )
- ♥ ဉာဏ်ပညာ၏အရင်းအမြစ်ဖြစ်သည်။ (ဆာလံ ၁၁၁း ၁၀၊ ၁၁၉း ၁၀၄၊ ၁၃၀ )
- ♥ ယုံကြည်သူတစ်ဦးသွားရာလမ်းကို သန့်ရှင်းစွာစောင့်ထိန်းပေးနိုင်သည်။ ( ဆာလံ ၁၁၉း ၉- ၁၁)
- ♥ ယုံကြည်သူ၏ခြေရှေ့မှာမီးခွက်ဖြစ်၍ လမ်းခရီးကိုလင်းစေပါ၏။ ( ဆာလံ ၁၁၉း ၁၀၅)

(ဤခေါင်းစဉ်နှင့်ပါတ်သက်ပြီး သာ၍နက်ရှိုင်းသောဆွေးနွေးမှုတစ်ခုကိုသိလိုလျှင် နောက်ဆက်တွဲခေါင်းစဉ်ဖြစ်သည့် “အမှုတော်ထဲ၌ရှိသောဘုရားသခင်၏နှုတ်ကပါတ်တော်” ကို ကျေးဇူးပြု၍ လေ့လာကြည့်ပါ။ )

ဘုရားသခင်၏နှုတ်ကပါတ်တော်အကြောင်းနှင့်ပါတ်သက်၍ ဤအရာများကိုသိရှိသောအခါ နှုတ်ကပါတ်တော်ကိုဆောင်ရွက်ကျင့်သုံးသောသူသည် သူ၏လုပ်ငန်းကို စိတ်ချမှုအပြည့်ဖြင့် ရင်ဆိုင်သင့်သည်။ သူအသုံးပြုသော ဝိညာဉ်တော်ထားသည် အနားနားတွင်ရှိသောလုပ်ဆောင်ရမည့်တာဝန်များကိုပြည့်မြောက်စေနိုင်မည်အကြောင်းကို သိထားသင့်သည်။ ဧဝံဂေလိတရားကို လုပ်ဆောင်သောသူက ၄င်း၏အပြုအမူ၏အကျိုးဆက်ကိုမတွေ့မြင်ကြသော်လည်း ပြီးပြည့်စုံစေရန်စေလွှတ်တော်မူသောတာဝန်ကို ပြည့်စုံစေရန် ထိုအရာကို ဘုရားသခင်အသုံးပြုတော်မူမည်အကြောင်းကို သတိရသင့်ပါသည်။ အကြောင်းမူကား၊ သူသည် အမှုတော်ကိုထမ်းရွက်နေသောသူဖြစ်သောကြောင့် ခမည်းတော်ဘုရား၊ သားတော်ဘုရား၊ သန့်ရှင်းသောဝိညာဉ်တော်ဘုရားတို့သည် တာဝန်ကိုပြည့်မြောက်ကြစေရန် သူနှင့်အတူ ရှိတော်မူကြသည်။ (၁ကော ၁၂း ၄- ၇ )

## ဘုရားသခင်၏နှုတ်ကပါတ်တော်ကိုအသုံးပြုရန် ပြဌာန်းချက်စည်းမျဉ်းတစ်ခု

သင်းအုပ်နှင့်သာသနာပြုတို့က ဘုရားသခင်၏နှုတ်ကပါတ်တော်သည် ၄င်းတို့၏ပြင်ဆင်ခြင်းနေရာဖြစ်သည့် အသင်းတော်တွင် အဓိကကျသောတန်ဆာပလာဖြစ်သည်ကိုလည်း နားလည်ရပါမည်။ လူတို့က ဘုရားသခင်၏သမ္မာတရားကိုသင်ယူခြင်း၊ ဉာဏ်ပညာရရှိခြင်း၊ ဧဝံဂေလိလုပ်ငန်း

တွင်ပါဝင်ရန် တာဝန်အပါအဝင် ၎င်းတို့၏လိုအပ်ချက်များနှင့်တာဝန်ကိုနားလည်လာခြင်းတို့သည် ဘုရားသခင်၏နှုတ်ကပါတ်တော်ကို သွန်သင်ပေးခြင်းအားဖြင့်ဖြစ်သည်။ ထို့ကြောင့် သူသည် သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြခြင်းနှင့်တန်ခိုးတော်အားဖြင့်အသုံးပြုသောကြောင့် ဘုရားသခင်၏လူသည် အသင်းတော်ရှိ အမျိုးသားများ၊ အမျိုးသမီးများနှင့်ကလေးသူငယ်များသည် ယုံကြည်ခြင်း၌ရှေ့သို့တိုးခြင်း၊ ဘုရားသခင်၏နှုတ်ကပါတ်တော်နာခံခြင်းတွင်ကြီးထွားလာကြခြင်း၊ နှင့် သာ၍များစွာသောအသီးကိုသီးသည့် ခရစ်တော်၏ တပည့်တော်များဖြစ်လာခြင်းကို မြင်တွေ့ရပေမည်။ သူသည် ထိုသို့လုပ်ဆောင်ခြင်းမရှိလျှင် သူရရှိခံစားမည့်အကျိုးရလဒ်သည် အနည်းငယ်သာဖြစ်ပေလိမ့်မည်။

ထို့ကြောင့် သင်းအုပ်များနှင့်သာသနာပြုများက ဘုရားသခင်၏နှုတ်ကပါတ်တော်သည် အလွန်အရေးကြီးသည်၊ သူတို့သည် ထိုနှုတ်ကပါတ်တော်ကို ၎င်းတို့၏အပြုအမူအားဖြင့် သူတပါးရှေ့တွင် ထင်ရှားစေရန်ဖြစ်သည်ကို ရှင်းရှင်းလင်းလင်း မထိုးဖောက်နိုင်ပေ။ သူတို့သည် သတင်းစကားများကို ကြီးမားသည့်အကျိုးဆက်များကိုဖြစ်ထွန်းလာစေမည့်ဘုရားသခင်၏မျှော်လင့်ချက်နှင့်စောင့်စားမှုတို့နှင့်တူ ဂရုတစိုက်ပြင်ဆင်ထားရပါမည်။ ဘုရားသခင်၏နှုတ်ကပါတ်တော်အရေးကြီးမှုနှင့် ၎င်း၏တန်ခိုးတော်ကိုမြင်တွေ့ရသောသင်းအုပ်သည် သမ္မာတရားကိုမှန်ကန်တိကျစွာစွဲကိုင်နိုင်သည်ဖြစ်၍ ၎င်း၏တိုးတက်မှုဖြစ်စဉ်တွင် ဖွံ့လုံးလရှိမည်ဖြစ်သည်။ (၂တိ ၂း ၁၅ ) သူသည် အမှုတော်ကိုလုပ်ဆောင်သင့်သည်အတိုင်း ယုံကြည်ခြင်းအားဖြင့် ချဉ်းကပ်လုပ်ဆောင်ပေမည်။ ဟေဗြဲ ၁၁း ၆က "ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်အကြောင်းမူကား၊ ဘုရားသခင်အထံတော်သို့ချဉ်းကပ်သောသူသည်၊ ဘုရားသခင်ရှိတော်မူသည်ကို၎င်း၊ ကိုယ်တော်ကိုရှာသောသူအားအကျိုးပေးတော်မူသည်ကို၎င်း ယုံကြည်ရမည်။" ဘုရားသခင်၏နှုတ်ကပါတ်တော်ကိုဟောပြောသောသူနှင့်သွန်သင်သောသူတို့သည် သံသယစိတ်မရှိဘဲ ယုံကြည်ခြင်းတရား၌ ဟောပြောရန်နှင့်သွန်သင်ရန် ပြင်ဆင်ထားရမည်။ အကြောင်းမှာ ထိုသို့သောပုဂ္ဂိုလ်သည် အကျိုးကို ခံရပေမည်။

ဘုရားသခင်သည် ဘုရားသခင်၏နှုတ်ကပါတ်တော်ကို ဖွံ့လုံးလရှိရှိလေ့လာသောသူ၊ လက်တွေ့ကျင့်သုံးသူနှင့် သွန်သင်သောသူများကို အကျိုးကိုပေးတော်မူပေမည်။ ထိုအမှုအရာကို ဓဏ္ဍုကဲဇေရအသက်တာတွင် တွေ့ရှိရပါသည်။ ထိုကျမ်းက သူ့အကြောင်းကို ဇေရ ၇း ၆၊ ၉-၁၀ တွင် ဤသို့ဖော်ပြထားပါသည်။

> "[၆] ဣသရေလအမျိုး၏ဘုရားသခင်ထာဝရဘုရား ပေးတော်မူသော မောရှေ၏
> ပညတ္တိကျမ်းစာကိုလေ့ကျင့်သောဆရာဖြစ်သောသူဧဇရသည် ဗာဗုလုန်မြို့မှ
> ထွက်သွား၏။ ထိုသူတောင်းသမျှကို သူ၏ဘုရားသခင်ထာဝရဘုရားတန်ခိုး
> တော်ကြောင့် ရှင်ဘုရင်ပေးသနားတော်မူ၏။ [၉] ပဌမလတရက်နေ့တွင်၊ ဗာဗု

လုန်မြို့မှထွက်၍၊ ပဌမလတရက်နေ့တွင်၊ မိမိဘုရားသခင်တန်ခိုးကျေးဇူးတော်ကြောင့်၊ ယေရုရှလင်မြို့သို့ရောက်လေ၏။ ၁၀ အကြောင်းမူကား၊ ဧဇရသည် ထာဝရဘုရား၏တရားတော်ကိုစစ်ဆေးစောင့်ရှောက်ခြင်းငှါ၎င်း၊ စီရင်ထုံးဖွဲ့တော်မူချက်တို့ကို ဣသရေလအမျိုး၌ သွန်သင်ခြင်းငှါ၎င်း သဘောကျသော သူဖြစ်၏။

ဧဇရအနေဖြင့် ဣသရေလနိုင်ငံတွင် ဘုရားသခင်၏ပညတ္တရားကိုသိရှိရန် (လေ့လာရန်)၊ လက်တွေ့လုပ်ဆောင် ရန်၊ နှင့် သွန်သင်ရန်မှာ သူ၏အဓိကရည် မှန်းထားချက်ပင်ဖြစ်ပါသည်။ ဤသို့သောလိုလားချက်ကြောင့်၊ သူသည် "ဘုရားသခင်၏ပညတ္တတရားကိုစစ်ဆေးစောင့်ရှောက်ရန် သဘောကျလျက်ရှိသည်။" ဤသို့သောပြင်းပြသည့်ဆန္ဒ၏အကျိုးဆက်မှာ သူသည် ပညတ္တရားတွင် ထူးချွန်ပြောမြောက်သည်။ သူ၏ကြိုးစားအားထုတ်မှု၏အကျိုးရလဒ်တစ်ခုအဖြစ် "ဘုရားသခင်၏ လက်တော်သည် သူနှင့်အတူပါရှိတော်မူသည်" ဖြစ်၍ သိသာထင်ရှားလှပါသည်။ ( ဤနေရာတွင် ဘုရားသခင်၏ကျေးဇူးတော်ကြောင့်" ဟူသောစာကြောင်းသည် နှစ်ကြိမ်တိုင်တိုင်ပါရှိတော်မူသည်ကို သတိပြုရပါမည်။) ဘုရားသခင်သည် ဧဇရအား ၎င်း၏သုံးကြိမ်တိုင်အောင်ပြင်းပြသည့်ရည်မှန်းချက်များကြောင့်ရွေးချယ်ထားသည်ကို ဘုရားသခင်က သိသာထင်ရှားစေပါသည်။ တနည်းအားဖြင့် ဘုရားသခင်သည် ဤသို့သောကြိုးစားအားထုတ်မှုကိုအလေးအနက်ထားသောသူများအား ကောင်းကြီးပေးတော်မူပါသည်။ ဤသည်မှာ သင်းအုပ်များနှင့်သာသနာပြုများသည့် ဘုရားသခင်၏နှုတ်ကပါတ်တော်တွင် သက်ဝင်ယုံကြည်ရန်အရေးကြီးသည့်အကြောင်းရင်းပင်ဖြစ်ပါသည်။ ဧဇရကဲ့သို့သောသူတို့သည် ဘုရားသခင်၏နှုတ်ကပါတ်တော်ကိုသိရှိရန် အားထုတ်လေ့လာခြင်းတွင် ၎င်းတို့၏နှလုံးသားများကို အပ်နှံရန်လိုအပ်ပါသည်။ သူတို့၏ကျိုးစားအားထုတ်မှု၏အကျိုးဆက်ကြောင့် ဘုရားသခင်အကြောင်းနှင့်လက်တွေ့ကျင့်သုံးရမည့် ၎င်း၏မျှော်လင့်ချက်များကို သိနားလည်စေမည့်ဥာဏ်ပညာကိုလည်းပေးတော်မူသည်။ သူတို့သည် နေ့စဉ်ဘဝအသက်တာလုပ်ဆောင်မှုတိုင်းတွင် သူတို့၌သော်လည်းကောင်း၊ သူတို့အားဖြင့်သော်လည်းကောင်း အလုပ်လုပ်ထားသောကြောင့် သူတို့၏လက်တွေ့အသက်တာတွင်ကျင့်သုံးခြင်းသည် ဘုရားသခင်နှင့်အတူတွေ့ဆုံးခြင်းကိုပေးပါသည်။ ဤသို့သောအရာက သူတို့အား ၎င်းတို့၏ဘဝအသက်တာနှင့်အမှုတော်လုပ်ငန်းတွင် ဘုရားသခင်၏နှုတ်ကပါတ်တော်ကိုမည်သို့လက်တွေ့အသုံးပြုရပါမည်အကြောင်းကို သင်ယူရာတွင် အကူအညီပေးတော်မူမည်။ သူတို့သည် ထိုသို့သောအရာများအားဖြင့် ဘုရားသခင်ကို ပိုမိုသိကျွမ်းနားလာကြပါမည်။ သို့မှသာ သူတို့သည် သူနှင့်ပါတ်သက်ပြီးအခြားသူများအား သွန်သင်ထားသည်အတိုင်း သူနှင့်သူ၏နှုတ်ကပါတ်တော်ကို ကိုယ်စားပြုနိုင်မည်ဖြစ်သည်။ ထို့ကြောင့် သူတို့သည် သီအိုရီ သို့မဟုတ် ထင်မြင်ယူဆချက်များကို သွန်သင်ပြောဆိုကြသည်မဟုတ်၊ ဘုရားသခင်က သူ၏နှုတ်

ကပါတ်တော်အားဖြင့်အလင်းပေးခြင်းနှင့် သူတို့ထံ၌ မိမိကိုယ်ကိုဆက်လက်ဖော်ပြထားခြင်းတို့၏ အကျိုးဆက်တစ်ခုအနေဖြင့် အသက်ရှင်သောဘုရားသခင်နှင့်ရင်ဆိုင်တွေ့ခဲ့ရသောအရာထဲမှ သွန်သင်ပြောဆိုခြင်းပင်ဖြစ်သည်။ ထိုသို့သောသူများမှာ ဘုရားသခင်အသုံးပြုလိုသောသူများဖြစ်ပါသည်။ ဘုရားသခင်သည် ထိုသို့သောသူများလက်အောက်တွင် စောင့်ရှောက်ရန်၊ ဝိညာဉ်ရေးရာကျွေးမွေးရန်၊ လမ်းပြပို့ဆောင်ရန် သူ၏သိုးများကိုထားရှိလိုသည်။ ဘုရားသခင်သည် ထိုသို့သောသူများ၏အရေးတကြီးလိုအပ်ချက်အကြောင်းကို ၁တိ ၅း ၁၇ တွင် "ကောင်းမွန်စွာအုပ် သောသင်းအုပ်တို့သည် အလျှုနှစ်ဆကိုခံထိုက်သောသူဖြစ်သည်ဟူ၍၎င်း၊ တရားဟောခြင်း၊ ဆုံးမဩဝါဒပေးခြင်းအမှုကို ကြိုးစားအားထုတ်သောသူတို့သည် အလျှုနှစ်ဆကို အထူးသဖြင့် ခံထိုက်သောသူဖြစ်သည်ဟူ၍၎င်းမှတ်ရမည်" စသဖြင့်သော သူ၏စကားအားဖြင့် ထင်ဟပ်စေခဲ့သည်။ သိုးတို့ကိုကောင်းမွန်စွာအုပ်သောသူတို့သည် အလျှုနှစ်ဆကိုခံထိုက်သောသူများဖြစ်ကြသော်လည်း ရှင်ပေါလုညွှန်းဆိုထားသကဲ့သို့ "အထူးသဖြင့် ဟောပြောခြင်းနှင့်သွန်သင်ခြင်းတွင် ကြိုးစားအားထုတ်သောသူများ" ဖြစ်ကြပါသည်။ ထို့ကြောင့် ဤသည်မှာ အသင်းတော်အတွင်း၌ခေါင်းဆောင်မှုအတွက် ရွေးကောက်ခေါ်ထားခြင်းခံရသောသူများ၏ အဓိကပန်းတိုင်ပင်ဖြစ်သည်။ ၎င်းတို့၏သိုးများအား သွန်သင်ထားခြင်းသည် ၎င်းတို့၏အဓိကဦးစားပေးအလုပ်ဖြစ်ရပေမည်။ (နောက်ဆက်တွဲအခန်းတွင်ရှိသည့် "အမှုတော်၌ရှိသော ဘုရားသခင်၏နှုတ်ကပါတ်တော်" ဟူသောခေါင်းစဉ်တွင် ကျေးဇူးပြု၍ကြည့်ရှုနိုင်သည်။ )

ထိုသို့သောမရှိမဖြစ်လိုအပ်သောအရာနှင့်တန်ခိုး ကြီးသောတန်ဆာပလာကို ဘုရားသခင်၏နှုတ်ကပါတ်တော်အဖြစ်ရရှိပိုင်ဆိုင်ထားသောအခါ သင်းအုပ်နှင့်သာသနာပြုက သူတို့သည် ထိုနှုတ်ကပါတ်တော်ကို သူတို့၏အမှုတော်လုပ်ငန်းတိုင်းတွင် ၎င်း၏ပြည့်ဝသောစွမ်းအားကိုအသုံးပြုထားကြောင်းကို သေချာစေရန်လိုအပ်သည်။ ဤသို့လုပ်ဆောင်ရန်မှာ သူတို့သည် ခရစ်တော်၏ခန္ဓာကိုယ်ကိုတည်ဆောက်ခြင်းလုပ်ငန်းဖြစ်သည့်အမှုတော်အတွက် သန့်ရှင်းသူများအားပြင်ဆင်နေကြသည်ကို သေချာစေနိုင်သည့် ၎င်းတို့၏အသင်းတော်များအတွက် နည်းဗျူဟာများကို ဖန်တီးဖော်ထုတ်ရန်လိုအပ်ပါသည်။ ဤသို့သောအကြောင်းကြောင့် "သင်မူကား၊ ဝန်ခံတော်မူသောသူ၊ ရှက်ကြောက်စရာအကြောင်းမရှိဘဲ၊ သမ္မာတရားကို မှန်ကန်စွာပိုင်းခြားတတ်သောဆရာသမားဖြစ်လျက်၊ ဘုရားသခင့်ရှေ့၌ ကိုယ်ကိုဆက်သခြင်ငှါကြိုးစားအားထုတ်လော့။" ( ၂တိ ၂း ၁၅ )

အခန်း ၂

# ဧဝံဂေလိလုပ်ငန်း၊ စုစည်းပြီးဖြန့်ကျဲသည်။

သို့ရာတွင်၊ မယုံကြည်လျှင် အဘယ်သို့ပဌနာပြုနိုင်မည်နည်း။ သိတင်းမကြားလျှင်
အဘယ်သို့ယုံကြည်နိုင်မည်နည်း။ ဟောပြောသောသူမရှိလျှင် အဘယ်သို့ ကြားနိုင်မည်နည်း။
လူကိုမစေလွှတ်လျှင် အဘယ်သို့ ဟောပြောနိုင်မည်နည်း။ ထိုသို့နှင့်အညီ ကျမ်းစာလာသည်ကား၊
ငြိမ်သက်ခြင်း၏ဝမ်းမြောက်စရာသိတင်းကို ကြားပြောသောသူ၏ခြေတို့သည်
အလွန်တင့်တယ်စွတကားဟု လာသတည်း။ သို့သော်လည်း၊ လူအပေါင်းတို့သည်
ဝမ်းမြောက်စရာသိတင်းကို နားထောင်ကြသည်မဟုတ်။ ပရောဖက်ဟေရှာယစကားဟူမူကား၊
အိုထာဝရဘုရား၊ အကျွန်ုပ်တို့ဟောပြောသောသိတင်းစကားကို အဘယ်သူယုံပါသနည်းဟုဆို၏။
သို့ဖြစ်၍၊ ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း၊
ဘုရားသခင်၏စကားတော်အားဖြင့် ဖြစ်၏။
(ရောမ ၁၀း ၁၄- ၁၇ )

ရှင်းလင်းပြသထားသည့်အခြေခံသဘောတရား

အခန်း ၁ တွင် ဖော်ပြထားသည့်အတိုင်း အသင်းတော်ဟူသည်မှာ ပြင်ဆင်ခြင်းအမှုကိုပြုရာနေရာလည်းဖြစ်ပါသည်။ လူတို့အား ဘုရားသခင်၏နှုတ်ကပါတ်တော်အားဖြင့် ပြင်ဆင်မှုပြုရာနေရာပင်ဖြစ်သည်။ သို့မှသာ သူတို့သည် ၄င်တို့၏ပတ်ဝန်းကျင်ကမ္ဘာကို အကျိုးပြုနိုင်မည်ဖြစ်သည်။ အထက်ဖော်ပြပါကျမ်းပိုဒ်က မိန့်ဆိုထားသည့်အတိုင်း “သိတင်းမကြားလျှင် အဘယ်သို့ယုံကြည်နိုင်မည်နည်း။ ဟောပြောသောသူမရှိလျှင် အဘယ်သို့ကြားနိုင်မည်နည်း။ လူကိုမစေလွှတ်လျှင် အဘယ်သို့ ဟောပြောနိုင်မည်နည်း။” ဤသဘောတရားကိုနားလည်သဘောပေါက်သောအခါ သင်းအုပ်နှင့်သာသနာပြုများသည် ဧဝံဂေလိလုပ်ငန်းကို ဤရှုထောင့်မှ စတင်ချဉ်းကပ်ရပါမည်။ နှုတ်ကပါတ်တော်ဆောင်ယူမည့်သူများအား ပြင်ဆင်ပြီး မကြားဘူးသေးသောသူတို့အလယ်သို့ စေလွှတ်ရန်လိုအပ်သည်။ ဤသည်မှာ ဘုရားသခင်၏အကြံအစည်ပင်ဖြစ်ပါသည်။ အသင်းတော်ခေါင်းဆောင်

များသည် ၎င်းတို့၏အသင်းတော်အတွင်းတွင် လှည့်ပတ်ရှုသက်သက်ဖြင့် မယုံကြည်သူများကို ရရှိနိုင်ဖို့ မျှော်လင့်စရာအကြောင်းမရှိပါ။

အသင်းတော်ခေါင်းဆောင်များက အသင်းတော်သည် ၎င်း၏ဝတ်ပြုခြင်းအစီအစဉ်ကို ဧဝံဂေလိအတွက် ပလက်ဖောင်းကိုအသုံးပြုထားသကဲ့သို့ ဝတ်ပြုအစီအစဉ်ကို စဉ်ဆက်လုပ်ဆောင်ရာနေရာမဖြစ်သင့်သည်ကို နားလည်သဘောပေါက်ရပါမည်။ တနည်းအားဖြင့်ဆိုသော် အသင်းတော်သည် သင်းအုပ်ဆရာ သို့မဟုတ် သာသနာပြုဆရာက သာမန်လုပ်ဆောင်နေကြအတိုင်း အသင်းသူအသင်းသားများအား ဧဝံဂေလိလုပ်ဆောင်ရာနေရာမဖြစ်သင့်ပါ။ အသင်းတော်ခေါင်းဆောင်များဟူသည် မိတ်ဆွေများ၊ မိသားစု၊ လုပ်ဖော်ဆောင်ဘက်များ၊ အိမ်နီးချင်းများကို ဧဝံဂေလိတရားဝေငှရန် တာဝန်ပေးထားခြင်းခံရသောသူများမဖြစ်သင့်ပါ။ ဤသည်မှာ အသင်းသားများ၏လုပ်ငန်းတာဝန်သာဖြစ်ပါသည်။ ဤအရာက အခွင့်အခါသင့်လျှင်လည်း အသင်းတော်သည် ပျောက်ဆုံးဝိညာဉ်များကိုသိမ်းပိုဒ်နိုင်ရန် ထူးခြားပြောင်မြောက်သည့်ဧဝံဂေလိအစီအစဉ်များမလုပ်ဆောင်သင့်ဟု ဆိုလိုပါသလား။ ထိုသို့မဟုတ်ပါ။ ခရစ္စမတ်၊ အက်စတာနေ့ စသဖြင့်သောနေ့ထူးနေ့မြတ်ကြီးများတွင် ထိုသို့လုပ်ဆောင်ရန် အချိန်အခါသင့်ပါသည်။ အသင်းတော်များသည် ထိုသို့သောအခွင့်ထူးအခါထူးများကို လက်လွှတ်မခံအသုံးချသင့်ပါသည်။ အဓိကလုပ်ဆောင်ရမည့်အချက်မှာ ဧဝံဂေလိလုပ်ငန်းသည် အသင်းတော်ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်၏အဓိကသောချက်မဖြစ်သင့်ပါ ဟူသောအချက်ပင်ဖြစ်ပါသည်။

ပြင်ဆင်သည့်နေရာအဖြစ်အသုံးပြုထားသောအသင်းတော်များသည် ၎င်းတို့၏နည်းဗျူဟာသင်ကြားပေးခြင်းအချိန်ကာလများကို လူတို့အားသင်ကြားပေးဖို့ တစ်ပတ်လုံးလုံးအသုံးပြုကြပါလိမ့်မည်။ သင်ကြားပို့ချမှု၏အရေးကြီးသည့်အချက်တစ်ချက်မှာ ဧဝံဂေလိလုပ်ငန်း၏အရေးကြီးမှုနှင့် ထိုလုပ်ဆောင်မှုကို လုပ်ဆောင်ရမည့်နည်းလမ်းနှင့်ပါတ်သက်သောအရာဖြစ်သင့်ပါသည်။ ဤသဘောတရားကို နားလည်သဘောပေါက်သောသင်းအုပ်နှင့် သာသနာပြုများက သူတို့၏အသင်းသူ/သားများအား ဘုရားသခင်၏နှုတ်ကပါတ်တော်ဖြင့်သွန်သင်ပြီးပြင်ဆင်ရန်မှာ သူတို့ကိုယ်တိုင်၏တာဝန်သာဖြစ်ကြောင်း သဘောပေါက်လာကြပါမည်။ အသင်းတော်အစီအစဉ်အတွက် စုရုံးကြသောအခါ သူတို့သည် အသင်းဝင်များအား လိုအပ်သောသူများကိုကူညီဖေးမရန် ကမ္ဘာအရပ်ရပ်သို့စေလွှတ်ပြီး ဖြန့်ကျဲထားပါသည်။ သူတို့သည် ဒေသအသီးအသီးသို့ပြန့်ကျဲကြသောကြောင့် အခြားသူများအား အစေခံခြင်း၊ မယုံကြည်သူများအား ခရစ်တော်၏ဧဝံဂေလိတရားဖြင့် သိမ်းပိုက်ထားခြင်းတည်းဟူသော ရှင်းလင်းသောရည်ရွယ်ထားချက်ဖြင့် ထွက်ခွါသင့်ပါသည်။

အသင်းတော်အပေါ် ဤသို့သောနားလည်မှုသည် "သင်တို့သွား၍၊ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေး

ကြလော့” ဟူသော ရှင်မဿဲ ၂၈း ၁၉ နှင့်တစ်ထပ်တည်းကျလျက်ရှိသည်။ ဤကျမ်းပိုဒ်၌ စေခိုင်းထားချက်မှာ “တပည့်တော်ဖြစ်စေခြင်း” ပင်ဖြစ်ပြီး ခရစ်တော်၌ယုံကြည်ခြင်းတရားသို့ လူများကိုပို့ဆောင်ရန် စေခိုင်းချက်ပင်ဖြစ်သည်။ (တမန် ၁၄း ၂၁ ကိုကြည့်ပါ။) “သွား၍” ဟု အနက်ဖွင့်ဆိုထားသည့် ဂရိစကားလုံးမှာ စေခိုင်းချက်မဟုတ်ဘဲ “သွားပြီးနောက်” ဟု အနက်ဖွင့်ဆိုလျှင် ပို၍ပင်သင့်လျော်နိုင်သည်။ ထို့ကြောင့် ပထမအချက်အနေဖြင့် ယေရှုမိန့်တော်မူသည်မှာ ငါ့ထံမှ “သွားပြီးနောက်”၊ “တပည့်တော်ဖြစ်စေပါ. . . . ” ဟု ဟူ၍ဖြစ်သည်။ သူတို့သည် ယေရှုအထံတော်သို့စုဝေးကြပြီးနောက် သတင်းစကားကိုကြွေးကြော်ကြေငြာဖို့ ကမ္ဘာအရပ်ရပ်သို့ သွားခြင်းာအေးဖြင့် ကြပြန့်ကြပါသည်။ အသင်းတော်နှင့်ဧဝံဂေလိလုပ်ငန်း၏ဆက်နွယ်မှုပုံရပ်သည် ဤကျမ်းပိုဒ်အားဖြင့်အထင်အရှားတွေ့မြင်ရပြီး အသင်းသူအသင်းသားများသည်လည်း ဝတ်ပြုကိုးကွယ်စုဝေးကြပြီးနောက် ခရစ်တော်အတွက် မယုံကြည်သူများကို ဧဝံဂေလိတရားအားဖြင့် သိမ်းပိုက်ကြရန်ဖြစ်ပါသည်။ အသင်းတော်ဟူသည်မှာ ဧဝံဂေလိတရားအားဖြင့်လူတို့ကိုသိမ်းပိုက်ပြီး အသင်းတော်သစ်များကိုအစပြုခြင်းဖြင့် ဤသို့သောရည်ရွယ်ထားချက်များအတွက် တည်ဆောက်ထားသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ အသင်းတော်သည် ၎င်းတို့၏စုဝေးနေခြင်းကို ဧဝံဂေလိအတွက်အသုံးပြုထားရန် ရည်ရွယ်ခြင်းမဟုတ်ဘဲ အသင်းတော်၏အပြင်ဘက်တွင်ရှိသောလူများထံ ဧဝံဂေလိလုပ်ငန်း လုပ်ဆောင်ရန် ၎င်း၏အသင်းသူ/သားများကိုပြင်ဆင်ခြင်းအတွက်ပင်ဖြစ်သည်။ အသင်းဝင်များလက်ခံရရှိသော သွန်သင်မှုများသည် အသင်းတော်မှထွက်ခွါခြင်းတွင် အသုံးပြုလျက် ခရစ်တော်၏မဟာစေခိုင်းချက်များကိုလက်တွေ့လုပ်ဆောင်ပြီး မယုံကြည်သူများအား ဧဝံဂေလိတရားဖြင့် သွေးဆောင်နိုင်ရန်ဖြစ်သည်။

## ဤနိယာမတရား၏အခြေခံအုတ်မြစ်- သွန်သင်ခြင်း

ဤအခြေခံနိယာမတရားကို ဆင်ခြင်သုံးသပ်သောအခါ ၁တိမောသေ ၄ ရှိ တိမောသေထံသို့ရေးသားပေးပို့သော ရှင်ပေါလု၏စကားများကို ဆင်ခြင်ရန်လိုအပ်ပါသည်။ ထိုနေရာတွင် ရှင်ပေါလုက သင်းအုပ်တစ်ယောက်အနေဖြင့် လုပ်ဆောင်ရမည့်တာဝန်ဝတ္တရားများအကြောင်းကို ရေးသားတင်ပြထားပါသည်။

> “ ၁၃ငါမလာမှီတိုင်အောင် ကျမ်းစာကိုဘတ်ခြင်း၊ တိုက်တွန်းသွေးဆောင်ခြင်း၊
> ဆုံးမဩဝါဒပေးခြင်းကို ကြိုးစား၍ပြုလော့။ ၁၄ဗျာဒိတ်တော်ကိုခံ၍၊ သင်းအုပ်
> များတို့သည် လက်တင်ခြင်းနှင့်တကွ၊ သင်၌အပ်ပေးသော ဆုကျေးဇူးကို မပြုစု
> ဘဲမနေနှင့်။ ၁၅သင်၏တိုးပွါးခြင်းကို လူအပေါင်းတို့အား ထင်ရှားစေခြင်းငှါ၊ ဤ
> အရာများကို စိတ်စွဲလန်း၍ ကြိုးစားအားထုတ်လော့။ ၁၆ကိုယ်ကိုငှင်း၊ ကိုယ်ဆုံး

မသြဝါဒကိုငှင်း၊ သတိပြု၍အမြဲတည်နေလော့။ ထိုသို့ပြုလျှင်၊ ကိုယ်ကိုငှင်း၊ နားထောင်သောသူတို့ကိုငှင်းကယ်တင်လိမ့်မည်။" (အပိုဒ် ၁၃- ၁၆ )

ရှင်ပေါလုက သမ္မာကျမ်းစာနှင့်လူတို့အပေါ်ငှင်း၏သွန်သင်ခြင်းတွင် အဘယ်အရကို ဦးတည်ရမည်အကြောင်း တိမောသေအား ရှင်းလင်းစွာ သိနားလည်စေသည်။ ဤအရာသည် ရှင်ပေါလုက တိမောသေအား ကျမ်းပိုဒ်လေးပိုဒ်တွင် ငါးကြိမ်တိုင်တိုင် ဘုရားနှုတ်ကပါတ်တော်ကို ကိုးကားထားသည့်အချက်က သက်သေထူနေခြင်းပင်ဖြစ်သည်။

- ♠ "ဆုံးမခြင်းကို ကြိုးစား၍ပြုလော့။" (အပိုဒ် ၁၃ )
- ♠ "သင်တို့စွဲလန်းခြင်းကို ထင်ရှားစေလော့။" (အပိုဒ် ၁၅ )
- ♠ "ဤအရာများကို စိတ်စွဲလန်း၍ကြိုးစားအားထုတ်လော့။" (အပိုဒ် ၁၅ )
- ♠ "သတိပြု၍အမြဲတည်လော့။" (အပိုဒ် ၁၆ )
- ♠ "ကယ်တင်တော်မူလိမ့်မည်။" (အပိုဒ် ၁၆ )

ဘုရားသခင်၏နှုတ်ကပါတ်တောလုပ်ဆောင်မှုသည် အလွန်ပင်အရေးပါသောအချက်ဖြစ်သည်အကြောင်းကို ရှင်ပေါလုက အထင်အရှားပြသထားပါသည်။ ငှင်းသည် သင်းအုပ်နှင့်သာသနာပြုဆရာ၏အဓိကဦးတည်ရမည့်အရာဖြစ်ပါသည်။ ၂ တိမောသေ ၄ နောက်ပိုင်းတွင် ရှင်ပေါလုမာတုရအနေဖြင့် အသေခံခြင်းမတိုင်မှီ တိမောသေနှင့်နောက်ဆုံးအဆက်အသွယ်လုပ် ဆောင်ခြင်းတွင် ဘုရားသခင်၏နှုတ်ကပါတ်တော်နှင့်စပ်လျဉ်း၍ ငှင်း၏လုပ်ငန်းတာဝန်များကို တိမောသေအား တဖန် သတိပေးထားပြန်သည်။ သူက ဤသို့ဆိုသည်။

> " [၁]ကိုယ်တော်တိုင်ပေါ်ထွန်း၍ နိုင်ငံတော်တည်ထောင်သောကာလ၊ အသက်ရှင်သောသူ၊ သေသောသူတို့ကိုစစ်ကြောစီရင်တော်မူသော သခင်ယေရှုခရစ်ရှေ့မှာငှင်း၊ ဘုရားသခင်ရှေ့မှာငှင်း၊ ငါသည် သင့်ကို သစ္စာပေးသည်ကား၊ [၂]နှုတ်ကပါတ်တရားတော်ကိုဟောပြောလော့။ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကြိုးစားအားထုတ်လော့။ အပြစ်ကိုဘော်ပြလော့။ အလွန်ရှည်သောစိတ်နှင့်သြဝါဒမျိုးကိုပေး၍ တိုက်တွန်းသွေးဆောင်လော့။"

ဤသည်မှာ ဖေက်မြို့အသင်းတော်၏သင်းအုပ်တစ်ဦးအနေဖြင့် တိမောသေလုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်ပင်ဖြစ်ပါသည်။ သူသည် ဘုရားသခင်၏နှုတ်ကပါတ်တော်လိုအပ်သည့်အချိန်၌ဖြစ်စေ၊ မလိုအပ်သည့်အချိန်၌ဖြစ်စေ ဟောပြောရန်အစဉ်အမြဲ အဆင်သင့်ဖြစ်ရပါမည်။ ဤသည်မှာ လူတစ်ဦးသည် ဘုရားသခင်၏နှုတ်ကပါတ်တော်လေ့လာမှုတွင် အချိန်များစွာရင်းနှီးမြှုပ်နှံမှုရှိမှသာလျှင် ဖြစ်နိုင်ပါသည်။ ထို့နောက် အပိုဒ် ၅ တွင် တိမောသေကို တိုက်တွန်းနှိုးဆော်ထားပါသည်။

> "သင်မူကား၊ အရာရာ၌ သမ္မာသတိရှိကြလော့။ ဆင်းရဲဒုက္ခကို သည်းခံလော့။ သာသနာပြုဆရာဆောင်ရွက်သောအမှုကို ဆောင်ရွက်လော့။ ဓမ္မဆရာအရာ၌ ခန့်ထား၍ ပြုရသောဝတ်များကို အကုန်အစင်ပြုလော့။"

တိမောသေသည် ဘုရားသခင်၏နှုတ်ကပါတ်တော်သွန်သင်ခြင်းအမှု၌သော်လည်းကောင်း၊ သာသနာပြုလုပ်ငန်းပြည့်စုံစေရန်သော်လည်းကောင်း ပါဝင်ရမည်ဖြစ်ကြောင်း ရှင်ပေါလု၏စကားအားဖြင့် အထင်အရှားတွေ့နိုင်သည်။ သာသနာပြုဆရာ၏လုပ်ဆောင်ချက်ကား အဘယ်နည်း။ အသင်းတော်သစ်စတင်ခြင်းပန်းတိုင်နှင့်အတူ ခရစ်တော်၌ ယုံကြည်ခြင်းတရားဆီသို့လူများအားခေါ်ဆောင်လာရန်ဖြစ်သည်။ ဤသည်မှာ သမ္မာကျမ်းစာက ရည်ညွှန်းပြောဆိုထားသည့် သာသနာပြုဆရာဖိလိပ္ပ၏လုပ်ဆောင်မှုပင်ဖြစ်သည်။ ( တမန် ၈ါ ၅- ၈၊ ၁၂ ) တိမောသေနှင့် ၄င်းကြည့်ရှုထိန်းကျောင်းနေသောအသင်းတော်က ပါဝင်လုပ်ဆောင်ရန် ရှင်ပေါလု အလိုရှိခဲ့သော လုပ်ငန်းပင်ဖြစ်ပါသည်။

သင်းအုပ်နှင့်သာသနာပြုတစ်ဦးချင်းစီ၏အဓိကလုပ်ဆောင်မှုမှာ "အမှုတော်အတွက် သန့်ရှင်းသူများကို ပြင်ဆင်ခြင်းဖြစ်သည်။" ( ဧဖက် ၄း ၁၂ ) တပည့်တော်ဖြစ်ခြင်းလုပ်ငန်းသည် ကွဲပြားခြားနားပြီး သင်တန်းရှုထောင့်များစွာပါဝင်နိုင်သော်လည်း ဤအရာများကို ၄င်း၏သွန်သင်ခြင်းလုပ်ငန်းအားဖြင့် ယေဘုယျ ပြီးဆုံးသွားသည်။ သို့သော် ဘုရားသခင်၏နှုတ်ကပါတ်တော်ဟောပြောခြင်းနှင့်သွန်သင်ခြင်းသည် သင်းအုပ်များနှင့်သာသနာပြုဆရာများက အချိန်များစွာရင်းနှီးမြှုပ်နှံသည့် အမှုတော်လုပ်ငန်း၏အဓိကနယ်ပယ်ဒေသပင်ဖြစ်ပါသည်။ ဝိညာဉ်ပိုင်းဆိုင်ရာနှင့်အရေအတွက်ပိုင်းဆိုင်ရာကြီးပွါးတိုးတက်မှုတော်ရှိလာစေရန် အသင်းဝင်များက ၄င်းတို့အားပေးထားသည့် ဝိညာဉ်ဆုကျေးဇူးများကို လက်တွေ့အသုံးပြုဖို့ပြင်ဆင်ထားရမည်မှာ ဤအမှုတော်လုပ်ငန်းပင်ဖြစ်ပါသည်။

## စုံရှုံးခြင်း/ကဲ့ပြန့်ခြင်းနိယာမသဘောတရား၏အကျိုးသက်ရောက်မှုများ။

အသင်းတော်၏ဤအခန်းကဏ္ဍများစွာကုနားလည်သဘောပေါက်ခြင်း၏အကြောင်းတရားများစွာမှာ ထိုအသင်းတော်၏ကြီးထွားခြင်းနှင့်သာသနာလုပ်ငန်းများတွင် အကျိုးရှိစေမည်ဖြစ်သည်။ အရေးအပါဆုံးသောအကျိုးသက်ရောက်မှုမှာ အသင်းတော်သည် မည်သည့်နေရာ၌ရှိနေသည်ဖြစ်စေ၊ မည်သို့သောအခြေအနေမျိုးတွင်ရှိနေသည်ဖြစ်စေ စုရှုံးခြင်းနှင့်ကဲ့ပြန့်ခြင်းတွင် ထိရောက်မှုရှိနိုင်ပါသည်။ ဥပမာအားဖြင့် အသင်းတော်သည် -

- ♥ မြို့ သို့မဟုတ် ရွာ၊ သို့မဟုတ် လူနေထူထပ်သောနေရာတွင် အခြေချတည်ရှိနေသည်ဖြစ်စေ၊
- ♠ ညှင်းပန်းနှိပ်စက်ခြင်း၊ ဆိုးရွားသည့်စီးပွါးရေးလုပ်ငန်း၊ ခရစ်ယာန်ဘာသာနှင့်ကွဲပြားခြားနားမှုမရှိသောလူများ၊ သို့မဟုတ် မိမိအယူဝါဒကိုသိမ်းသွင်းရန်ဆန့်ကျင်သည့်ဥပဒေများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါစေ၊
- ♠ မဖိတ်ဘဲရောက်လာသည့်ဧည့်သည် အိမ်တည်တည်းခိုသည်ကိုမနှစ်သက်ကြသည့်ဓလေ့၊ လမ်းတွင် စကားပြောရန်ရပ်တန့်သောသူစိမ်းကိုမနှစ်သက်သောဓလေ့၊ အသင်းတော်သို့ လည်ပတ်ခြင်းသို့ ကောင်းသည်ဟု မထင်မှတ်သည့်ဓလေ့၊ သို့မဟုတ် အဖွဲ့လိုက်ဧဝံဂေလိထွက်ခြင်းအောင်မြင်မှုမရှိသည့်နေရာတွင် ရှိနေသည်ဖြစ်စေ၊
- ♠ ထူးခြားသည့် အဖြစ်အပျက်၊ ထူးခြားသည့်စကားပြောဆိုသူများ၊ ကြော်ငြာများတွင် များစွာငွေကြေးသုံးစွဲနိုင်ခြင်းမရှိသည့်နေရာတွင် ရှိနေသည်ဖြစ်စေ၊

ထိုအချက်များသည် အဓိကကျသောအရာများမဟုတ်ပါ။

အသင်းတော်သည် စုံရှုံးပြီးနောက်တွင် ကဲ့ပြန့်ရမည်ဖြစ်သည်။ ၎င်း၏သဘောတရားမှာ အသင်းဝင်များသည် ခရစ်တော်အတွက် ပျောက်ဆုံးသူများကိုဖမ်းဆီးရန် ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်သည်။ သူတို့သည် ၎င်းတို့နှင့်ရင်းနှီးကျွမ်းဝင်ပြီးသားသူများဖြစ်ကြသည့် အိမ်နီးချင်းများ၊ မိသားစု၊ မိတ်ဆွေသူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်များ၊ အသိမိတ်ဆွေများနှင့်အစပြုကြရမည်။ သူတို့သည် လက်ရှိအခြေအနေတွင် ရင်းနှီးကျွမ်းဝင်မှုမရှိသေးသည့် အိမ်နီးနားချင်း၊ အလုပ်တူလုပ်ကိုင်သောသူ၊ နံနက်တိုင်း ဘစ်ကားမှတ်တိုင်တွင်တွေ့ရှိရသူ၊ တို့ကိုလည်း အနာဂတ်တွင် စတင်ပြီးလုပ်ဆောင်နိုင်ပါသည်။ ဒေသန္တာရအသင်းတော်၏ ၅၀% က ထိုသို့လုပ်ဆောင်လျှင် စဉ်းစားသုံးသပ်ကြည့်ပါ။ မည်သို့သော အကျိုးကျေးဇူးများရရှိကြမည်နည်း။ ၇၅ % သောအသင်းဝင်များသည်

၄င်းတို့နှင့်ရင်းနှီးကျွမ်းဝင်ပြီးသောသူများထံသို့ ခရစ်တော်၏ဧဝံဂေလိတရားကို ကြိုးစား၍ ဝေမျှ သက်သေခံလျှင် မည်သို့သော အကျိုးအမြတ်ထွက်ပေါ်လာမည်နည်း။

ဤသို့သောခြေလှမ်းကိုဆက်လက်အသုံးပြုလျက် ကျဲ့ပြန့်သည့်အသင်းတော်၏ကြိုးစားအား ထုတ်မှုအကျိုးအနေဖြင့် ခရစ်တော်၌ယုံကြည်ခြင်းတရားရှိသောသူများရှိလာသောအခါ ထိုသို့သော သဘောတရားသည် စဉ်ဆက်ဖြစ်ပျက်နေမည်ဖြစ်သည်။ ယုံကြည်သူအသစ်များ(ကျဲ့ပြန့်သောအ သင်းတော်၏အကျိုးရလဒ်) စုရုံးလာပြီး သင်ကြားပို့ချပေးခြင်းဖြင့် ဧဝံဂေလိအတွက် ထပ်မံကျဲ့ပြန့် သည့်အချိန်တွင် ထိုကဲ့သို့ပင် ထပ်မံဖြစ်ပေါ်လာပေမည်။ မည်သူတို့ကို ဧဝံဂေလိလုပ်ဆောင်မည် နည်း။ သဘာဝအားဖြင့်ဆိုရလျှင် သူတို့သည် ၄င်းတို့အသင်းတော်၌ရှိသော မသိသေးသူများထံ၌ လုပ်ဆောင်ရန်ဖြစ်သည်။ ထို့ကြောင့် ဤသဘောတရားဖြစ်စဉ်သည် အခြားနည်းလမ်းအားဖြင့် လုံးဝအဆင်မပြေနိုင်သည့် ဒေသန္တာရအသင်းတော်ရှိလူများကို ဧဝံဂေလိလုပ်ဆောင်နိုင်သည်။ (ဥပမာ- အသင်းတော်သို့တစ်ခါမှ မလာဖူးသောလူများ၊ အခြားရွာများ၊ မြို့များ သို့မဟုတ် အခြား နိုင်ငံများ စသဖြင့် တွင်အသက်ရှိကြသောလူများ) ဤအသင်းတော်၏အကျိုးအမြတ်သည် အထူးသ ဖြင့် ဤသဘောတရားဖြစ်စဉ်ကို တန်ခိုးပေးခြင်းနှင့်လမ်းပြခြင်းတွင် ဘုရားသခင် ပါဝင်လုပ်ဆောင် သည့်အခါ အဆုံးမရှိသောဧဝံဂေလိလုပ်ငန်းအတွက် အခွင့်အလမ်းများစွာကို ရရှိနိုင်ပါသည်။

အသင်းတော်ဝင်များ၏ဧဝံဂေလိလုပ်ငန်းအတွက် ဆက်သွယ်မှုပြုရမည့်အစုအဖွဲ့ကိုချဲ့ထွင် ရန် အခြားနည်းလမ်းမှာ အခြေခံလူတန်းစားအဆင့်ရှိ ၄င်းတို့၏လူ့အဖွဲ့အစည်းတွင် သူတို့အား ပါ ဝင်စေခြင်းအားဖြင့်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် အသင်းတော်ခေါင်းဆောင်များသည် သူတို့ အား ကလေးပြုစုစောင့်ရှောက်ရေးအိမ်များ၊ ဆေးရုံများ၊ မိဘမဲ့များ၊ ထောင်များနှင့် ကလေးများ ကျောင်းများ၊ အားကစားအစီအစဉ်များ။ လူ့အဖွဲ့အစည်းပွဲတော်များတွင် စေတနာ့ဝန်ထမ်းများအ ဖြစ်တာဝန်ထမ်းဆောင်ကြရန် ခွန်အားပေးတိုက်တွန်းနိုးဆော်နိုင်ပါသည်။ ဤသို့သောလုပ်ဆောင်မှု က ၄င်းတို့၏အခြေခံလုပ်ဆောင်မှုဖြစ်သည့် အခြားသူများအား ခရစ်တော်အကြောင်းဝေငှသက်သေ ခံခြင်းအခွင့်ထူးများကို ချဲ့ထွင်နိုင်ပါမည်။ အသက် ၁၈ နှစ်အောက်ကလေးများသည် တရားမဝင်သူများဖြစ်ကြသေးသည်ဟူသည့် မိမိအယူဝါဒကိုလက်ခံရန် သိမ်းသွင်းသည့်နေရာတွင် အသက်ရှင်နေထိုင်သည့် ကျွန်ုပ်သိသောလူတစ်ယောက်သည် သူနေထိုင်ကြီးပြင်းလာသည့်မြို့တွင် ငယ်စဉ်ဘဝကစ၍ အားကစားအစီအစဉ်တွင် ဦးဆောင်နေသည်။ သူသည် ကလေးများနှင့် ၄င်းတို့ ၏မိဘများနှင့်ရင်းနှီးကျွမ်းဝင်မှုရှိရန်နည်းလမ်းတစ်ခုအဖြစ် ဤနည်းကို ကျင့်သုံးခဲ့သည်။ ထို့နောက် ကလေးများသည် အသက် ၁၈ နှစ်ပြည့်လာကြသောအခါ သူသည် သူတို့နှင့်ရင်းနှီးမှုကိုပြုကြပြီးဖြစ် ၍ ၄င်းအားဖြင့် ခရစ်တော်အကြောင်းကို ဝေငှသက်သေခံနိုင်သည်။ အားကစားအစီအစဉ်တွင်ပါ ဝင်သည့်ကလေး တစ်စုံတစ်ယောက်ကို လမ်းပေါ်တွင် တွေ့ရှိသောအခါ ရင်းနှီးကျွမ်းဝင်မှုတည် ဆောက် ရန်ရည်ရွယ်ပြီး သူ သို့မဟုတ် သူမနှင့်စကားပြောနိုင်အောင်ကြိုးစားသည်။ သူ၏လုပ်

ဆောင်သည့်အရာတွေကြောင့် သူ့ကိုကြိုက်နှစ်သက်ကြပြီး သူ၏အဖွဲ့အစည်းတွင်လည်း လေးစားမှုကို ခံခဲ့ရသည်။ တစ်နေ့သောအခါ သူသည် ခရစ်ယာန်တစ်ယောက်ဖြစ်ခြင်းကြောင့် သူ၏အိမ်အပြင်ဘက်တွင်လူများက သူ့ကိုပြဿနာပြုရန် ကြိုးစားအားထုတ်ကြသောအခါ ခရစ်ယာန်မဟုတ်သောအိမ်နီးချင်းတစ်ယောက်က ဤသူတို့အား သူသည် လူကောင်းပါ၊ သင်တို့အဝေးကိုသွားပါဟုပြောခဲ့သည်။ ထို့နောက် သူတို့သည် ထွက်သွားကြသည်။ ထို့ကြောင့် ထိုသို့သောနည်းလမ်းသည် အကျိုးကျေးဇူးများစွာကို ထုတ်လုပ်ထားပါသည်။

စုရုံးခြင်း/ ကျဲ့ပြန့်ခြင်း၏အရေးပါသည့် အခြားအကြောင်းတရားမှာ အသင်းတော်ဝင်များအား ဧဝံဂေလိလုပ်ဆောင်ရန်အတွက် သင်ကြားပို့ချမှုကိုပြုသောအခါ သူတို့သည် အသင်းတော်သို့ တစ်ခါတစ်ခေါက်တောင် ရောက်မလာသောလူများအား ပြန်လည်၍ ပြောဆိုကြမည်ဖြစ်သောကြောင့်ပေတည်း။ ဤသို့သောအရေးကိစ္စများကြောင့်  သူတို့သည် သင်းအုပ်ဆရာနှင့် သာသနာပြုဆရာများက ဧဝံဂေလိတရားဝေငှခွင့်မရသည့်လူများကို သက်သေခံကြပေလိမ့်မည်။ ဤသည်မှာ မယုံကြည်သူများအား ခရစ်တော်အတွက် မည်သို့မည်ပုံသက်သေခံဝေငှရမည်ကို ခွန်အားပေးသင်ကြားပေးရန် လိုအပ်သည့် အကြောင်းတရားပင်ဖြစ်ပါသည်။

## ဤသည်မှာ ဧဝံဂေလိလုပ်ငန်းအတွက် အဓိကနည်းစနစ်ဖြစ်ရမည်။

စုရုံးခြင်း/ ကျဲ့ပြန့်ခြင်းနိယာမသဘောတရားက အသင်းတော်များသည် အခြားသူများအား ဧဝံဂေလိတရားဝေငှရန် လက်ရှိကျင့်သုံးနေသောနည်းလမ်းထက် အခြားနည်းလမ်းများကို မရှာဖွေရသို့မဟုတ် အခြားနည်းစနစ်ထဲတွင် မပါဝင်ရဟု ဆိုလိုပါသလား။ ထိုသို့မဟုတ်ပါ။ ဧဝံဂေလိဆိုင်ရာအခြားသောနည်းလမ်းများသည် တန်ဖိုးရှိနိုင်ပါသည်။ ဧဝံဂေလိဆိုင်ရာအင်္ဂလိပ်ကလပ်၊ လမ်း ဧဝံဂေလိလုပ်ငန်း၊ မိသားစုများနှင့်/ သို့မဟုတ် ကလေးသူငယ်များအား ဧဝံဂေလိတရားဝေငှခြင်း၊ ဘာသာရေးကျောင်းပိတ်ရက်များကိုလုပ်ဆောင်ခြင်း စသဖြင့်တို့သည်လည်း ဧဝံဂေလိဝေငှရန်ကောင်းမွန်သောအရာများပင်ဖြစ်ပါသည်။ အသင်းတော်များသည် ဧဝံဂေလိတရားဝေငှသက်သေခံပြီး အကျိုးဖြစ်ထွန်းနိုင်သည့်နည်းလမ်းများကို ရှာဖွေကျင့်သုံးရန် လွန်ပင်အရေးကြီးပါသည်။ သို့ရာတွင် ဤနည်းလမ်းများသည် ဒုတိယဦးစားပေးများသာဖြစ်သင့်ပါသည်။ ပထမဦးစားပေးရမည့် ဧဝံဂေလိတရားဝေမျှခြင်းနည်းလမ်းမှာ ဧဝံဂေလိလုပ်ငန်းကိုလုပ်ဆောင်ရာတွင် အရေးပါသောအချက်အလက်များကိုသင်ကြားပို့ချပေးခြင်းခံကြရသည့် အသင်းသူအသင်းသားများအားဖြင့်သာဖြစ်ပါသည်။ ဤသည်မှာ အသင်းတော်အတွက် စံသတ်မှတ်ချက်တစ်ခုဖြစ်နေခဲ့လျှင် အချိန်တိုင်း၊ အပတ်

တိုင်း၊ နေ့တိုင်းလည်းဖြစ်နိုင်သည် ဖြစ်ပျက်နေသော ဇဝ်ဂေလိလုပ်ငန်းသဖွယ်ဖြစ်လာမည်။ အကျိုးသက်ရောက်မှုအနေဖြင့် ဤဇဝ်ဂေလိလုပ်ငန်းနည်းစနစ်သည် နှစ်တစ်နှစ်အတွင်း ဖြစ်ပျက်နေသည့် ထူးခြားသော ဇဝ်ဂေလိလုပ်ဆောင်မှုအပေါ် ကန့်သတ်မှုမရှိခြင်းပင်ဖြစ်သည်။

အသင်းတော်တစ်ခုသည် ၎င်းတို့၏ငွေကြေးခနအင်အား၊ အသင်းတော်ဝင်များ၊ တည်နေရာအဆောက်အဦး၊ အသင်းတော်ရှိ သင်းအုပ် သို့မဟုတ် လူများ၏ဂုဏ်သတင်းကျော်စောမှု စသဖြင့်သောအရာများကြောင့် မတူညီသောဇဝ်ဂေလိလုပ်ငန်းချဲ့ထွင်မှုများစွာကိုလုပ်ဆောင်နိုင်သော်လည်း အခြားသောအသင်းတော်သည် ထိုသို့သောသဘောတရားမရှိနိုင်သည်ကို နားလည်သဘောပေါက်ရန် အရေးကြီးပါသည်။ သို့ရာတွင် အသင်းတော်ရှိလူပုဂ္ဂိုလ်တစ်ဦးချင်းစီကို ဇဝ်ဂေလိတရားအတွက် သင်ကြားပို့ချပေးထားလျှင် အခြားသောကိစ္စရပ်များသည် အရေးကြီးသောအရာများမဟုတ်ပေ။ အကြောင်းမှာ အသင်းတော်ဝင်တစ်ခုချင်းစီသည် ရှိနေရာအရပ်တွင် ဇဝ်ဂေလိလုပ်ငန်း၌ပါဝင်ကြမည်ဖြစ်သည်။ ဤသည်မှာလည်း အလွန်ပင် အရေးကြီးသည့်အချက်များဖြစ်ကြပါသည်။

ထိုနောက် အသင်းတော်သည် ကျဲ့ပြန့်လုပ်ဆောင်ခြင်းမတိုင်မှီ စုရုံးသောအသင်းတော်ရှိ လူများအား ပြင်ဆင်သည့် အချက်အချာကျသောနေရာအဖြစ် မည်သို့ဖြစ်လာနိုင်သနည်း။ နောက်ထပ်အခန်းလေးခန်းက ဤနိယာမ၏အခြေခံသဘောတရား၏မတူညီသောရှုထောင့်မျိုးစုံကို အဓိကထားတင်ပြပေးလိမ့်မည်။

အခန်း ၃

# တည်ဆောက်သူ၊

# စီမံကိန်းတစ်ခုကိုပြင်ဆင်သည်

ထို့ကြောင့်၊ သင်တို့သည် တကျွန်းတနိုင်ငံသားမဟုတ်၊ ဧည့်သည်လည်းမဟုတ်၊
သန့်ရှင်းသူတို့၏အမျိုးသားချင်းဖြစ်ကြ၏။ ဘုရားသခင်၏အိမ်တော်သားလည်းဖြစ်ကြ၏။
အဘယ်သို့နည်းဟူမူကား၊ တမန်တော်တို့မှစ၍ ပရောဖက်များတည်းဟူသော တိုက်မြစ်အပေါ်၌
သင်တို့သည် ထပ်ဆင့်၍ တည်ဆောက်လျက်ရှိကြ၏။ ထိုတိုက်ထောင့်အမြစ်ကျောက်ကား၊
ယေရှုခရစ်ဖြစ်သတည်း။ ထိုကျောက်နှင့်တတိုက်လုံးသည် စေစပ်၍ ကြီးပွါးသဖြင့်
သခင်ဘုရားအဖို့အလို့ငှါ သန့်ရှင်းသောဗိမာန်တော်ဖြစ်ကြ၏။ ထိုဗိမာန်တော်၌လည်း၊
ဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် ကျိန်းဝပ်တော်မူခြင်းအလို့ငှါ၊ သင်တို့သည် ငါတို့နှင့်အတူ
တည်ဆောက်လျက်ရှိကြ၏။ ( ဧဖက် ၂း ၁၉- ၂၂ )

## အစီအစဉ်တစ်ခုရှိရမည်။

သင်းအုပ်နှင့်သာသနာပြုများသည် ပျောက်ဆုံးသောသူများကို ခရစ်တော်အတွက် ဧဝံဂေလိတရားအားဖြင့် သိမ်းပိုဒ်နိုင်ရန်မျှော်မှန်းလျက် အသင်းဝင်များအား ပြင်ဆင်ပြီးစေလွှတ်ရန်အတွက် ထိရောက်သည့်ပြင်ဆင်မှုနေရာတစ်ခုကိုပိုင်ဆိုင်နိုင်ဖို့ အစီအစဉ်တစ်ခုကိုဖန်တီးလုပ်ဆောင်ဖို့လိုအပ်ပါသည်။ အစီအစဉ်တစ်ခုချမှတ်လုပ်ဆောင်နိုင်ခြင်းမရှိလျှင် သူတို့၏လုပ်ဆောင်မှုများသည် ပျက်ပြယ်ယိုယွင်းသွားနိုင်ပေသည်။ ထိုသို့သောအသင်းတော်သည် ယေဘုယျအားဖြင့် ကြီးထွားခြင်းလုံးဝမရှိနိုင်ပါ။ ခိုင်မာသောအကျိုးရလဒ်များစွာကို တွေ့မြင်ရခြင်းမရှိသည်သာမက လုပ်ဆောင်မှုတိုင်းတွင်လည်း ရှုန်းကန်လှုပ်ရှားနိုင်ပါသည်။ ကြီးထွားမှုရှိလျှင်ပင် ကြီးထွားလာသည့်အသင်းတော်တွင် ခိုင်မာခြင်း၊ အစီအစဉ်ကျနခြင်း၊ နှင့်ကြီးထွားမှုအစီအစဉ်များလိုအပ်သောကြောင့် ပြဿနာကြုံတွေ့

ပြီး ပြိုလဲနိုင်သည်။ ဤသို့သောအစီအစဉ်များကိုလုပ်ဆောင်ခြင်းမရှိလျှင် ပြဿနာသည် မဖိတ်ဘဲ ရောက်ရှိလာနိုင်ပါသည်။

အသင်းတော်ခေါင်းဆောင်များက သူတို့သည် ဘုရားအစီအစဉ်၏အစိတ်အပိုင်းတွင် ရှိနေကြသည်ကို သတိပြုမိဖို့လိုအပ်ပါသည်။ သူတို့သည် "ဘုရားသခင်၏သန့်ရှင်းသောတဲတော်" တည်းဟူသော သူကျိန်းဝပ်တော်မူရာအသင်းတော်ကိုတည်ဆောက်ရန် ရွေးချယ်ထားသောနည်းလမ်းများတွင် တစ်စိတ်တစ်ဒေသအနေဖြင့် ပါဝင်ကြသည်။ ဤသဘောတရားကိုနားလည်သဘောပေါက်ခြင်းက သင်းအုပ်များနှင့်သာသနာပြုများအား ၎င်းတို့၏အမှုတော်လုပ်ငန်းတွင် အရေးတကြီးလုပ်ဆောင်ရန်လိုအပ်သည့် ဆွဲဆောင်မှုကို ပေးသင့်ပါသည်။ သူတို့သည် ကြီးမားကျယ်ပြန့်သည့် အစိတ်အပိုင်း၊ နည်းဗျူဟာများဖြစ်ကြသည်ကို နားလည်ကြရမည်။ ထို့ကြောင့် သူတို့၏လုပ်ဆောင်မှုအစိတ်အပိုင်းသည် အရေးပါသောအရာဖြစ်ပါသည်။ သူတို့၏အသင်းတော်သည် "ခရစ်တော်ကိုယ်တိုင်"သည် "တိုက်ထောင့်မြစ်ကျောက်" ဖြစ်ရာ ဝိညာဉ်ပိုင်းဆိုင်ရာအဆောက်အဦး၏အစိတ်အပိုင်းများဖြစ်ကြသည်။ တနည်းအားဖြင့်ဆိုသော်၊ သူတို့သည် ဘုရားသခင်၏လုပ်ငန်းတစ်ခုဖြစ်တော်မူသော ထာဝရနှင့်ဆိုင်သောလုပ်ငန်းတွင် အသင်းတော်တည်ဆောက်သူများအဖြစ် တိတိကျကျရွေးချယ်ခံထားရသောသူများဖြစ်ကြပါသည်။

## စီမံကိန်းတစ်ခုလိုအပ်သည်။

လက်ထဲတွင်ရှိသောလုပ်ငန်းတာဝန်း၏လေးနက်မှုကိုနားလည်သဘောပေါက်သောအခါ အမြော်အမြင်ရှိသောသာသနာပြုနှင့်သင်းအုပ်တို့က သူတို့သည် တည်ဆောက်သောသူများဖြစ်ကြသည်ကို နားလည်ကြပေမည်။ သာသနာပြုဆရာက ခရစ်တော်တည်းဟူသောအုတ်မြစ်ပေါ်တွင် အသင်းတော်သစ်ကိုအစပြုပေမည်။ ( ၁ကော ၃း ၁၁ ) သင်းအုပ်သည် ယေဘုယျအားဖြင့် သူမတိုင်မီ တစ်စုံတစ်ယောက်(သာသနာပြု သို့မဟုတ် အခြားသင်းအုပ် )အစပြုထားသောလုပ်ငန်းကို ဆက်လက်လုပ်ဆောင်သော်လည်း ထိုခရစ်တော်၏အုတ်မြစ်တွင်ပင် တည်ဆောက်ရပေလိမ့်မည်။ သူတို့နှစ်ဦးစလုံးသည် တမန်တော်ရှင်ပေါလုက ၁ကော ၃း ၉- ၁၁ တွင် ရှင်းရှင်းလင်းလင်းဖော်ပြထားသည်အတိုင်း တည်ဆောက်ခြင်းဖြစ်စဉ်တွင် ပါဝင်ကြပါသည်။

> "ငါတို့သည် ဘုရားသခင့်ထံ၌ အလုပ်လုပ်သောသူချင်းဖြစ်ကြ၏။ သင်တို့သည် ဘုရားသခင်၏ဥယျာဉ်တော်ဖြစ်ကြ၏။ ဘုရားသခင်၏ကျောင်းတော်တိုက်လည်းဖြစ်ကြ၏။ ဘုရားသခင်၏ကျေးဇူးတော်ကိုငါခံရသည်နှင့်အညီ၊ လိမ္မာသောဗိသုကာကဲ့သို့ တိုက်မြစ်ကိုချပြီ။ အခြားသောသူသည် ထပ်ဆင့်၍ တည်ဆောက်လေ

၏။ သို့ရာတွင်၊ အဘယ်သို့ ထပ်ဆင့်၍ တည်ဆောက်သည်ကို လူတိုင်းသတိပြုပါစေ။ အကြောင်းမူကား၊ ယေရှုခရစ်တည်းဟူသော၊ ချလျက်ရှိသောတိုက်မြစ်မှတပါး အခြားသောတိုက်မြစ်ကို အဘယ်သူမျှမချနိုင်။"

သို့ရာတွင် ရှင်ပေါလုသည် အခြားတမန်တော်များနှင့်ပရောဖက်များနှင့်အတူ ( ဧဖက် ၂း ၁၉- ၂၀ ) ခရစ်တော်၏တိုက်မြစ်ကိုချထားခဲ့ကြပြီး သင်းအုပ်နှင့်သာသနာပြုများသည် သန့်ရှင်းသောတဲတော်တည်းဟူသော ဘုရားသခင်ကျိန်းဝပ်တော်မူရာနေရာကို ထပ်ဆင့်၍ချထားလျက်ရှိကြသည်။ ( ဧဖက် ၂း ၂၁- ၂၂ ) ဤသည်မှာ ထိုသို့သောအရေးပါသည့်လုပ်ငန်းတာဝန်ဖြစ်သည်အား လျော်စွာ တည်ဆောက်သောသူတိုင်းက ၎င်းတို့၏လုပ်ဆောင်သောအလုပ်သည် တစ်နေ့သောအခါ လက်ခံနိုင်ဖွယ်အရည်အသွေးရှိသည့်လုပ်ဆောင်မှုဖြစ်ဖို့ သေချာစွာလုပ်ဆောင်ကြရပေမည်။ "အသီးအသီးလုပ်သောအလုပ်သည် ထင်ရှားလိမ့်မည်။ အဘယ်သို့နည်းဟူမူကား၊ ဘော်ပြချိန်နေ့ရက်သည် မီးအားဖြင့် ထင်ရှားလိမ့်မည်။ လူတိုင်းလုပ်သောအလုပ်သည် အဘယ်သို့သောအလုပ်ဖြစ်သည်ကို မီးသည် စစ်ကြောစုံစမ်းလိမ့်မည်။" ( ၁ကော ၃း ၁၃ )

သင်းအုပ်နှင့်သာသနာပြုများသည် ၎င်းတို့၏လုပ်ဆောင်မှုအရည်အသွေးရှိပြီး လက်ခံနိုင်ဖွယ်ရှိသည်ကို မည်ကဲ့သို့သေချာစေသင့်သနည်း။ ပထမအချက်အနေဖြင့် သူတို့သည် အခန်း ၁ နှင့် ၂ တွင် ဆွေးနွေးတင်ပြထားသည်အတိုင်း ၎င်းတို့၏သွန်သင်ခြင်းအမှုတွင် သင့်လျော်သောအချိန်ကာလနှင့်ကြိုးစားအားထုတ်မှုကို ရင်းနှီးမြှုပ်နှံရန် လိုအပ်ပေသည်။ ဒုတိယအချက်အနေဖြင့် သူတို့သည် တည်ဆောက်သောသူများအနေဖြင့် အစီအစဉ်တစ်ခုကို ချမှတ်ရန်လိုအပ်ပါသည်။ သူတို့သည် တည်ဆောက်ခြင်းစီမံကိန်းတစ်စုံတစ်ရာ၏အစိတ်အပိုင်းဖြစ်သော၊ တနည်းအားဖြင့် သူတို့သည် အရည်အချင်းပြည့်မှီသော တည်ဆောက်မှုတစ်ခုကိုလုပ်ဆောင်လိုလျှင် စီမံကိန်းချထားမှုအတွက် ကောင်းမွန်သောတွေးတောဆင်ခြင်မှုတစ်ခုကို ပြင်ဆင်ရန်လိုအပ်သည်။ တည်ဆောက်သောသူက နောက်ဆုံးဖြစ်ပေါ်လာမည့်အရာသည် မည်သို့သောအရာနှင့်တူညီနေမည်ကို မှန်းဆသိမြင်နိုင်ခြင်းမရှိလျှင် တစ်စုံတစ်ခုကို မည်သို့ ဖန်တီးနိုင်မည်နည်း။ လုပ်ဆောင်နိုင်မည်မဟုတ်ပါ။ ယင်းမှာ သင်းအုပ်နှင့်သာသနာပြုအတွက်လည်း မှန်ကန်သောအရာပင်ဖြစ်ပါသည်။ သူတို့က ပန်းတိုင်နှင့်နောက်ဆုံးထွက်ပေါ်လာမည့်အကျိုးသက်ရောက်မှုများကို ခန့်မှန်းခြေအားဖြင့် သိရှိထားခြင်းမရှိလျှင် သူတို့သည် ခိုင်မာသော၊ တိုးပွါးလျက်ရှိသော၊ ကျန်းမာသောအသင်းတော်တစ်ခုကို မည်သို့တည်ဆောက်နိုင်မည်နည်း။ တည်ဆောက်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် သူတို့၏အသင်းတော်ကို အချက် က မှ အ အထိ အသေးစိတ်ရယူနိုင်ရန် စီမံကိန်းတစ်ခုကိုရေးဆွဲရန်လိုအပ်ပါသည်။ သမ္မာကျမ်းစာနှင့်အညီ ပန်းတိုင်များကို သတ်မှတ်ချထားရန် လိုအပ်ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် သူတို့သည် အောက်ဖော်ပြပါမေးခွန်းများကိုဖြေဆိုထားခြင်းအားဖြင့် အစပြုရန်လိုအပ်ပါသည်။

- ♥ ဘုရားသခင်သည် ခရစ်ယာန်တစ်ယောက်အား မည်သို့ဖြစ်လာရန် ဆန္ဒရှိသနည်း။ (ဧဖက် ၄း ၁၃ )
- ♥ ခရစ်ယာန်တစ်ယောက်အနေဖြင့် မည်သို့သောအမှုအရာကိုပြသရန် ဘုရားသခင်ဆန္ဒရှိတော်မူသနည်း။ (ယော ၁၃း ၃၄- ၃၅၊ ၁ကော ၁၃း ၁၃၊ ဂလာတိ ၅း ၁၆၊ ၂၂- ၂၃ )
- ♥ ခရစ်ယာန်တစ်ယောက်၏ဝိသေသလက္ခဏာအနေဖြင့် ၄င်းတို့၏အပြုအမူတွင် မည်သည့်အချက်ကို ထင်ဟပ်စေရန် ဘုရားသခင်အလိုတော်ရှိသနည်း။ ( ၁တိ ၃း ၁-၁၃၊ ‌ရှိတု ၁း ၅- ၉ )
- ♥ အသင်းတော်ရှိမိသားစုများတွင် ( ခင်ပွန်း၊ ဇနီးသည်၊ သားသမီးများ ) က မည်သည့်အရာကို ပြုမူလုပ်ဆောင်ရန် ဘုရားသခင် မျှော်လင့်ထားသနည်း။ ( တရား ၆း ၅- ၇၊ ဧဖက် ၅း ၂၂- ၃၃၊ ၆း ၁- ၄၊ တိတု ၂း ၄- ၅၊ ၁ပေ ၃း ၇ )
- ♥ အသင်းဝင်များသည် ဘုရားသခင်၏နှုတ်ကပါတ်တော်ကို မည်ကဲ့သို့ ကောင်းမွန်စွာ သိနားလည်ကြမည်နည်း။ (တရား ၆း ၅- ၉၊ ဧဖက် ၄း ၁၃- ၁၅ )
- ♥ အခြားသူများထံ ခရစ်တော်၏ဧဝံဂေလိတရားကို ထိထိရောက်ရောက်သယ်ဆောင်နိုင်ရန် အသင်းဝင်များသည် မည်သည့်အရာကို သိရှိနားလည်ရန် လိုအပ်ပါသနည်း။ (၁ကော ၉း ၁၉- ၂၃၊ ကော ၄း ၂- ၆၊ မဿဲ ၂၈း ၁၉- ၂၀၊ တမန် ၁း ၈၊ ယော ၃း ၁၆- ၁၈၊ စသဖြင့် )
- ♥ အသင်းတော်နှင့် ၄င်း၏အသင်းဝင်များသည် မည်သို့သောအမှုတော်လုပ်ငန်းတွင်ပါဝင်လုပ်ဆောင်ရန် ဘုရားသခင်အလိုတော်ရှိတော်မူသနည်း။
  - ဝတ်ပြုကိုးကွယ်ခြင်း
  - မိဿဟာရဖွဲ့ခြင်း
  - ပေးကမ်းခြင်း၊
  - အစေခံခြင်း၊
  - ဧဝံဂေလိလုပ်ငန်း၊
  - တပည့်တော်ဖြစ်စေခြင်း၊

- အသင်းဝင်များအား ပြုစုစောင့်ရှောက်ခြင်း၊
- အသင်းတော်စည်းမျဉ်းစည်းကမ်း

စသည် တို့ပင်ဖြစ်ပါသည်။

တချိန်က အသင်းတော်နှင့် ၎င်း၏အသင်းဝင်များက ထူးခြားသည့်သွင်ပြင်ဆောင်ပြီး သူတို့၏အသက်တာတွင် ထင်ရှားစေရန် ဘုရားသခင်အလိုတော်ရှိသောအရာကို ဆုံးဖြတ်သတ်မှတ်ထားခဲ့ပြီးနောက် သူတို့သည် နောက်ခြေလှမ်းအတွက် အသင့်ပြင်ကြပါသည်။

တတိယခြေလှမ်းမှာ သူတို့၏အသင်းတော်ကို ဝိညာဉ်ပိုင်းဆိုင်ရာမြင်တွေ့နိုင်သည့်နေရာအဖြစ်မြင့်တင်ရန်ဖြစ်သည်။ ဤသို့သောအရာကိုလုပ်ဆောင်ရာတွင် သူတို့သည် ပန်းတိုင်သစ်နယ်မြေများကိုဆန့်ကျင်လုပ်ဆောင်သည့် အားသာချက်နှင့်အားနည်းချက်များကို ခွဲခြမ်းစိတ်ဖြာရန် လိုအပ်ပါသည်။ ဆက်လက်၍ ၎င်းတို့အသင်းတော်တွင်ရှိသည့်ဖျမ်းမျှအသင်းဝင်များ၏ဝိညာဉ်ပိုင်းဆိုင်ရာသွင်ပြင်လက္ခဏာများနှင့်ဆိုင်သောကိုယ်ရေးအကျဉ်းတစ်ခုကို တည်ဆောက်လိုက်ခြင်းသည် ထိုသို့သောလုပ်ဆောင်ထားချက်များသည် ဓမ္မဓိဌာန်ကျနိုင်သော်လည်း ဤဖြစ်စဉ်တွင် အကူအညီဖြစ်နိုင်ပါသည်။ ထိုသို့သောအရာများကို မှတ်သားထားပါ။

- ဝိညာဉ်ရေးရာအသိဉာဏ်ပညာနှင့်ဆိုင်သည့် သူ၏အဆင့်၊
- သန့်ရှင်းစွာ အသက်ရှင်ပါသလား။
- ဝိညာဉ်အသီးကိုထင်ရှားစေပါသလား။
- ဘုရားကျောင်းသို့ ပုံမှန်တက်ရောက်ပါသလား။
- ဝိညာဉ်ဆုကျေးဇူးကိုအသုံးပြုလျက် အသင်းတော်တွင် အစေခံပါသလား။
- သူ၏ယုံကြည်ခြင်းကို ဝေမျှပါသလား။
- မိမိ၏မိသားစုလိုအပ်ချက်များကို ဖြည့်ဆည်းပေးပါသလား။
- ခင်ပွန်းသည်နှင့်ကလေးများကို ချစ်မြတ်နိုးပါသလား။
- မိသားစုသည် အစီအစဉ်တကျနှင့် နှုတ်ကပါတ်တော်အတိုင်း အသက်ရှင်ကြပါသလား
- ရင့်ကျင့်သောသူဖြစ်သလား။
- ယုံကြည်ခြင်းတွင် ခိုင်မြဲမှုရှိပါသလား။
- သစ္စာရှိပါသလား။
- ရက်ရောမှုရှိပါသလား။
- ယုံကြည်ခြင်း၊ မျှော်လင့်ချက်နှင့်ချစ်ခြင်းရှိသောသူဖြစ်ပါသလား။
- စသည်တို့ပင်၊

သူတို့သည် အသင်းတော်၏အားသာချက်နှင့်အားနည်းချက်များကို တစ်ကြိမ်တည်းခွဲခြမ်းစိတ်ဖြာပြီး ဖျမ်းမျှအသင်းတော်ဝင်ကို သွင်ပြင်လက္ခဏာဆောင်စေသည့် ကိုယ်ရေးအကျဉ်းကိုပြင်ဆင်ခဲ့ပြီးလျှင် သူတို့သည် သူတိုသည် ၎င်းတို့၏အသစ်စတင်သောပန်းတိုင်တစ်ခုချင်းစီ၏နယ်ပယ်ကိုနှိုင်းယှဉ်မှုတစ်ခုပြုရန် အဆင်သင့်ဖြစ်ကြပါသည်။ ဤသည်က ၎င်းတို့၏အသင်းတော်ရှိရာနေရာ၊ သွားရန်လိုအပ်သည့်အကွာအဝေး၊ ဖော်ပြထားသောပန်းတိုင်များသို့ရောက်ရှိနိုင်ဖို့ ပြောင်းလဲရန်လိုအပ်သောအရာများကိုရှုမြင်ရာတွင် အကူအညီပေးလိမ့်မည်။

သူတို့သည် ပန်းတိုင်နှင့်အစပြုရာနေရာကို တစ်ကြိမ်တွေ့ပြီးနောက် စတုတ္ထခြေလှမ်းမှာ ၎င်းတို့၏စီမံကိန်းကို ဆုတောင်းလျက်ပြင်ဆင်ခြင်းပင်ဖြစ်ပါသည်။ ဤသည်မှာ အသင်းတော်သည် ၎င်းရှိနေသည့်နေရာက မျှော်လင့်ထားသောပန်းတိုင်ဆီသို့ မည်သို့ရွေ့လျားချီတက်မည်ဟူသောအရာနှင့်စပ်လျဉ်း၍ တစ်ဆင့်ပြီးတစ်ဆင့်သွားရန်ဖြစ်ပါသည်။ ပဥ္စမနှင့်နောက်ဆုံးခြေလှမ်းမှာ အစီအစဉ်နောက်သို့လိုက်ရန်ဖြစ်သည်။ သူတို့သည်ဖြစ်စဉ်များကိုကျော်ဖြတ်သွားရမည်ဖြစ်၍ စီမံကိန်းကိုပြန်လည်ပြင်ဆင်နိုင်သည်ဟူသောအချက်ကို သတိပြုပါ။ သူတို့သည် ရှေ့သို့ခရီးနှင့်ချီတက်နေသည်ဖြစ်၍ အရာအားလုံးသည် သဘာဝအားဖြင့်ရှင်းလင်းတိကျနေပြီး စီမံခန့်ခွဲမှုသည် မရှိမဖြစ်လိုအပ်ပေသည်။

## အဓိကပန်းတိုင်ကို နားလည်ခြင်း

အသင်းတော်တစ်ခုတွင် အဓိကပန်းတိုင်နှင့် ဘုရားသခင်အလိုတော်ရှိသည့်အကျိုးရလဒ်ကား အဘယ်အရာနည်း။ ထိုအချက်ကို အခန်း ၁ တွင် အကျဉ်းမျှဆွေးနွေးတင်ပြထားသကဲ့သို့ ဧဖက် ၄း ၁၁- ၁၆ တွင် တွေ့ရှိနိုင်သည်။ အခြေခံအကြောင်းတရားကိုတည်ဆောက်ရန် ရှင်ပေါလုက ဧဖက် ၄း ၈ တွင် ဤသို့ဆိုသည်။

> ၈"ထိုသို့နှင့်အညီ ကျမ်းစာလာသည်ကား၊ မြင့်သောအရပ်သို့
> တက်ကြွတော်မူသဖြင့်၊ များစွာသောသူတို့ကို
> ဘမ်းသွားတော်မူ၍၊ <u>လူတို့အားဆုလပ်များကို</u>
> <u>ပေးတော်မူသည်</u>ဟု လာသတည်း။" (ပေါင်းစပ်အလေးထားမှု)

ထို့နောက် ရှင်ပေါလုသည် အပိုဒ်ငယ် ၁၁- ၁၆ ကို ဆက်လက်ပြောဆိုခဲ့သည်။

> ၁၁"ခရစ်တော်၏ကိုယ်တော်ကိုတည်ဆောက်၍၊ ဓမ္မဆရာ၏အမှုကိုပြုတတ်
> မည်အကြောင်း၊

[12]သန့်ရှင်းသူတို့ကိုပြင်ဆင်ခြင်းအလို့ငှါ၊ ထိုသခင်သည် လူအချို့တို့ကို တမန်တော်အရာ၌၎င်း၊ အချို့တို့ကို ပရောဖက်အရာ၌၎င်း၊ အချို့ တို့ကို သာသနာပြုအရာ၌၎င်း၊ အချို့တို့ကို သင်းအုပ်အရာ၊ ဆရာအရာ၌ ၎င်း၊ ခန့်ထားတော်မူ၏။

[13]ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့၎င်း၊ ဘုရားသခင်၏သားတော်ကို သိကျွမ်းခြင်းသို့၎င်း၊ တညီတညွတ်တည်းရောက်၍ ခရစ်တော်၏ပြည့်စုံခြင်း ပမာဏအရပ်တည်းဟူသော ကြီးရင့်သောလူ၏အဖြစ်သို့ ရောက်ကြသည် တိုင်အောင်ဖြစ်သတည်း။

[14]အကြောင်းမူကား၊ သူတပါးတို့သည် လူပရိယာယ်နှင့်အပြစ်သို့သွေးဆောင်ခြင်းငှါ လှည့်ဖြားပြောဆိုသဖြင့်၊ ငါတို့သည် နောက်တဖန် ခပ်သိမ်းသော ဩဝါဒလေတိုက်၍ ဖရိုဖရဲလွင့်သွား သောသူငယ်မဖြစ်စေဘဲလျက်၊

[15]မေတ္တာစိတ်နှင့် သမ္မာတရားကိုဟောပြောသဖြင့်၊ ဦးခေါင်းတည်းဟူသော ခရစ်တော်မှာ အရာရာတို့၌ ကြီးပွါးကြမည်အ ကြောင်းတည်း။

[16]ထိုဦးခေါင်းမှ၊ အဆစ်အပိုင်းများတို့သည် အားဖြည့်သဖြင့်၊ တကိုယ်လုံး သည် စေ့စပ်ထုံးဖွဲ့လျက်၊ အသီးအသီးအင်္ဂါများကိုယ်ငန်းကိုယ် တာအတိုင်း ပြုပြင်သည်နှင့်အညီ၊ မိမိကိုယ်ကိုမေတ္တာ၌တည်ဆောက်ခြင်းငှါ ကြီးပွါးစေတတ်၏။”

အပိုဒ်ငယ် ၈ တွင် ရှင်ပေါလုဖော်ပြထားသည်မှာ ခရစ်တော်သည် အသင်းတော်အား ဆုကျေးဇူးများကိုပေးထားခဲ့သည် ဟူ၍ဖြစ်သည်။ အပိုဒ်ငယ် ၁၁ က မည်သို့သောဆုကျေးဇူးများ ဖြစ်သည်ကို ဖော်ပြထားပါသည်။ သူက တမန်တော်များ၊ ပရောဖက်များ၊ သာသနာပြုများ၊ နှင့် သင်းအုပ်-ဆရာများ စသဖြင့် အချို့ကို တင်ပြထားပါသည်။ အသင်းတော်၌ရှိသော ဤလေးမျိုး၏ အဓိကလုပ်ငန်းတာဝန်ကို အပိုဒ် ၁၂ တွင် ရေးမှတ်ထားပြီး ယင်းမှာ “ခရစ်တော်၏ခန္ဓာကိုတည် ဆောက်ရန် သန့်ရှင်းသူများအား ပြင်ဆင်ခြင်းအလို့ငှါ” သာဖြစ်သည်။ ဆက်လက်၍ ရှင်ပေါလုက ၎င်းတို့၏ပြင်ဆင်ခြင်းလုပ်ငန်း၏ပန်းတိုင်များကို အပိုဒ် ၁၃ တွင် တင်ပြထားပါသည်။

၁။ “ယုံကြည်ခြင်းနှင့်ဘုရားသခင်၏သားတော်ကိုသိကျွမ်းခြင်း၌ ပေါင်းစည်းခြင်းရှိစေရန်”

၂။ “ရင့်ကျင့်သောသူဖြစ်ရန်”

၃။ “ခရစ်တော်၏ပြည့်စုံခြင်းတွင်ပါဝင်သည့် ဂုဏ်သတင်းအတိုင်းအတာ”

ဤပန်းတိုင်များပြည့်စုံစေခြင်း၏အကျိုးဆက်များကို အပိုဒ်ငယ် ၁၄- ၁၆ တွင် စာရင်းပြုစုထား သည်။

၁။ "ယုတ်လျော့ဝေဝါးသောသားသမီးများလုံးဝမဖြစ်တော့ပါ။

(က) အယူဝါဒလှိုင်းလုံးတိုင်းအားဖြင့်

(ခ ) လူတို့၏ပရိယာယ်၊

(ဂ ) လှည့်ဖြားတတ်သောစီမံချက်တွင်ရှိသောကျွမ်းကျင်မှု" (အပိုဒ် ၁၄ )

၂။ "မေတ္တာစိတ်နှင့်သမ္မာတရားကိုဟောပြောသဖြင့်၊ ဦးခေါင်းတည်းဟူသောခရစ်တော်မှာ အရာရာတို့၌ ကြီးပွါးကြမည်အကြောင်းတည်း။ ထိုဦးခေါင်းမှ၊ အဆစ်အပိုင်းများတို့သည် အားဖြည့်သဖြင့်၊ တကိုယ်လုံးသည် စေ့စပ်ထုံးဖွဲ့လျက်၊ အသီးအသီးအင်္ဂါများကိုယ်ငန်း ကိုယ်တာအတိုင်းပြုပြင်သည်နှင့်အညီ၊ မိမိကိုယ်ကိုမေတ္တာ၌ တည်ဆောက်ခြင်းငှါ ကြီးပွါး စေတတ်၏။" ( အပိုဒ် ၁၅- ၁၆ )

ဤကျမ်းပိုဒ်အရ အကျဉ်းချုံ့အားဖြင့်ဆိုရလျှင် အသင်းတော်အတွက် မူရင်းဖော်ပြထားသည့် ပန်းတိုင်မှာ ရင့်ကျင့်မှုရှိရန်၊ ခရစ်တော်ကဲ့သို့သဏ္ဍာန်တူရန်ဖြစ်သည်။ ဤသည်မှာ အောက်တွင် ရှင်ပေါလုက အကျဉ်းချုံ့ဖော်ပြထားသည်အတိုင်း ပေးထားသည့် ဝိသေသလက္ခဏာအားဖြင့် တွေ့ မြင်နိုင်ပါသည်။ ရင့်ကျင့်သောအသင်းဝင်များသည် အောက်ပါအတိုင်းဖြစ်ကြသည်။

- ♥ ယုံကြည်ခြင်းတရား၌ ပေါင်းစည်းစေလိမ့်မည်။ (အပိုဒ် ၁၃ )
- ♥ ခရစ်တော်၏အကြောင်းကိုသိကျွမ်းစေမည်။ (အပိုဒ် ၁၃ )
- ♥ ရင့်ကျင့်ပြီး ခရစ်တော်၏ပြည့်စုံခြင်းအရပ်သို့ရောက်ရှိစေမည်။ (အပိုဒ် ၁၃ )
- ♥ အလွယ်တကူလှည့်ဖြားခံရ၍ ဖရိုဖရဲလွင့်သွားသောသူငယ်မဖြစ်တော့ပါ။ (အပိုဒ် ၁၄ )
  - ခံယူချက်အသစ်၊ မှားယွင်းသောခံယူချက်များအားဖြင့်။
  - မှားယွင်းသောဆရာများ၏လှည့်ဖြားတတ်သောပရိယာယ်အားဖြင့်။
  - လှည့်ဖြားတတ်သောစီမံချက်တွင်ရှိသောကျွမ်းကျင်မှုအားဖြင့်။
- ♠ မေတ္တာစိတ်ဖြင့် ဘုရားသခင်၏သမ္မာတရားကိုပြောမည်။ (အပိုဒ် ၁၅ )

- ♠ ခရစ်တော်၏ပမာဏအရပ်ကဲ့သို့ ကြီးရင့်လာမည်။ (အပိုဒ် ၁၅ )
- ♠ ခန္ဓာအားဖြင့်စီးဆင်းလာသောကျေးဇူးတော်အကျိုးအဖြစ် ပေါင်းစည်းမှုကိုရမည်။ (အပိုဒ် ၁၆ )
- ♠ ကြီးပွါးစေပြီး အသင်းဝင်တစ်ဦးချင်းစီ၏ ကောင်းမွန်သင့်လျော်စွာလုပ်ဆောင်ခြင်းအားဖြင့် မေတ္တာတရား၌တည်ဆောက်ရန် ဖြစ်သည်။ (အပိုဒ် ၁၆ )

အသင်းတော်ကြီးထွားခြင်းအတွက်လိုအပ်သောစီမံကိန်းတစ်ခုကို မြှင့်တင်ပြီး ပြင်ဆင်ထားရန်မှာ သင်းအုပ်များနှင့်သာသနာပြုဆရာများအတွက် အရေးပါသောအရာဖြစ်ပါသည်။

ရင့်ကျင့်သောအသင်းတော်သာရရှိပိုင်ဆိုင်ထားသည့်ဝိသေသလက္ခဏာများစာရင်းကိုကြည့်ရှုသုံးသပ်သောအခါ ထိုကဲ့သို့ မြင့်မားသောစံချိန်စံညွှန်းသည် များစွာသောဆုတောင်းခြင်း၊ သတိထားလုပ်ဆောင်သည့်အစီအစဉ်နှင့်လုပ်ဆောင်မှုအားဖြင့်အား ရောက်ရှိနိုင်ပါသည်။ ဖြစ်ကတက်ဆန်းဖြစ်လာမည်မဟုတ်ပါ။ ရင်းနှီးမြှုပ်နှံမှုများစွာဖြင့် ပေါင်းစပ်ဖြစ်ပေါ်လာသောအကျိုးရလဒ်ဖြစ်သည့်ထင်ရှားသေချာသောအရာမှာ မတော်တဆအားဖြင့် ဖြစ်လာခြင်းမဟုတ်ပါ။

အသင်းတော်ကိုကြီးထွားရင့်ကျင့်လာစေရန်ရည်ရွယ်လျက်စီမံကိန်းတစ်ခုရေးဆွဲပြင်ဆင်သည့်အချိန်တွင် အောက်ပါလုပ်ငန်းများကိုလည်း ဆင်ခြင်သုံးသပ်ထားရပါမည်။

- ♥ တရားဟောခြင်းလုပ်ငန်း၊ (မည်သည့်ကျမ်းစာအုပ်နှင့်/ သို့မဟုတ် မည်သည့်ခေါင်းစဉ်ကို ဟောကြားသင့်သနည်း။)
- ♥ သင်ကြားခြင်းလုပ်ငန်း ( ဥပုဒ်စာဖြေကျောင်း၊ သမ္မာကျမ်းစာလေ့လာမှုနှင့်အိမ်တွင်စုစည်းလေ့လာမှုတွင် မည်သည့်ကျမ်းစာအုပ်နှင့်/ သို့မဟုတ် ခေါင်းစဉ်ကို သင်ကြားပေးသင့်သနည်း။)
- ♥ အထူးသင်ကြားခြင်းလိုအပ်မှုများ ( မည်သို့သောသင်တန်းမျိုးကို အစပြုသင့်သနည်း။ ဧဝံဂေလိလုပ်ငန်းကဲ့သို့သောသင်းကြားပေးခြင်းမျိုးဖြစ်နိုင်သည်။ မည်ကဲ့သို့သက်သေခံနည်းရေးသားရမည့်နည်းလမ်း၊ သမ္မာကျမ်းစာလေ့လာသည့်နည်းလမ်း၊ တရားဟောမည့်စနစ်၊ အဖွဲ့ငယ်ကိုဦးဆောင်မည့်နည်းလမ်း၊ ဆေးရုံများနှင့်ထောင်များတွင် သွားရောက်လည်ပတ်သည့်နည်းလမ်း စသဖြင့်တို့ကို သင်ကြားပို့ချပေးနိုင်ပါသည်။ )

- ♥ သင်ကြားရေးနည်းစနစ် ( ရင့်ကျင့်သောအသင်းတော်တစ်ခုဖြစ်လာဖို့အတွက် အသင်းတော်နည်းဗျူဟာထဲသို့ မည်သို့သောသင်ကြားခြင်းနည်းစနစ်များကို ထည့်သွင်းရန်လိုအပ်ပါသနည်း။ သမ္မာကျမ်းစာလေ့လာခြင်း၊ အဖွဲ့ငယ်ဖွဲ့ခြင်း၊ မိဿဟာရလုပ်ဆောင်ခြင်း၊ လူငယ်အစည်းအဝေးများ၊ တပည့်တော်ဖြစ်ခြင်းအဖွဲ့များ၊ တစ်ဦးချင်းစီညွှန်ကြားခြင်းကဲ့သို့သောအရာများကို ဆင်ခြင်ကြည့်ပါ။

လူတစ်ဦးက "သူ့အသင်းတော်၏လက်ရှိအမှုတော်လုပ်ငန်းများသည် အသင်းတော်၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးပါသလား။ ဤအမှုတော်လုပ်ငန်းများက ရင့်ကျင့်သောယုံကြည်သူများကို တိုးပွါးစေပါသလား။ သို့မဟုတ်လျှင် ဤအမှုတော်လုပ်ငန်းသာ၍အကျိုးရှိထိရောက်နိုင်ဖို့ မည်သို့သောအပြောင်းအလဲကို လုပ်ဆောင်ရန်လိုအပ်သနည်း။ ဤအမှုတော်၏မည်သည့်ကဏ္ဍသည် အပြီးသတ်ရန်လိုအပ်သနည်း" စသဖြင့် မေးမြန်းသင့်ပါသည်။ တစ်ချိန်က ဤအမှုတော်လုပ်ငန်းကို မြင့်တင်ထားလိုက်သည်တွင် သင်းအုပ်များနှင့်/သို့မဟုတ် သာသနာပြုများသည် သူသွားရမည့်လားရာနှင့်သူ၏အသင်းတော်ဦးတည်ရာပန်းတိုင်ကိုရောက်ရှိဖို့လိုအပ်သောအရာကို သိကြပေလိမ့်မည်။ ဤအချက်ကို တစ်ကြိမ်သိမှတ်သည်တွင် သူ၏အသင်းတော်ကို ရှေ့သို့ရွေ့လျားနိုင်စေနိုင်ပါသည်။

ရင့်ကျင့်မှုနှင့်ဧဝံဂေလိလုပ်ငန်းသည် ဆက်စပ်မှုရှိသည်။

ခရစ်ယာန်ရင့်ကျင့်မှုနှင့်ဧဝံဂေလိတရားတွင်ရှိသောအောင်မြင်မှုတို့သည် ရင်းရင်းနှီးနှီးဆက်စပ်မှုရှိသည်။ ယင်းမှာ မှန်ကန်သောအချက်ပင်ဖြစ်သည်။ အကြောင်းမှာ ရင့်ကျင့်သောယုံကြည်သူသည် ၎င်း၏ယုံကြည်ခြင်းကိုအခြားသူများအား ဝေမျှဖို့လိုအပ်သည်ကိုသိနားလည်ပြီး ထိုသို့လုပ်ဆောင်လိုသောစိတ်ဆန္ဒလည်း ရှိပါသည်။ သူသည် မတူညီသောဘဝစင်မြင့်ထက်တွင်ရှိသည့် ကွဲပြားခြားနားသောလူတို့ကို ဧဝံဂေလိတရားဝေငှသက်သေခံရာတွင် မှန်မှန်ကန်ကန်နှင့်ထိထိရောက်ရောက် ဝေငှနိုင်ရန် လိုအပ်သည့် သမ္မာကျမ်းစာအသိပညာများကိုလည်း ရရှိပေလိမ့်မည်။ ထိုသို့သောယုံကြည်သူသည် လူတို့နှင့်၎င်းတို့၏လိုအပ်ချက်များသာမက၊ ရှာဖွေသောသူများအတွက်အဖြေကို သမ္မာကျမ်းစာထဲတွင် မည်သည့်အရပ်တွင်တွေ့ရှိနိုင်သည်ကိုလည်း နားလည်သဘောပေါက်ရန် အသိပညာနှင့်ထိုးထွင်းဉာဏ်လည်း ရရှိမည်။ ထိုကြောင့် အသင်းတော်သည် စုရုံးမှုရှိသည့်အချိန်တွင် ၎င်း၏အသင်းဝင်တို့အား ထိထိရောက်ရောက်သင်ကြားပို့ချနိုင်လျှင် ကျဲပြန့်စေသည့်အချိန်တွင် ပျောက်ဆုံးသူများကိုရှာဖွေရရှိနိုင်ရန် ရင့်ကျင့်သောယုံကြည်သူများကို မွေးထုတ်စေလွှတ်နိုင်ပါသည်။ အသင်းတော်အား ရင့်ကျင့်သောအသက်တာထဲသို့စီးဝင်ရောက်ရှိနိုင်ရန် အသင်းတော်ခေါင်း

ဆောင်များ အလုပ်ကိုကြိုးစားအားထုတ်ပြီး လုပ်ဆောင်ရမည့်အကြောင်းတရားပင်ဖြစ်သည်။ သူတို့၏ဦးစားပေးလုပ်ဆောင်ရမည့်လုပ်ငန်းပင်ဖြစ်သ်ည်။

အခန်း ၄

## တရားပလ္လင်၊
## အားလုံးသည် ဤနေရာတွင်အစပြုသည်

ကိုယ်တော်တိုင်ပေါ်ထွန်း၍ နိုင်ငံတော်ထင်ရှားသောကာလ၊ အသက်ရှင်သောသူ၊
သေသောသူတို့ကိုစစ်ကြောစီရင်တော်မူသော သခင်ယေရှုခရစ်ရှေ့မှာ၄င်း၊ ဘုရားသခင်ရှေ့မှာ၄င်း၊
ဘုရားသခင်ရှေ့မှာ၄င်း၊ ငါသည် သင့်ကို သစ္စာပေးသည်ကား၊
နှုတ်ကပါတ်တရားတော်ကိုဟောပြောလော့။ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊
ကြိုးစားအားထုတ်လော့။ အပြစ်ကိုဖော်ပြလော့။ ဆုံးမခြင်းကိုပြုလော့။ အလွန်ရှည်သောစိတ်နှင့်
သြဝါဒအမျိုးမျိုးကိုပေး၍ တိုက်တွန်းသွေးဆောင်လော့။

(၂တိ ၄း ၁- ၂ )

အသင်းတော်ပြင်ဆင်ခြင်းလုပ်ငန်းတွင် တရားပလ္လင်အမှုတော်လုပ်ငန်းသည် အရေးပါသည်။

အသင်းတော်၏တရားပလ္လင်သည် အရေးပါသော နေရာတစ်ခုဖြစ်ပါသည်။ သင်းအုပ်များ၊ သာသနာပြုများနှင့်၊ သို့မဟုတ် အခြားသောသူများက ၄င်း၏နောက်တွင်မတ်တပ်ရပ်ပြီး ဘုရားသခင်၏နှုတ်ကပါတ်တော်ကိုဝေငှသက်သေခံသောအချိန်တွင် အသင်းဝင်များက အပတ်တိုင်း ဘုရား

သခင်၏စကားကိုကြားနာရသောနေရာလည်းဖြစ်ပါသည်။ အသင်းတော်က သိုးထိန်းထံမှ စိတ်နှလုံးထဲတွင်ရှိသောအရာ၊ ရှုပါရုံ၊ အသင်းတော်အတွက် အစီအစဉ်တို့ကိုကြားနာရမည့် အဓိကနေရာလည်းဖြစ်ပါသည်။ သူတို့အား ဘုရားသခင်၏နှုတ်ကပါတ်တော်ကို သွန်သင်ပေးသည်ဖြစ်၍ သူ့အသက်တာကို လေ့လာသုံးသပ်ရာနေရာလည်းဖြစ်ပါသည်။

လူတို့က ထိုအရာထဲက မြင်သောအရာနှင့်ကြားသိရသောအရာသည် အသင်းတော်၏ ဝိသေသလက္ခဏာနှင့် တည်နေခြင်းအဓိပ္ပါယ်ကိုသတ်မှတ်ခြင်းကိုဝေမျှမည်ဖြစ်သောကြောင့် တရားပလ္လင်သည် အရေးပါသောအရာတစ်ခုဖြစ်ပါသည်။ ဤအချက်များ၏အဓိပ္ပါယ်ကိုသတ်မှတ်ရန် အကူအညီပေးသည့် အခြားအချက်အလက်များရှိသော်လည်း(အသင်းတော်၏လုပ်ဆောင်ချက်များ၊ အဖွဲ့အစည်းဖွဲ့နိုင်လျှင်၊ သို့မဟုတ် ပရမ်းပတာဖြစ်နေလျှင်၊ သင်းအုပ်သည် အစေခံတစ်ယောက် သို့မဟုတ် အာဏာရှင်တစ်ယောက်ဖြစ်နေလျှင်၊ အသင်းဝင်များ၏လိုအပ်ချက်များကိုဖြည့်ဆည်းနိုင်ခြင်းရှိမရှိ၊ ဧဝံဂေလိလုပ်ငန်း သို့မဟုတ် စိတ်မပါလက်မပါဖြစ်နေလျှင် ) ဤသည်မှာ လူအများမြင်တွေ့ကြရပြီး အပတ်စဉ်တိုင်း အကျိုးသက်ရောက်မှုရှိမည့်တရားပလ္လင်လုပ်ငန်းပင်ဖြစ်ပါသည်။ ထို့ကြောင့် အသင်းတော်ဝင်များသည် ယေရှုခရစ်တော်နှင့်အခြားသူများကိုချစ်ခြင်းမေတ္တာထားသည့် ချစ်စရာကောင်းပြီးလူကြီးလူကောင်းဆန်သည့်သိုးထိန်း၊ ပျောက်ဆုံးဝိညာဉ်များကိုပြန်လည်ရှာဖွေရန်ဆန္ဒရှိသောသူ၊ ယုံကြည်ခြင်းတရား၌ကြီးထွားသောသူ၊ ရိုးသားဖြောင့်မတ်သောသူ၊ ပွင့်လင်းပြီးကူညီစောင့်ရှောက်သောသူကိုမြင်တွေ့ကြပြီး သူ့စကားကိုနားထောင်ကြလျှင် ထိုအချက်က သူတို့သည် တစ်ပတ်ပြီးတစ်ပတ်၊ တစ်လပြီးတစ်လ၊ တစ်နှစ်ပြီးတစ်နှစ် သက်သေအဖြစ်ရပ်သည်ကြသည်ဖြစ်၍ နားထောင်သောသူတို့၏အသက်တာတွင် ဤအရည်အသွေးများကို ဖြည့်ဆည်းပြီးသွက်သွင်းပေးရန် အကူအညီပေးလိမ့်မည်။ တနည်းအားဖြင့်ဆိုသော်၊ အသင်းဝင်များသည် ကြမ်းတမ်းသော၊ အေးစက်သော၊ အမိန့်ပေးတတ်သော၊ မိမိကိုယ်ကျိုးကိုရှာတတ်သော၊ နုံးအသော၊ အသင်းဝင်များကိုအလေးထားဂရုစိုက်ခြင်းမရှိသော၊ သို့မဟုတ် ဤအချက်များကိုပေါင်းစပ်လျက်ရှိသည့်သင်းအုပ်တစ်ဦးကိုသာတွေ့မြင်ကြလျှင် ထိုသို့သောကိုယ်ကျင့်တရားဆိုင်ရာဝိသေသလက္ခဏာများက ဤသို့သောတစ်ဦးတစ်ယောက်နှင့်ဆိုင်သည့်ပုံစံများဖြင့် အသင်းတော်တစ်ခုပုံသွင်းခြင်းအဖြစ်သို့ ရောက်ရှိစေမည်။ ဤအကြောင်းအရာမှာ သင်းအုပ်များနှင့်သာသနာပြုဆရာများသည် တရားပလ္လင်ပေါ်မှ သူတို့လုပ်ဆောင်သောဖိအားမည်သို့သောအရာဖြစ်သည်ကိုလည်းကောင်း၊ ထိုဖိအားက အသင်းတော်ဝင်များ၊ အသင်းတော် စသည်တို့ကိုပြင်ဆင်ရာတွင် မျက်မှောက်ကာလနှင့်အနာဂတ်ကာလအတွက် မည်သို့သောအကျိုးသက်ရောက်မှုရှိသည်ကိုလည်းကောင်း ဆင်ခြင်စဉ်းစားရန်လိုအပ်သည့် အကြောင်းတရားပင်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ယနေ့တွင် သူတို့လုပ်ဆောင်စုစည်းသောအရာသည် လာမည့်နှစ်ပေါင်း ငါးနှစ်၊ ဆယ်နှစ်၊ အနာဂတ်နှစ်ပေါင်းများစွာတွင်ပင် ၎င်းတို့အသင်းတော်၏လမ်းစဉ်ကို ချမှတ်ထားပေလိမ့်မည်။ လူတို့သည် ကိုယ်ကျင့်တရားကိုဖန်တီးသူများဖြစ်

ကြသောကြောင့် ယနေ့ သူတို့သင်ယူထားသောအရာသည် အနာဂတ်တွင် ခက်ခဲကောင်း ခက်ခဲနိုင်သည်ဟူသောအချက်ကို ဆင်ခြင်ရန်လိုအပ်သည်။ အသင်းတော်သည် သမ္မာကျမ်းစာ စံချိန်စံညွှန်းအတိုင်း မိမိကိုယ်ကို ပြုမူလုပ်ဆောင်နေခြင်းမဟုတ်လျှင် အထူးသဖြင့် မှန်ကန်မှုရှိပေလိမ့်မည်။

## တရားပလ္လင်အမှုတော်လုပ်ငန်းသည် နည်းဗျူဟာမြောက်ရမည်။

ဤအရာအားလုံးသည် တရားပလ္လင်တွင် အစပြုထားသည်ဖြစ်၍ သင်းအုပ်နှင့်သာသနာပြုများက တရားပလ္လင်ထက်တွင်အသုံးပြုထားသောအချိန်ကာလသည် နည်းဗျူဟာမြောက်ရန်လိုအပ်သည်ကို သတိပြုရန် အရေးပါလှသည်။ ဤသို့သောအရာများကြောင့် အစီအစဉ်ရေးဆွဲခြင်းနှင့်ပြင်ဆင်ခြင်းလုပ်ငန်းသည် အရေးပါလှသည်။ သူ၏ဟောပြောချက်များသည် သမ္မာကျမ်းစာအခြေခံကျရပါမည်။ လေ့လာမှတ်သားရမည်။ သူ၏ယူဆချက်သက်သက်ကို တင်ပြ၍မရပါ။ သူသည် တရားနာပရိသတ်များ၏နားကိုယားစေခြင်းသက်သက်မျိုးမဟုတ်ဘဲ အခွင့်အာဏာနှင့်ပြည့်စုံသောဘုရားသခင်၏နှုတ်ကပါတ်တော်ကို မှန်ကန်တိကျစွာဟောပြောရမည်။ ဆိုလိုသည်မှာ တရားပလ္လင်၏နောက်ဘက်သို့ခြေလှမ်းတော်မလှမ်းမီ ကောင်းမွန်သောပြင်ဆင်မှုများသည် အရေးပါလှသည်။ ထို့ကြောင့် ဘုရားသခင်၏နှုတ်ကပါတ်တော်လေ့လာခြင်းနှင့်ဟောကြားမည့်သတင်းစကားကိုပြင်ဆင်ခြင်း၌ရင်နှီးမြှုပ်နှံသောအချိန်ကာလသည် တရားပလ္လင်ပေါ်၌၎င်းအသုံးပြုသောအချိန်၏အကျိုးဆက်အပေါ် သက်ရောက်မှုတစ်ခုရှိလာပေမည်။ ဤအရာက ကိစ္စရပ်အများစုတွင် နားထောင်သောသူများက ဘုရားသခင်ထံအမှန်တကယ်ကြားနာခြင်းရှိမရှိ ကိုလည်းကောင်း၊ သို့မဟုတ် လက်ရှိအသုံးပြုနေသောခေါင်းစဉ်များနှင့်ပါတ်သက်ပြီး သင်းအုပ်၏အတွေးအခေါ်ကို သူတို့ကြားနာခြင်းရှိမရှိကို ဆုံးဖြတ်ပေလိမ့်မည်။ ထို့ကြောင့် အောက်ပါအချက်များမှာ အဓိကအကြောင်းတရားများဖြစ်သည်။ အားထုတ်လျက်လေ့လာသင်ယူမှုရှိသလား။ ထုံးတမ်းဓလေ့ဆိုင်ရာ၊ သမိုင်းဆိုင်ရာ၊ သဒ္ဒါဆိုင်ရာ၊ ပုံမှန်နှင့်ခေတ်ကာလပိုင်းခြားမှုအခြေအနေစသည်တို့ကိုတွင် ၎င်းဟောပြောသောကျမ်းပိုဒ်ကို နားလည်သဘောပေါက်ပါသလား။ သူဟောပြောသောကျမ်းပိုဒ်ကို အသက်တာတွင် ဆွဲချဲ့အသုံးပြုခြင်းသည် ၎င်းကျမ်းပိုဒ်၏သင်ကြားချက်အတိုင်းဖြစ်ပါသလား။ ဤအချက်များမှာ ၎င်း၏အောင်မြင်မှုအတွက် မရှိမဖြစ်လိုအပ်သည့် အရေးပါသောအချက်ပင်ဖြစ်ပါသည်။ (ဤခေါင်းစဉ်နှင့်ပါတ်သက်ပြီး ပိုမိုသိရှိလိုလျှင် နောက်ဆက်တွဲအခန်းရှိ “သမ္မာကျမ်းစာလေ့လာနည်း” ကို လေ့လာပါ။)

ဆက်လက်၍ သူ၏ပြင်ဆင်မှု သို့မဟုတ် ပြင်ဆင်မှုလိုအပ်ခြင်းသည် သူ၏အမှုတော်လုပ်ငန်းနှင့်အသင်းတော်ကို သက်ရောက်စေလိမ့်မည်။ အဘယ့်ကြောင့်နည်း။ အပတ်တိုင်း ကောင်းမွန်သော၊ အခြေခံကျသော၊ ကောင်စွာပြင်ဆင်ထားခြင်းရှိသည့်တရားဒေသနာကိုကြားနာသောအသင်း

တောသည် ကြီးထွားလာပြီး ကျန်းမာရေးနှင့်ညီညွတ်သော၊ ကောင်းသော၊ အရသာရှိရှိပြင်ဆင်ထားသော အစားအစာကိုက ခိုင်မားထွားကြိုင်းစေသကဲ့သို့ဖြစ်ပေလိမ့်မည်။ ပြင်ဆင်ထားခြင်းမရှိသော တရားဒေသနာကိုအပတ်စဉ်တိုင်းကြားနာရသောအသင်းတော်၊ ဘုရားသခင်၏အကြံအစည်ထက် လူ့အကြံအစည်အတိုင်းလုပ်ဆောင်သောအသင်းတော်သည် ချို့တဲ့ဆုတ်ယုတ်လာပေမည်။ ထိုသို့သောအသင်းတော်သည် နောက်ဆုံးတွင် ပိန်လှီးပြီး သေဆုံးလာပေလိမ့်မည်။ အသင်းတော်ခေါင်းဆောင်အများစုသည် တရားပလ္လင်၏အရေးပါသောအချက်ကိုနားလည်သဘောပေါက်ခြင်းမရှိသည်ဖြစ်၍ ဤသို့သောအဖြစ်၌ ကြုံနေကြရသည်။ ဤအရာ၏အရေးကြီးမှုကို နားလည်သဘောပေါက်ကြပါမည်ဆိုလျှင် လိုအပ်သောအချိန်နာရီကိုအသုံးပြုလျက် ဘုရားသခင်ကိုယ်စားတရားဒေသနာဟောရမည့်အခွင့်ထူးအတွက် အပတ်စဉ်တိုင်း အားထုတ်ကြိုးပမ်းပြီး ပြင်ဆင်ကြပါလိမ့်မည်။ သူတို့သည် တနင်္ဂနွေနေ့နံနက်ရောက်ဖို့အချိန်အနည်းငယ်သာကျန်တော့သည့်အခြေအနေ ရက်သတ္တပတ်နောက်ဆုံးချိန် ပြင်ဆင်ချိန်နည်းပါးသည့်တိုင်အောင် စောင့်ဆိုင်းနေကြမည်မဟုတ်ပါ။ သူတို့သည် တရားပလ္လင်ပေါ်တွင်ရပ်နေပြီး ဘုရားသခင်ကိုယ်စား တရားစကားကိုတင်ပြကြသည်တွင် ထိုက်သင့်ကောင်းမွန်သောတရားစကားဖြစ်ဖို့ရန် ရက်သတ္တပတ်တစ်လျှောက်လုံး ဦးစားပေးအလုပ်အဖြစ်သတ်မှတ်၍လုပ်ဆောင်ကြပေလိမ့်မည်။ (မာလခိ ၁း ၆၊ ၈၊ ၁၄ )

တရားပလ္လင်ပေါ်တွင် နည်းဗျူဟာမြောက်ဖို့ရန်အတွက် သင်းအုပ်နှင့်သာသနာပြုများသည် သမ္မာကျမ်းစာထဲတွင် မည်သည့်ကျမ်း၊ မည်သည့်ကျမ်းပိုဒ်၊ မည်သည့်ခေါင်းစဉ်များကို ဘုရားသခင်ကဟောပြောချင်သည်ဟူသောအချက်ကို အမှန်ကန်ဆုံး ဆုံးဖြတ်နိုင်ရန်လည်း လိုအပ်ပါသည်။ ဟောကြားမည့်ကျမ်းတစ်ခုလုံး၊ ကျမ်းပိုဒ် သို့မဟုတ် ခေါင်းစဉ်ကို ကောင်းမွန်စွာတင်ပြဟောပြောနိုင်ရန် လိုအပ်သည့်အချိန်အတိုင်းအတာကိုလည်း မှန်းဆ ဆုံးဖြတ်တတ်ရပေမည်။ (ရက်သတ္တပတ်များ သို့မဟုတ် လများ ) တခါတလေ တိကျသည့်အကြောင်းအရာတစ်ခုနှင့်စပ်လျဉ်းပြီး တရားဟောချက်တစ်ခုဖြစ် လုံလောက်မည်မဟုတ်ပါ။ လူတို့က ဟောကြားသောတရားဒေသနာကို နှံ့နှံ့စပ်စပ်နားလည်းခြင်းနှင့် ၄င်း၏အရေးကြီးမှုကို နားမလည်ခင် တူညီသောခေါင်းစဉ်ဖြင့် တရားဒေသနာအခန်းတွဲများကို ကြားနာလိုကြသည်။ တစ်ပတ်ပြီးတစ်ပတ် သတိပေးနှိုးဆော်ခြင်း၏အကျိုးရလဒ်တစ်ခုအနေဖြင့် လိုအပ်သောအပြောင်းအလဲကိုလုပ်ဆောင်ခြင်းဖြင့် သူတို့သက်တာများ၌ သမ္မာတရားကို လက်တွေ့အသုံးချကြပေလိမ့်မည်။ အမှုတော်အတွက်ပြင်ဆင်ထားရာနေရာဖြစ်သောအသင်းတော်သည် အမှုတော်မြတ်တွင် ဤသို့သောချဉ်းကပ်မှုရှိရပါမည်။ ဤသည်မှာ စဉ်ဆက်မပြတ်လုပ်ဆောင်ခြင်းနှင့်သွန်သင်ခြင်းအားဖြင့် အသင်းဝင်များအား ပြင်ဆင်ထားရမည့်နည်းလမ်းပင်ဖြစ်ပါသည်။

တရားပလ္လင်ထက်မှအခြားအရေးကြီးသည့်နည်းဗျူဟာတစ်ခုမှာ သွန်သင်ပေးထားသောအရာကို လက်တွေ့အသုံးချခြင်းပင်ဖြစ်သည်။ အသင်းတော်ခေါင်းဆောင်မှုနှင့်၄င်း၏အသင်းဝင်များ

က ဘုရားသခင်၏နှုတ်ကပါတ်တော်ကို လက်တွေ့အသုံးချထားနိုင်ခြင်းမရှိလျှင် မျှော်လင့်ထားသောပန်းတိုင်ကို အမှန်တကယ်ရောက်ရှိနိုင်မည်မဟုတ်ပါ။ အဓိပ္ပါယ်မှာ ရှုံးနိမ့်သည်ဟု ဆိုလိုပါသည်။ ယာကုပ်၏သဘောတရားနှင့်တိုက်ဆိုင်မှုရှိလာပေသည်။ ယာကုပ်က "ကိုယ်ကိုယ်ကိုလှည့်ဖြား၍၊ နှုတ်ကပါတ်တရားကိုနာရုံမျှသာပြုသောသူမဟုတ်၊ တရားကိုကျင့်သောသူဖြစ်ကြလော့" (ယာကုပ် ၁း ၂၂ ) ဟု ဆိုထားသည်။ လူတို့သည် ဘုရားသခင်၏နှုတ်ကပါတ်တော်ကိုကြားရုံသာကြားပြီး ဒါဟာလုံလောက်တဲ့အတိုင်းအတာပါဟု ထင်မြင်ယူဆမိကြသောအခါ သူတို့သည် လှည့်စားခြင်းကိုခံနေကြရပါသည်။ ဒါ လုံးလောက်မှုမရှိသေးပါဘူး။ သို့ဖြစ်၍ ဘုရားသခင်၏နှုတ်ကပါတ်တော်ကိုသွန်သင်သည့် ဆရာသည် ကြားနာရသောအရာကိုလက်တွေ့အသုံးချနိုင်ရန် ကြားနာသူများကို အကူအညီပေးရပါမည်။ ထိုအချက်သည် ၎င်းထားရှိသောအဓိကပန်းတိုင်မဟုတ်ခဲ့လျှင် သူ၏လုပ်ငန်းတာဝန်များသည် ချော့မွေ့စွာပြီးမြောက်ပြည့်စုံလာမည်မဟုတ်ဘဲ အကျိုးမရှိဘဲ အဆုံးသတ်သွားရပါလိမ့်မည်။ သို့ဖြစ်၍ သွန်သင်ပေးသောဆရာသည် မည်သို့လက်တွေ့အသုံးချရမည်ဟုသောအချက်ကိုလည်း သွန်သင်ပေးရန်အရေးပါသောအကြောင်းရင်းဖြစ်လာပါသည်။ သူတို့၏တရားကိုကြားနာသောပရိသတ်များသည် ၎င်းတို့အသက်တာများတွင် လက်တွေ့အသုံးချနိုင်သောနည်းလမ်းများကို နားလည်သဘောပေါက်ဖို့လိုအပ်ပါသည်။ သင်းအုပ်များ၊ သာသနာပြုများ၊ နှင့်အသင်းတော်၏အခြားခေါင်းဆောင်များသည် သူတို့သွန်သင်ဟောကြားထားသည့်အတိုင်း အသက်ရှင်ရန်ဟူသောအရာကိုပြောဆိုခြင်းမရှိဘဲ ၎င်းက လုပ်ဆောင်ထားသည်။ သူတို့သည် လုပ်ဆောင်ရာတွင် အပြုသဘောကိုဆောင်သည့်အခန်းကဏ္ဍတွင် ပါဝင်ကြရန်ဖြစ်သည်။ လူတို့သည် ၎င်းတို့တွေ့မြင်ကြသောအရာကို အတုခိုးရန် စိတ်တိမ်းညွတ်ကြသောကြောင့် ဘုရားသခင်၏နှုတ်ကပါတ်တော်ကို ၎င်းတို့၏အသက်တာများတွက်လက်တွေ့အသုံးချနိုင်ရန် အသင်းတော်ဝင်များက အလိုရှိလျှင် ၎င်းသည် အရေးကြီးသောအချက်ဖြစ်ပါသည်။ သူတို့အား စံနမူနာကောင်းများကိုပေးထားခြင်းက ဘုရားသခင်၏နှုတ်ကပါတ်တော်ကိုလိုက်လျှောက်ဖို့ခွန်အားပေးမည်ဖြစ်၍ သူတို့အသက်တာတွင် အဘယ်မျှလောက်လောက်ကောင်းသည်ကိုသိရှိအသုံးချရန် အကူအညီပေးတော်မူမည်။ အသင်းတော်ခေါင်းဆောင်များသည် တမန်တော်ရှင်ပေါလုကဲ့သို့ပင် စံပြကောင်းများဖြစ်ရန် လိုပါသည်။ သူက "ညီအစ်ကိုတို့၊ ငါကျင့်သည်နည်းတူ သင်တို့သည် တညီတညွတ်တည်းကျင့်ကြလော့။ ငါတို့ပေးသောပုံသက်သေနှင့်အညီကျင့်သောသူတို့ကိုလည်း ရှုမှတ်ကြလော့" ဟု ဆိုသည်။ ( ဖိ ၃း ၁၇၊ ၁ကော ၁၁း ၁ ) သွန်သင်ခြင်းလုပ်ငန်းတစ်စုံတစ်ခု၏ပန်းတိုင်နှင့်အကျိုးရလဒ်သည် သွန်သင်ပေးသောသူနှင့်သင်ကြားခြင်းကိုခံယူသောသူနှစ်ဦးစလုံး၏ဘဝအသက်တာများကို ပြောင်းလဲစေသင့်ပါသည်။ ရှင်ယာကုပ်က ယာကုပ် ၁း ၂၆ တွင် "သင်တို့တွင်အကြင်သူသည် သီလဆောက်တည်ဟန်ပြုသော်လည်း၊ မိမိနှုတ်ကိုမချုပ်တည်း၊ မိမိနှလုံးကိုလှည့်ဖြား၏။ ထိုသူ၏သီလသည် အချည်းနှီးသက်သက်ဖြစ်၏" ဟုဆိုသည်။

## တရားပလ္လင်သာသနာလုပ်ငန်းက အဆင့်အတန်းကိုတည်ဆောင်သည်။

သင်းအုပ်နှင့်သာသနာပြုတို့၏တရားပလ္လင်သာသနာလုပ်ငန်းနှင့်ပါတ်သက်သည် အခြားကြီးမားသည့်ရှုထောင့်တစ်ခုမှာ အသင်းတော်၌ရှိသောလူများ၊ ဆရာများနှင့်တရားဟောဆရာတို့၏ အဆင့်အတန်းကိုတည်ဆောက်ပေးထားခြင်းဖြစ်သည်။ သူတို့သည် ဘုရားသခင်က သူတို့ကိုတို့ထိစကားပြောသော ပြင်ဆင်ဟောထားသည့်တရားကိုကြားရကြသောအခါ သူတို့သည် ၎င်းတို့၏ကိုယ်ပိုင်တရားဟောကြားခြင်းနှင့်သွန်သင်ခြင်းလုပ်ငန်းတွင် ဤအဆင့်အတန်းကိုဆက်လက်ထိန်းသိမ်းလိုစိတ်ရှိကြပေမည်။ သို့ရာတွင် ဘုရားသခင်၏နှုတ်ကပါတ်တော်ဟောကြားခြင်းသည် အရေးကြီးသောအချက်ဖြစ်ကြောင်းသိမှတ်ခြင်းမရှိလျှင် တရားဒေသနာက ဤအချက်ကိုထိခိုက်စေသဖြင့် ဤသည်မှာ သူတို့ကဖြစ်လိုသောစိတ်ဖြင့်ကြိုးစားလုပ်ဆောင်ခဲ့ကြသော အဆင့်အတန်းဖြစ်လာပါလိမ့်မည်။ အသင်းတော်ဝင်များကလည်း ၎င်းတို့အသင်းတော်ခေါင်းဆောင်များအတွက် အဘယ်အရာသည်အရေးကြီးသောအရာဖြစ်ပြီး အဘယ်အရာသည် အချည်းနှီးဖြစ်သည်ကို သိမြင်ကြပေမည်။ အရေးပါသောခေါင်းဆောင်များဖြစ်ကြသောကြောင့် သင်းအုပ်/သာသနာပြုတို့သည် ဘုရားသခင်နှင့်သားတော်ကိုချီးမြှောက်ရန်၊ ပလ္လင်၏အတွင်းအပြင်ပိုင်းတွင် နှုတ်ကပါတ်တော်ကို ချီးမြှောက်ရန်လိုအပ်သည့်အကြောင်းတရားလည်းဖြစ်ပါသည်။ တရားပလ္လင်တွင်ဖြစ်ပျက်လျက်ရှိသောကြိုးစားအားထုတ်မှုများသည် အကျိုးသက်ရောက်မှုအဖြစ် ထာဝရအသက်ကိုဖြစ်စေသည်ကို သတိရရန် လိုအပ်ပေသည်။

## တရားပလ္လင်အမှုတော်လုပ်ငန်းကို အကာအကွယ်ပေးရမည်။

တရားပလ္လင်သည် ၎င်းကိုယ်စားပြုသောအရာကြောင့် ထိုကဲ့သို့အရေးပါသည့်နေရာဖြစ်သဖြင့် အကာအကွယ်ပေးထားရပါမည်။ သင်းအုပ်နှင့်သာသနာပြုများသည် ထိုတရားပလ္လင်ပေါ်တွင်တက်ပြီး တရားဟောရန် အဘယ်သို့သောသူကို ခွင့်ပြုထားသည်ကို အလေးအနက်ထားရမည်။ ထိုတရားပလ္လင်မှသွန်သင်ထားသောအရာများကိုလည်း အလေးထားရမည်။ ရိုသေလေးစားမှုကိုဖြစ်ပေါ်စေသည့်နေရာဖြစ်ရန် လိုအပ်ပါသည်။ လူတို့က တရားပလ္လင်ကို ၎င်းတို့၏ခေါင်းဆောင်မှုအပေါ်ထားရှိသောလေးစားမှုကိုပေးသည့်နေရာဖြစ်သည်။ သူတို့က တရားပလ္လင် နည်းဗျူဟာမြောက်သောနေရာဖြစ်သည်ကိုလည်းကောင်း၊ ထိုတရားပလ္လင်မှထွက်လာသောအရာသည် လူတို့ကိုပြုပြင်သော၊ ဘုန်းထင်ရှားစေသော၊ ကောင်းမွန်သင့်လျော်ပြီးသမ္မာသမတ်ကျသော သမ္မာတရားဖြစ်သည်ကိုလည်းကောင်း သေချာနားလည်ရပါမည်။ အသင်းတော်ပေါင်းများစွာတွင် တရားပလ္လသည် ပုံဝတ္ထုများပြောရာနေရာ၊ တစ်စုံတစ်ဦး၏အယူအဆ၊အတွေးအခေါ်များကိုဝေမျှရာနေရာ၊ သို့မဟုတ်

လူတို့၏နားကိုယားစေသောနေရာသာဖြစ်လျက်နေသည်။ ဤသည်မှာ ဘုရားလူက "သည်းခံခြင်းနှင့်သွန်သင်ခြင်းအားဖြင့် ပြုပြင်၊ ဆုံးမ၊ တိုက်တွန်းခွန်းအားပေးရန်" "အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ" ဘုရားသခင်၏ "နှုတ်ကပါတ်တော်ကို ဟောပြောရန်" နေရာပင်ဖြစ်သည်။ ( ၂တိ ၄း ၂ ) ဘုရားသခင်၏လူဖြစ်ကြသော ယောကျ်ား နှင့်မိန်းမတို့သည် ဤအမှုတော်လုပ်ငန်းအာဖြင့် "ကောင်းသောအမှုအတွက်" ပြင်ဆင်ခြင်းကိုခံရကြလိမ့်မည်။ ( ၂တိ ၃း ၁၇ ) လူတစ်ဦးက ၎င်း၏အသင်းတော်ကို ဧဝံဂေလိလုပ်ငန်းအတွက် ရွေ့ပြောင်းရန်မျှော်လင့်တောင့်တသောအခါ လိုအပ်သောအရာပင်ဖြစ်သည်။

အခန်း ၅။

# သမ္မာကျမ်းစာလေ့လာခြင်း ၊ နှုတ်ကပါတ်တော်ကိုနက်နဲစွာလေ့လာခြင်း။

"လူပျိုသည် မိမိသွားသောလမ်းကို အဘယ်သို့သန့်ရှင်းစေနိုင်မည်နည်းဟူမူကား၊
နှုတ်ကပါတ်တော်အတိုင်းသတိပြုရမည်။ အကျွန်ုပ်သည် ကိုယ်တော်ကို
စိတ်နှလုံးအကြွင်းမဲ့ရှာပါ၏။ ပညတ်တော်လမ်းမှလွဲစေတော်မမူပါနှင့်။ ကိုယ်တော်ကို
မပြစ်မှားဘဲနေနိုင်မည်အကြောင်း၊ ပညတ်တော်ကိုနှလုံးထဲမှာ သိုထားပါပြီ။ အိုထာဝရဘုရား၊
ကိုယ်တော်သည် မင်္ဂလာရှိတော်မူ၏။ အထုံးအဖွဲ့တော်တို့ကို အကျွန်ုပ်၌ သွန်သင်တော်မူပါ။"
(ဆာလံ ၁၁၉း ၉- ၁၂ )

"သင်မူကား၊ ဝန်ခံတော်မူသောသူ၊ ရှက်ကြောက်စရာအကြောင်းမရှိဘဲ၊ သမ္မာတရားကို မှန်ကန်စွာ
ပိုင်းခြားတတ်သောဆရာသမားဖြစ်လျက်၊ ဘုရားသခင်ရှေ့၌ ကိုယ်ကိုဆက်သခြင်းငှါ
ကြိုးစားအားထုတ်လော့။"
(၂တိ ၂း ၁၅ )

## သမ္မာကျမ်းစာလေ့လာခြင်း၏အရေးပါမှု

သင်းအုပ်နှင့်သာသနာပြုက ၄င်းတို့၏အသင်းတော်သည် ပျောက်ဆုံးသောသူများအားပြန်လည်သိမ်းဆည်းရန်ကမ္ဘာကြီးထဲသို့သွားရောက်မည့်အသင်းသူအသင်းသားများကိုပြင်ဆင်သည့်နေရာဖြစ်စေရန်လိုအပ်သည်ကိုလည်းကောင်း၊ သမ္မာကျမ်းစာလေ့လာခြင်း၏အရေးပါမှုကိုနားလည်ရန်လိုအပ်သည်ကိုလည်းကောင်း နားလည်ထားရပါမည်။ နောက်ဆုံးအခန်းက အတိအလင်းညွှန်ပြထားသည်အတိုင်း အသင်းတော်၌ရှိသောသွန်သင်ခြင်းအမှုတော်လုပ်ငန်းသည် တရားပလ္လင်တွင်ပင်ဖြစ်သည်။ ဤသည်မှာ များစွာသောလူတို့ကိုထိတွေ့ခွင့်ရသည့် အသင်းတော်၌ရှိသောမုတ်သားဖွယ်သွန်သင်ခြင်းအမှုတော်လုပ်ငန်းပင်ဖြစ်သည်။ သို့သော် တရားပလ္လင်၏လုပ်ငန်းဟူသည် ယေဘုယျအားဖြင့် အသင်းဝင်များအား ၄င်းတို့၏ယုံကြည်ခြင်းကိုသာ၍နက်ရှိုင်းစေသည့် သွန်သင်ခြင်းလုပ်ငန်းမဟုတ်ပါဘူး။ ဤအချက်မှာ မှန်ကန်သောအချက်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် တရားပလ္လင်လုပ်ငန်းသည် အသင်းသူအသင်းသားများနားလည်နိုင်သောအဆင့်တွင်ရှိရမည်။ ဖျမ်းမျှအသင်း

သားများအပေါ်အကျိုးသက်ရောက်မှုရှိရပေမည်။ သွန်သင်မှုသည် အလွန်နက်ရှိုင်းမှုရှိလာလျှင် သွန်သင်ပေးထားသောအရာကိုနားမလည်သောကြောင့် အသင်းသားများ၏အလေးအနက်ထားမှုကို ဆုံးရှုံးရလာပေမည်။ ထိုအကျိုးမှာ နားမထောင်ကြတော့ပါ၊ သို့မဟုတ် နောက်ဆုံးတွင် ဘုရားကျောင်းတက်ခြင်းကိုပင် ရပ်တန့်သွားပေလိမ့်မည်။ ဟောကြားသောတရားသည် အပြင်ပန်းသဏ္ဌာန်တွင်ပုံမှန်သာဖြစ်ပြီး လေးနက်သည့်အဆင့်တွင်မရှိသောအသင်းတော်များတွင် ဤသို့သောအချက်တွင် ပြဿနာမဟုတ်ပါ။ သို့သော် ဤသို့သောအခြေအနေမှာ ရင့်ကျင့်မှုရှိသောယုံကြည်သူများပင်ကြားနာရသည်ကို ရပ်တန့်နိုင်သည်၊ သို့မဟုတ် ၄င်းတို့၏ယုံကြည်ခြင်းကို ပို၍စိန်ခေါ်မှုပေးနိုင်သောတရားဒေသနာရှိရာအခြားအသင်းတော်ကို လိုက်၍ရှာနိုင်ကြသောကြောင့် ပြဿနာပင်ဖြစ်ပါသည်။

အသင်းတော်များသည် ၄င်းတို့၏အသင်းဝင်များအား ဘုရားသခင်၏နှုတ်ကပါတ်တော်နှင့် ၄င်းတို့၏ယုံကြည်ခြင်းတရားတွင် သာ၍နက်ရှိုင်းသောအဆင့်သို့ခေါ်ဆောင်နိုင်ရန်အတွက် သူတို့သည် အမှုတော်လုပ်ငန်းတွင်ပါဝင်သောသူများအား သမ္မာကျမ်းစာကိုနက်ရှိုင်းစွာသွန်သင်ပေးသောနေရာတွင် ပြုစုပျိုးထောင်နိုင်ရန်မှာ အရေးကြီးလှသည်။ ကျောင်းသူကျောင်းသားများသည် ဤနက်ရှိုင်းသောအဆင့်တွင် သမ္မာကျမ်းစာကိုလေ့လာနည်းလေ့လာဟန်နှင့်၄င်းကို အသက်တာတွင် လက်တွေ့အသုံးပြုသည့်နည်းလမ်းများကို သင်ယူလေ့လာသင့်ပါသည်။ သမ္မာကျမ်းစာထဲကမေးခွန်းများအကြောင်း မေးမြန်းပုံမြေးမြန်းနည်း၊ နှင့် ထိုမေးခွန်းများ၏အဖြေကိုသမ္မာကျမ်းစာထဲတွင်ရှာဖွေပုံရှာဖွေနည်းများကိုလည်း သင်ယူသင့်ပါသည်။ ဆက်လက်၍ သမ္မာကျမ်းစာကို အခြေခံနည်းလမ်းကျကျဖြင့် မည်သို့လေ့လာရမည်ကိုလည်း သင်ယူရပေမည်။ ထိုသို့သောသင်ယူလေ့လာမှုများက သူတို့အား ၄င်းတို့၏ဝိညာဉ်ရေးရာတွင်ဖြည့်ဆည်းရန်လိုအပ်သောကျွမ်းကျင်မှုများကို သမ္မာကျမ်းစာဖြင့် ပေးစွမ်းပါလိမ့်မည်။ ဤအချက်က ၄င်းတို့အား သွားရန်လမ်းကို ဘုရားသခင်ကိုမပြစ်မှားဘဲ သန့်ရှင်းဖြူစင်စွာစောင့်ထိန်းနိုင်မည်အကြောင်း သင်ယူလေ့လာသင့်ပါသည်။ သမ္မာကျမ်းစာဆိုင်ရာနားလည်ခြင်း၏ဤနက်နဲသောအဆင့်က အသင်းတော်၌ရှိသောအစေခံကောင်းများဖြစ်လာရန် သူတို့ကိုပြင်ဆင်တော်မူလိမ့်မည်။ သူတို့သည် ဘုရားသခင်၏အသက်ရှင်တော်မူသောနှုတ်ကပါတ်တော်နားလည်သဘောပေါက်ခြင်းတွင်ကြီးထွားရင်ကျင့်လာကြသည်ဖြစ်၍ မိသားစု၊ မိတ်ဆွေများ၊ ရင်းနှီးသောအပေါင်းအသင်းများတည်းဟူသော အခြားသူများ၏အသက်တာတွင် ကြီးမားသောအကျိုးသက်ရောက်မှုကိုဆောင်ကြဉ်းလာကြပေမည်။ ဤအချက်က သူတို့အား ၄င်းတို့၏ဘုရားသခင့်နှုတ်ကပါတ်တော်သိနားလည်ခြင်းတွင် ယုံကြည်စိတ်ချမှုဖြစ်လာရန် အကူအညီပေးသင့်ပါသည်။ သို့ဖြစ်၍ ၄င်းတို့၏ယုံကြည်ချက်နှင့်ပါတ်သက်ပြီး မယုံကြည်သူများအားဝေမျှရာတွင် ကြောက်လန့်မှုများလျော့နည်းပေလိမ့်မည်။ ယင်းအချက်မှာ ဘုရားသခင်၏နှုတ်ကပါတ်တော်သည် အသင်း

တော်ကို ပြောင်းရွှေ့တည်ဆောက်ခြင်းနှင့် ဝိညာဉ်ရေးရာကြီးထွားမှုတွင် မရှိမဖြစ်လိုအပ်သောအရာ ဖြစ်လာပေမည်။

## သမ္မာကျမ်းစာလေ့လာခြင်းက လူတို့အား ယုံကြည်ခြင်းတွင် ကြီးထွားရန်ကူညီပေးသည်။

သုတ္တံကျမ်း ၈ က ဉာဏ်ပညာ၏တန်ဖိုးကို တင်ပြထားသည်။ နားမလည်သောသူကို နုံအသောသူ ဟူ၍လည်းကောင်း၊ နားထောင်သောသူတို့ကို မင်္ဂလာရှိသောသူဟူ၍လည်းကောင်း ဆိုသည်။ ဉာဏ်ပညာ၏တန်ဖိုးသည် လောကတွင်ရှိသောစည်းစိမ်ထက်သာ၍ကြီးမားသောအဖိုးဖြစ်သည်ကိုတွေ့သောအခါ ယောဘ ၂၈ က ဉာဏ်ပညာတွေ့ရှိဖို့ခက်ခဲသည့်အကြောင်းကိုပြောဆိုသည်။ ဤအခန်းကြီးနှစ်ခုစလုံးက ဉာဏ်ပညာသည် တွေ့ရှိရန် ခေါ်ထုတ်ထားကြောင်း၊ ထိုအရာကို ရှာဖွေတွေ့ရှိရန်မှာ အလွန်ပင်ခက်ခဲကြမ်းတမ်းသော်လည်း ရှာဖွေတွေ့ရှိသူများအသက်တာတွင် များစွာသောအကျိုးနှင့်တန်ဖိုးကိုပေးစွမ်းတော်မူကြောင်း နိဂုံးချုပ်ပြောဆိုကြပါသည်။ သမ္မာကျမ်းစာ ဟူသည်မှာ လူသားတို့အတွက် ဘုရားသခင်၏ဉာဏ်ပညာ၏အရင်းအမြစ်ဖြစ်သည်ဟုဆိုရာတွင် ၎င်းသည် သမ္မာကျမ်းစာလေ့လာခြင်းအားဖြင့်သာဖြစ်တော်မူကြောင်းကို ဉာဏ်ပညာရှာဖွေသောသူများက တွေ့ရှိပြီး ပညာကို ရကြပါလိမ့်မည်။ သတ္တုတွင်းသမားများသည် လောကကြီးထဲကရတနာတိုက်ကိုတွေ့ရှိရန် လောကကြီးကိုတူးဖော်ကြသကဲ့သို့ ယုံကြည်သူများသည် ဘုရားသခင်၏ကြွယ်ဝသောရတနာတိုက်ကိုရှာဖွေတွေ့ရှိနိုင်ရန် ဘုရားသခင်၏နှုတ်ကပါတ်တော်ကို တူးဖော်ဖို့သင်ယူလေ့လာရန်လိုအပ်ပါသည်။ ဤသို့သောလုပ်ဆောင်မှုသည် ခက်ခဲပြီးအချိန်ကာလကိုရင်းနှီးမြှုပ်နှံရသော်လည်း သတ္တုတွင်းသမားက ရွှေကိုတူးဖော်သကဲ့သို့ ရင်းနှီးမြှုပ်နှံခြင်းသည် ပေးရနိုင်ပါသည်။ သို့ဖြစ်၍ သင်းအုပ်နှင့်သာသနာပြုတို့သည် ၎င်းတို့၏အသင်းဝင်များအား သမ္မာကျမ်းစာလေ့လာခြင်းတွင် ပါဝင်စေရမည့်အကြောင်းတရားပင်ဖြစ်သည်။ သို့ဖြင့် ၎င်းတို့အသက်တာအတွက်အကျိုးဖြစ်စေမည့် သမ္မာကျမ်းစာကို မည်သို့လေ့လာရမည်အကြောင်း သင်ကြားပေးရမည်။ တရုတ်စကားပုံလေးက ဤသို့ဖြစ်သည်။ “သင်သည် လူတစ်ဦးအား ငါးတစ်ကောင်းကိုပေးလျှင် တစ်ရက်သာကျွေးမွေးမည်။ ငါးဖမ်းနည်းကိုသင်ပေးလျှင် တစ်ဘဝအသက်တာအတွက်ဖြစ်ပေမည်။” စကားပုံလေးကို ပြန်လည်တင်ပြပါရစေ။ “လူတစ်ယောက်ထံတရားဒေသနာဟောကြားလျှင် တစ်ရက်သာကျွေးမွေးခြင်းဖြစ်ပေမည်၊ သမ္မာကျမ်းစာလေ့လာနည်းကိုသင်ပေးလျှင် ဘဝတစ်လျှောက်လုံးအတွက်ဖြစ်ပေမည်။”

သမ္မာကျမ်းစာဖတ်ရှုခြင်းနှင့်လေ့လာခြင်းတို့၏ခြားနားချက်ကို လေပြင်မှမိမိဆင်းသက်မည့် မြေပြင်ကိုလေ့လာနေသောပျံသန်းနေသည့် လေယာဉ်မောင်းနင်သောသူနှင့် ဆင်းသက်ပြီးရပ်တန့်မည့်နေရာကိုကြည့်ရှုလေ့လာနေသောလေယာဉ်ကိုမောင်းနင်သော လေယာဉ်မှူးတို့၏ခြားနားချက်

နှင့်နှိုင်းယှဉ်နိုင်ပါသည်။ လူတစ်ယောက်က သမ္မာကျမ်းစာကိုဖတ်ရှုလေ့လာသောအခါ ၄င်းသည်
လေပြင်တွင်ပျံသန်းနေပြီး အဝေးမှလေ့လာကြည့်ရှုနေသော ပျံသန်းနေသည့်လေယာဉ်နှင့်တူသည်။
သို့ရာတွင် မိမိလေယာဉ်သည်မြေပြင်တွင်ဆင်းသက်ပြီး ပြတင်းပေါက်မှလမ်းလျှောက်ကာမြေအနေ
အထားကိုကြည့်နေသည့်လေယာဉ်မှူးအတွက်မူ အနည်းကပ်လေ့လာကြည့်ရှုနိုင်သည့်အချိန်ကို လုပ်
ဆောင်နိုင်ပါသည်။ သူသည် ဤရှုထောင့်မှနေ၍ နောက်ဘက်နှင့်ဦးတည်ချက်နှင့်အညီ ကြည့်ရှုသုံး
သပ်နိုင်ပါသည်။ သူသည် အတန်ကြာရပ်တန့်ပြီး သူကြည့်ရှုနေသောအရာကို စဉ်းစားဆင်ခြင်နိုင်
သည်။ သူသည် ရပ်တန့်ပြီး အထက်မှနေ၍ရှိသမျှကို လေ့လာကြည့်ရှုနိုင်သည်။ သူသည် လေ့လာ
ကြည့်ရှုသောအရာတို့နှင့်ပါတ်သက်ပြီး မြေပေါ်တွင်ရှိသောသူတို့အား မေးမြန်းနိုင်ပါသည်။ ဤကဲ့သို့
သောနက်နဲစွာစမ်းသပ်စစ်ဆေးသည့်အရာတစ်ခုနှင့်စပ်လျဉ်း၍ အံ့ဘွယ်ကောင်းသောအချက်မှာ
လေယာဉ်မှူးသည် ၄င်း၏စူးစမ်းလေ့လာချက်တွင်ရှိသည့် လေဟာပြင်မှ သူမမြင်နိုင်သောအရာများ
ကို လေ့လာပေမည်။ ရည်ရွယ်ချက်ရှိရှိဖြင့် သမ္မာကျမ်းစာကိုလေ့လာသောသူသည် လေ့လာချက်ကို
ပြုလုပ်ရန် အချိန်ယူရမည်။ အဖြေကိုရှာတွေ့ပြီး သူတွေ့ရှိသောအဖြေကို သမ္မာကျမ်းစာထဲရှိအခြား
စာအုပ်များနှင့်ကိုက်ညီမှုရှိမရှိကိုနှိုင်းယှဉ်ပြီး အသက်တာတွင် လက်တွေ့အသုံးချပါသည်။ များစွာ
သောအမှုများ၌ ထိုသို့လုပ်ဆောင်ခြင်းသည် ဆိုလိုရင်းသဘောတရားအတိုင်းသမ္မာကျမ်းစာကို အ
မှန်တကယ်နားလည်သဘောပေါက်လာသောအခါ နေ့နှင့်ည၏ခြားနားချက်များပင်ဖြစ်ပါသည်။ ထို့
ကြောင့် သမ္မာကျမ်းစာပိုဒ်ကိုလေ့လာသောသူနှင့် ဖတ်ရုံသာဖတ်သောသူပင်ဖြစ်ပါသည်။ သမ္မာ
ကျမ်းစာကိုနေ့စဉ်ပုံမှန်ဖတ်ရှုခြင်းသည် အလွန်ကောင်းမွန်သောအရာဖြစ်သော်လည်း မိမိအတွက်
သမ္မာကျမ်းစာကို အချိန်ပေးလေ့လာခြင်းသည် ပို၍အကျိုးသက်ရောက်မှုရှိပါသည်။ (ဤအကြောင်း
နှင့်ပါတ်သက်၍ ပိုမိုသိရှိလိုလျှင် နောက်ဆက်တွဲအခန်းတွင်ပါဝင်သော "သမ္မာကျမ်းစာလေ့လာ
နည်း" ကို ကြည့်ရှုပါ။)

## သင်၏စီမံကိန်းတွင် မည်သည့်ကျမ်းစာအပိုင်းများပါဝင်သနည်း။

အခန်းကြီး ၃ တွင် ဖော်ပြထားသည်အတိုင်း သင်းအုပ်နှင့်သာသနာပြုသည် ၄င်းတို့၏အ
သင်းတော်အတွက် စီမံကိန်းတစ်ခုကို ပြင်ဆင်ရန် လိုအပ်ပါသည်။ သူတို့သည် အသင်းတော်ရှိရာ
နေရာမှ ဝိညာဉ်ပိုင်းဆိုင်ရာတွင်မြင့်တင်ကြရန်လိုအပ်သည်။ သူတို့သည် ဤဖြစ်စဉ်အားဖြင့် အလုပ်
လုပ်ဆောင်ကြလျှင် အသင်းဝင်များအား အဘယ်သို့သောခေါင်းစဉ်ကိုသွန်သင်ရန်လိုအပ်သည်၊
လေ့လာသင်ယူမှုတစ်ခုစီတိုင်းအတွက် အကောင်းဆုံးသောနေရာကိုလည်း ဆုံးဖြတ်နိုင်ရန် အကူအ
ညီပေးလိမ့်မည်။ ဥပမာအားဖြင့် အသင်းတော်သည် ယုံကြည်ခြင်းကိုဝေမျှခြင်းနှင့်စပ်လျဉ်း၍သော်
လည်းကောင်း၊ မိသားစုအကြောင်းအရာနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ အမှုတော်မြတ်၌မိန်းမ

၏အခန်းကဏ္ဍ၊ မှားယွင်းသောအယူဝါဒများ၊ ငွေကြေးကိုင်တွယ်မှု၊ သန့်ရှင်းစွာအသက်ရှင်မည့်နည်းလမ်း၊ သမ္မာကျမ်းစာကိုအလွတ်ကျက်မှတ်နည်းစသည်တို့နှင့်စပ်သောအကြောင်းအရာများအတွက်လည်းကောင်း သမ္မာကျမ်းစာလေ့လာမှုကိုပြုရန်လိုအပ်ပါသလား။ အသင်းတော်၏လူငယ်များနှင့်ပါတ်သက်ပြီး အဘယ်သို့နည်း။ သူတို့သည် အဘယ်အရာကို ပိုမိုနားလည်ရန်လိုအပ်ပါသနည်း။ သူတို့က အစေခံ၏အခိပ္ပါယ်၊ ယုံကြည်ခြင်းကိုဝေမျှနည်း၊ သန့်ရှင်းစွာအသက်ရှင်ခြင်း၏အဓိပ္ပါယ်၊ ဆန့်ကျင်ဘက်လိင်အားပေါင်းသင်းဆက်ဆံနည်း၊ ဘုရားသခင်၏အကြံအစည်နှင့်အညီလိင်မှုရေးရာကိုအသုံးချနည်း၊ လိင်တူဆက်ဆံခြင်း၊ ကိုယ်ဝန်ဖျက်ချခြင်း၊ သေရည်သေရက်နှင့်စပ်လျဉ်း၍ သမ္မာကျမ်းစာ၏သွန်သင်ချက် စသည့်ခေါင်းစဉ်များကို လေ့လာသင်ယူရန် လိုအပ်ကောင်းလိုအပ်ပေမည်။ ဤလေ့လာချက်များက လောကကြီးထဲတွင် သူတို့ကြုံတွေ့နေရသောအကြောင်းအရာများကို ပိုမိုသဘောပေါက်နားလည်စေရန် အကူအညီပေးလိမ့်မည်။ အသင်းတော်ရှိကလေးသူငယ်များနှင့်ပါတ်သက်ပြီး မည်သို့လုပ်ဆောင်ကြပါသနည်း။ သင်ယူလေ့လာခြင်းအားဖြင့် သူတို့အဖို့အကျိုးရှိသောအရာကား အဘယ်အရာဖြစ်သနည်း။ ခရစ်ယာန်ဖြစ်လာသည့်နည်းလမ်း၊ ဘုရားသခင်က မိဘများကိုနာခံစေလိုသည့်အကြောင်းတရား၊ မိတ်ဆွေသူငယ်ချင်းများနှင့်ပေါင်းသင်းဆက်ဆံနည်း၊ မေတ္တာ၏သဘောတရား၊ ဒုက္ခပြဿနာများဖြေရှင်းနည်း၊ သို့မဟုတ် အရေးပါသည့်သမ္မာကျမ်းစာပုံဝတ္ထုများ စသဖြင့်တို့ဖြစ်နိုင်ပါသည်။ အမှုတော်အတွက်ပြင်ဆင်ခြင်းလုပ်ငန်းဖြစ်သည့် အသင်းတော်က အသင်းတော်ရှိလူတို့သည် ပိုမိုရင့်ကျက်ပြီး ခရစ်တော်နှင့်သာ၍သဏ္ဌာန်တူညီသောအဆင့်သို့ရောက်နိုင်ပါမည်အကြောင်း အပတ်စဉ်တိုင်း အကူအညီပေးနိုင်ရန် ရရှိထားသောအချိန်ကို အမြော်အမြင်ကြီးစွာအသုံးချပေလိမ့်မည်။ သူသည် ဤလုပ်ငန်းကိုလုပ်ဆောင်နိုင်ရန် ထိရောက်သောနည်းလမ်းကို အမြဲရှာဖွေရန်လိုအပ်သည်ကို ဆင်ခြင်သတိပြုရမည်။ အသင်းတော်တွင်ရှိသောလူတစ်ဦးချင်းစီအတွက် သမ္မာကျမ်းစာလေ့လာခြင်းအစီအစဉ်ကိုလုပ်ဆောင်ခြင်းသည် ၎င်းတို့ထားရှိသောစီမံကိန်း၏အစိတ်အပိုင်းဖြစ်သည်ကို နားလည်ဖို့လိုအပ်သည်။ အကြောင်းမှာ အသင်းတော်တွင်ရှိသောလူတို့သည် ဉာဏ်အမြော်အမြင်၌သော်လည်းကောင်း၊ ယုံကြည်ခြင်းတရား၌သော်လည်းကောင်း ကြီးထွားရင့်ကျင့်နိုင်ရန်မှာ သမ္မာကျမ်းစာလေ့လာခြင်းအားဖြင့်သာဖြစ်သည်။

သမ္မာကျမ်းစာလေ့လာခြင်းကို မတူညီသောနေရာ၌ မတူညီသောခေါင်းစဉ်ဖြင့် လုပ်ဆောင်နိုင်ပါသည်။ သမ္မာကျမ်းစာလေ့လာခြင်းလုပ်ဆောင်သည်ကိုဆင်ခြင်မိသောအခါ အဘယ်အရပ်တွင် လုပ်ဆောင်ရန်ဟူသောအချက်ကိုလည်း ဆင်ခြင်ရန်လိုအပ်လာပါသည်။ အသင်းတော်ဘုရားကျောင်း၊ သို့မဟုတ် အိမ်၊ ပန်းခြံ သို့မဟုတ် ခြံဝန်း၊ ဝတ်ပြုအစီအစဉ်လုပ်ဆောင်ပြီးနောက်ပိုင်း သို့မဟုတ် ဘော်လီဘောကစားပြီးနောက်ပိုင်း၊ ဆန်းဒေးစကူးလ် သို့မဟုတ် တနင်္ဂနွေညနေပိုင်းအစီအစဉ်တို့တွင်လည်းကောင်း (တရားဒေသနာဝေငှသည်ထက်ကျမ်းစာလေ့လာခြင်းသည် ပိုမိုအကျိုးဖြစ်လိမ့်မည်)၊ သို့မဟုတ် ရက်သတ္တပတ်၏မတူညီသောညတစ်ညတွင်လည်းကောင်း သမ္မာကျမ်းစာ

လေ့လာခြင်းအစီအစဉ်ကိုလုပ်ဆောင်လျှင် ပိုမိုကောင်းမွန်ပေလိမ့်မည်။ တခါတရံ နေရာအပြောင်းအလဲများရှိနိုင်ပါသည်။ လူတစ်ဦး၏အိမ်တွင် လက်ဖက်ရည်ခွက်တစ်ခွက်နှင့်ထိုင်နေခြင်းသည် ဘုရားကျောင်းအခန်းထဲတွင်ထိုင်နေခြင်းနှင့်ဆန့်ကျင့်ဘက်သဘောကိုဆောင်ပြီး ပါဝင်သောသူအား ပို၍ပင် သက်သောက်သက်သာရှိစေပါသည်။ ဤသို့သောပတ်ဝန်းကျင်အခြေအနေသည် အပြန်အလှန်လုပ်ဆောင်မှု၊ သင်ယူလေ့လာမှုနှင့်မိဿဟာရဖွဲ့မှုတို့တွင် ပို၍ ဝုဏ်သတ္တိရှိစေနိုင်ပါသည်။

သမ္မာကျမ်းစာလေ့လာခြင်းသည် အသင်းတော်စီမံကိန်း၏တစ်စိတ်တစ်ဒေသဖြစ်ရန်လိုသည်။

သင်းအုပ်ဆရာနှင့်သာသနာပြုဆရာတို့သည် အသင်းတော်ရှိယုံကြည်သူများကို ယုံကြည်ခြင်း၊ အသက်တာရင့်ကျင့်မှု၊ စည်းလုံးညီညွတ်မှု၊ နှင့်ခရစ်တော်ကိုထင်ရှာစေသောလူများအဖြစ်၌ ခိုင်မာသောသူများဖြစ်စေလိုသောအာသီသရှိလျှင် အသင်းသူအသင်းသားများအား သမ္မာကျမ်းစာလေ့လာခြင်းအစီအစဉ်တွင်ပါဝင်လာကြစေရန် ခွန်အားပေးနိုင်သည့်နည်းလမ်းကို ရှာဖွေလုပ်ဆောင်ရန်လိုအပ်ပါသည်။ ဤသို့လုပ်ဆောင်ခြင်းက အသင်းတော်အား ရင့်ကျင့်ခြင်း၏နောက်အဆင့်ကို ရောက်ရှိပေမည်။ ဤအခြေအနေကလည်း အသင်းတော်အား ရင့်ကျင့်သောအသင်းတော်တစ်ခု၏ပန်းတိုင်နှင့်အကျိုးရလဒ်များအဖြစ် ကနဦးအခန်းများဖြစ်ကြသည့် အခန်း ၁ နှင့် ၃ တွင် ဆွေးနွေးထားသကဲ့သို့ ဧဖက် ၄း ၁၃- ၁၆ က အဓိပ္ပါယ်ဖွင့်ဆိုထားသည့်အရာကို ဖြစ်လာစေနိုင်ပါသည်။ ကောင်းမွန်စွာပြင်ဆင်ခြင်းနှင့်သင်ယူထားသောအရာကို မည်သို့လေ့လာပြီးအသက်တာတွင် လက်တွေ့ကျင့်သုံးရမည်ကို သင်ကြားပေးနိုင်သည့် ရင်ကျင့်သောသမ္မာကျမ်းစာသင်ပေးသူများအား အသုံးပြုလျက် သမ္မာကျမ်းစာလေ့လာခြင်းကိုလုပ်ဆောင်ခြင်းက ဤပန်းတိုင်များကို ထင်သာမြင်သာဖြစ်စေနိုင်ပါသည်။ ဤအချက်က အသင်းတော်နှင့်၄င်း၏အသင်းဝင်များ၏အသက်တာတွင် ချစ်ခြင်းမေတ္တာနှင့်ဘုရားသခင်၏နှုတ်ကပါတ်တော်အတွက် တောင့်တမှုကိုဖန်တီးရာတွင် အကူအညီပေးနိုင်ပါသည်။ အကျိုးရလဒ်က ဤလေ့လာသင်ယူခြင်းမှပြန့်ကျဲလာသည့်ယုံကြည်သူများ၏ခန္ဓာသည် ခရစ်တော်ကိုမသိနားမလည်သေးသည့် ပတ်ဝန်းကျင်ရှိလူများထံသို့ ဧဝံဂေလိတရားကို ဆောင်ယူကျဲဖြန့်လိမ့်မည်။ ထို့ကြောင့် သင်းအုပ်များနှင့်သာသနာပြုတို့သည် ဘုရားသခင်၏နှုတ်ကပါတ်တော်ကိုချစ်သောသဘော၊ သမ္မာကျမ်းစာကိုလေ့လာလိုသောဆန္ဒ၊ လက်တွေ့ကျင့်သုံးပြီး အခြားသူများအား သင်ကြားပေးလိုသောစိတ်ကိုလည်း အသင်းဝင်တိုင်း၏နှလုံးသာထဲသို့ သွတ်သွင်းပေးရန်လိုအပ်ပါသည်။ ထိုသို့လုပ်ဆောင်ခြင်းက ၄င်းတို့အသင်းတော်သည် မင်္ဂလာရှိပြီး ဘုရားသခင်၏အသုံးတော်ခံအသင်းတော်ဖြစ်တော်မူကြောင်းကို သူတို့အသက်တာတွင် စိတ်ချသေချာစေလိမ့်မည်။ (နောက်ဆက်တွဲအခန်းတွင်ပါဝင်သည့် “အမှုတော်မြတ်တွင်ရှိသည့် ဘုရားသခင်၏နှုတ်ကပါတ်တော်ကို ကျေးဇူးပြု၍ လေ့လာပါ။” )

အခန်း ၆

# တပည့်တော် ၊ အခြားသူများကို သွန်သင်နိုင်သောသူတို့အား အားကိုးခြင်း

"သက်သေခံအများရှိသည်နှင့် ငါ့ထံ၌ကြားရပြီးသောအရာတို့ကို၊ သစ္စာနှင့်ပြည့်စုံ၍ သူတပါးတို့ကိုသွန်သင်ခြင်းငှါ၊ တတ်စွမ်းနိုင်သောသူတို့၌ အပ်ပေးလော့။"
( ၂ တိ ၂း ၂ )

## တပည့်တော်ဖြစ်ခြင်း၏အရေးပါမှု

ကြီးထွားရင့်ကျင့်ရန် စိတ်အားထက်သန်သောမည်သည့်အသင်းတော်မဆို အသင်းတော်မွေးဖွါးခြင်းကိုပြုသောအသင်းတော်သည် တပည့်တော်ဖြစ်စေခြင်းလုပ်ငန်းကို ပြီးစီးအောင်ဆောင်ရွက်ရမည်။ ဤလုပ်ဆောင်ချက်က အသင်းဝင်များအား ၎င်းတို့၏ဝိညာဉ်ရေးရာတိုးတက်မှုတွင် နောက်တဆင့်သို့ရောက်စေနိုင်ပါသည်။ ဤသည်မှာ ကောင်းမွန်စွာပြင်ဆင်ထားသောအသင်းတော်ခေါင်းဆောင်များ၊ ဓမ္မဆရာများ၊ တပည့်တော်ဖြစ်စေသူများ၊ ခရစ်တော်၏ခိုင်မာသောနောက်လိုက်များကို တိုးပွါးစေမည့်ဖြစ်စဉ်ပင်ဖြစ်သည်။ အကြောင်းမှာ တပည့်တော်ဖြစ်စေခြင်းလုပ်ငန်းကို ယုံကြည်သူတစ်ယောက်ရင့်ကျင့်သောအသက်တာဆီသို့ရောက်ရှိလာနိုင်ရန် လိုအပ်သောအရာများကို သင်ကြားပို့ချခြင်းအမှုတော်တွင် အဓိကဦးတည်လုပ်ဆောင်ထားသောကြောင့် ၎င်း၏နောက်ဆုံးအကျိုးဆက်မှာ အပြောင်းအလဲအတွက်ဖြစ်စဉ်ကိုချန်ထားသည်ထက် ပို၍အကျိုးသက်ရောက်မှုရှိပြီး ပြီးပြည့်စုံလာပေမည်။

ပြင်ဆင်သည့်နေရာဖြစ်တော်မူသောအသင်းတော်သည် ကောင်းမွန်စွာပြင်ဆင်ထားသည့် ခရစ်တော်၏တပည့်တော်ဖြစ်စေခြင်း၏အသီးအပွင့်ကိုတောင့်တသောကြောင့် တပည့်တော်ဖြစ်စေခြင်းလုပ်ငန်းကို အဓိကဦးတည်လုပ်ဆောင်မည်ဖြစ်သည်။ တပည့်တော်ဖြစ်စေခြင်းအစီအစဉ်ကို ကောင်းမွန်စွာဖန်တီးလုပ်ဆောင်လေလေ ထိရောက်မှုရှိလေလေပင်ဖြစ်သည်။ အသင်းတော်၏အခြေအနေသည် မည်မျှခက်ခဲသည့်အခြေနေပင်ဖြစ်နေပါစေ၊ ၎င်းအသင်းတော်ခေါင်းဆောင်များသည် ဤလုပ်ငန်းကိုအစပြုကြသည်။ အကြောင်းမှာ မည်သည့်တပည့်တော်ဖြစ်လုပ်ငန်းအစီအစဉ်ပင်ဖြစ်နေပါစေ တပည့်တော်ဖြစ်စေခြင်းအစီအစဉ်မရှိခြင်းထက် ပို၍ ကောင်းမွန်ပါသည်။

တပည့်တော်ဖြစ်စေခြင်းအစီအစဉ်တွင် ရှင်ပေါလုက ကောလောသဲ ၂း ၆- ၇ တွင်ဖော်ပြထားသကဲ့သို့ ယုံကြည်သူများကို မွေးထုတ်ပေးသည့် ဦးတည်ချက်ကို မဏ္ဍိုင်ထားရန် လိုအပ်လှပါသည်။

> "ထို့ကြောင့်၊ သင်တို့သည် သခင်ယေရှုခရစ်ကိုခံယူပြီးသည်ဖြစ်၍၊ ထိုသခင်၌စိုက်ပျိုးခြင်း၊ တည်ဆောက်ခြင်းရှိလျက်၊ နည်းဥပဒေသကိုခံပြီးသည်အတိုင်း ယုံကြည်ခြင်း၌မြဲမြံစွာစွဲလန်းလျက်၊ ကျေးဇူးတော်ကိုချီးမွမ်းခြင်းနှင့်တကွ ယုံကြည်ခြင်းတိုးပွါးပြည့်စုံလျက်၊ ထိုသခင်၌ကျင်လည်ကြ၏။"

"ထိုသခင်၌ကျင်လည်ကြ၏" ဟူသောအမိန့်စကားကို ရှင်ပေါလုက ဆက်လက်ပြီးအသက်ရှင်ရန်နှင့်ခရစ်တော်ကဲ့သို့ဖြစ်လာရန် ၎င်းတို့၏ယုံကြည်ခြင်းတရား၌တိုးပွါးလာစေဖို့ဦးတည်လျက် ကောလောသဲအသင်းတော်များအား ခွန်အားပေးစကားဖြင့် ပြောဆိုခြင်းဖြစ်သည်။ ဤသည်မှာ တပည့်တော်ဖြစ်စေခြင်း၏အဓိကဦးတည်ချက်ပင်ဖြစ်ပါသည်။ ဤအချက်မှာ အောင်မြင်နိုင်သောရည်ရွယ်ချက်ဖြစ်သည်အကြောင်းနှင့်ပါတ်သက်ပြီး အကြောင်းပြချက်သုံးခုကို ရှင်ပေါလုက ပေးထားခဲ့ပါသည်။ ပထမအချက်အနေဖြင့် သူတို့ကို ဘုရားသခင်၌ "ခိုင်မြဲစွာချည်နှောင်ထားသည်။" ထိုအချက်မှာ ၎င်းတို့ရရှိထားသောကယ်တင်ခြင်း၏အကျိုးသက်ရောက်မှုတစ်ခုပင်ဖြစ်ပါသည်။ သူတို့သည် "ဒုတိယမွေးခြင်း" ကိုခံရကြသည်။ ( ယောဟန် ၃း ၇၊ သို့မဟုတ် အထက်မှမွေးဖွါးသည်၊ "အသစ်ပြုပြင်သည်။" တိတု ၃း ၅ ) ထိုအပြင် သူတို့ကို ခရစ်တော်၌ လုံခြုံစိတ်ချစွာ စိုက်ပျိုးထားပါသည်။ ထို့ကြောင့် ခရစ်တော်အတွက်အသက်ရှင်သန်နိုင်သည့် ဘုရားသခင်၏သားသမီးများကဲ့သို့ သူတို့သည် အရင်းအမြစ်များနှင့်စွမ်းဆောင်ရည်များကို ပိုင်ဆိုင်ထားကြပါသည်။ ခရစ်တော်၌ ကျင်လည်ကြသည့် ဒုတိယအကြောင်းတရားတစ်ခုမှာ သူတို့သည် "ခရစ်တော်၌ တည်ဆောက်လျက်ရှိကြသည်။" တည်ဆောက်ခြင်းဟူသည်မှာ ခရစ်ယာန်တစ်ယောက်က ရင့်ကျင့်မှုနှင့်ခရစ်တော်နှင့်သဏ္ဍာန်တူခြင်းအဖြစ်သို့ရောက်ရှိရန် ဖြတ်သန်းရသည့် ဖြစ်စဉ်များပင်ဖြစ်ပါသည်။ (ရှေ့အခန်းကြီး ၁ နှင့် ၃ တို့တွင် ဆွေးနွေးထားကြသကဲ့သို့ ဧဖက် ၄း ၁၁- ၁၆ ၏အဓိကဦးတည်ချက်ပင်ဖြစ်ပါသည်၊) တတိယအကြောင်းတရားအနေဖြင့် သူတို့သည် ခရစ်တော်၌ ကျင်လည်နိုင်ကြသည်။ အကြောင်းမှာ သူတို့သည် ခရစ်တော်၌ ခိုင်မြဲစွာတုတ်နှောင်ပြီး တည်ဆောက်ထားခြင်း၏အကျိုးရလဒ်အနေဖြင့် ၎င်းတို့၏ "ယုံကြည်ခြင်း" တရား၌ "တည်ဆောက်ခြင်းကိုခံရသောသူများ" ဖြစ်ကြပေသည်။ "တည်ဆောက်ခြင်း" ဟုဆိုရာတွင် ခိုင်မြဲစေသည်၊ တည်ကြည်စေသည်၊ ယုံကြည်ခြင်းတရား၌ ရပ်တည်စေသည်ဟု ဆိုလိုပါသည်။ ဤသည်မှာ ယုံကြည်သူများအား ရင့်ကျင့်သောအသက်တာတွင်တည်ဆောက်ရန်၊ ၎င်းတို့၏ယုံကြည်ခြင်းတရားတွင် ခိုင်မြဲစွာတည်ဆောက်ရန်၊ နို့ကိုသာတိုက်ကျွေးရသဖြင့် ဟိုဒီလျှောက်နေသည့်ကလေးသူငယ်များကဲ့သို့နောက်ထပ်မဖြစ်စေရန် တပည့်တော်ဖြစ်စေခြင်းအစီအစဉ်၏အဓိကပန်းတိုင်ပင်ဖြစ်ပါသည်။ သူတို့သည် နှုတ်ကပါတ်တော်အသားကိုစားသုံးနိုင်

သည့် ရင့်ကျင့်သောယောကျ်ားနှင့်မိန်းမများဖြစ်လာကြပေမည်။ ( ၁ကော ၃း ၂၊ ဟေဗြဲ ၅း ၁၂-၁၄) ထိုသို့သောယုံကြည်သူများသည် အသင်းတော်အတွက် အဖိုးမဖြတ်နိုင်သောသူများဖြစ်ကြပါသည်။ အကြောင်းမှာ သူတို့သည် ၄င်းတို့၏ယုံကြည်ခြင်းကို အလေးအနက်ထားပြီး နှုတ်ကပါတ်တော်ကိုလေ့လာခြင်းသည် အမှုတော်မြတ်တွင်ပါဝင်ပြီး ၄င်းတို့၏ ထိုယုံကြည်ခြင်းများကို မယုံကြည်သူများအား ဝေမျှခြင်းပင်ဖြစ်ပါသည်။ ထိုသို့သောယုံကြည်သူများမွေးထုတ်လိုက်ခြင်းသည် အခွင့်အရေးဖြင့်ဖြစ်လာခြင်းမဟုတ်။ စီမံလုပ်ဆောင်ခြင်းနှင့်ကြိုတင်တွေးတောခြင်း၏အကျိုးရလဒ်သာဖြစ်ပါသည်။

## တပည့်မွေးထုတ်သူနှင့်ဆိုင်သောသမ္မာကျမ်းစာသာဓကများ

"သမ္မာကျမ်းစာထဲတွင် အခြားသူများအား တပည့်တော်အဖြစ်မွေးထုတ်ပေးသောသူများရှိကြသည်။ အစောဆုံးပုဂ္ဂိုလ်မှာ ငယ်ရွယ်စဉ်ကတည်းက ယောရှုကိုမွေးထုတ်ပေးသည့် မောရှေပင်ဖြစ်သည်။ (ထွက် ၂၄း ၁၃၊ တော ၁၁း ၂၈) ဤသို့သောတပည့်တော်မွေးထုတ်ခြင်းလုပ်ငန်းတွင် ယောရှုသည် အချိန်တိုင်းလိုလိုပင် မောရှေ၏အနားနား၌ရှိနေသည်။ မောရှေသည် ဘုရားသခင်၏ မျက်မှောက်တော်သို့ရောက်ရှိနေသည်ဖြစ်၍ ယောရှုသည်လည်း သိနတောင်တွင် ရက်ပေါင်းလေးဆယ်နှင့်ညပေါင်းလေးဆယ် နေထိုင်ခဲ့သည်။ (ထွက် ၂၄း ၁၃- ၁၈၊ ၃၂း ၁၅-၁၈ ) မောရှေက ယောရှုကိုမွေးထုတ်ထားသောကြောင့် အရေးကြီးသည့်ကိစ္စရပ်များတွင်ပင် သူ့ကိုအားကိုးယုံကြည်သည်။ စိတ်ချရသည်။ ( ထွက် ၁၇း ၉-၁၄၊ ၃၃း ၁၁၊ ဗတာ ၁၃း ၁၆ ) ထိုသို့သောလုပ်ဆောင်ခြင်းဖြင့် ယောရှုသည် များစွာသောအမှုကိုသင်ယူပြီး မိမိကိုယ်ကိုမြင့်တင်သည်။ ယောရှုသည် ယုံကြည်စိတ်ချရသောတပည့်ဖြစ်လာသောကြောင့် မောရှေက ဤအမှုကိုလုပ်ဆောင်နိုင်သည်။ ယေရှုသည် ဣသရေလလူမျိုးများ၏အနာဂတ်ခေါင်းဆောင်တစ်ယောက်ဖြစ်လာရန် ပြင်ဆင်ထားသည်ဖြစ်၍ မောရှေသည် ဤအမှုကိုစွမ်းဆောင်နိုင်သည်။ (ယောရှု ၁း၁၊ ၃း ၇ ) သူ့အပေါ် မောရှေ၏ရင်းနှီးမြုပ်နှံခြင်းကြောင့် ယောရှုသည် စေခိုင်းခြင်းကိုခံရသည် ( တော ၂၇း ၁၈- ၂၃၊ တရား ၃၁း ၁၄ )၊ တာဝန်ပေးခြင်းလည်းခံရသည် ( တရား ၃၁း ၇) အပြင် နောင်တွင် ဣသရေလလူမျိုးတို့၏ခေါင်းဆောင်အဖြစ် မောရှေ၏နေရာတွင်အစားထိုးမည့်သူအဖြစ်လည်း ယူဆရပါသည်။ ( ယောရှု ၁း၁-၁၁၊ ၃း ၇ )

တပည့်တော်မွေးထုတ်ရန် မိမိဘဝကိုရင်းနှီးမြှုပ်နှံသည့် အခြားတစ်ယောက်မှာ ယေရှုခရစ်တော်ပင်ဖြစ်သည်။ ယေရှုသည် ဆုတောင်းတော်မူပြီးနောက် ( လုကာ ၆း ၁၂- ၁၃) တမန်တော်များအဖြစ် သူပြင်ဆင်တော်မူမည့် လူဆယ့်နှစ်ဦးကို ရွေးချယ်ခဲ့သည်။ ( လုကာ ၆း ၁၃- ၁၆)

ယေရှုသည် ထိုသို့လုပ်ဆောင်ရန်အတွက် ဤသူတို့သည် ယေရှုနှင့်အတူခရစ်သွားကြသည်၊ ဇနထိုင်ကြသည်၊ ( လုကာ ၈း ၁ ) စားသောက်ပြီး အတူတကွအိပ်ကြသည်။ ( မဿဲ ၉း ၁၀၊ ၂၆း ၂၀-၂၁၊ မာကု ၆း ၃၁ ) ထို့ကြောင့် သူတို့သည် ခရစ်တော်အား အခြေနေပေါင်းစုံတွင် ဘက်ပေါင်းစုံ၌ လေ့လာကြည့်ရှုနိုင်ပါသည်။ ခရစ်တော်သည် ဤနည်းလမ်းဖြစ်သည့် သူတို့အားသင်ကြားပေးခြင်း (ယောဟန် ၄း ၂၇- ၃၈၊ မဿဲ ၅း ၁-၂၊ လုကာ ၈း ၁-၃၊ ၂၂-၅၆၊ ၉း ၁၂-၁၇ မာကု ၄း ၁- ၂၅) အားဖြင့်လည်းကောင်း၊ တာဝန်ကိုပေးပြီးယုံကြည်စိတ်ချခြင်းအားဖြင့်လည်းကောင်း (မဿဲ ၁၀း ၁-၅၊ ၁၁း ၁၊ မာကု ၃း ၁၄၊ လုကာ ၉း ၁- ၁၀)၊ သူ၏သွန်သင်ချက်အပေါ်အလေးအနက်ထားရှုမြင်ခြင်း၌သော်လည်းကောင်း ( မာကု ၁၀း ၃၂- ၃၄၊ လုကာ ၈း ၁၀ )၊ သူပြသတော်မူသောနိမိတ်လက္ခဏာများကိုတွေ့မြင်စေခြင်းအားဖြင့်သော်လည်းကောင်း ( မာကု ၄း ၃၉၊ ၆း ၁- ၂) ၄င်းတို့၏အနာဂတ်လုပ်ငန်းအတွက်ပြင်ဆင်ပေးခဲ့သည်။ ယေရှုသည် ဤဆယ့်နှစ်ပါးထဲမှ သုံးပါးတည်းဟူသော ပေတရု၊ ယာကုပ်၊ ယောဟန်တို့အား ရွေးချယ်ပြီး ထိုသူတို့နှင့်အတူ ပိုမိုများပြားသောအချိန်ကာလကိုအသုံးပြုခဲ့သည်။ ဤသူတို့သည် အခွင့်ထူးများကိုရရှိကြသည်သာမက(လုကာ ၈း၄၉- ၅၆၊ မဿဲ ၁၇း ၁- ၁၃ ) ဖမ်းဆီးခံရမည့်ည ဥယျာဉ်တော်ထဲ၌ဆုတောင်းသည့်အချိန်တွင်လည်း သူနှင့်အနီးဆုံးနေရမည့်သူများအဖြစ် ရွေးချယ်ထားပါသည်။ ( မာကု ၁၄း ၃၃- ၄၂ ) ယုဒသည် သူ့ကိုသစ္စာဖောက်သော်လည်း (လုကာ ၂၂း ၄၈ ) အသင်းတော်သမိုင်းက အခြားတပည့်တော်ဆယ့်တစ်ပါးမှာ သေသည်တိုင်အောင် သစ္စာရှိကြကြောင်း၊ ယောဟန်မှတပါးအခြားသူများအားလုံးသည် ခရစ်တော်အတွက် မာတုရများအဖြစ်အသေခံကြကြောင်း တင်ပြထားသည်။

တပည့်တော်များကိုမွေးထုတ်ပေးသည့်အခြားတစ်ယောက်မှာ တမန်တော်ရှင်ပေါလုဖြစ်ပါသည်။ ရှင်ပေါလု၏တပည့်တစ်ယောက်မှာ တိမောသေဖြစ်သည်။ ရှင်ပေါလုသည် တိမောသေနှင့်အတူ အချိန်ပေါင်းများစွာကို အသုံးချသည်အတိုင်း သူ့ကိုသင်ကြားပို့ချနေသည့်အချိန်ကာလအတွင်း တိမောသေသည် ရှင်ပေါလုနှင့်အတူ သာသနာပြုခရီးစဉ်သို့လိုက်ပါခဲ့သည်။ (တမန် ၁၆း ၁-၅၊ ၂၀း ၄၊ ရောမ ၁၆း ၂၁၊ ၂ကော ၁း ၁၊ ၁၉၊ ဖိလိ ၁း၁၊ ကောလော ၁း၁၊ ၁သက် ၁း၁၊ ၂သက် ၁း၁၊ ဖိလိ ၁၊ ၁ နှင့် ၂ တိမောသေ ) ၁ နှင့် ၂ တိမောသေသည် သူ၏တပည့်တိမောသေအား သင်ကြားပေးသည့် လက်စွဲ ၂ ခုပင်ဖြစ်သည်။ ( ၁တိ ၄း ၁၂ ) ရှင်ပေါလုသည် တိမောသေအား လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များစွာကို ပေးထားခဲ့သည်။ ( တမန် ၁၇း ၁၃- ၁၅၊ ၁၉း ၂၂၊ ၁ကော ၄း ၁၇၊ ဖိလိ ၂း ၁၉ ) တိမောသေသည် ငယ်ရွယ်သောသူတစ်ယောက်ဖြစ်သော်လည်း ဧဖက်အသင်းတော်တွင် သင်းအုပ်ဆရာဖြစ်လာသည့်အခါ ပေါလု၏သွန်သင်ချက်များက သူ့အတွက်အကျိုးများစွာကို ဖြစ်ထွန်းစေပါသည်။ ( ၁ တိ ၁း ၃ )

## တပည့်တော်ဖြစ်လုပ်ငန်း၏ဝိသေသလက္ခဏာများ

မောရှေ၊ ယေရှုနှင့် ရှင်ပေါလုထံမှလေ့လာတွေ့ရှိနိုင်သော တပည့်တော်ဖြစ်လုပ်ငန်း၏ ဝိသေသလက္ခဏာများမှာ အောက်ပါအတိုင်းပင်ဖြစ်ပါသည်။

၁။ ဆုတောင်းခြင်း၏ရလဒ်တစ်ခု သို့မဟုတ် ဘုရားသခင်၏လမ်းပြမှုအတိုင်း တပည့်များကို ရွေးချယ်ကြသည်။

၂။ တပည့်များသည် ၎င်းတို့၏ဆရာနှင့်အတူ အချိန်များစွာကို အသုံးပြုကြသည်။

၃။ တပည့်တော်များကို သွန်သင်ပေးသည်။ ( ဘုရားနှုတ်ကပါတ်တော်နှင့်အတွေ့အကြုံအားဖြင့် )

၄။ တပည့်တော်များသည် ၎င်းတို့ဆရာနှင့်အတူတကွလည်းကောင်း၊ ဆရာ၏လမ်းပြမှုအောက်တွင်လည်းကောင်း အမှုတော်ထမ်းရွက်ကြသည်။

၅။ တပည့်တော်များကို တာဝန်ဝတ္တရားများပေးလျက် ယုံကြည်စိတ်ချသည်။

၆။ တပည့်တော်များကို အနာဂတ်သာသနာလုပ်ငန်းအတွက် ပြင်ဆင်ထားသည်။

၇။ တပည့်တော်များအား မိမိတို့အစီအစဉ်ဖြင့် စေလွှတ်သည်။ ( တပည့်တော်ဖြစ်လုပ်ငန်းများ ပြီးဆုံးသွားသည့်အချိန်တွင်ဖြစ်သည်။ )

တပည့်တော်ကိုမွေးထုတ်ပေးသည့် ဤသုံးယောက်ကိုစံထား၍ မိမိတပည့်တော်များ၏အသက်တာတွင် မိမိကိုယ်တိုင်၏ဘဝကို ရင်းနှီးမြုပ်နှံရန်မှာ ခေါင်းဆောင်တစ်ယောက်၏တာဝန်ပင်ဖြစ်သည်။ ခေါင်းဆောင်၏သင်တန်းမှာ အခန်းထဲတွင်သာမက အပြင်ဘက်စစ်မှန်သောဘဝအသက်တာတွင်လည်း အကျုံးဝင်ပါသည်။ တပည့်တော်အဖြစ်မွေးထုတ်ခံရသောသူတစ်ယောက်သည် မိမိဆရာ၏အသက်ရှင်ပုံကိုကြည့်ပြီး သွန်သင်ပေးထားသောအရာများနှင့်စပ်လျဉ်းပြီး လုပ်ဆောင်ရမည့်နည်းလမ်းများကိုလည်း သာဓကယူတတ်ရန် လိုအပ်လှပါသည်။ ဆရာဟူသည်မှာ တပည့်များက ကြားနိုင်၊ မြင်နိုင်၊ လေ့လာပြီးတွေ့ထိနိုင်သော အသက်ရှင်သော၊ အသက်ရှုသောစံနမူနာတစ်ခုဖြစ်လာပါသည်။ ( ၁ယော ၁း ၁ ) သူသည် အသိဉာဏ်ကို ယူဆောင်လာသူသက်သက်မဟုတ်ပါ။ ဤအခြေခံသဘောတရားများလိုအပ်လျက်ရှိသောတပည့်တော်လုပ်ငန်းသည် ပြင်ဆင်ထားခြင်းမရှိသော၊ အခြေခံတကျတည်ဆောက်ထားခြင်းမရှိသောတပည့်တော်များအဖြစ်သို့ ကူးပြောင်းသွားပါမည်။ ထို့ကြောင့် လူတစ်ယောက်က အခြားသူများ၏အသက်တာထဲတွင် သူ့ဘဝအချိန်ကာလကို

မြုပ်နှံထားသည်ဖြစ်၍ ဤလုပ်ငန်းအတွက် အချိန်သည် အဖိုးထိုက်သောအရာပင်ဖြစ်သည်။ "သံကို သံဖြင့်ထက်စေသကဲ့သို့ လူသည် အဆွေခင်ပွန်း၏မျက်နှာကို ထက်စေတတ်၏။" ( သုတ္တံ ၂၇း ၁၇)

အခြားသူများကိုပြင်ဆင်ခြင်းလုပ်ငန်းသည် ခေါင်းဆောင်တစ်ယောက်၏လုပ်ငန်းတာဝန်တွင် အရေးကြီးသည့် အချက်တစ်ချက်ပင်ဖြစ်သည်။ ရှင်ပေါလုက ၂ တိမောသေ ၂း ၂ တွင် ဤသို့ဆိုသည်။ "သက်သေခံအများရှိသည်နှင့်ငါ့ထံ၌ကြားရပြီးသောအရာတို့ကို၊ သစ္စာနှင့်ပြည့်စုံ၍ သူတပါးတို့ကိုသွန်သင်ခြင်းငှါ၊ တတ်စွမ်းနိုင်သောသူတို့၌ အပ်စေလော့။" ခေါင်းဆောင်ဟူသည်မှာ သူသင်ယူထားသည်အရာကိုလက်ကိုင်ထားပြီး သူ့အောက်ကလူများကို သစ္စာနှင့်ပြည့်စုံ၍ သင်ပေးတတ်ပါသည်။ ဤတပည့်တော်များသည် သူတို့သင်ယူထားသောအရာများကိုတဖန်အသုံးချပြီး အခြားသူများကို သစ္စာနှင့်ပြည့်စုံ၍ ပြန်လည်သင်ကြားနိုင်ပါသည်။ ဤသည်မှာ ဆက်လက်ဖြစ်ပေါ်သည့် လုပ်ငန်းစဉ်သာဖြစ်သည်။"

ရှင်ပေါလုက အသင်းတော်ဆက်လက်တည်နေပြီး ကျန်းမာသန်စွမ်းလာစေရန် နောက်လာမည့်မျိုးဆက်ခေါင်းဆောင်များကို မွေးထုတ်ပေးရန်လိုအပ်ကြောင်း သိပါသည်။ သို့ဖြစ်သောကြောင့် ရှင်ပေါလုက တိမောသေအား သူသင်ယူလေ့လာထားသောအရာများကို ပြန်လည်သင်ကြားပေးနိုင်သည့် သစ္စာနှင့်ပြည့်စုံသောသူများအား လက်ဆင့်ကမ်းသင်ကြားပေးရန် ညွှန်ကြားထားပါသည်။ ရှင်ပေါလုက တိမောသေအားသွန်သင်ပေးသမျှသည့် ဖြန့်ကျဲစေခြင်းဖြစ်ကြောင်းကို သေချာစေခဲ့သည်။ ရှင်ပေါလုသည် ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် နှုတ်ကပါတ်တော်ကိုသင်ကြားပေးသောသူများကို ( သင်းအုပ်များ၊ သာသနာပြုများ၊ အသက်ကြီးသူများ၊ ဓမ္မဆရာများ ) သွန်သင်ပေးထားခဲ့ခြင်းဖြစ်ပြီး ဆက်လက်ဖြစ်တည်သောအရာလည်းဖြစ်သည်ကို သေချာစေပါသည်။ ဤသို့သောဖြစ်စဉ်သဘောတရားသည် ယနေ့ခေတ်ကာလတွင်လည်း မဖြစ်မနေလိုအပ်သောအရာပင်ဖြစ်ပါသည်။ သစ္စာနှင့်ပြည့်စုံလျက်နှုတ်ကပါတ်တော်ကိုသင်ကြားပေးကြသောဆရာများသည် သမ္မာကျမ်းစာကို မှန်ကန်စွာသင်ကြားပေးမည့်သူများကို မွေးထုတ်ပေးရမည်။ အမှုတော်ကိုမည်သို့လုပ်ဆောင်ရမည်၊ အုပ်စုငယ်ကိုမည်သို့ခေါင်းဆောင်ရမည်၊ ရင့်ကျက်မှုရှိပြီး အမှုတော်လုပ်ငန်းနှင့်ဆိုင်သည့် သမ္မာသမတ်ကျသောရှုပါရုံများကိုထားရှိသည့်အသင်းတော်ခေါင်းဆောင်များကို မှန်တကယ်မွေးထုတ်ပေးရန်လိုအပ်ပါသည်။ ဤသဘောတရားက ခရစ်တော်အတွက်အကျိုးကျေးဇူးများစွာကိုဖြစ်ထွန်းစေသည့် ခိုင်မာသောအသင်းတော်ကိုမွေးဖွါးစေလိမ့်မည်။

ဤတပည့်တော်ဖြစ်လုပ်ငန်းကို မည်သည့်အချိန်တွင် အစပြုသင့်ပါသနည်း။ ယုံကြည်သူအသစ်၏ဝိညာဉ်ပိုင်းဆိုင်ရာမွေးဖွါးသည်နှင့်တပြိုင်နက်အစပြုသင့်ပါသည်။ တနည်းအားဖြင့်ဆိုလျှင် လူတစ်ဦးသည် ခရစ်တော်ကိုယုံကြည်လက်ခံလာလျှင် ပြင်ဆင်ခြင်းလုပ်ငန်းအစပြုရာအသင်းတော်သည် ဤခရစ်ယာန်သစ်အား နှစ်ခြင်းပေးခြင်းနှင့်ခရစ်တော်သွန်သင်သမျှသောအရာများကိုဆင်ခြင်

သတိပြုရန်သွန်သင်ခြင်းအားဖြင့် ညွှန်ကြားချက်ကိုအစပြုရပါမည်။ ( မဿဲ ၂၈း ၁၉- ၂၀ ) ဤသည်မှာ တစ်ဦးချင်းစီအတွက် တပည့်တော်ဖြစ်လုပ်ငန်းအစပြုခြင်းပင်ဖြစ်သည်။ ၄င်းမှာ ဘ၀တစ်ခုလုံးဆက်လက်ဖြစ်ပေါ်မည့်ဖြစ်စဉ်ပင်ဖြစ်သည်။ဤဖြစ်စဉ်ကိုလုပ်ဆောင်ခြင်းမရှိသောအသင်းတော်သည် မွေးပြီးနောက် မိမိရင်သွေးငယ်ကိုစွန့်ပစ်သောမိခင်တစ်ယောက်နှင့်တူသည်။ သူမသည် စောင့်ရှောက်ရမည့်တာ၀န်၊ သွန်သင်ပေးရမည့်တာ၀န်၊ မေတ္တာထားပြုစုရမည့်တာ၀န်ကို လစ်ဟင်းစေခဲ့သည်။ ယင်းကို တာ၀န်မဲ့ခြင်းနှင့်နှလုံးသားမရှိခြင်းဟုခေါ်တွင်ရပါမည်။ ကယ်တင်ခြင်းအပေါ်တွင် လက်ဖြင့်ချက်ချင်းမထူပြီး ၀ိညာဉ်ပိုင်းဆိုင်ရာရင့်ကျင့်မှုလမ်းမပေါ်တွင်ချထားခြင်းသည် ယုံကြည်သူအတွက် မေတ္တာ၊ ပြုစုခြင်း၊ စောင့်ထိန်းခြင်းရှိသောအသင်းတော်တစ်ခုအားဖြင့် ပြသသောလမ်းမှတပါး အခြားသောအရာကိုသိမည်မဟုတ်။ တပည့်တော်ဖြစ်စေခြင်းသည် ယုံကြည်သူအသစ်၏အသက်တာ၏ပုံမှန်အစိတ်အပိုင်းတစ်ခုဖြစ်လာပေမည်။ ဤသည်မှာ ယုံကြည်သူသစ်များအားလုံးအတွက် ပုံမှန်သာဖြစ်နေလျှင် သူတို့နှင့် အသင်းတော်က ရရှိမည့်အကျိုးသည် အလွန်ပင်ကြီးလှပေမည်။

ရင့်ကျင့်မှုရှိသောတပည့်တော်တစ်ယောက်၏၀ိသေသလက္ခဏာများ

တပည့်တော်မွေးထုတ်သည့်အသင်းတော်တစ်ခုအတွက်စိန်ခေါ်မှုတစ်ခုမှာ ၀ိညာဉ်ပိုင်းဆိုင်ရာရင့်ကျင့်မှုရှိသည့်တပည့်တော်ကိုမည်သည့်ဖွဲ့စည်းပုံများက ကောင်းစေသည်ကို ဆုံးဖြတ်ပေးရန်ပင်ဖြစ်သည်။ ဤဆုံးဖြတ်ချက်က များစွာသောအချက်အလက်များတွင် အသင်းတော်ကို ခြားနားစေလိမ့်မည်။ ဤအကြောင်းတရားကိုအဓိကထားကြိုးစားလုပ်ဆောင်ခြင်းတွင် အောက်ပါကျမ်းပိုဒ်များမှာ ရင့်ကျင့်သောယုံကြည်သူကိုသတ်မှတ်စေပြီး ရင့်ကျင့်သောယုံကြည်သူတစ်ဦးအား ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ၀ိသေသလက္ခဏာများကို ပေးသည့်ကျမ်းပိုဒ်နှင့်တွဲဖက်ထားပါသည်။ ထို့ကြောင့် ကန့်သတ်ထားခြင်းမရှိသော်လည်း စဉ်းစားဆင်ခြင်ထားရမည့်အချက်များမှာ အောက်ပါအတိုင်းပင်ဖြစ်ပါသည်။

- ♥ အသက်တာရင့်ကျင့်မှု ( အဓိပ္ပါယ်သတ်မှတ်ထားသည်) ဧဖက် ၄း ၁၃-၁၆၊ ကော ၂း ၆- ၇
- ♥ ခရစ်တော်၌တည်နေခြင်း- ယောဟန် ၁၅း ၄- ၁၁
- ♥ ဘုရားကို ရှိသေကိုင်းရှိုင်းသည့်ကိုယ်ကျင့်လက္ခဏာ-- ၁တိ ၃း ၁- ၇၊ တိတု ၁း ၅- ၉
- ♥ တစ်ဦး၏ဆုကျေးဇူးကို အသုံးပြုခြင်း --၁ကော ၁၂း ၇၊ ရောမ ၁၂း ၆
- ♥ ဧ၀ံဂေလိလုပ်ငန်းတွင်ပါ၀င်ခြင်း--မဿဲ ၂၈း ၁၉- ၂၀၊ တမန် ၁း ၈

ရင့်ကျင့်သောခရစ်ယာန်အသက်တာရှိသည့်ယုံကြည်သူတစ်ယောက်၏ ဤကိုယ်ရေးအကျဉ်းတွင် ရှင်ပေါလုက ဖေက် ၄ ( အခန်း ၁ နှင့် ၃ တွင် ဆွေးနွေးထားသည်) နှင့် ကောလောသဲ ၂ (အထက်တွင် ဆွေးနွေးထားသည် ) တင်ပြထားသည့် ဝိသေသလက္ခဏာများကို ထည့်သွင်းဖော်ပြထားပါသည်။ ဤကျမ်းပိုဒနှစ်ခုစလုံးတွင်ပြောဆိုခဲ့သောအရာမှာ ထိုသို့သောပုဂ္ဂိုလ်မှာ ဘုရားသခင်၏နှုတ်ကပါတ်တော်ကိုစွဲလန်းသောယောကျ်ား သို့မဟုတ် မိန်းမများဖြစ်သည်ဟု ဆိုသည်။ ဤအချက်မရှိလျှင် အဘယ်သူမျှ ရင့်ကျင့်ခြင်းအဖြစ်သို့ရောက်နိုင်မည်မဟုတ်ပါ။ ( နောက်ဆက်တွဲအခန်းရှိ "အမှုတော်မြတ်တွင်ရှိသည့် ဘုရားသခင်၏နှုတ်ကပါတ်တော်" ကိုကြည့်ပါ။ ပိုမိုသိရှိလိုလျှင် ဘုရားသခင်၏နှုတ်ကပါတ်တော်လိုအပ်ချက်များ )

ရင့်ကျင့်သောခရစ်ယာန်တစ်ယောက်၏အခြားအမှတ်အသားတစ်ခုမှာ ခရစ်တော်နှင့် ၎င်း၏မေတ္တာတော်၌တည်နေသည့်စွမ်းရည်ပင်ဖြစ်ပါသည်။ ခရစ်တော်၌တည်နေပြီး ခရစ်တော်၏စကားသည်လည်း ထိုသူအထဲ၌တည်နေလျှင် များစွာသောအသီးကိုသီးလိမ့်မည်။ အနည်းငယ်သာတည်နေသောသူသည် အနည်းငယ်သောအသီးကိုသီးမည်။ အသီးများစွာသီးခြင်းက ဘုရားသခင်ကိုဘုန်းထင်ရှားစေပြီး ထိုသူသည် ဘုရားသခင်၏တပည့်တော်ဖြစ်တော်မူကြောင်းကို အတည်ပြုထားခြင်းလည်းဖြစ်ပါသည်။ ရင့်ကျင့်သောယုံကြည်သူတစ်ယောက်၏အခြားဝိသေသလက္ခဏာတစ်ခုဖြစ်သော အဖြေရသည့်ဆုတောင်းခြင်းအတွက် မရှိမဖြစ်လိုအပ်သောအရာပင်ဖြစ်ပါသည်။ သူသည် ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်ကိုရှာဖွေသည်ဖြစ်၍ အဖြေကိုရရှိတော်မူသည်။

ဆက်လက်၍ ရင့်ကျင့်သောယုံကြည်သူတစ်ယောက်သည် ၁ တိ ၃း ၁- ၇၊ နှင့် တိတု ၁း ၅- ၉ တွင် တွေ့ရှိရသော ဝိသေသလက္ခဏာ၏အရည်အချင်းများကိုလည်း ထင်ရှားစေရမည်။ ဤကျမ်းပိုဒ် "သင်းအုပ်တာဝန်ထမ်းဆောင်မည့်သူအတွက် ထားရှိသောရည်ရွယ်ချက်ဖြစ်မည့်" အသက်တာရင့်ကျင့်သူတစ်ဦး၏ အရည်အချင်းကို ရေးမှတ်ထားပါသည်။ ( ၁ တိမောသေ ၃း ၁ ) ထို့ကြောင့် ဤသည်တို့မှာ ရင့်ကျင့်သောသူ၏အသက်တာတွင် ခွဲခြားသိမြင်နိုင်သည့်အရည်အချင်းများဖြစ်သင့်ပါသည်။ လိင်ပိုင်းဆိုင်ရာနှင့်ပါတ်သက်မှုမရှိသည့်ရင့်ကျင့်မှု၏အရည်အချင်းဖြစ်သောကြောင့် ရင့်ကျင့်သောမိန်းမတစ်ယောက်အနေဖြင့်လည်း ထင်ရှားစေရမည့် ဝိသေသလက္ခဏာလည်းဖြစ်ပါသည်။

ရင့်ကျင့်သောတပည့်တော်တစ်ယောက်၏အခြားဝိသေသလက္ခဏာများကိုကြည့်ရှုလျှင် ၁ကော ၁၂း ၇ နှင့် ရောမ ၁၂း ၆ တို့က အသင်းတော်၏ကောင်းစွာလုပ်ဆောင်နိုင်မည့်အကျိုးကို မျှော်တွေးလျက် အသက်တာတွင်လက်တွေ့လုပ်ဆောင်ရမည့် ဝိညာဉ်ဆုကျေးဇူးများကို ယုံကြည်သူတိုင်းအား ပေးထားပါသည်။ ရင့်ကျင့်သောခရစ်ယာန်တစ်ယောက်က အချိန်နှင့်အတွေ့အကြုံ၏ အကျိုးကျေးဇူးအနေဖြင့် ၎င်း၏ဆုကျေးဇူးကိုသိရှိထားသင့်သည်ဟူ၍လည်းကောင်း၊ ထိုဆုကျေးဇူးကို

ခရစ်တော်၏အမှုတော်မြတ်တွင်လက်တွေ့အသုံးချရလိမ့်မည်ဟူ၍လည်းကောင်း ယူဆရသည့်အကြောင်းရှိပါသည်။ အစေခံခြင်းဟူသည်မှာ ခရစ်တော်က နောက်လိုက်များအား လုပ်ဆောင်စေလိုသောအရာကိုလုပ်ဆောင်ရန် ခေါ်ထားခြင်းဖြစ်သည်။ ယေရှုက ထိုအချက်ကို တပည့်တော်များ၏ခြေကိုဆေးကြောပေးသည့်အချိန်တွင် ထင်ရှားစေခဲ့သည်။ ( ယောဟန် ၁၃း ၁၂- ၁၇ ) ထို့ကြောင့်ရင့်ကျင့်သောယုံကြည်သူတစ်ယောက်သည် အခြားသူများအား စေခံသည့်လုပ်ငန်းတွင် အသုံးပြုထားသင့်ပါသည်။ လက်သင့်ခံရန်သဘာဝကျလှသော အသက်တာရင့်ကျင့်သည့်ယုံကြည်သူတစ်ဦး၏အခြားထူးခြားချက်တစ်ခုမှာ ခရစ်တော်က လောကကြီးအား ဧဝံဂေလိတရားဖြင့်သိမ်းပိုက်ရယူရန် မဟာစေခိုင်းချက်ကိုပေးထားသည်ဖြစ်၍ ( မဿဲ ၂၈း ၁၉- ၂၀၊ တမန် ၁း ၈ ) သူသည် ဧဝံဂေလိလုပ်ငန်းတွင် မဖြစ်မနေပါဝင်ရန်ဟူသောအချက်ပင်ဖြစ်သည်။ သူသည် ဆုတောင်းခြင်းနှင့်ခရစ်တော်အတွက် ပျောက်ဆုံးသူများကိုပြန်လည်ခေါ်ဆောင်ခြင်းနှစ်ခုစလုံးတွင် ပါဝင်နိုင်ပါသည်။ ပျောက်ဆုံးသူများအား ခရစ်တော်ထံသို့ပြန်လည်ပို့ဆောင်သည့် ခရစ်တော်၏သံတမန်တစ်ဦးအနေဖြင့် ( ၂ကော ၅း ၂၀ ) သူသည်လည်း ခမည်းတော်ဘုရားကဲ့သို့ပင် “အဘယ်သူမျှပျက်စီးခြင်းသို့မရောက်ဘဲ လူအပေါင်းတို့သည် နောင်တရရန်” အလိုတော်ရှိတော်မူလိမ့်မည်။ ( ၂ပေ ၃း ၉ ) ထို့ကြောင့် သူသည် ပျောက်ဆုံးသူများအား ဧဝံဂေလိတရားဝေမျှသက်သေခံသည့်လုပ်ငန်းတွင် အားတက်သရောပါဝင်လုပ်ဆောင်ပေလိမ့်မည်။

အထက်တွင် ဖော်ပြထားသည်အတိုင်း အသက်တာရင့်ကျင့်မှုရှိသောယုံကြည်သူတစ်ဦး၏ဝိသေသလက္ခဏာများကို အထက်တွင်ဖော်ပြထားသည့်အချက်ငါးချက်တွင် ကန့်သတ်မထားပါ။ သို့သော် သူတို့သည် အချက်အလက်များကို အနည်းဆုံး သတ်မှတ်ထားသင့်ပါသည်။ သို့မဟုတ်ဓမ္မသစ်ကျမ်း၏အဓိကအချက်အချာသည် ခရစ်တော်၏ရင့်ကျင့်သောတပည့်တော်များဖြစ်သင့်သည်ဟူသောအရာကို စဉ်းစားဆင်ခြင်သောအခါ သင်းအုပ်နှင့်သာသနာပြုများသည် ၄င်းတို့၏စီမံကိန်းများကိုပြင်ဆင်လုပ်ဆောင်သောအခါ လက်တွေ့အကောင်အထည်ဖော်ရန်လိုအပ်ပါသည်။ ထိုသို့လုပ်ဆောင်ထားခြင်းက သူတို့အား ရင့်ကျင့်သောယုံကြည်သူတစ်ယောက်၏ပုံပန်းသဏ္ဌာန်၊ နှင့်ရှုန်းကန်လုပ်ဆောင်ရမည့်ပန်းတိုင်တို့ကိုလည်း မျက်ဝါးထင်ထင်သိသာစေလိမ့်မည်။ သူတို့သည်ပန်းတိုင်ဘက်ဆီသို့ ဦးတည်ရွေ့လျားနေကြသည်ဖြစ်၍ ခိုင်မာသော၊ ကျန်းမာသောအသင်းတော်တစ်ခုတည်ဆောက်ရန်လိုအပ်သောခြေအဆင့်များကို ၄င်းတို့၏စီမံကိန်းထဲတွင် ထည့်သွင်းဖြည့်နိုင်လိမ့်မည်။ ၄င်းက ခရစ်တော်အတွက် လောကကြီးအားရယူသိမ်းပိုက်နိုင်သည့်နည်းလမ်းကိုသိရှိသောယုံကြည်သူများကိုမွေးထုတ်ပေးနိုင်သောအသင်းတော်၊ ထိုသို့လုပ်ဆောင်ရန် စိတ်အားထက်သန်မှုရှိသောအသင်းတော်ကိုလည်း ဖန်တီးစေနိုင်ပါသည်။

## တပည့်တော်ဖြစ်စေခြင်း၏လုပ်အပ်ချက်

တပည့်တော်ဖြစ်စေခြင်းဟူသည်မှာ အသင်းတော်က ခရစ်တော်အတွက် အကျိုးသက်ရောက်မှုတစ်ခုကိုပြုလုပ်ရန် စိတ်ဆန္ဒရှိလျှင် အလွန်ပင်အရေးကြီးသည့်အချက်ပင်ဖြစ်ပါသည်။ အသင်းသားများအတွက် ဝိညာဉ်ပိုင်းဆိုင်ရာကြီးထွားမှုအဆင့်ကိုလိုလားလျှင်၊ ဆိုလိုသည်မှာ ရင့်ကျင့်သောအသင်းတော်ခေါင်းဆောင်များကိုမွေးထုတ်ပြီး အနာဂတ်တွင် ဤရူပါရုံကိုဆက်လက်လုပ်ဆောင်ရန်ဆန္ဒ၊ အသင်းတော်၏အတွင်းနှင့်အပြင်တွင် ခရစ်တော်ကိုလည်းကောင်း၊ အခြားသူများကိုလည်းကောင်း အစေခံနိုင်သည့် ကောင်းစွာပြင်ဆင်ထားသည့်အမျိုးသား၊ အမျိုးသမီးများကိုမွေးထုတ်ပေးနိုင်သည့်ဆန္ဒ၊ လောကကြီးအား ခရစ်တော်အတွက်သိမ်းပိုက်ရာတွင်အကူအညီပေးလိုသောစိတ်ဆန္ဒတို့ရှိလျှင် ဤအချက်မှာ အလွန်ပင်ကြီးမားသည့်အမှုပင်ဖြစ်သည်။ အသင်းတော်က ၂ တိမောသေ ၂း ၂ ကို အလေးအနက်ထားသည့်အချက်တွင်သာ ဤအရာများဖြစ်ပျက်လာမည်ဖြစ်သည်။ “သက်သေခံအများရှိသည်နှင့် ငါ့ထံ၌ကြားရပြီးသောအရာတို့ကို၊ သစ္စာနှင့်ပြည့်စုံ၍ သူတပါးတို့ကိုသွန်သင်ခြင်းငှါ၊ တတ်စွမ်းနိုင်သောသူတို့၌ အပ်စေလော့။”

# အခန်း ၇

# အသင်းတော် ။ လူအားလုံးတွင် အရာအားလုံးဖြစ်လာမည့် လိုအပ်ချက်များ

"သို့ဖြစ်၍၊ အားရှိသောငါတို့သည် ကိုယ်အလိုသို့မလိုက်၊ အားနည်းသောသူတို့၏အားနည်းခြင်းကို
သည်းခံရကြမည်။ ထိုသို့ ငါတို့ရှိသမျှသည် ကိုယ်နှင့်စပ်ဆိုင်သောသူ၏ အကျိုးကိုထောက်၍၊ သူ့ကို
တည်ဆောက်စေခြင်းငှါ သူ၏အလိုသို့လိုက်ကြကုန်အံ့။ အကြောင်းမူကား၊ ခရစ်တော်သည်
ကိုယ်အလိုသို့မလိုက်။ ကျမ်းစာလာသည်အတိုင်း ကဲ့ရဲ့ခြင်းကို ခံတော်မူ၏။ ကိုယ်တော်ကို
ကဲ့ရဲ့သောသူတို့၏စကားသည် အကျွန်ုပ်အပေါ်သို့ ရောက်ပါ၏ဟု ကျမ်းစာလာသတည်း။"
(ရောမ ၁၅း ၁- ၃ )

### ဤအခန်း၏စကားချီး

ဤစာအုပ်၏အဓိကသော့ချက်မှာ စုစည်းထားသောအသင်းသားများအား ပြင်ဆင်ရန် အသင်းတော်အတွက်လိုအပ်ချက်ပင်ဖြစ်သည်။ သို့မှသာ သူတို့သည် ကျဲ့ဖြန့်လာသည့်အချိန်တွင် ဧဝံဂေလိလုပ်ငန်းတွင် ပါဝင်ရလိမ့်မည်။ ဤအခန်း ဤသော့ချက်ထဲက သွေဖည်သည့်သဘောကို တွေ့ရသော်လည်း ထိုအရာမှ အဓိကအကြောင်းတရားမဟုတ်ပါ။

ကျန်းမာသန်စွမ်းသောအသင်းတော်တစ်ခုသည် ကျန်းမာသန်စွမ်းသောအသင်းသားများ၊ ကျန်းမာသန်စွမ်းခြင်းမရှိသည့်အသင်းတော်သည် ကျန်းမာသန်စွမ်းခြင်းမရှိသည့်အသင်းသားများကို မွေးထုတ်လိမ့်မည်ဟု သတ်မှတ်လိုက်ပါ။ ထို့ကြောင့် အသင်းတော်တစ်ခုကို ပြုပြင်ထိန်းကျောင်းသည့်ပတ်ဝန်းကျင်၊ အသင်းတော်၏ထုံးတမ်းဓလေ့တို့က ၎င်း၏သာဓကတစ်ခုအနေဖြင့် အသင်းဝင်များအား အကောင်းဘက် သို့မဟုတ် အဆိုးဘက်လွှမ်းမိုးလိမ့်မည်။ အသင်းသားများအတွက် ကျန်းမာသောအသင်းတော်ကိုတည်ဆောက်ပေးဖို့ အရေးပါသည့်အကြောင်းရင်းတစ်ရပ်ပင်ဖြစ်ပါသည်။ ပြင်ဆင်သည့်လုပ်ငန်းကိုလုပ်ဆောင်သည့်အသင်းတော်သည် သဘာဝအားဖြင့်လေ့လာသော် ၎င်း၏ခိုင်မာသောသွန်သင်ခြင်းလုပ်ငန်း၏အကျိုးဆက်တစ်ခုအနေဖြင့် ဖြစ်ပေါ်စေပြီး ဘုရားသခင်၏နှုတ်ကပါတ်တော်ကိုအသက်တာတွင်အသုံးပြုခြင်းကို ဦးတည်လုပ်ဆောင်ပေမည်။ ပြင်ဆင်သည့်

လုပ်ငန်းကိုလုပ်ဆောင်ခြင်းလုံးဝမရှိသည့်အသင်းတော်သည် အဟာရဖြစ်ပြီး ပြုစုပျိုးထောင်ပေးခြင်း ရှိသည့်ပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်မည်မဟုတ်။ ကြီးထွားမှုအတွက်လိုအပ်သောအချက်များကို ဖန်တီးယူနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် အသင်းတော်ခေါင်းဆောင်များသည် ဧဝံဂေလိပိုင်းဆိုင်ရာတွင် သတိပညာနှင့်ပြည့်စုံတော်မူခြင်းမရှိလျှင်၊ ပျောက်ဆုံးသောသူများ၏ခေတ်ပေါ်ထုံးတမ်းစဉ်လာများကို နားလည်ပြီးတည်ဆောက်ရန်ဆန္ဒရှိလျှင် သူတို့၏အသင်းသားများက ထိုသို့လုပ်ဆောင်လာရန် အဘယ်သို့မျှော်လင့်နိုင်မည်နည်း။ အသင်းသားများက သူတို့မြင်သောအရာ၊ ကြားသောအရာ၊ သင်ယူလေ့လာသောအရာ၊ နှင့် တွေ့ကြုံရရှိသောအရာတို့ကို ထင်ရှားစေကြပါလိမ့်မည်။ ထို့ကြောင့် ဤအခန်း၏ရည်ရွယ်ချက်မှာ အသင်းတော်ခေါင်းဆောင်များအား သဘာဝအားဖြင့်နေရာတစ်ခုဖြစ်လာစေရန်အတွက် ၄င်းတို့အသင်းတော်လုပ်ဆောင်ရန်လိုအပ်သောအရာများကို နားလည်သဘောပေါက်ရန် အကူအညီပေးရန်ဖြစ်သည်။ ဤအကြောင်းအရာများကို ဦးတည်ရာတွင် အောက်ပါအောက်ပါအချက်များကို ဆွေးနွေးတိုင်ပင်ကြရပါလိမ့်မည်။

- ♥ အချိန်ကာလများကိုနားလည်သဘောပေါက်ခြင်း။
- ♥ နံရံများမဟုတ်၊ တံတားများကိုတည်ဆောက်ရန်လိုအပ်ချက်၊
- ♠ အရာအားလုံးကို လူအားလုံးထံဖြစ်လာခြင်း။
- ♠ ခရစ်ယာန်များသီးခြားဖြစ်ရန်နည်းလမ်းများ၊
- ♠ ဧဝံဂေလိတရားဝေမျှသည့်အချိန်တွင်လိုအပ်သောချဉ်းကပ်မှု၊
- ♠ ဧဝံဂေလိတရား၏ဖြစ်ခြင်းနှင့် မဖြစ်ခြင်း။
- ♠ သင်လုပ်ဆောင်ရန်ဆန္ဒရှိသောအရာများကိုခွဲခြမ်းစိတ်ဖြာခြင်း၊ စီမံကိန်းလုပ်ဆောင်ရန်၊ ဒါကိုကွပ်မျက်သည်။
- ♠ အခြားသူများကိုရှိသေလေးစားခြင်းသည် အရေးပါလှသည်။

## အချိန်ကာလများကို နားလည်သဘောပေါက်ခြင်း။

ရာဇဝင်ချုပ်ပထမစာစောင်တွင်ရှိသည့်ဆွေစဉ်မျိုးဆက်နှင့်အမည်နာမစာရင်းရှိသည့် ပထမအခန်းကြီး ၁၂ခု၏အဆုံးပိုင်းနားတွင်ရှိသည့်ဝှက်ထားသောအရာမှာ ဣသခါအမျိုး၏အကြောင်းကို တင်ပြထားသည့် စိတ်ဝင်စားဖွယ်ကျမ်းပိုဒ်တစ်ခုပင်ဖြစ်ပါသည်။ ဤကျမ်းပိုဒ်က ရှောလုမင်းကြီး၏

နိုင်ငံတော်သည် ဒါဝိဒ်ထံသို့ရောက်ရှိသွားသည့်အချိန်တွင် ဖော်ပြထားသည့် လူမျိုးအကြောင်းကို ဖော်ပြထားပါသည်။ "ကာလအချိန်တို့ကိုနားလည်၍ ဣသရေလအမျိုးသည် အဘယ်သို့ပြုသင့်သည်ကိုသိတတ်သော ဣသခါအမျိုးသားသူကြီးနှစ်ရာ၊ သူတို့အမျိုးသားချင်းအပေါင်းတို့သည် အသင့်ရှိကြ၏။" (၁ရာဇဝင် ၁၂း ၃၂ ) ဣသခါအမျိုးသည် သူတို့နေထိုင်ရမည့်အချိန်ကာလကိုလည်း နားလည်သလို ဣသရေလအမျိုးသားများလုပ်ဆောင်သင့်သောအရာကိုလည်း သိတော်မူသည်။ တနည်းအားဖြင့် သူတို့သည် ဉာဏ်အမြော်အမြင်ရှိသောသူများဖြစ်သည်။ လူမျိုးတစ်မျိုးအနေဖြင့် သူ၌ရှိသောအသိဉာဏ်ပညာကိုအခြေအနေနှင့်လိုက်လျောညီထွေမှုရှိအောင် အဘယ်သို့အသက်ရှင်ရမည်ကိုလည်း သိကြပါသည်။

ပြင်ဆင်သည့်နေရာဖြစ်တော်မူသောအသင်းတော်သည် ခရစ်တော်အတွက်ပျောက်ဆုံးသူများကိုရရှိရန်လည်းကောင်း၊ ၎င်း၏ခေါင်းဆောင်များနှင့်အသင်းသားများက သူတို့အသက်ရှင်ရမည့်အချိန်ကာလနှင့်မည်သို့တုန့်ပြန်ရမည်ဟူသောအချက်ကိုနားလည်ရန်လိုအပ်သည်ကိုလည်းကောင်း သတိပြုမိအသင်းတော်ဖြစ်ပေသည်။ ထိုသို့သောအသင်းတော်တစ်ခုဖြစ်ရန်ဟူသည်မှာ ၎င်း၏ခေတ်ပြိုင်ထုံးတမ်းဓလေ့များကို ကြောက်ရွံ့ခြင်းမရှိဘဲ ၎င်းကိုစုံလင်စေပြီး ခရစ်တော်၏ဧဝံဂေလိလုပ်ငန်းနှင့် ၎င်းကိုဆွဲဆောင်ပြီးလွှမ်းမိုးရမည့်အစီအစဉ်ကိုတည်ဆောက်ရမည်ဟုဆိုလိုသတည်း။ ၎င်း၏ခေတ်ပြိုင်းထုံးတမ်းဓလေ့များနှင့်လုပ်ဆောင်ချက်များကို ပြဿနာနှင့်အပြစ်များဟုသဘောထားပြီး ငြင်းပယ်လိုက်ခြင်းသည် ရိုးစင်းသောတုန့်ပြန်မှုတစ်ခုအဖြစ် ထိရောက်စေခြင်းမရှိ၊ ထိရောက်စေလိမ့်မည်လည်းမဟုတ်ပါ။ အသင်းတော်များသည် ၎င်းတို့တည်နေသည့်ထုံးတမ်းဓလေ့များ၏အကျိုးသက်ရောက်စေမှုကိုဖြစ်စေသော်လည်း သူတို့ကိုအဘယ်မျှလောက်ထိခိုက်စေပြီး မည်သို့သောကျယ်ပြန့်မှုသည် ၎င်းတို့၏ခေါင်းဆောင်များအပေါ်တွင် တည်နေမှာ သူတို့သည် ကြိုတင်လုပ်ဆောင်မှုသို့မဟုတ် အမှန်တကယ်လုပ်ဆောင်နေတုန်းဟူသောအချက်တွင် တည်နေသည်။ ထို့ကြောင့် အသင်းတော်တစ်ခုသည် ၎င်း၏ထုံးတမ်းဓလေ့ကို လစ်လျူရှုရန်ဆုံးဖြတ်ထားလျှင် ၎င်းနှင့်ဆက်စပ်မှုမရှိတော့ဘဲ လုံးဝသီးခြားနေရန်သာကြိုးစားသင့်ပါသည်။ ဤအချက်ကသာ သူတို့ကို လုံးဝထိခိုက်စေမည်မဟုတ်ပါ။ အကြောင်းမှာ ၎င်းသည် ပျက်စီးယိုယွင်းနေသောကမ္ဘာကြီးတွင် ဆားနှင့်အလင်းဖြစ်နိုင်တော့မည်မဟုတ်ပါ။ (မဿဲ ၅း ၁၃- ၁၆ ) ထို့ကြောင့် အသင်းတော်များသည် ဖြစ်ပေါ်လာသည့်အရာအပေါ်တုန့်ပြန်ထားခြင်းထက် ကြိုတင်ကာကွယ်မှုကိုလုပ်ဆောင်သင့်သည်။ သူတို့သည် ပတ်ဝန်းကျင်တွင်ဖြစ်ပေါ်နေသောအရာကို ပြန်လည်တုန့်ပြန်ရုံသက်သက်မလုပ်ဆောင်နိုင်ပါ။ သူတို့သည် ဧဝံဂေလိတရား၏တန်ခိုးတော်အားဖြင့် စစ်မှန်သောအပြောင်းအလဲတစ်ခုအဖြစ်သို့ လှုံ့ဆော်စေသောအရာတစ်ခုဖြစ်လာရန်ပင် အရေးကြီးပါသည်။ အတူတကွပူးပေါင်းလုပ်ဆောင်သောအသင်းတော်များသည် ခိုင်မာသောစွမ်းအားတစ်ခုကိုပိုင်ဆိုင်ကြပြီး မြို့များ၊ ပြည်နယ်များ၊ ဒေသများ၊ နိုင်ငံတစ်ခုကိုပင် ထိုးဖောက်လွှမ်းမိုးနိုင်ပါသည်။

ကမ္ဘာကြီးတွင် ကြိုတင်ကာကွယ်လုပ်ဆောင်ပြီးလှုံ့ဆော်သောသူဖြစ်လာနိုင်ရန် အသင်းတော်များသည် ဘုရားသခင်ကတိထားတော်မူသောဉာဏ်ပညာအတွက် ဘုရားသခင်ထံသို့ ပြန်လှည့်ရန်လိုအပ်ပါသည်။ (ယာကုပ် ၁း ၅- ၈ ) ဘုရားသခင်ကိုရှာဖွေသည့်ဤအချိန်ကာလအတွင်း (နေ့ရက်များ၊ ရက်သတ္တပတ်များ၊ လပေါင်းများစွာကျော်လွန်နိုင်သည်) အသင်းတော်ခေါင်းဆောင်များသည် သူတို့အသက်ရှင်သောအချိန်ကာလ၊ သူတို့အားလုပ်ဆောင်စေလိုသောအရာ၊ ထိုလုပ်ဆောင်စေလိုသောအရာများကိုမည်သို့လုပ်ဆောင်စေလိုသည် စသည်များကိုသိရှိရန် အကူအညီတောင်းခံကြရန်လိုအပ်သည်။ သူတို့သည် ဤဉာဏ်ပညာနှင့်ဗဟုသုတကိုရရှိကြသောကြောင့် သူတို့သည် အကြောင်းပြုမည်အကြောင်း တိကျသည့်အစီအစဉ်ကိုချမှတ်လျက် သူတို့၏ခေတ်အလိုက်ထုံးတမ်းဓလေ့များနှင့်အတူ အပြန်အလှည်လုပ်ဆောင်ဖို့လိုအပ်သည်။ တနည်းအားဖြင့် အသင်းတော်ခေါင်းဆောင်များသည် အသင်းသားများအား ဤစိန်ခေါ်မှုအတွက် အသင်းသားများအားပြင်ဆင်သည့် မည်သည့်သင်ကြားခြင်းလုပ်ငန်းကိုလုပ်ဆောင်သင့်သည်အကြောင်း ဆုံးဖြတ်ချက်ချရန်လိုအပ်ပါသည်။ သူတို့သည် ၄င်းတို့၏အဖွဲ့အစည်းနှင့်ကမ္ဘာတွင် ကွဲပြားခြားနားမှုကိုတွေ့ရှိနိုင်ရန် အတူတကွပူးပေါင်းလုပ်ဆောင်သင့်သောအရာကိုလည်း ဆုံးဖြတ်ချက်ချမှတ်သင့်ပါသည်။ ဤအကြောင်းအရာများမှာ အဓိကထားဦးတည်ရမည့် အရေးကြီးသောအချက်များဖြစ်ပါသည်။

သူတို့သည် အဆီးအတားမဟုတ်ဘဲ လမ်းတံတားကိုတည်ဆောက်ကြရန်လိုအပ်သည်။

ဤအကြောင်းအရာများနှင့်ခေတ်အလိုက်ထုံးတမ်းဓလေ့များကိုချိန်ဆလိုက်သောအခါ ပျောက်ဆုံးသောသူများကိုရရှိရန်တံတားတည်ဆောက်နိုင်မည့် ကြိုတင်နည်းလမ်းများကို အသင်းတော်ခေါင်းဆောင်များက ရှာဖွေထားရန် အရေးကြီးလှပါသည်။ တံတားကိုတည်ဆောက်ပြီးပျောက်ဆုံးသူများအတွက် ကမ်းလက်ကြိုနေသောအသင်းတော်များစွာရှိသော်လည်း မယုံကြည်သူများအနေဖြင့် အတားအဆီးနံရံများကိုတည်ဆောက်သည့်အသင်းတော်များကို မမျှော်လင့်ဘဲ တွေ့ကြုံကြရတတ်သည်။ အတားအဆီးနံရံသည် စိတ်ဝင်တစားမရှိခြင်း၊ ရှုပါရှုလိုအပ်ခြင်း၊ အပြောင်းအလဲကိုမလိုအပ်ဘဲ အတိတ်ဘဝတွင်နေလိုခြင်း၊ ယေရှုက မယုံကြည်သူများကိုလက်ခံသည့်နည်းလမ်းဖြင့် မယုံကြည်သူများကိုလက်ခံလိုစိတ်မရှိခြင်းတို့က တည်ဆောက်ထားသည့် အတားအဆီးပင်ဖြစ်ပါသည်။

အထက်တွင်ဖော်ပြထားသမျှသောအရာသည် အသင်းတော်တစ်ခုအတွက် မကျန်းမာသည့်အခြေအနေသာဖြစ်သည်။ ထိုသို့သောအသင်းတော်များမှာ နာမကျန်းဖြစ်ကြပြီး ဆရာဝန်နှင့်ပြသရန်လိုအပ်ပါသည်။ သူတို့၏လက်ရှိအခြေအနေကြောင့် သူတပါးအား ဝိညာဉ်ပိုင်းဆိုင်ရာလိုအပ်မှုကိုအကူအညီပေးနိုင်ခြင်းမရှိပါ။ သူတို့သည်လည်း ထိုအချက်တွင် လိုအပ်မှုရှိနေပေသည်။ ထိုသို့

သောအသင်းတော်တွင်တက်ရောက်လျက်ရှိသောသူသည် နွေးထွေးမှုနှင့်အရေးပေးမှုကို မခံစားရကြောင်း သိမြင်လာသည်။ ဤအသင်းတော်သည် ၎င်းအားပေးရမည့်အရာဘာမျှမရှိသောကြောင့် ချန်လှပ်ထားခဲ့ပြီး အားလုံးသည်အတူတူပင်ဖြစ်သည်ဟုယုံကြည်လျက် အခြားအသင်းတော်များသည် နောက်တဖန်ရှာဖွေခြင်းရှိတော့မည်မဟုတ်ပါ။ ဤသို့သောအသင်းတော်များသည် ၎င်းတို့၏ဦးတည်ချက်များကိုဆုံးရှုံးပြီး ခရစ်တော်သည် ၎င်းတို့၏ပထမဆုံးအချစ်သည်ဖြစ်သည်ကိုလည်း ဆုံးရှုံးကြပါသည်။ သူတို့သည် ခရစ်တော်၏ကိုယ်ခန္ဓာအဖြစ် အသက်ရှင်သော၊ ကြီးထွားသောအဖွဲ့အစည်းအတိုင်း အသင်းတော်လုပ်ဆောင်သင့်သည်အတိုင်း လုပ်ဆောင်ခြင်းမရှိပါဘဲ ဖြစ်သလိုသာ "လုပ်ဆောင်" ကြပါသည်။ သူသည် ရူပါရုံ မျှော်လင့်ချက်မရှိဘဲ သေအံ့ဆဲဆဲပင် အသက်ရှင်နေရုံသက်သက်သာဖြစ်သည်။ ထိုသို့သောအသင်းတော်သည် ထုံးတမ်းဓလေ့နှင့်ပြည့်နေသောအသင်းတော်သာဖြစ်လာပေမည်။ တနည်းအားဖြင့် သူတို့သည် တစ်ပတ်ပြီးတစ်ပတ် တည်ရှိနေရသည့်ရည်ရွယ်ချက်ကိုပျောက်ဆုံးပြီး တူညီသောအရာကို သာလုပ်ဆောင်ကြသည်။ ထိုအရာကို ဆက်လက်လုပ်ဆောင်ကြပါသည်။ သူတို့၏မကွဲပြားမှုတွင် သက်သောက်သက်တာဖြစ်လာခြင်းတွင် ဧဝံဂေလိလုပ်ငန်း၊ သမ္မာကျမ်းစာလေ့လာခြင်း၊ အခြားသူများကိုအစေခံခြင်း စသော သက်တောင့်သက်တာမရှိဘဲ ခက်ခဲသောအရာများကို သူတို့ကိုယ်ပိုင်သက်တောင့်သက်တာရှိသည့်ဇုန်ကိုသာ တိုးပွါးစေကြသောကြောင့် နည်းနည်းသာလုပ်ဆောင်နိုင်ကြသည်။ အကျိုးသက်ရောက်မှုမှာ ထိုသို့သောအသင်းတော်များ၏အသင်းသားများသည် ဘုရားသခင်နှင့် ၎င်း၏လုပ်ဆောင်ချက်အတွက် ၎င်းတို့၏စိတ်အားထက်သန်မှုနှင့်ရူပါရုံများသည် အသီးအပွင့်နည်းပါလာခြင်းကိုဖြစ်စေသည်။ ဤသို့သောအသင်းတော်များသည် ခြောက်သွေ့ပြီး အသုံးမရသည့် တန်ဖိုးမဲ့အကိုင်းအခက်များကဲ့သို့ဖြစ်လာကြသည်။ (ယောဟန် ၁၅း ၅-၆ )

အုတ်နံရံတစ်ခုသာရှိသောအသင်းတော်များတည်ဆောက်နိုင်သောအရာမှာ ကြီးထွားလာမှုမရှိနှင့်/သို့မဟုတ် အတွင်းပိုင်းကိုသာဦးတည်လာခြင်းဖြစ်လာပါသည်။ ဤသို့ဖြစ်ပျက်လာသေအခါ သူတို့သည် သူတို့နှင့်မတူသည့်အသင်းသားများနှင့်ဆက်နွယ်သည့်ခက်ခဲသောအချိန်ကာလထဲတွင် ရှိနေနိုင်ကြသည်။ ကွဲပြားခြားနားမှုရှိသောလူများသည် နောက်ပိုင်းတွင်အသင်းတော်ရှိလူများ အသင်းတော်ရှိလူများကဲ့သို့ဖြစ်လာရန် ထုံးတမ်းစဉ်လာနှင့်အတူကိုက်ညီစေခြင်းမရှိလျှင် မိမိကိုယ်ကိုထွေးနွေးစွာလက်ခံထားခြင်းမရှိဟု ခံစားလာကြသည်။ ထိုသို့သောအသင်းတော်များသည် ခရစ်တော်နှင့်မတူဘဲ အခွန်ခံနှင့်အပြစ်ရှိသူတို့၏မိတ်ဆွေကောင်းများဖြစ်လာနိုင်စရာအကြောင်းမရှိပါ။ (မဿဲ ၁၁း ၁၉၊ လုကာ ၁၅း ၁-၂ ) ပြည့်တန်ဆာကိုလည်း လက်မခံကြပေ။ (လုကာ ၇း ၃၆- ၅၀) သူများသားမယားကိုပြစ်မှားသောသူ ( ယောဟန် ၄း ၁၆- ၁၈ ) ကြမ်းတမ်းခက်ထန်သောတေးဂီတများကိုနားထောင်လိုသောသူ၊ ဆေးလိပ်သောက်သောသူ၊ ဆံပင်နှင့်ကိုယ်ခန္ဓာကိုဆေးရောင်ခြယ်သသောသူ၊ သို့မဟုတ် မတူညီသောလူမျိုးများ၊ တိုင်းနိုင်ငံများ သို့မဟုတ် ထုံးတမ်းဓလေ့ စသဖြင့်တို့

ကို လက်ခံကြမည်မဟုတ်ပါ။ ဤအသင်းတော်က ခရစ်တော်၏မဟာစေခိုင်းချက်အကြောင်းကို လုံးဝနားမလည်နိုင်ကြတော့သည့်အချက်မှာ ဝမ်းနည်းစရာပင်ဖြစ်ပါသည်။ "သင်တို့သွား၍ လူမျိုးတကာတို့ကိုငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေးကြလော့။ ငါသည် သင်တို့အားပေးသမျှသော ပညတ်တော်တို့ကိုစောင့်လျှောက်စေခြင်းငှါ ဆုံးမသြဝါဒပေးကြလော့။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်ဟု တပည့်တော်တို့အား မိန့်တော်မူ၏။" (မဿဲ ၂၈း ၁၉- ၂၀)

အခြားအဓိကအုတ်နံရံတစ်ခုမှာ စည်းမျဉ်းစည်းကမ်းများ၊ လက်တွေ့လုပ်ဆောင်မှုများ၊ ထုံးတမ်းဓလေ့များပင်ဖြစ်ပါသည်။ အခြားတိုးချဲ့လုပ်ဆောင်ချက်များတွင် ဤအရာများသည် မရှိမဖြစ်လိုအပ်သော်လည်း အသင်းတော်များက သူတို့သည် ဘုရားသခင်နှင့်ခိုင်မာသောဆက်နွယ်မှု၊ခရစ်တော်နှင့်စစ်မှန်သောအချိန်ယူမှု၊ ကျမ်းစာနှင့်ခိုင်မြဲမှု၊ သို့မဟုတ် ခရစ်တော်အတွက် ပျောက်ဆုံးသူများကိုရရှိလိုသည့်ဆန္ဒထက် လူတို့လုပ်ဆောင်သည့်နည်းစနစ်များက ပိုမိုအရေးတကြီးဖြစ်လာသည့်နေရာအသင်းတော်ထုံးတမ်းဓလေ့များကိုဖန်တီးကြခြင်းမဟုတ်ကြောင်းကို သေချာစွာသိရှိရန်လိုအပ်ပါသည်။ ထိုသို့သောနည်းစနစ်များကိုဖန်းတီးလုပ်ဆောင်သည့်အခါ အသင်းတော်များသည် ဘုရားသခင်ထက် ထိုနည်းစနစ်အပေါ်မှာသာ အာရုံထားလာကြပါသည်။သူတို့သည် အတွင်းပိုင်းလိုအပ်ချက်အာရုံစိုက်လာသည်ထက် သူတို့၏ကိုယ်ပိုင်လိုအပ်ချက်ကိုသာ ဦးစားပေးစဉ်းစားလာတတ်ကြသည်။ ဤအရာက အသင်းသားသားများနှင့်အသင်းတော်၏ထုံးတမ်းဓလေ့များကိုမကျန်းမာစေသော၊ လိုက်လျောညီထွေမှုမရှိသောအချက်တွေကိုဖြစ်စေနိုင်သည့် မာန်မာနနှင့်တင်းမာမှုတွေကိုသာဖြစ်စေပါသည်။ ထိုအရာ၏နည်းစနစ်များကိုအကာအကွယ်ပေးပြီးတည်နေခြင်းက ၎င်း၏အဓိကဦးတည်ချက်ဖြစ်လာပါသည်။ ထိုသို့သောအသင်းတော်များသည် တည်ဆောက်ထားသည့်အပြုအမူတွင် ၎င်းတို့၏ခေတ်ပြိုင်ထုံးတမ်းဓလေ့များကို လိုက်၍မှီနိုင်မည်မဟုတ်ပါ။ သူတို့၏နည်းစနစ်နှင့် ဟောပြောသောစကားသည် ပျောက်ဆုံးသောသူများထက် လုပ်ဆောင်မှုတာဝန်နှင့်၎င်းတို့နည်းစနစ်များကိုသာ ဦးတည်လျက်ရှိသည်။ ဤသို့သောအသင်းတော်တစ်ခုသည် မတူညီသောအကြောင်းတရား၏အဓိကဖြစ်လာနိုင်သည်။ ဖြစ်လာနိုင်စရာအကြောင်းတစ်ခုမှာ ဤအသင်းတော်သည် ၎င်းပတ်ဝန်းကျင်တွင် လူတို့ဘုရားကျောင်းတက်ဖို့ တစ်ခုတည်းသောနေရာ သို့မဟုတ် ရှိသည့်အရာထဲက အကောင်းဆုံးရွေးချယ်မှုဖြစ်နိုင်ပါသည်။ ယုံကြည်သူများကြီးထွားရာအသင်းတော်လည်းဖြစ်နိုင်ပါသည်။ ထို့ကြောင့် ထွက်ခွါသွားရန် လုံးဝမစဉ်းစားပါနှင့်။ အခြားအကြောင်းရင်းတစ်ခုမှာ အသင်းတော်တစ်ခုသည် လုပ်ဆောင်သောအရာသည် ဘုရားသခင်က အသင်းတော်အားလုပ်ဆောင်စေလိုသောနည်းလမ်းဖြစ်သည်ဟု ယုံကြည်ကြသဖြင့် ၎င်းအသုံးပြုသည့်နည်းစနစ်ကိုသဘောတူလက်ခံသောအသင်းသားများကို စုဆောင်နိုင်ပါသည်။ ထို့ကြောင့် သူတို့သည် ၎င်းကိုကာကွယ်စောင့်ထိန်း

လိုကြပြီး အခြားသူများကိုလည်း ၎င်းအား ထိန်းသိမ်းကြရန် ယှဉ်ပြိုင်လိုကြသည်။ သို့သော် ထိုသို့သောအသင်းတော်သည် ၎င်းသွားရာလမ်းကို ပျောက်ဆုံးတတ်သည်။

ယေရုရှလင်ကောင်စီကိုကျင်းပပြီးနောက်တွင် တပါးအမျိုးသားယုံကြည်သူများသည် မောရှေ၏ပညတ္တိကျမ်းများကိုစောင့်ထိန်းရမည်(တမန် ၁၅း ၁၊ ၅ )ဟု တွန်းအားပေးသော ဖာရိရှဲများကြောင့် ဤတပါးအမျိုးသားများနှင့်ပါတ်သက်ပြီး အောက်ပါအတိုင်းဆုံးဖြတ်ချက်ချခဲ့ကြသည်မှာ စိတ်ဝင်စားစရာပင်ဖြစ်ပါသည်။

> [၂၈]“ရုပ်တုရှေ့မှာပူဇော်သောယဇ်ကောင်းကို၎င်း၊အသွေးကို၎င်း၊[၂၉]လည်ပင်းကိုညစ်၍သတ်သောအရာကို၎င်း၊ မတရားသောမေထုန်ကို၎င်း ကြဉ်ရှောင်ရမည်ဟူသောပညတ်မှတပါး အခြားသောဝန် သင်တို့၏အပေါ်၌ တင်ခြင်းငှါ သန့်ရှင်းသောဝိညာဉ်တော်နှင့်ငါတို့သည် အလိုမရှိ။ ထိုအရာများကို ကြဉ်ရှောင်အပ်၏။ ကျန်းမာကြပါစေသောဟုရေး၍ ပေးလိုက်သတည်း။” (တမန် ၁၅း ၂၈- ၂၉ )

ဤဆုံးဖြတ်ချက်ကိုဖြစ်စေသည့် ပေတရု၏တိုက်တွန်းမှုတစ်ခုမှာ “သို့ဖြစ်လျှင်၊ ငါတို့နှင့်ငါတို့ဘိုးဘေးများ မထမ်းနိုင်သောထမ်းဘိုးကို တပည့်တော်တို့၏လည်ပင်းပေါ်၌ တင်စေခြင်းငှါ အဘယ့်ကြောင့် ဘုရားသခင်ကိုစုံစမ်းကြသနည်း” ( တမန် ၁၅း ၁၀ ) ဖြစ်သည်။ ဤအဆိုပြုချက်ကြောင့် တပါးအမျိုးသားအသင်းတော်များသည် ဓမ္မဟောင်းကျမ်း၏ကိုယ်ကျင့်တရားဆိုင်ရာပညတ်ချက်နှင့်တမန်တော်များနှင့်ပရောဖက်များထံမှရရှိထားသည့်ဖော်ပြချက်အသစ်အားလုံးနှင့်အညီအသက်ရှင်ရမည်ဟူသော မျှော်လင့်မထားသည့်ဆုံးဖြတ်ချက်ထွက်ပေါ်လာခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်နှင့်ကောင်စီသည် အထက်ပါအချက်နှစ်ချက်မှတပါး အဘယ်ဥပဒေသများကိုလည်း ချမှတ်တော်မမူခဲ့ပါ။ သူတို့သည် ဤယုံကြည်သူသစ်များအား ဖာရိရှဲနှင့်ဇက္ကုကဲများကျင့်ဆောင်သကဲ့သို့ ဝန်ထုတ်ဝန်ပိုး မဖြစ်စေလိုကြပါ။ (မဿဲ ၂၃ ) ထို့ကြောင့် သူတို့မျှော်လင့်ထားသောအရာမှာ ကိုယ်ကျင့်တရားလိုက်နာမှု၊ ဗတ္တိဇံနှင့်ပွဲတော်မင်္ဂလာကိုကျင့်သုံးမှုနှင့်အစားအသောက်ဆိုင်ရာကန့်သတ်မှုများပင်ဖြစ်ပါသည်။

သူတို့သည် ဥပဒေသများ၊ လက်တွေ့ကျင့်သုံးထားမှုများ၊နှင့် တစ်စုံတစ်ယောက်က သမ္မာကျမ်းစာထဲမှ လုပ်ကြံပြောဆိုသည့် ထုံးတမ်းဓလေးများအားဖြင့်မဟုတ်ဘဲ သမ္မာကျမ်းစာ၏အခြေခံသဘောတရားအတိုင်း စီမံလုပ်ဆောင်ထားသောကြောင့် ယနေ့ခရစ်ယာန်အသင်းတော်များအတွက် စံနမူနာကောင်းတစ်ခုပင်ဖြစ်ပါသည်။ အသင်းတော်များသည် ယေရှုခရစ်၏အချိန်ကာလတွက် ရှိကြကုန်သော ဖာရိရှဲနှင့်ဇက္ကုကဲများ၏အကျင့်တရားများနှင့် အမြဲတမ်း မိမိကိုယ်ကို ဆန့်ကျင်ဘက်ပြုနေရမည်။ ယေရှုက သူတို့အား အောက်ပါအတိုင်း ဆုံးမတော်မူခဲ့သည်။

[၈]““သင်တို့သည် ဘုရားသခင်၏ပညတ်တော်ကိုပယ်၍ ခွက်ဖလားဆေးခြင်းတည်း
ဟူသော လူတို့မှဆက်ခံသောနည်းဥပဒေသကိုခံယူလျက်၊ ထိုသို့သောအခြား အ
ကျင့်အလေ့များတို့ကိုကျင့်လေ့ရှိကြ၏။ [၉]သင်တို့သည် အဆက်ဆက်ခံသောနည်း
ဥပဒေသကိုကျင့်ရသောအခွင့်ရှိစေခြင်းငှါ၊ ဘုရားသခင်၏ပညတ်တော်ကို လျှောက်
ပတ်စွာပယ်ကြသည်တကား။”” (မာကု ၇း ၈- ၉ )

ထိုသို့သောအကျင့်စရိုက်သည် အသင်းတော်များအား လူတို့၏အဓိကလိုအပ်ချက်များကို ပြုစုလုပ်ဆောင်ပေးနိုင်ခြင်းမရှိစေရန် အားနည်းစေသည်။ သူတို့သည် မထင်ရှားသည့်လက်တွေ့ကျင့်သုံးမှုနှင့်ပါတ်သက်ပြီး ၎င်းတို့၏ကိုယ်ကာယခွန်အားကိုများစွာအသုံးပြုခြင်းဖြင့်သာ အဆုံးသတ်ကြပါသည်။ ဤအရာများဆက်လက်ဖြစ်ပျက်လာနိုင်ဖို့ရန် ဥပဒေသများ၊ အကျင့်စာရိတ္တများ၊ ထုံးတမ်းစဉ်လာများ၊ လူတို့ကျေနပ်အားရစေသည့်အရပ်ဒေသ၊ အသင်းတော်ဂိုဏ်းဂဏများမဟုတ်ဘဲ ယေရှုသည်သာ အသင်းတော်၏ပထမဆုံးမေတ္တာတွင်တည်နေရန်ဖြစ်သည်။ (ဗျာ ၂း ၁- ၇ ) ထိုအချက်များကိုသာဦးစားပေးတည်ဆောက်ထားသည့်အသင်းတော်သည် စတင်ခြောက်ကပ်လာပြီး အသုံးမရဖြစ်လာလိမ့်မည်။

## ခပ်သိမ်းသောသူတို့၌ ခပ်သိမ်းသောအရာဖြစ်လာခြင်း

ပျောက်ဆုံးသောသူများကိုသိမ်းဆည်းရနိုင်ဖို့ အသင်းတော်သည် မည်သည့်နည်းဗျူဟာများကို အသုံးပြုသင့်ပါသနည်း။ အဖြေမှာ ၁ကော ၉း ၁၉- ၂၃ တွင် တွေ့ရှိနိုင်ပါသည်။

[၁၉]“ငါသည် အဘယ်သူ၏ကျွန်မဖြစ်သော်လည်း သာ၍များသောသူတို့ကိုရခြင်းငှါ
လူတကာတို့၏ကျွန်ခံရ၏။ [၂၀]ယုဒလူတို့ကိုရခြင်းအလို့ငှါ ယုဒလူတို့၌ ယုဒလူကဲ့သို့
ဖြစ်၏။ ပညတ်တရားကို ကိုယ်တိုင်မဆည်းကပ်သော်လည်း ပညတ်တရားကို
ဆည်းကပ်သောသူတို့ကိုရခြင်းအလို့ငှါ၊ ပညတ်တရားကိုဆည်းကပ်သောသူတို့၌
ပညတ်တရားကိုကျင့်သောသူကဲ့သို့ဖြစ်၏။ [၂၁]ဘုရားသခင့်ရှေ့တော်၌တရားမဲ့မနေ၊
ခရစ်တော်၏တရားကိုကျင့်သောသူဖြစ်သော်လည်း ပညတ်တရားမဲ့သောသူတို့ကို
ရခြင်းအလိုငှါ ပညတ်တရားမဲ့သောသူတို့၌ပညတ်တရားမဲ့သောသူကဲ့သို့ဖြစ်၏။
[၂၂]အားနည်းသောသူတို့ကိုရခြင်းအလို့ငှါ၊ အားနည်းသောသူတို့၌အားနည်းသောသူ
ကဲ့သို့ဖြစ်၏။ အချို့သောသူတို့ကို တစုံတခုသောအမှုအရာအားဖြင့် ကယ်တင်ခြင်း
အလို့ငှါ၊ ခပ်သိမ်းသောသူတို့၌ ခပ်သိမ်းသောအရာဖြစ်၏။ [၂၃]သင်တို့နှင့်အတူ ဧဝံ

ဂေလိတရားကို ဆက်ဆံခြင်းအလို့ငှါ၊ ဇာဝဂေလိတရားကြောင့် ထိုသို့ငါပြုလေ့ရှိ၏။" ( ၁ကော ၉း ၁၉- ၂၃ )

ဤကျမ်းပိုဒ်တွင် ရှင်ပေါလုက ရောမနိုင်ငံသားဖြစ်၍ လွတ်လပ်သဖြင့် အဘယ်သူ၏ကျွန်မဖြစ်သော်လည်း "လူတကာ၏ကျွန်" အဖြစ် မိမိကိုယ်ကို ရည်ရွယ်ချက်ရှိရှိခံယူသည်။ (အပိုဒ် ၁၉) မည်သို့လုပ်ဆောင်ခဲ့သနည်း။ ယုဒလူတို့၌ ယုဒလူကဲ့သို့လည်းကောင်း၊ ပညတ်တရားအောက်တွင်ရှိသောသူတို့၌ ပညတ်တရားအောက်၌ရှိသောသူအဖြစ်၌လည်းကောင်း၊ တရားမဲ့သောသူတို့၌ တရားမဲ့သောသူတို့၌ တရားမဲ့သောသူကဲ့သို့လည်းကောင်း၊ အားနည်းသောသူတို့၌ အားနည်းသောသူအဖြစ်၌လည်းကောင်း ရှိခြင်းအားဖြင့်ဖြစ်သည်။ (အပိုဒ် ၂၀- ၂၂ ) တနည်းအားဖြင့် လွတ်လပ်မှုရှိသောသူသည် သူ၏ကိုယ်ပိုင်အခွင့်အရေးများနှင့်ဆန္ဒကိုလစ်လျူရှုထားပြီး သူရရှိရန်မျှော်လင့်သောသူများကဲ့သို့ဖြစ်လာရန် ရည်ရွယ်ထားချက်ဖြင့် လုပ်ဆောင်သည်။ ထို့ကြောင့် ရှင်ပေါလုက "အချို့သောသူတို့ကို တစုံတခုသောအမှုအရာအားဖြင့် ကယ်တင်ခြင်းအလို့ငှါ၊ ခပ်သိမ်းသောသူတို့၌ ခပ်သိမ်းသောအရာဖြစ်၏" ဟု ဆိုထားသည်။ (အပိုဒ် ၂၂ ) ရှင်ပေါလုက ခရစ်တော်အတွက် ရရှိရန်သူကြိုးစားထားသောလူများကဲ့သို့ဖြစ်လာနိုင်ဖို့ရန် သူနှင့်အလွန်ရင်းနှီးကျွမ်းဝင်သောအရာ၊ သက်သောင့်သက်သာရှိသောအရာများ၊ သူ့အတွက်အရေးကြီးသောအရာများလည်းဖြစ်နိုင်သည်များကို စွန့်လွှတ်ထားခဲ့သည်။ သို့ရာတွင် ကျွန်ုပ်တို့သတိပြုရမည့်အချက်မှာ သူသည် ဤသို့သောအရာများကို ယုံကြည်ခြင်းအားရှုပ်ထွေးစေခြင်းမပြုဘဲ လုပ်ဆောင်ထားခြင်းဖြစ်သည်။ သူက "ဘုရားသခင်ရှေ့တော်၌တရားမဲ့မနေ၊ ခရစ်တော်၏တရားကိုကျင့်သောသူဖြစ်သော်လည်း" ဟု ဆိုထားသည်။ (အပိုဒ် ၂၁ ) ခပ်သိမ်းသောသူတို့၌ ခပ်သိမ်းသောအရာဖြစ်ခြင်းဟူသည်မှာ လူတစ်ယောက်က မိမိ၏ခံယူချက်သည် မှားယွင်းသောအရာဖြစ်သည်ဟု တွေ့ရှိထားခြင်းမဟုတ်လျှင် သမ္မာကျမ်းစာခံယူချက်ဩဝါဒကို ပြောင်းလဲစေခြင်းမဟုတ်ပါ။

ဤအကြောင်းအရာနှင့်ပါတ်သက်ပြီး ရှင်ပေါလု၏လုပ်ဆောင်ချက်၊ အပြုအမူနှင့် စိတ်နေသဘောထားမှာ ယနေ့ခေတ်အသင်းတော်နှင့်၎င်း၏အသင်းဝင်များအတွက် စံနမူနာကောင်းပင်ဖြစ်ပါသည်။ ဇာဝဂေလိတရားအားဖြင့် လူများအားခရစ်တော်ထံသို့ပို့ဆောင်စေခြင်းငှါ ယုံကြည်သူများနှင့်အသင်းတော်များသည် မိမိတို့ကိုယ်တိုင်နှင့်မယုံကြည်သူများကြားတွင် အဆီးအတားဖြင့် စည်းမခြားဖို့အရေးကြီးပါသည်။ အခြေခံအုတ်မြစ်ကိုတည်ဆောက်ထားရမည်ဖြစ်သည်။ အသင်းတော်နှင့်၎င်း၏အသင်းသားများက မယုံကြည်သူများနှင့်အမြဲဆက်နွယ်နေနိုင်သည့်နည်းလမ်းများကို ရှာဖွေတွေ့ရှိရပါမည်။ ဤအမှုတော်ကို အထမြောက်စေရန်အတွက် အသင်းတော်တစ်ခုသည် ထိုလက်တွေ့ကျင့်ဆောင်စရာများ၊ အပြုအမူများ၊ ရည်ညွှန်းထားချက်များ၊ ထုံးတမ်းဓလေ့များ၊ သမ္မာကျမ်းစာ၊ နည်းဥပဒေသများ၊ အမူအကျင့်များကို မမှန်မကန်နားလည်ခြင်းများကို ခွဲချနိုင်ရန် ဘုရားသခင်ထံ ဒူးထောက်တောင်းခံရမည်ဖြစ်သည်။ ထိုအရာများသည် အသင်းတော်တစ်ခုအနေဖြင့် လုပ်

ဆောင်ရန် ၄င်း၏အစွမ်းအစကို ထိခိုက်စေသောအရာများဖြစ်ကြပါသည်။ ၄င်း၏အခြေခံအုတ်မြစ်အဖြစ် သမ္မာကျမ်းစာ၏မရှိမဖြစ်လိုအပ်သောအချက်ကို ဦးတည်ထားရန်လိုအပ်ပါသည်။ ဤအချက်ကိုပြီးပြည့်စုံသောလုပ်ဆောင်နိုင်ရန် ယုံကြည်သူများသည် သူတို့အတွက် အလွန်ပင်အရေးကြီးလှသည့်အရာများကို လက်လွှတ်အရှုံးခံလိုသည့်စိတ်ရှိရပါမည်။ သို့မှသာ ခပ်သိမ်းသောအရာသည် ခပ်သိမ်းသောသူတို့အဖို့ဖြစ်လာမည်။ ဤအရာမှာ မရှိမဖြစ်လိုအပ်သောအချက်ပင်ဖြစ်ပါသည်။ အကြောင်းမှာ သူတို့ပုံမှန်လုပ်နေသောအရာသည် သမ္မာကျမ်းစာပြည့်စုံလာခြင်းကို အဟန့်အတားပြုနိုင်ပါသည်။

အသင်းတော်ခေါင်းဆောင်များသည် ၄င်းတို့၏အသင်းတော်ပိုမိုထိရောက်သောအသင်းတော်ဖြစ်လာစေရန် အသင်းတော်ထုံးတမ်းစဉ်လာအပြောင်းအလဲကို လုပ်ဆောင်ကြသည့်အချိန်တွင် ထိုအရာသည် အသင်းတော်၌ သဘောထားကွဲလွဲမှုများဖြစ်ပေါ်လာစေသည်။ သဘောထားကွဲလွဲမှုများဖြစ်ပေါ်လာသောလည်း နောက်ဆုံးရလဒ်သည် အပြောင်းအလဲကြောင့်ဖြစ်ပေါ်လာသောနာကျင်မှုနှင့်ထိုက်တန်ပါသည်။ အကြောင်းမှာ ဘုရားသခင်ကို ရှိသေလေးမြတ်ခြင်းသည် လူတို့၏နည်းလမ်းကိုအားကိုးသည်ထက် သာ၍အရေးကြီးလှပါသည်။ ဉာဏ်ပညာအမြော်အမြင်ရှိသောသင်းအုပ်နှင့်သာသနာပြုများသည် ဆုတောင်းခြင်းနှင့် သမ္မာကျမ်းစာကို အလေးအနက်ထားလုပ်ဆောင်ပြီးနောက်တွင်သာ လိုအပ်သည့်အပြောင်းအလဲကိုလုပ်ဆောင်မည်ဖြစ်သည်။ ဤသို့လုပ်ဆောင်ရခြင်း၏အကျိုးကျေးဇူးမှာ သူတို့သည် ၄င်းတို့အသင်းတော်ထုံးတမ်းစဉ်လာ၏မည်သို့သောကဏ္ဍသည် ဆက်လက်ထားရှိသင့်ပြီး မည်သို့သောအခန်းကဏ္ဍသည် အပြောင်းအလဲပြုလုပ်ရန်လိုအပ်သည်ကို ဆုံးဖြတ်နိုင်ပေသည်။ ကျန်းမာသောအပြုအမူအားဖြင့်လုပ်ဆောင်ရန် ၄င်းတို့အသင်းတော်တောင်းဆိုထားသည့်အရာများသာလျှင် ဆက်လက်လုပ်ဆောင်ရန် ခွင့်ပြုထားသင့်ပါသည်။ ဤပြန်လည်အဖိုးဖြတ်ထားခြင်းဖြင့်ပေါင်းစည်းမှုတွင် ၄င်းတို့အသင်းသားများကို အပြောင်းအလဲ၏အကြောင်းတရားနှင့်ပါတ်သက်ပြီး ညွှန်ကြားရန်လိုအပ်ပါသည်။ ဤအရာကို တရားပလ္လင်ပေါ်မှတရားဒေသနာဟောကြားခြင်းအားဖြင့်သော်လည်းကောင်း၊ သမ္မာကျမ်းစာလေ့လာခြင်း၊ တပည့်တော်အုပ်စုများ၊ အသင်းတော်အစည်းအဝေးများအားဖြင့် လုပ်ဆောင်သင့်ပါသည်။ အသင်းတော်တစ်ခုပြုမူလုပ်ဆောင်ရန် ကောင်းမွန်သင့်လျော်သောနည်းလမ်းကိုသွန်သင်ပေးရန် ဘုရားသခင်၏နှုတ်ကပါတ်တော်ကိုအသုံးပြုထားခြင်းသည် အသင်းတော်အသစ်ပြင်ဆင်ခြင်းအတွက် လမ်းခင်းထားခြင်းပင်ဖြစ်ပါသည်။

ဤအပြောင်းအလဲကို တစ်ကြိမ်ပြုလုပ်လျှင် အသင်းတော်တစ်ခုသည် ဘုရားသခင်က ထိုအသင်းတော်အား တည်ထောင်သည့်ခေတ်ပြိုင်ထုံးတမ်းစဉ်လာတစ်ခု၏ရှုထောင့်ကို ခွဲခြမ်းစိတ်ဖြာသင့်ပါသည်။ သူတို့သည် ၄င်းတို့၏ခေတ်ပြိုင်ထုံးတမ်းဓလေ့ကိုအကျိုးသက်ရောက်စေနိုင်ဖို့အတွက် ထိုထုံးတမ်းဓလေ့ကို နားလည်သဘောပေါက်ကြရန်လိုအပ်ပါသည်။ အသင်းတော်တစ်ခုသည် ၄င်းတို့

ရရှိရန်ကြိုးပမ်းအားထုတ်သောသူများကို နားလည်ရမည်။ သူတို့ကဲ့သို့ အဘယ့်ကြောင့် တွေးတော ပြုမူကြသည်ကိုလည်း နားလည်ရပါမည်။ အသင်းတော်များက သူတို့သည် ၄င်းတို့၏ခေတ်ပြိုင် ထုံးတမ်းဓလေ့များကို အလိုအလျောက်နားလည်သဘောပေါက်ကြသည်ဟု မယူဆင့်ပါ။ ထိုသို့ယူဆ မိပါက မှားယွင်းသွားနိုင်ပါသည်။ သူတို့သည် အခြားအသင်းတော်ပေါင်းများစွာ လုပ်ဆောင်သကဲ့ သို့ နှစ်ပေါင်းများစွာသီးသန့်နေထိုင်ခြင်းကြောင့် အပြင်ပိုင်းကမ္ဘာနှင့်တွေ့ထိမှုဆုံးရှုံးသွားနိုင်ပါသည်။ ထိုသို့သောအသင်းတော်များသည် အပြင်လောကကမ္ဘာကိုမေ့တတ်ပြီး သီးသန့်ရပ်တည်သော ကိုယ် ပိုင်ကလပ်တစ်ခုကဲ့သို့ဖြစ်နိုင်ပါသည်။ ထိတွေ့မှုကင်းမဲ့ခြင်း၏အခြားအကြောင်းတရားတစ်ခုမှာ အ သင်းတော်က ၄င်း၏ခေတ်ပြိုင်ထုံးတမ်းစဉ်လာက လုပ်ဆောင်နေသောအရာကို သိမြင်ထားသော် လည်း ၄င်းကို မြင့်တင်ရန် အချိန်ယူထားခြင်းမရှိသောအချက်ပင်ဖြစ်သည်။ လူနှင့်ဆိုင်သော သမ္မာ ကျမ်းစာ ရှုထောင့်ကို ( သူသည်အပြစ်သားဖြစ်ပြီး ၄င်းနှင့်တွဲဖက်သော ကိုယ်ကျင့်တရားများလည်း ထိုနည်းတူဖြစ်သည်။) ၄င်းတို့၏ခေတ်ပြိုင်ထုံးတမ်းဓလေ့ထိုသို့ဖြစ်နေရသည်အကြောင်းနှင့်တွဲဖက် နားလည်ခြင်းက အသင်းတော်ခေါင်းဆောင်များအား အပြုအမူပုံပန်းသဏ္ဍာန်၊ ဦးတည်ချက်များ၊ ရွေ့လျားမှုများ၊ ဇီဇာကြောင်မှုများကို နားလည်လာပေမည်။ အသင်းတော်တစ်ခုသည် ၄င်း၏ခေတ် ပြိုင်ထုံးတမ်းဓလေ့များ၏ဤကဏ္ဍများကို နားလည်လာသောအခါ ထိုအချက်ကို ဧဝံဂေလိတရားဖြင့် ပိုမိုထိုးဖောက်ဝင်ရောက်ပြီး လွှမ်းမိုးလာနိုင်မည်။

ဖော်ပြထားသည်များကိုတုန့်ပြန်မှုပြုရာတွင် အချို့တို့က “ယုံကြည်သူများသည် ၄င်းတို့၏ ခေတ်ပြိုင်ထုံးတမ်းဓလေ့များကိုနားမလည်သည့်တိုင် သမ္မာတရားသည် ၄င်းကို ထိုးဖောက်ပြီး လွှမ်း မိုးနိုင်ပါသည်။ ) ထိုသို့ ထိုးဖောက်နိုင်ဖို့အစွမ်း လုံးဝလုံးလောက်မှုရှိသည်မှာလည်း မှန်ပါသည်။ သို့ သော် ခရစ်ယာန်များသည် ပျောက်ဆုံးသူများထံသို့သွားနိုင်သည့်တံတားကို တည်ဆောက်ရန် ကြိုး စားလုပ်ဆောင်နိုင်ခြင်းမရှိလျှင် မယုံကြည်သူများသည် ၄င်းတို့၏အသက်တာကိုထိုးဖောက်ပြီး ပြောင်းလဲစေနိုင်သောဘုရားသခင်၏နှုတ်ကပါတ်တော်ကို လုံးဝကြားကြမည်မဟုတ်ပါ။ ထိုအ ကြောင်းကို ရောမ ၁၀ က အထင်အရှားဖော်ပြထားပါသည်။

> “သို့ရာတွင်၊ မယုံကြည်လျှင် အဘယ်သို့ပဌနာပြုနိုင်မည်နည်း။ သိတင်းမကြား လျှင် အဘယ်သို့ ယုံကြည်နိုင်မည်နည်း။ ဟောပြောသောသူမရှိလျှင် အဘယ် သို့ကြားနိုင်မည်နည်း။ လူကိုမစေလွှတ်လျှင် အဘယ်သို့ဟောပြောနိုင်မည်နည်း။ ထိုသို့နှင့်အညီကျမ်းစာလာသည်ကား၊ ငြိမ်သက်ခြင်း၏ဝမ်းမြောက်စရာသတင်း၊ ကောင်းကျိုးချမ်းသာ၏ဝမ်းမြောက်စရာသီတင်းကို ကြားပြောသောသူ၏ခြေတို့ သည် အလွန်တင့်တယ်စွတကားဟု လာသတည်း။ လူအပေါင်းတို့သည် ဝမ်း မြောက်စရာသိတင်းကို နားထောင်ကြသည်မဟုတ်။ ပရောဖက်ဟေရှာယစကား ဟူမူကား၊ အိုထာဝရဘုရား၊ အကျွန်ုပ်တို့ဟောပြောသော သိတင်းစကားကို အ

ဘယ်သူယုံပါသနည်းဟုဆို၏။ သို့ဖြစ်၍၊ ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း၊ ဘုရားသခင်၏စကားတော်အားဖြင့်ဖြစ်၏။" ( ရောမ ၁၀း ၁၄- ၁၇ )

ထို့ကြောင့် ယုံကြည်သူများသည် ဆက်နွယ်မှုများကို တည်ဆောက်ရန်လိုအပ်ပါသည်။ သို့မှသာ သူတို့သည် လိုအပ်သောသူများထံသို့ သိတင်းစကားကို ဆောင်ယူနိုင်သည့်အချိန်ကိုရရှိမည်ဖြစ်သည်။ ဤအရာကိုလုပ်ဆောင်နိုင်ရန်မှာ သူတို့သည် ခပ်သိမ်းသောအရာကို ခပ်သိမ်းသောသူတို့၌ ဖြစ်လာရန်လိုအပ်ပါသည်။ ခပ်သိမ်းသောအရာကို ခပ်သိမ်းသောသူတို့၌ ဖြစ်လာရန်ဟူသည်မှာ သူတို့သည် ၎င်းတို့၏ခေတ်ပြိုင်ထုံးတမ်းဓလေ့များ၊ သို့မဟုတ် သူတို့ရောက်ရှိနိုင်ရန်ကြိုးစားနေသည့် ထုံးတမ်းဓလေ့များကို ခရေစေ့တွင်းကျနားလည်ရန်လိုအပ်ပါသည်။ ဤအသိဉာဏ်ပညာသည် မိမိကိုယ်မိမိ သူတို့၌ ကျွန်ပြုခြင်းနှင့်အတူပေါင်းစည်းခြင်းက ခရစ်တော်အတွက် ဝိညာဉ်ပေါင်းများစွာ ရိတ်သိမ်းရာတွင် အကျိုးသက်ရောက်ပေလိမ့်မည်။ (၁ကော ၉း ၁၉ )

တမန်တော်ရှင်ပေါလုက ထုံးတမ်းစဉ်လာနှင့်လူတို့၏ယုံကြည်ချက်နည်းစနစ်ကို စဉ်းစားဆင်ခြင်မှုပြုခဲ့သည်။ ဤအချက်ကိုထင်ရှားစေသည့် အနည်းငယ်သောသာဓကမှာ တိမောသေကို အရေဖျားလှီးသောအချိန်( တမန် ၁၆း ၁- ၃ )၊ အာသင်မြို့တွင်ရှိနေစဉ် အာသင်မြို့သူမြို့သားများအား ၎င်းတို့ကိုးကွယ်သည့်မသိသောဘုရားအကြောင်းပြောနေသည့်အချိန် ( တမန် ၁၇း ၁၆၊ ၂၂-၂၃ )၊ ဗိမာန်တော်သို့ဝင်ရောက်ပြီး သစ္စာဂတိပြုသောသူများအား အခကြေးငွေပေး၍ မိမိကိုယ်ကို စင်ကြယ်ခြင်းကိုပြုသောအချိန် ( တမန် ၂၁း ၁၇- ၂၆ )၊ တိတုထံသို့ ကရတ်သားမြဲ ၊ မုသာစွဲလမ်း၊ သားရဲကြမ်းကြုတ်၊ စားကြူးတုတ်တုတ်၊ လူယုတ်မာပေ ဟုရေးသားသည့်အချိန် ( တိတု ၁း ၁၂- ၁၃ ) တို့ဖြစ်သည်။ ခေတ်ပြိုင်ထုံးတမ်းဓလေ့ကိုသင်ယူလေ့လာခြင်းနှင့် သိနားလည်ခြင်းဖြစ်စဉ်က ဒေသန္တာရအသင်းတော်တစ်ခုအား "ယုဒလူမျိုးမှ ယုဒလူမျိုး၊ တပါးအမျိုးသားမှတပါးအမျိုးသား" ဖြစ်လာသည့်နည်းလမ်းသိရှိရန် အကူအညီပေးမှုမည်။ ထိုအပြင် ခရစ်တော်အတွက် လူတို့ကို မည်သို့ ဇဝဲဂေလိဝေငှရမည်ကိုလည်း သိရှိရန် အကူအညီပေးလိမ့်မည်။

ယနေ့အချိန်ခါတွင် လောကကြီးသည် လျှင်မြန်စွာပြောင်းလဲနေသည်။ ၎င်းနှင့်အတူ အသင်းတော်များသည်လည်း ပြောင်းလဲနေသည့်အဖွဲ့အစည်းများကိုတွေ့ရှိလျက်ရှိသည်။ ခေတ်ပြိုင်ထုံးတမ်းဓလေ့များကိုအမှီလိုက်နိုင်ခြင်းသည် မိမိကိုယ်ကိုထက်ကွဲပြားခြားနားသောသူများ၊ ကနဦးက ၎င်းပြုစုပျိုးထောင်ခဲ့သောသူများထက်ကွဲပြားခြားနားသောသူများကို ရရှိခြင်းဟုဆိုလိုပါသည်။ ဤအသင်းတော်များသည် မိမိကိုယ်မိမိ ပတ်ဝန်းကျင်ထုံးတမ်းဓလေ့ထက်ကွဲပြားခြားနားမှုရှိသည့်အခြေအနေတွင်ရှိနေကြောင်းကို သိရှိလာကြမည်ဖြစ်သည်။ ဤအခြေအနေကိုပြန်လည်ပြင်ဆင်ဖို့ရန် အသင်းတော်များသည် လက်ရှိအချိန်သူတို့ဖြစ်နေသည့်အခြေအနေတွင်မဟုတ်သည့်အခြေအနေ

တွင် ကိုယ်ကိုပြောင်းလဲစေရန်လိုအပ်ပါသည်။ ယင်းအခြေအနေမှာ သူတို့သည် ခရစ်တော်အတွက် မယုံကြည်သူများကိုရရှိလိုသောအချိန်တွင်ဖြစ်သည်။ ထိုအချက်သည် အလွန်ပင်ချက်ခဲသောအခြေအနေဖြစ်သော်လည်း မရှိမဖြစ်လိုအပ်သောအရာပင်ဖြစ်ပါသည်။ ဤအခြေအနေတွင် မိမိကိုယ်ကိုတွေ့ရှိထားသောအသင်းတော်သည် ရှင်ပေါလုပြောထားသည့်အသင်းတော်မျိုးဖြစ်လာနိုင်ဖို့ရန် ကြိုးစားအားထုတ်ရမည်ဖြစ်သည်။ "အချို့သောသူတို့ကို တစုံတခုသောအမှုအရာအားဖြင့် ကယ်တင်ခြင်းအလို့ငှါ၊ ခပ်သိမ်းသောသူတို့၌ ခပ်သိမ်းသောအရာဖြစ်၏။" ( အပိုဒ် ၂၂ ) အသင်းတော်ခေါင်းဆောင်များက ဤအပြောင်းအလဲများတစ်နေ့ဖြစ်လာမည်ကိုသိလျက် ဘုရားသခင်သည် ၄င်းတို့၏အသင်းတော်များအား ရှိရာနေရာတွင် တည်ထောင်သည်ကို ဆင်ခြင်မိသင့်သည်။ သူတို့က "လူအချို့တို့သည် နှေးခြင်းကိုမှတ်သည့်အတိုင်း၊ ထာဝရဘုရားသည် ဂတိတော်အရာမှာ နှေးတော်မမူ။ ငါတို့တွင် အဘယ်သူမျှ မပျက်စီးဘဲ၊ ရှိသမျှတို့သည် နောင်တရစေခြင်းငှါ အလိုတော်ရှိ၍၊ ငါတို့ကိုသည်းခံတော်မူ၏" ( ၂ပေ ၃း ၉ ) ကို သတိရအောက်မေ့ရမည်။ ဘုရားသခင်က သူတို့၏အသင်းတော်နှင့်အသင်းသားများအား ပျောက်ဆုံးသူများကို ရှာဖွေခေါ်ဆောင်ရန် အလိုရှိတော်မူသည်။ ထိုသို့လုပ်ဆောင်ရာတွင် ၄င်းတို့၏အသင်းသားများသည် ခပ်သိမ်းသောသူတို့၌ ခပ်သိမ်းသောအရာဖြစ်လာစေရန် အလိုတော်ရှိတော်မူသည်။

အသင်းတော်တစ်ခုသည် ခပ်သိမ်းသောသူတို့၌ ခပ်သိမ်းသောအရာဖြစ်လာစေရန် တောင့်တသောစိတ်ရှိတော်မူလျှင် ယင်းမှာ အသင်းသားများသည် သူတို့ရရှိခေါ်ဆောင်ရန် ကြိုးစားအားထုတ်နေသောသူတို့အကြောင်းကို ညာတာထောက်ထားမှုရှိသောသူများဖြစ်ရန် သင်ယူရမည်ဟု ဆိုလိုသတည်း။ သူတို့သည် ထိုအရာများကို ၄င်းတို့၏အစားအစာနှင့်ဆိုင်သောပညတ်ချက်အဖြစ် (အောထော်ဒေါက်ယုဒများနှင့်မွတ်စလင်များက ဝတ်သားနှင့်အခြားအစားအစာများကိုမစားဘဲ မသန့်ရှင်းသောအစားအစာအဖြစ်မှတ်ယူကြသည်။ ဟိန္ဒူများကသာလျှင် ကြက်သားနှင့်ငါးကိုစားကြသည်။) ဆင်ခြင်ရန်လိုအပ်ပါသည်။ ၄င်းတို့၏သန့်ရှင်းသောနေ့ရက်များကို နားလည်ခြင်းဟုလည်း ဆိုလိုပေသည်။ ( ဥပမာ- ကစ်သိုလစ်နှင့်အောထော်ဒေါက်ယုံကြည်သူများအဖို့ ငှါးရမ်းခဲ့သည်။ မွတ်စလင်များက ရမ်မာတမ်နှင့်သောကြာနေ့တွင် ဝတ်ပြုကိုးကွယ်ကြသည်။ ယုဒလူမျိုးများက စနေနေ့နှင့်ဟာန်နူက တွင် ဝတ်ပြုကိုးကွယ်ကြသည်. . စသဖြင့် ) အသင်းတော်တစ်ခု၏အခြေအနေနှင့် နေရာဒေသအပေါ်မှီခိုအားထားသောအခါ ဝတ်ပြုကိုးကွယ်ခြင်းနေ့ရက်ကိုအဆင်ပြေချောမွတ်စေရန် ကြိုးစားသောသူများအဖို့ သီးခြားဝတ်ပြုကိုးကွယ်ခြင်းကိုလုပ်ဆောင်ရန် အကျိုးကျေးဇူးများကိုရရှိနိုင်ပေသည်။ ( ကစ်သိုလစ်များကိုပြန်လည်ရရှိရန် စနေညနေပိုင်းတွင် ဝတ်ပြုကိုးကွယ်ခြင်း ) အသင်းတော်သည် မြို့တစ်မြို့၏အစိတ်အပိုင်းတစ်ခုဖြစ်သော စားသောက်ဆိုင်၊ သို့မဟုတ် စျေးများစွာရရှိသည့်အရပ်တွင်တည်ရှိလျှင် လူများစွာအလုပ်မလုပ်သည့်နေ့ရက်ဖြစ်သည့် တနင်္လာနေ့ သို့မဟုတ် အင်္ဂါနေ့များတွင် ဝတ်ပြုကိုးကွယ်ခြင်းကို လုပ်ဆောင်ချင်လုပ်ဆောင်နိုင်သည်။ အသင်း

တော်သည် မတူညီသောလူများဝန်းရံသည့်နေရာတွင် ရှိနေလျှင် သူတို့၏ထုံးတမ်းဓလေ့ကို သိနားလည်ရန်သင်ယူပြီး ထိုအထဲက အချို့ကို ဝတ်ပြုကိုးကွယ်ခြင်းတွင် ထည့်သွင်းပေါင်းစည်းနိုင်သည်။ အသင်းတော်တစ်ခုသည် လူငယ်များကိုစုရုံးရန်ကြိုးစားအားထုတ်လျှင် ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်နှစ်ခုပြုလုပ်ရန်လိုအပ်ပါသည်။ တစ်ခုမှာ သူတို့အတွက်ဖြစ်ပြီး အခြားတစ်ခုမှာ အသက်ကြီးသူများအတွက်ဖြစ်သည်။ တနည်းအားဖြင့် အသင်းတော်များသည် သူတို့ရှိနေသည့် ယဉ်ကျေးမှုကို ခွဲခြမ်းစိတ်ဖြာရန်လိုအပ်ပြီး အသင်းသားများက ဧဝံဂေလိတရားဖြင့် ထိုးဖောက်ဝင်ရောက်ပြီးလွှမ်းမိုးနိုင်မည့်နည်းလမ်းရှာဖွေရန်ဖြစ်သည်။

ဤအဆင့်တွင် ခပ်သိမ်းသောသူတို့၌ ခပ်သိမ်းသောအရာဖြစ်လာသည်ကို သတိပြုပါ။ သို့မှသာ ယုံကြည်သူများသည် နည်းလမ်းပေါင်းများစွာဖြင့် အခြားသူများကို ကယ်တင်တော်မူပြီး ယင်းမှာ ယုံကြည်ခြင်းကို ရှုပ်ထွေးစေခြင်းမဟုတ်ပါ။ ရှင်ပေါလုက ၁ကော ၉း ၂၁ တွင် “ဘုရားသခင်ရှေ့တော်၌တရားမဲ့မနေ၊ ခရစ်တော်၏တရားကိုကျင့်သောသူဖြစ်သော်လည်း၊ ပညတ်တရားမဲ့သောသူတို့ကို ရခြင်းအလိုငှါ ပညတ်တရားမဲ့သောသူတို့၌ ပညတ်တရားမဲ့သောသူကဲ့သို့ဖြစ်၏” ဟု ဆိုသည်အတိုင်းပင်ဖြစ်သည်။ ခရစ်ယာန်များသည် ခပ်သိမ်းသောသူတို့၌ ခပ်သိမ်းသောအရာဖြစ်ခြင်းတွင် ဘုရားသခင်၏နှုတ်ကပါတ်တော်နှင့် ၄င်းတို့၏ဩတ္တပ္ပစိတ်ကိုဆန့်ကျင့်ရန် မဟုတ်ပါ။ အရင်ယုံကြည်လက်ခံထားသောအရာသည် သမ္မာတရားနှင့်လိုက်လျောညီထွေမှုမရှိဟု ပြန်လည်တွေ့ရှိထားခြင်းမရှိလျှင် သမ္မာတရားနှင့်ဆိုင်သည့်ခံယူထားချက်များကိုလည်း ပြောင်းလဲစေရန်မျိုးမဟုတ်ပါ။ ခပ်သိမ်းသောသူတို့၌ ခပ်သိမ်းသောအရာဖြစ်ခြင်းမှာ ခရစ်တော်အတွက်ရရှိရန်ကြိုးစားလုပ်ဆောင်ထားသောသူတို့၏ယုံကြည်ခြင်းစနစ်ကို အဆင်ပြေချောမွေ့စေရန် လွတ်လပ်ခွင့်ရရှိသောယုံကြည်သူတစ်ယောက်ရှိရန် ထိုနေရာများတွင်သာ တင်းကျပ်စွာလက်တွေ့လုပ်ဆောင်ရန်ဖြစ်ပါသည်။

ယခုတွင် မေးခွန်းမှာ “မယုံကြည်သူများကို ခရစ်တော်အတွက်သိမ်းပိုက်နိုင်ရန် အသင်းတော်တစ်ခုသည် မည်သို့သောအပြောင်းအလဲများကို လိုလားသင့်သနည်း ဟူ၍ဖြစ်သည်။ အခြားမေးခွန်းမှာ အသင်းသားများသည် မည်သည့်အရာကို စွန့်လွှတ်သင့်သနည်း ဟူ၍ဖြစ်သည်။ သူတို့သည် ခရစ်တော်အတွက် ပျောက်ဆုံးသူများကို သိမ်းပိုက်ရရှိရန်အတွက် မပြောင်းလဲ မစွန့်လွှတ်လိုကြသည့် အလွန်တန်ဖိုးရှိသောအရာများကားအဘယ်နည်း။ သူတို့သည် တမန်တော်ရှင်ပေါလုကို အတုယူရမည်။ လိုအပ်သည့်အပြောင်းအလဲကို လုပ်ဆောင်ရမည်။ ပန်တိုင်ဆီသို့ ချီတက်ရမည်။ တနေ့တွင် အားလုံးသည် ဆုလဒ်သရဖူကို သိမ်းပိုက်နိုင်ကြပေလိမ့်မည်။

## ခရစ်ယာန်များ ကွဲပြားခြားနားရမည့်နည်းလမ်းများ

ခပ်သိမ်းသောသူတို့၌ ခပ်သိမ်းသောအရာဖြစ်လာရန်ဟူသောအဓိပ္ပါယ်ကိုဆွေးနွေးပြီးနောက် ဆွေးနွေးချက်က ခရစ်ယာန်များသည် ကမ္ဘာကြီး၏အကျင့်စရိုက်ထဲက မည်သို့ကွဲပြားခြားနားနေရမည်ဟူသောအကြောင်းအရာကို လိုက်လျှောက်သင့်ပါသည်။ ဤအခန်း၏အစောပိုင်းတွင် ဖော်ပြထားသကဲ့သို့ တစ်ဦးတစ်ယောက်၏ခေတ်ပြိုင်ယဉ်ကျေးမှုကိုပြန်လည်မြင့်တင်ရန် ကျန်းမာမှုရှိပေသည်။ တစ်ဦးတစ်ယောက်သည် ၎င်း၏အသင်းတော်ယဉ်ကျေးမှုနှင့်နှိုင်းယှဉ်မှုတွင် ထိုအရာကို ခွဲခြမ်းစိတ်ဖြာနိုင်ရန်လည်းကောင်း၊ ကွာဟမှုကို တံတားခင်းထားရန် ခြားနားမှုကို သိမြင်ဖို့ အရေးကြီးပါသည်။ ဤယဉ်ကျေးမှုများနှင့်ကွာဟသောအရာများသည် ဆင်ခြင်သတိပြုရန် အရေးပါသည့် အကြောင်းအရာများဖြစ်ပါသည်။

ခရစ်ယာန်များသည် ခပ်သိမ်းသောသူတို့၌ ခပ်သိမ်းသောအရာဖြစ်ခြင်းနှင့် ၎င်းတို့ရရှိရန်ကြိုးစားနေသောသူများနှင့် ၎င်းတို့၏အသက်တာလိုက်လျောညီထွေမှုရှိစေရန်ဖြစ်သော်လည်း သူတို့သည် ဤလောကကြီးတွင် ဧည့်သည်အာဂန္တုများဖြစ်ကြသေးသည်။ သူတို့သည် ၎င်းတို့၏ကိုယ်ကျင့်တရား၊ အပြုအမူ အဖြစ် ထိုသို့သောနေရာဒေသများနှင့် သူတို့ယုံကြည်သောအရာတွင် ဧည့်သည်အာဂန္တု ဖစ်ကြရန်ဖြစ်သည်။ သူတို့သည် အများနှင့်မတူ ကွဲပြားခြားနားသူများဖြစ်ရ မည်။ ရှင်ပေတရုက ဤအကြောင်းအရာကို ၎င်း၏ပထမစာစောင်တွင် အတိအလင်းဖော်ပြထားပါ သည်။ "ချစ်သူတို့၊ ဝိညာဉ်နှင့်စစ်ပြိုင်တတ်သောကိုယ်ကာယတပ်မက်ခြင်းတို့ကို ရှောင်မည်အ ကြောင်း၊ ဧည့်သည်အာဂန္တုကဲ့သို့သော သင်တို့ကို ငါတောင်းပန်၏။ သာသနာပလူတို့သည် သင်တို့ကို ကဲ့ရဲ့ပြစ်တင်ကြသည်အမှုမှာ၊ ဘုရားသခင်ကြည့်ရှုစီရင်တော်မူသောနေ့ရက်၌၊ သင်တို့၏ကောင်းသောအကျင့်ကို သူတို့သည်ထောက်ရှု၍ ဘုရားသခင်ကိုချီးမွမ်းမည်အကြောင်း၊ သူတို့ရှေ့၌ တင်တယ်လျောက်ပတ်စွာကျင့်နေကြလော့။" ( ၁ပေ ၂း ၁၁- ၁၂ ) ယုံကြည်သူများသည် ကြိုတင်ကာကွယ်မည့်နည်းလမ်းကိုရှာဖွေကြပြီး ၎င်းတို့၏ခေတ်ပြိုင်ယဉ်ကျေးမှုကို ဧဝံဂေလိတရားဖြင့် ထိုးဖောက်လွှမ်းမိုးနိုင်ရန် ညှိနှိုင်းလုပ်ဆောင်ရကြမည်။ သူတို့သည် အောက်ပါအချက်များကို သေချာအောင်လုပ်ဆောင်ရန် လိုအပ်သည်။ ၁) သူတို့သည် ၎င်းတို့၏ဆက်နွယ်မှုတွင် ခပ်သိမ်းသောသူတို့၌ ခပ်သိမ်းသောအရာဖြစ်ကြသည်။ ၂) သူတို့သည် ပြုမူလုပ်ဆောင်သမျှတွင် ဘုရားသခင်ကို ရှိသေလေးမြတ်ခြင်းရှိကြသည်။ ဤရှုထောင့်နှစ်ခုမှာ ယုံကြည်သူများသီးခြားနေပြီး ယဉ်ကျေးမှုကို ထိုးဖောက်လွှမ်းမိုးနိုင်ရန် အရေးကြီးသောအရာများဖြစ်ကြသည်။ သူတို့သည် အသင်းတော်သစ်တစ်ခု၏ယဉ်ကျေးမှုကို ပြုပြင်ပြောင်းလဲရန် သို့တည်းမဟုတ် အပြင်ကမ္ဘာကြီးကိုသိမ်းပိုက်နိုင်ဖို့တည်ရှိနေသောအသင်းတော်တစ်ခုကိုပြုပြင်ပြောင်းလဲရန် ဆန္ဒရှိနေလျှင် ဤအချက်များသည် မရှိမဖြစ်လိုအပ်သောအရာများလည်းဖြစ်ပါသည်။ သို့ရာတွင် အသင်းတော်များသည် ကိုယ်ကျင့်တရား၊ ဘုရားသခင်နှစ်

သက်တော်မူသောအပြုအမူ၊ သို့မဟုတ် ဘုရားသခင်၏နှုတ်ကပါတ်တော်ကို ကမ္ဘာကြီးအား သိမ်းပိုက်ရယူနိုင်ဖို့ အပေးအယူလုပ်ခြင်းသဘောမျိုးကိုလုပ်ဆောင်ရန်မဟုတ်ပါ။ ထိုသို့လုပ်ဆောင်ထားခြင်းသည် ဘုရားသခင်လက်ခံနိုင်ဖွယ်အပြုအမူမဟုတ်သကဲ့သို့ ပြစ်တင်ရှုတ်ချထိုက်သောအပြုအမူလည်းဖြစ်ပါသည်။

ခရစ်ယာန်များသည် ကမ္ဘာကြီးနှင့်နှိုင်းယှဉ်မှုပြုသောအခါ ကွဲပြားခြားနားမှုရှိစေရန် အခြားနည်းလမ်းများလည်းရှိပါသည်။ သူတို့သည် ခရစ်တော်လုပ်ဆောင်ခဲ့သည်အတိုင်း မယုံကြည်သူများအား ချစ်ခြင်းမေတ္တာ၊ ခန့်ညားလေးစားမှု၊ လက်ခံခြင်းအားဖြင့် ဆက်ဆံရပေမည်။ တမန် ယေရှုလုပ်ဆောင်တော်မူခဲ့သည်အတိုင်း အပြစ်နှင့်ဘုရားမဲ့အသက်ရှင်သည့်ပုံစံကို လက်ခံခြင်းမပြုသည်သာမက အသိအမှတ်လည်းမပြုရန်ဖြစ်သည်။ တနည်းအားဖြင့်ဆိုသော်၊ ခပ်သိမ်းသောသူတို့၌ ခပ်သိမ်းသောအရာဖြစ်သည်ဟူသည်မှာ ယုံကြည်သူများသည် ခရစ်တော်အတွက်သိမ်းပိုက်ရန် သူတို့ကြိုးစားအားထုတ်နေသောမယုံကြည်သူများနှင့်အတူ လောက၏အပြစ်တွင် ပါဝင်ကြရဖြစ်သည်ဟုမဆိုလိုပါ။ ( ရောမ ၆း ၁-၂၊ ၆း ၁၅၊ ဧဖက် ၄း ၁၇- ၂၀ ) ယုံကြည်သူများသည် အအသက်ရှင်တော်မူသောဘုရားသခင်ကိုယုံကြည်ကိုးစားကြသည်ဖြစ်၍ ဘဝစိန်ခေါ်မှုများ၏မျက်မှောတွင် ၎င်းတို့၏ယုံကြည်ခြင်းတရားနှင့်မျှော်လင့်ခြင်း၌ အစစ်အမှန်ဖြစ်ရန်လိုအပ်ပါသည်။ သူတို့သည် ချစ်ခြင်းမေတ္တာ၊ ပျော်ရွှင်မှု၊ ငြိမ်သက်ခြင်း၊ သည်းခံခြင်း၊ ကြင်နာခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာရှိခြင်း၊ သိမ်မွေ့ခြင်းနှင့် မိမိကိုယ်ကိုချုပ်တည်းခြင်းကိုပြသသောလူများကဲ့သို့ ကွဲပြားခြားနားရပါမည်။ ( ဂလာတိ ၅း ၂၀- ၂၂ ) မယုံကြည်သူများက အနှိုင်းမဲ့မေတ္တာတည်းဟူသော ခရစ်တော်ပေးသည့် မေတ္တာအတိုင်း တစ်ဦးကိုတစ်ဦးချစ်ရန် ခရစ်တော်ပေးသည့် ပညတ်တရားသစ်များအတိုင်း အသက်ရှင်လျက်ရှိနေကြသည်ဟု တွေ့မြင်နေချိန်တွင် ယုံကြည်သူများက မတူညီသောနည်းလမ်းခြင့် တွေ့မြင်နိုင်ရန်လိုအပ်သည်။ ဤသည်မှာ မယုံကြည်သူများက ယနေ့အသက်တော်များနှင့်အသင်းသားများ၏အသက်တာတွင် တွေ့မြင်နေရသည့်အချက်ဖြစ်သလား။ သို့မဟုတ် သူတို့ကစိတ်မဝင်စားသောသူ၊ အသက်မဲ့ယုံကြည်ခြင်း၊ မာန်မာန၊ ဟန်ဆောင်လှည့်ဖြားခြင်း၊ အပြစ်ကိုပြုခြင်း စသည်တို့ကိုသာ တွေ့မြင်သလား။ ခရစ်ယာန်များဟူသည် တမူထူးခြားကွဲပြားရပါမည်။ သို့သော် မှန်ကန်သောနည်းလမ်းဖြင့် ကွဲပြားခြားနားပြီး အမှန်တကယ်အရေးပါသောအရာကို ဦးတည်ရပါမည်။ သူတို့သည် ဖာရိရှဲနှင့်ဇက္ကုကဲများကဲ့သို့ မိမိကိုယ်ကိုသန့်ရှင်းဖြောင့်မတ်သည်ဟု ထင်မြင်ယူဆသောသူများမဖြစ်ရပါ။

## ဧဝံဂေလိတရားဝေငှသောအချိန်တွင် လိုအပ်သည့်ချဉ်းကပ်မှု

ခပ်သိမ်းသောသူတို့၌ ခပ်သိမ်းသောအရာဖြစ်လာခြင်းအတွက် အခြားကဏ္ဍတစ်ခုမှာ မယုံကြည်သူများနှင့်အပြန်အလှန်သင့်မြတ်နေထိုင်သည့်နည်းလမ်းကို သိရှိခြင်းပင်ဖြစ်သည်။ တမန်တော်ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား သူ၏ဧဝံဂေလိလုပ်ငန်းနှင့်စပ်လျဉ်း၍ ဆုတောင်းပေးကြရန်တောင်းခံသောအခါ သူက ခရစ်ယာန်မဟုတ်သောသူများကို သိမ်းပိုက်ခြင်းတာဝန်ကိုရှုမြင်သည့်အကြောင်းရင်းနှင့်ပါတ်သက်ပြီး ညွှန်ကြားပေးခဲ့သည်။

> [၂]"ဆုတောင်းပဌနာပြုခြင်းအမှုကိုအမြဲပြု၍ ကျေးဇူးတော်ကိုချီးမွမ်းလျက် စောင့်ရှောက်ကြလော့။ [၃]ငါသည် ခရစ်တော်၏ နက်နဲသောအရာကြောင့် အချည်အနှောင်ခံရသည်ဖြစ်၍၊ [၄]ထိုနက်နဲသောအရာကိုဟောပြောခြင်းငှါ၊ ဘုရားသခင်သည် တရားဟောရာတံခါးကို ငါတို့အား ဖွင့်တော်မူမည်အကြောင်းကိုငှင်း၊ ထိုနက်နဲသောအရာကို ဟောပြောအပ်သည်နှင့်အညီ ငါဘော်ပြမည်အကြောင်းကိုငှင်း၊ ငါတို့အဘို့လည်း ဆုတောင်းကြလော့။ [၅]ပြင်ပလူ၏မျက်နှာကိုထောက်လျက်၊ ပညာနှင့်ကျင့်ဆောင်၍ ကာလအချိန်ကိုရွေးနှုတ်ကြလော့။ [၆]လူအသီးအသီးတို့အား အဘယ်သို့ပြန်ပြောရမည်ကို သိနိုင်မည်အကြောင်း၊ သင်တို့စကားသည် ဆားအားဖြင့် အရသာနှင့်ပြည့်စုံလျက်၊ အစဉ်မပြတ်တင့်တယ်လျောက်ပတ်ပါစေ။" (ကောလောသဲ ၄း ၂- ၆ )

ဤကျမ်းပိုဒ်ထဲတွင် ဧဝံဂေလိလုပ်ငန်း၌ ထိထိရောက်ရောက်လုပ်ဆောင်လိုသောဆန္ဒ ရှိသောသူတို့လက်တွေ့အသုံးချထားရမည့် အရေးကြီးသည့် နိယာမများပါရှိပါသည်။ ပျောက်ဆုံးသူများအား ပြန်လည်သိမ်းသွင်းရမည့်နည်းလမ်းနှင့်ပါတ်သက်သည့် အခြေခံနိယာမများသည် အောက်ဖော်ပြပါအတိုင်း ရှင်ပေါလု၏ညွှန်ကြားချက်ထဲက ဆင်းသက်လာခြင်းဖြစ်နိုင်ပါသည်။

- ♥ ဧဝံဂေလိတရားဟောရာတွင် တံခါးဖွင့်ပေးတော်မူမည်အကြောင်းဆုတောင်းပါ။
- ♥ ခရစ်တော်၏နက်နဲသောအရာကို ရှင်းလင်းစွာ ဟောပြောနိုင်ရန်ဆုတောင်းပါ။
- ♥ တုန့်ပြန်မှုတွင် ပညာနှင့်ကျင့်ဆောင်ရန်။
- ♥ အခွင့်ကောင်းများကို ဖန်တီးယူနိုင်ရန်။
- ♥ စကားပြောရာတွင် တင့်တယ်လျောက်ပတ်စွာဖြစ်နိုင်ပါစေ။
    - သင်၏ပြောစကားသည် ကျက်သရေရှိပါစေ။

- ဆားအားဖြင့် အရသာပြည့်စုံစေသကဲ့သို့ဖြစ်ပါစေ။
- သို့မှသာ လူတိုင်းကို အဘယ်သို့ပြန်ပြောရမည်ကို သိတော်မူမည်။

ဤကျမ်းပိုဒ်က ယုံကြည်သူများသည် မယုံကြည်သူများအား ခရစ်တော်အတွက် သိမ်းပိုက်မည့်အခွင့်အရေးတစ်ခုစီတိုင်းကို ရှာဖွေကြည့်ရှုအသုံးချရန် လိုအပ်ကြောင်းကို ပြသထားပါသည်။ ပြင်ဆင်သည့်နေရာဖြစ်တော်မူသောအသင်းတော်သည် ဤနည်းလမ်းအားဖြင့်ဧဝံဂေလိလုပ်ငန်းကို ကြည့်ရှုနိုင်ရန်အတွက် အသင်းသားများအား သင်ကြားပို့ချပြီး ပြင်ဆင်ထားရပါမည်။ ဧဝံဂေလိလုပ်ငန်းကို ကြောင်က ကြွက်ကိုခုန်အုပ်သကဲ့သို့ မယုံကြည်သူများအား ခုန်အုပ်ဖမ်းဆီးရန် အခွင့်အရေးတစ်ခုအဖြစ် မရှုမြင်သင့်ပါ။ ဆုတောင်းဆက်ကပ်ပြီး စဉ်းစားဆင်ခြင်တတ်ရန်လိုအပ်ပါသည်။ နားထောင်ရမည့်အချိန်၊ မေးခွန်းမေးရမည့်အချိန်၊ ယုံကြည်မှုကိုတည်ဆောက်ရန်အတွက် ပိုမိုနားထောင်ရမည့်အချိန်ဖြစ်ပြီး နောက်ဆုံးတွင် ဆက်နွယ်မှုကိုတည်ဆောက်နိုင်မည်ဖြစ်သည်။ ကြင်နာမှုနှင့် သက်ဆိုင်မှုကိုပြရမည့်အချိန်၊ ရယ်မောရမည့်အချိန်ဖြစ်သည်။ မျက်ရည်ကျရမည့်အချိန်လည်းဖြစ်နိုင်ပါသည်။ ကောင်းမွန်စွာလုပ်ဆောင်နိုင်လျှင် မယုံကြည်သူသည် နောက်ပိုင်းတွင် ပိုမိုနားထောင်လိုသည့်စိတ်ဆန္ဒတဖွါးဖွါးဖြစ်လာနိုင်သည်။ ၎င်းမှာ သူတို့၏စကားကိုမြိုင်ဆိုင်စေသည့်ကျက်သရေရှိသောစကားများကြောင့်ဖြစ်ပါသည်။ ထိုသို့သောအခြေအနေတွင် ပျောက်ဆုံးသူများအား သိမ်းပိုက်နိုင်မည့်နည်းလမ်းကို အသင်းသားများအား ညွှန်ကြားသင့်ပါသည်။ သူတို့သည် ပျောက်ဆုံးသူများကို သိမ်းပိုက်ရန် ဤချဉ်းကပ်မှုကို နားလည်ကြသည် အခွင့်ထူးကို မမျှော်လင့်သင့်ပါ သို့မဟုတ် ချန်မထားသင့်ပါ။ သို့ရာတွင် ဤချဉ်းကပ်မှုက ဤအကျိုးကျေးဇူးများကို အမြဲတမ်းဖြစ်ပေါ်စေနိုင်သည်ဟု မဆိုလိုပါ။

ဧဝံဂေလိတရားကို ဝေငှသည့်အချိန်တွင် ဆင်ခြင်စရာအခြားအရာမှာ အရေးမပါသည့်အကြောင်း အရာပေါ်တွင် အဓိကဦးတည်ခြင်းမဟုတ်ပါ။ ခရစ်ယာန်တစ်ယောက်က အရက်မသောက်ခြင်း၊ ဆေးလိပ်မသောက်ခြင်း၊ နိုင်ငံရေးသစ္စာခံခြင်းမရှိမှုအကြောင်းနှင့်ပါတ်သက်၍ ဒွိဟမဖြစ်သင့်ပါ။ ကမ္ဘာကြီး၏သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းစောက်ရှောက်ခြင်းတွင် အားတက်သရောပါဝင်လုပ်ဆောင်ခြင်းတွင်လည်းကောင်း၊ သားဖျက်ခြင်း သို့မဟုတ် လင်တူဆက်ဆံခြင်းကို ဆန့်ကျင်တိုက်ခိုက်ခြင်းတွင်လည်းကောင်း ဒိဟမဖြစ်သင့်ပါ။ ဘုရားသခင်မသိသောအရာဖြစ်၍ ထိုသို့လုပ်ဆောင်ခြင်းက ခရစ်ယာန်အစစ်အမှန်ဖြစ်သည်ကို ထင်ရှားစေလိမ့်မည်။ သူ့အား ခရစ်ယာန်တစ်ယောက်ဖြစ်စေသောအရာမှာ သူ့အား ယုံကြည်ခြင်းအားဖြင့် မိမိကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံသောအချိန်တွင် သူ့အားကယ်တင်တော်မူသော ယေရှုခရစ်ပင်ဖြစ်ပါသည်။ အထက်တွင်ဖော်ပြထားသောအရာများသည် ကယ်တင်ခြင်းနှင့်ဆိုင်သည့် အံ့သြဘွယ်ရာအချက်များဖြစ်နိုင်သော်လည်း လူတစ်ယောက်ကို ကယ်တင်နိုင်သောအရာမဟုတ်ပါ။ ဤကဲ့သို့သောဖော်ပြချက်များသည် ဧဝံဂေလိတရားကို အဟန့်အတားလုပ်ဆောင်သောအရာလည်းဖြစ်နိုင်ပါသည်။ သူတို့သည် ကြွားဝါသည့်

ဖော်ပြချက်များကို ကျော်ဖြတ်လာနိုင်ပါသည်။ ဆေးလိပ်သောက်ခြင်း၊ အသက်သေစာသောက်ကြူး ခြင်းကဲ့သို့သောလူတစ်ယောက် သို့မဟုတ် ကွဲပြားခြားနားသည့် နိုင်ငံရေးပါတီအဖွဲ့ဝင်လည်းဖြစ်နိုင် ပါသည်၊ အထက်ပါဖော်ပြထားသောအရာများကို အမှန်တကယ်ကြားရလျှင် သူအမှန်တကယ် ကြား သိရန်လိုအပ်သောအရာဖြစ်သည့် ဧဝံဂေလိတရားကိုဝေမျှရန် ခွင့်ပြုတော်မူမည်မဟုတ်ပါ။ အမှန် တကယ်ပြောရလျှင် ဤသို့သောအခြားအရာများသည် မယုံကြည်သူ၏အဓိကလိုအပ်ချက်ဖြစ်သော ခရစ်တော်အမှန်တကယ်ပိုင်ဆိုင်ရရှိထားခြင်းမရှိမှုနှင့်ငရဲသွားရမည့်အချက်နှင့်နှိုင်းယှဉ်လျှင် အဓိက ကျသောအရာတော့မဟုတ်ပါ။ သူသည် မူးယဇ်ဆေးဝါးလုံးဝမသောက်သုံးတော့သည့်နေရာ၊ အရက် သေစာမသောက်သုံးတော့သည့်အရပ်၊ သူ၏နိုင်ငံရေးပါတီကိုအပြောင်းအလဲရှိရမည့်အရပ်၊ သို့မ ဟုတ် သို့ ခေါ်ဆောင်ခြင်းကိုအမှန်တကယ်ခံစားရသောအခါ သို့မဟုတ် သူပြစ်မှားသောအမှားထဲ က ရပ်တန့်နိုင်သောအခါ သူသည် ကယ်တင်ခြင်းကိုရရှိပိုင်ဆိုင်ထားသည်မဟုတ်။ သူသည် ခရစ် တော်ကိုပိုင်ဆိုင်ထားခြင်းမရှိသေးပါ။ သို့ဖြစ်၍ လူတစ်ယောက်၏ ကယ်တင်ခြင်းနှင့်ဆိုင်သောလို အပ်ချက်မှာ ပထမဆုံးအဓိကထားရမည့်လိုအပ်ချက်ဖြစ်ရမည်။ အရက်သေစာမသောက်သောသူ၊ ဆေးလိပ်လုံးဝမသောက်သောသူ ခရစ်ယာန်လုံးဝမဟုတ်သည့်သူများလည်း များစွာရှိသည်ကို သတိ ပြုပါ။ ခရစ်ယာန်တစ်ယောက်သည် ဤရွေးချယ်မှုများကို ခရစ်ယာန်ယုံကြည်ခြင်း၏အကျိုးဆက် တစ်ခုအဖြစ်ထင်မှတ်နေသော်လည်း မယုံကြည်သူများသည်ပင် အခြားအကြောင်းတရားများအ တွက် ထိုသို့သောဆုံးဖြတ်ချက်များကို ချမှတ်ကြပါသည်။ မတူညီသောနိုင်ငံရေးအဖွဲ့အစည်းပါတီ ဝင် ခရစ်ယာန်များစွာလည်းရှိကြပါသည်။ အသင်းတော်ပေါင်းစုံက အသင်းသားများလည်းရှိကြပါ သည်။ သူတို့က သူတို့၏ယုံကြည်ချက်များကြောင့် ဤအသင်းဝင်များဖြစ်ကြသည်ဟု ဆိုတတ်ကြပါ သည်။ ဤအကြောင်းတရားများသည် ဧဝံဂေလိဝေငှသည့်အချိန်တွင် အကျိုးမရဖြစ်လာပေသည်။ အကြောင်းမှာ သူတို့သည် ဧဝံဂေလိတရားနှင့်ဆက်နွယ်မှုရှိကြသည်ဟု သမ္မာကျမ်းစာထဲတွင် လုံးဝ ဖော်ပြထားခြင်းမရှိပါ။ ယခုတွင် ကျွန်ုပ်တို့သည် နောက်ခေါင်းစဉ်အဖြစ်ဆွေးနွေးရမည့် အဓိကအ ကြောင်းအရာများကို ဦးတည်ကြပါစို့။

## ဧဝံဂေလိတရား - မှန်ကန်သောအမိပ္ပါယ်နှင့် မှားယွင်းသောအမိပ္ပါယ်

ကျွန်ုပ်တို့သည် လူတစ်ဦးအား ယေရှုခရစ်၏ဧဝံဂေလိတရားကို ဝေငှသက်သေခံသောအခါ ဧဝံဂေလိတရား၏အဓိက ဦးတည်ချက်ကား အဘယ်နည်း။ လူတစ်ယောက်က သက်သေခံထား သောသူသည် တစ်နေ့တွင် ဘဝကူးပြောင်းပြီး ငရဲတွင် ထာဝရဒုက္ခခံရမည့်ဆိုးသွမ်းသည့် အပြစ် သားဖြစ်သင့်ပါသလား။ သို့မဟုတ် သူသည် ယေရှုခရစ်ကိုယုံကြည်လက်ခံသဖြင့် အံ့ဘွယ်အသက် တာကိုပိုင်ဆိုင်ထားပြီး သေပြီးသောအခါ ကောင်းကင်ဘုံတွင် စိုးစံရသောသူဖြစ်သင့်ပါသလား။ ဤ

သည်မှာ အရေးကြီးသည့် မေးခွန်းတစ်ပိုဒ်ဖြစ်လာပါသည်။ အကြောင်းမှာ ဧဝံဂေလိတရားသည် မရှိမဖြစ်လိုအပ်သည့် အကြောင်းတရားထက်က အမြဲလိုလို လမ်းချော်ထွက်သွားတတ်ပါသည်။ သို့ဖြစ်၍ သမ္မာကျမ်းစာထဲတွင် ဧဝံဂေလိတရားကို အဘယ်သို့တင်ပြထားသည်ကို စူးစမ်းလေ့လာရန်မှာ အရေးပါသောအချက်ဖြစ်ပါသည်။

ဧဝံဂေလိသတင်းအကြောင်းကို အကျဉ်းချုံးတင်ပြထားသည့် ဓမ္မသစ်ကျမ်းပိုဒ်ကို ၁ကော ၁၅း ၁- ၅ တွင် မှတ်တမ်းတင်ထားပါသည်။ ရှင်ပေါလုက ဤသို့ဆိုထားသည်။

> [၁]"ညီအစ်ကိုတို့၊ ငါသည် သင်တို့အား ဟောပြောဖူးသည်နှင့်အညီ၊ သင်တို့သည် ခံယူ၍ မှီဝဲဆည်းကပ်သောဧဝံဂေလိတရားကို သင်တို့အား တဖန် ငါကြားလိုက်၏။ [၂]အထက်က ငါဟောပြောသောအကြောင်းများကို သင်တို့သည် အကျိုးမဲ့မယုံဘဲစိတ်စွဲလန်းလျှင်၊ ထိုဧဝံဂေလိတရားအားဖြင့် ကယ်တင်တော်မူခြင်းသို့ရောက်ကြ၏။ [၃]ငါသည် ကိုယ်တိုင်ခံယူသည်အတိုင်း၊ သင်တို့အား ရှေးဦးစွာအပ်ပေးသောအကြောင်းအရာဟူမူကား၊ ခရစ်တော်သည် ကျမ်းစာလာသည်အတိုင်း ငါတို့အပြစ်ကြောင်းအသေခံတော်မူ၏။ [၄]သင်္ဂြိုလ်ပြီးမှ၊ ကျမ်းစာလာသည်အတိုင်း သုံးရက်မြောက်သောနေ့၌ ထမြောက်တော်မူ၏။ [၅]ကေဖသည် ကိုယ်တော်ကိုမြင်ပြီးမှ၊ တကျိပ်နှစ်ပါးသောသူတို့သည် မြင်ရကြ၏။"

ရှင်ပေါလုက ကောရိန္သုအသင်းသားများအား သူဟောပြောခဲ့သော ဧဝံဂေလိတရားနှင့်ပါတ်သက်ပြီး သတိပေးထားခဲ့သည်။ သူသည် မှန်ကန်သောသတင်းစကားကို အစမပြုမှီတွင် ဤသတင်းစကားများဖြစ်ကြောင်းကို သူတို့အား ဆိုခဲ့သည်။

- ♠ သင်တို့မှီဝဲဆည်းကပ်သောဧဝံဂေလိတရား
- ♠ သင်တို့ရပ်တည်သောဧဝံဂေလိတရား
- ♠ သင်တို့အား ကယ်တင်တော်မူခြင်းသို့ရောက်စေသောဧဝံဂေလိတရား။

ရှင်ပေါလုက သူဟောပြောသဖြင့် သူတို့လက်ခံယုံကြည်သော( "ရရှိ") သောတရား၊ ထိုတရားအတိုင်းသူတို့ဆက်လက်အသက်ရှင်သောအရာ ("ရပ်တည်")၊ သူတို့ကိုကယ်တင်တော်မူခြင်းသို့ရောက်ရှိစေသောတရားကို အတည်ပြုထားပါသည်။ သူက ဆက်လက်၍ ပြောဆိုသည်မှာ "သင်တို့အားဟောပြောသောတရားကိုစိတ်စွဲလန်းခြင်းရှိလျှင် အကျိုးကိုရရှိပြီး မယုံကြည်လျှင် အကျိုးမရှိ" ဟုလည်း ဆိုထားသည်။ ဤအတည်ပြုထားခြင်းအတွက် အရေးပါသောအချက်မှာ ရှင်ပေါလုက

သူတို့အား သိရှိစေသောဧဝံဂေလိတရားသည် သူတို့အား ကယ်တင်တော်မူသောတရားဖြစ်သည် အရာပင်ဖြစ်သည်။ ဆိုလိုသည်မှာ သူတို့အမှန်တကယ်ယုံကြည်လက်ခံသောအချိန်တွင်ဖြစ်သည်။ ရှင်ပေါလုက သူတို့အား ဝေမျှသက်သေခံထားသော ဧဝံဂေလိတရားသည် မှန်ကန်ပြီး စုံလင်သောတရားဖြစ်တော်မူကြောင်းကို သူတို့အမှန်တကယ်နားလည်သဘောပေါက်ရန်လည်း လိုအပ်ပါသည်။ ထို့ကြောင့် ဤကျမ်းပိုဒ်တွင်ရှိသောစကားလုံးများမှာ ခရစ်တော်ကိုမသိရှိသေးသောသူများအား ဝေမျှရန်သင့်လျော်သည့် အရေးပါသောအစိတ်အပိုင်းများပင်ဖြစ်ပါသည်။ သို့မှသာ သူတို့သည် ခရစ်တော်ကိုယုံကြည်ပြီး ထာဝရအသက်ကိုရရှိမည်ဖြစ်သည်။ ထို့နောက် ရှင်ပေါလုက "ငါခံယူသည်အတိုင်း၊ သင်တို့အား ရှေးဦးစွာ အပ်ပေးသော" ဟု ရေးသားထားသည်ကို တွေ့ရသည်။

၁။ ခရစ်တော်သည် ကျမ်းစာလာသည်အတိုင်း ငါတို့အပြစ်ကြောင့် အသေခံခဲ့သည်။

၂။ သင်္ဂြိုလ်ခြင်းကိုခံတော်မူခဲ့သည်။

၃။ ကျမ်းစာလာသည်အတိုင်း သုံးရက်မြောက်သောနေ့၌ ထမြောက်တော်မူ၏။

၄။ ကေဖကိုထင်ရှားတော်မူခဲ့ပြီးနောက် တကျိပ်နှစ်ပါးတို့မြင်ခဲ့ကြသည်။

ဤဧဝံဂေလိသတင်းစကားလေးချက်တွင်တွေ့မြင်ရသောအချက်များမှာ စုံလင်သော ဧဝံဂေလိတရားတင်ပြချက်တစ်ခု၏ရှုထောင့်ခြောက်ခုများပင်ဖြစ်သည်။

၁။ ခရစ်တော်သည် ငါတို့အပြစ်ကြောင့် အသေခံတော်မူသည်။
၂။ လူတို့သည် အပြစ်သားများပင်ဖြစ်ကြသည်။
၃။ ခရစ်တော်၏သေခြင်းသည် ဘုရားသခင်၏အစီအစဉ်အတိုင်းပင်ဖြစ်သည်။
၄။ ခရစ်တော်သည် သင်္ဂြိုလ်ခြင်းကိုခံတော်မူသည်။
၅။ ခရစ်တော်သည် ဘုရားသခင်၏အစီအစဉ်အတိုင်း သုံးရက်မြောက်တွင် ထမြောက်တော်မူသည်။
၆။ ခရစ်တော်သည အသေခံပြီးနောက် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် တပည့်တော်များက အသက်ရှင်လျက် တွေ့မြင်ခဲ့ကြသည်။

အချက်လေးချက်အကျဉ်းချုပ်၏ ဤရှုထောင့်ခြောက်ခုမှာ မယုံကြည်သူများအား ဧဝံဂေလိတရားဟောပြောသည့်အချိန်တွင် ယုံကြည်သူများ အဓိကဦးတည်ရမည့်အချက်တွေပင်ဖြစ်ပါသည်။ ဤအချက်တစ်ခုစီတိုင်းကို သက်သေပြနိုင်ရန် အခြားကျမ်းပိုဒ်များကို သမ္မာကျမ်းစာထဲက အသုံးပြုနိုင်သည်၊ အသုံးပြုသင့်ပါသည်။ သို့သော် ဤအရာများမှာ သတင်းစကား၏ရမှတ်ဖြစ်သင့်သော လိုအပ်ချက်များပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့အသင်းတော်ကိုလိုက်၍ မည်သည့်ကျမ်းစာအုပ်ကို ပိုမိုနှစ်သက်သည်ဟူသောအရာမှာ အရက်သေစာ သို့မဟုတ် ဆေးလိပ်ကွမ်းယာရှောင်ကျဉ်သောအရာမှာ

အဓိကကျသည်ဟူသောအချက်ဖြစ်သည်။ အဓိကအကြောင်းမှာ ခရစ်တော်သည် ဤလောကသို့ကြွလာပြီး ကျွန်ုပ်တို့အတွက် အသေခံတော်မူသည်၊ သင်္ဂြိုလ်ပြီး တဖန်ထမြောက်တော်မူသည်၊ ထိုအရာကို ရှင်ပြန်ထမြောက်ပြီးနောက်တွင် တပည့်တော်များက တွေ့မြင်ခဲ့ကြသည်။ တမန်တော် ၂း ၁၄-၃၆၊ ၃း ၁၁- ၂၆၊ ၁၀း ၃၄- ၄၃နှင့် ၁၃း ၁၆- ၄၁ တွင် မှတ်တမ်းတင်ထားသောတရားဒေသနာများကိုကြည့်ရှုလေ့လာသောအခါ တစ်ခုစီတိုင်းကို တိုက်ရိုက် သို့မဟုတ် စောင်းပါးရိပ်ခြေ တွေ့မြင်နိုင်သည်။ တမန်တော် ၂၆း ၁၂- ၂၃ တွင် ရှင်ပေါလုက ခရစ်တော်၏သင်္ဂြိုလ်ခြင်းအကြောင်းကို ဖော်ပြမထားသော်လည်း သူ၏ထမြောက်ခြင်းအကြောင်းဖော်ပြထားချက်က သင်္ဂြိုလ်ခြင်းအကြောင်းကို အရိပ်ပြသည်။ ခရစ်တော်သည် ရှင်ပြန်ထမြောက်ခြင်းနောက်တွင် တပည့်တော်များထံထင်ရှားတော်မူသည်ဟု ဖော်ပြမထားဘဲ ယေရှုသည် ဒမသက်လမ်းတွင် သူ့အားထင်ရှားတော်မူသည်ဟု သာဖော်ပြထားပါသည်။ (တမန် ၂၆း ၁၆ ) ထို့ကြောင့် ဤသည်မှာ ဧဝံဂေလိတရားကိုဟောပြောသည့်အခါ အသုံးပြုထားသင့်သည် အခြေခံလမ်းညွှန်များပင်ဖြစ်ပါသည်။

ရောက်ရှိရန်လိုလားသောအချက်များကို ခွဲခြမ်းစိတ်ဖြာပါ။ စီမံကိန်းချမှတ်ပါ။ လိုက်နာဆောင်ရွက်ပါ။

အသင်းတော်တစ်ခုအနေဖြင့် ဧဝံဂေလိလုပ်ငန်းတွင် ထိထိရောက်ရောက်ဖြစ်နိုင်ရန်မှာနည်းဗျူဟာပင်ဖြစ်ပါသည်။ ဤသို့လုပ်ဆောင်လျှင် အသင်းတော်တစ်ခုအတွက် ဧဝံဂေလိစီမံကိန်းတစ်ခုရေးဆွဲခြင်းသည် အကူအညီဖြစ်ပေလိမ့်မည်။ ဤဖြစ်စဉ်တွင် ၎င်း၏အသစ်ပြုပြင်ခြင်းအတွက်စီမံကိန်းတစ်ခုကိုပြင်ဆင်သည့်အချိန်ကကဲ့သို့ တူညီသောခြေလှမ်းကို လိုက်လျှောက်သင့်ပါသည်။ သို့သော် ဤကိစ္စတွင် ၎င်း၏အိမ်နီးနားချင်း၊ ရွာ၊ သို့မဟုတ် မြို့များတွင်ရှိသောလူများကို ခရစ်တော်၏ဧဝံဂေလိတရားဖြင့် ရရှိနိုင်ရန်ရည်ရွယ်ထားချက်အတွက် ဖြစ်ရလိမ့်မည်။

အသင်းတော်ခေါင်းဆောင်များအနေဖြင့် ပထမဆုံးလုပ်ဆောင်သင့်သောအရာမှာ “ကျွန်ုပ်တို့အဓိကထားရမည့်လူများကား မည်သူတို့နည်း” ဟု မိမိကိုယ်ကိုမေးမြန်းလျက် အဓိကဦးတည်ထားရမည့်လူစုကို သတ်မှတ်ရန်ဖြစ်သည်။ ဤနေရာတွင် မိသားစုများ၊ တစ်ဦးချင်းစီ၊ လုပ်ငန်းများ၊ လူငယ်များ၊ ကလေးသူငယ်များ၊ တိကျသည့်လူမျိုးနွယ်စုများ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်းများ၊ တိကျသည့်ဒေသတစ်ခုတွင်ရှိသောလူများ စသည်တို့ပါဝင်နိုင်ပါသည်။ အဓိကဦးတည်ရမည့်လူများကို တစ်ကြိမ်ဆုံးဖြတ်ထားပြီး သူတို့အတွက် အကျိုးရှိနိုင်သည့် လေ့လာချက်များရှိခဲ့လျှင် အကျိုးသက်ရောက်မှုရှိပေမည်။ အစိုးရသည် သန်ခေါင်းစာရင်း သို့မဟုတ် အခြားလေ့လာမှုမျိုး၏ အကျိုးအဖြစ် သတင်းအချက်အလက်ရရှိနိုင်ပါသည်။ ကျွန်ုပ်တို့အဓိကဦးတည်ပြီး ဧဝံဂေလိလုပ်

ဆောင်ရမည့်လူများသည် အသင်းတော်တည်ရှိသည့် ရိုးရာယဉ်ကျေးမှု၏အစိတ်အပိုင်းတစ်ခုတွင် ရှိနေလျှင် သူတို့သည် မည်သို့သောသူများဖြစ်ကြသည်၊ သူတို့၏ရိုးရာယဉ်ကျေးမှု၊ နှင့် ယုံကြည်သောအရာများကို အဓိပ္ပါယ်သတ်မှတ်ရန် အကူအညီပေးသည့်အချက်အလက်များကို အင်တာနက်ပေါ်တွင် ရရှိနိုင်ပါသည်။ ဤအချက်အလက်နှင့်ပါတ်သက်ပြီး စာကြည့်တိုက်တစ်ခုတွင် စာအုပ်များလည်းရှိနိုင်ပါသည်။ ဤနည်းစနစ်များကို အဓိကဦးတည်ပြီး ဧဝံဂေလိလုပ်ဆောင်ရမည့်လူများက ဘုရားအကြောင်းနှင့်ပါတ်သက်ပြီးယုံကြည်ထားသည့်အရာ၊ မိသားစုအကြောင်းအရာများ စသဖြင့်သောအရာများကို ပိုမိုနားလည်လာစေရန် အသုံးပြုနိုင်ပေသည်။ အောက်ပါအချက်အလက်များကဲ့သို့သောမေးခွန်းများကို ဆင်ခြင်ခြင်းသည် ဤဖြစ်စဉ်တွင် အကူအညီပေးလိမ့်မည်။

- ♥ သူတို့၏အဓိကဘာသာရေးနှင့်ယုံကြည်ချက်များကား အဘယ်နည်း။
- ♥ မည်သည့်နေ့ရက်တွင် ဝတ်ပြုကိုးကွယ်ကြသနည်း။
- ♥ ဝတ်ပြုကိုးကွယ်သည့်အချိန်တွင် ၎င်းတို့၏ထုံးတမ်းဓလေ့ကား အဘယ်နည်း။
- ♥ သူတို့ကို ဧဝံဂေလိတရားဝေငှရာတွင် မည်သို့သောရိုးရာဓလေ့များကို ဆင်ခြင်ရန် လိုအပ်သနည်း။
- ♥ မည်သို့သော ရိုးရာဓလေ့သည် သူတို့အတွက် အရေးပါသနည်း။
- ♥ မည်သို့သောအလုပ်ကို လုပ်ဆောင်ကြသနည်း။
- ♥ သယ်ယူပို့ဆောင်ရေးနှင့်ဆိုင်သည့် ၎င်းတို့၏အဓိကနည်းလမ်းကား အဘယ်နည်း။ (ကုန်းလမ်းခရီးစဉ်၊ အများပြည်သူသွားလာရေး၊ လမ်းလျှောက်ခြင်း၊ စသည် စသည်။)
- ♥ သူတို့သည် အတတ်ပညာများဖြစ်ကြသလော့။ သို့မဟုတ် အတတ်ပညာရှင်များ မဟုတ်ကြဘူးလား။
- ♥ သူတို့၏နိုင်ငံရေးအမြင်ကား အဘယ်နည်း။
- ♥ သူတို့သည် အသိပညာကြွယ်ဝသူ၊ ပညာမတတ်သူ၊ သို့မဟုတ် ၎င်းတို့နှစ်ခုကြားတွင်ရှိနေသောသူဖြစ်ကြသလား။
- ♥ ပြန်လည်ဖန်ဆင်းခြင်းနှင့်ဆိုင်သည့် ၎င်းတို့၏အဓိကအမျိုးအစားများကား အဘယ်သို့နည်း။

- သူတို့သည် မိသားစုများ၊ ညီအစ်ကိုများ သို့မဟုတ် တကိုယ်တည်းနေထိုင်သူများဖြစ်ကြပါသလား။

- သူတို့သည် ကြွယ်ဝချမ်းသာသူများ၊ အလယ်အလတ်တန်းစားများ၊ သို့မဟုတ် ဆင်းရဲချို့တဲ့သူများဖြစ်ကြပါသလား။

- သူတို့ရှုန်းကန်နေရသည့် အဓိက ပြဿနာကား အဘယ်နည်း။ ( စီးပွါးရေး၊ နိုင်ငံရေး၊ ပတ်ဝန်းကျင်၊ စသည်ဖြင့် )

- သူတို့ကျူးလွန်သည့် အဓိကပြဿနာကား အဘယ်နည်း။ ( အရက်သောက်ခြင်း၊ လိင်ပိုင်းဆိုင်ရာကျူးလွန်ခြင်း၊ မူးယစ်ဆေးဝါးများ၊ မိန်းမ သို့မဟုတ် ကလေးများ၏မတရားပြုခြင်း )

- သူတို့၏အထူးစိတ်ဝင်စားသောအရာကား အဘယ်နည်း။

- သူတို့ပါဝင်ပါတ်သက်သောအရာကား အဘယ်နည်း။

- ဤအဖွဲ့အစည်းတွင် မည်သို့သောလိုအပ်ချက်များကို အသင်းတော်က ရင်ဆိုင်နိုင်ပါသနည်း။

- အသင်းတော်သည် ဤလိုအပ်ချက်များကို ဖြေရှင်းနိုင်ရန် အဖွဲ့အစည်းထဲသို့ မည်သို့ပါဝင်လာနိုင်သနည်း။

- အသင်းတော်သည် ဤလိုအပ်ချက်များကို ဖြေရှင်းနိုင်ရန် အဖွဲ့အစည်းအား မည်သို့သောလုပ်ငန်းကို ပေးကမ်းပါသနည်း။

- ဤလူများကို သိမ်းပိုက်ပြီး သူတို့၏လိုအပ်ချက်များကိုဖြည့်ဆည်းနိုင်ရန်အတွက် အသင်းတော်က အပြောင်းအလဲ သို့မဟုတ် ရန်တန့်ရမည့် စည်းမျည်းစည်းကမ်း၊ လက်တွေ့ကျင့်သုံးမှုများ၊ သို့မဟုတ် ထုံးတမ်းစဉ်လာများကား အဘယ်နည်း။

- သူတို့ကို ခရစ်တော်အတွက် ရိတ်သိမ်းဖို့ ထိရောက်မှုရှိနိုင်ရန် အသင်းတော်သည် မည်သည့်လက်တွေ့လုပ်ဆောင်မှုအသစ်ဖြင့် ပူးပေါင်းလုပ်ဆောင်ရမည်နည်း။

- သူတို့သည် အသင်းတော်မှ အဝေးသို့ထွက်ခွါသွားခြင်းမရှိဘဲ ရှင်းလင်းစွာကြားသိနိုင်ရန် ဧဝံဂေလိတရားကို ထိုသို့သောနည်းလမ်းဖြင့် အသင်းတော်ထဲသို့ မည်သို့ထည့်သွင်းရမည်နည်း။

ဤမေးခွန်းများထက်များပြားဟန်မရှိသောမေးခွန်းများသည် အသင်းတော်က များစွာသော ကိစ္စရပ်များတွင် မိမိထုံးတမ်းဓလေ့တွင်ရှိသောသူများအား သိမ်းပိုက်ရန် ကြိုးစားနေသောကြောင့် ချေချာစီစစ်လုပ်ဆောင်မှုသည် ခက်ခဲလိမ့်မည်မဟုတ်ပေ။ ဤသည်မှာ ကိစ္စရပ်တစ်ခုဖြစ်သော်လည်း အချိန်ယူပြီး ထိုသို့သောမေးခွန်းများကို ဆင်ခြင်စဉ်းစားရန် အကျိုးသက်ရောက်မှုရှိလျက်နေသေးသည်။ ဤခွဲခြမ်းစိတ်ဖြာမှုကိုလုပ်ဆောင်သောအခါ လေ့လာသင်ယူမှုတွေပြုလုပ်သောလူများ၏ ကောင်းမွန်သောအကျိုးအတွက်ကို ရှာဖွေရပါမည်။ သူတို့ကို ရိတ်သိမ်းဖို့ရန် ဆုံချက်တစ်ခုအဖြစ် အသုံးပြုထားသည့် ၎င်းတို့၏ယဉ်ကျေးမှုထုံးတမ်းများ၏ အပျက်သဘောဆောင်သောဝိသေသလက္ခဏာများကို မဆင်ခြင်မိပါနှင့်။ ၎င်းတို့၏ထုံးတမ်းစဉ်လာနှင့်ဆိုင်သောအပြုသဘောဆောင်သည့် ဝိသေသလက္ခဏာများကိုသိရှိခြင်းသည် သင်လေးစားအားကျသောအရာအကြောင်းကို သူတို့အား ပြောဆိုခြင်းတွင် အသုံးဝင်ကောင်းဝင်နိုင်သည်။ လူတိုင်းက ၎င်း၏ယဉ်ကျေးမှုထုံးတမ်းနှင့်ပါတ်သက်ပြီး ခွန်အားပေးစကားပြောကြားခြင်းကို နှစ်လိုသည်။ တစ်စုံတစ်ဦးသည် ၎င်းက ရိတ်သိမ်းရန် ကြိုးစားအားထုတ်ပြီး လိုအပ်ချက်များကိုဖြည့်ဆည်းရန် ကြိုးစာနေသောသူတို့အကြောင်းနှင့်ပါတ်သက်ပြီး လုံလောက်သောသတင်းအချက်အလက်များကို ရရှိနိုင်သည်။ ထို့နောက် စီမံကိန်းတစ်ခုကို ရေးဆွဲချမှတ်နိုင်ပါသည်။

စီမံကိန်းတစ်ခုကိုဖန်တီးချမှတ်ရာတွင် အသင်းတော်က အဖွဲ့အစည်းများအထဲသို့ ထိထိရောက်ရောက်ရောက်ရှိနိုင်သည့်နည်းလမ်းများကိုကြည့်ရှုခြင်းအားဖြင့် အစပြုပါ။ သူတို့သည် အဘယ်အရာကို လိုအပ်ကြပါသနည်း။ ၎င်းတို့အဖွဲ့အစည်း၏အစိတ်အပိုင်းတစ်ခုဖြစ်လာရန် အဘယ်အရာကို လုပ်ဆောင်နိုင်ပါသနည်း။ မိတ်ဆွေဖွဲ့ခြင်းကိုတည်ဆောက်နိုင်ရန် အဘယ်သို့စတင်နိုင်မည်နည်း။ အသင်းတော်သည် ၎င်းတို့ကို ရိတ်သိမ်းနိုင်ရန် ၎င်းတို့အဖွဲ့အစည်း၏ မည်သို့သောအပြုသဘောဆောင်သည့်ရှုထောင့်ကို အသုံးပြုကြပါသနည်း။ တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ စုံတွဲအနေဖြင့်လည်းကောင်း၊ မိသားစုများအနေဖြင့်လည်းကောင်း သူတို့ကို ကူညီနိုင်မည့်နည်းလမ်းများကား အဘယ်သို့နည်း။ အသင်းတော်ခေါင်းဆောင်များသည် ဤသို့သောအရာများကို ဆုံးဖြတ်ချက်ချမှတ်ကြသောအခါ အောက်ပါအချက်များကို ဆင်ခြင်သတိပြုသင့်ပါသည်။

- အသင်းတော်သည် ဤအဖွဲ့အစည်းများကို ထိုးထွင်းသိမြင်ပြီးလွှမ်းမိုးနိုင်ရန် စတင်ပြီး လုပ်ဆောင်နိုင်သောအရာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

  - ၎င်းတို့၏ရုံးပိတ်ရက်များတွင် သူတို့နှင့်အတူ ပွဲလန်းသဘင်ကျင်းပပေးပါ။
  - ၎င်းတို့၏စစ်ရေးလေ့ကျင့်မှု၊ အောင်ပွဲများတွင် ၎င်းတို့၏အဖွဲ့ဝင်များပါဝင်စေပါ။
  - ထူးခြားသည့်အဖြစ်အပျက်၊ အောင်မြင်မှုများအတွက် ဂုဏ်ပြုပေးပါ။

- မေတ္တာနှင့် သူတို့ကို ဂရုစိုက်သည်ကိုထင်ရှားစေမည့် အရာများကို ဤအဖွဲ့အစည်းတွင်လုပ်ဆောင်ပါ။

➢ အသင်းတော်ဝင်များကို ဤတာဝန်အတွက် သင်တန်းပေးပြီး ပြင်ဆင်နိုင်သည့်နည်းလမ်းများများ အောက်ပါအတိုင်းဖြစ်သည်။

- တရားပလ္လင်အမှုတော်လုပ်ငန်း၊
- သမ္မာကျမ်းစာ လေ့လာခြင်း၊
- တပည့်တော်စုများ
- အထူးသင်တန်း

➢ အသင်းတော်သည် ဤသူတို့ကို ရိတ်သိမ်းဖို့ အထောက်အပံ့ပြုရန်လိုအပ်သောအရာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ငွေကြေး
- အစားအသောက်နှင့် အဝတ်အစားများ
- သတို့အစီအစဉ်နှင့်တထပ်တည်းကျနိုင်မည့်အထူးဝတ်ပြုစည်းဝေးပွဲကိုကျင်းပခြင်း။
- အသင်းတော်အဆောက်အဦးထက် အခြားနေရာတွင် တွေ့ဆုံးနိုင်မည့်နေရာ ငှါးရမ်းခြင်း။
- စသည်တို့ဖြစ်သည်။

➢ အသင်းတော်သည် ဤအဖွဲ့အစည်းထဲသို့ရောက်ရှိနိုင်ရန်အတွက် ဆက်နွယ်မှုများကိုတည်ဆောက်ရန်လိုအပ်သည့် တိကျသေချာသောသူများရှိလျှင် အောက်ပါပုဂ္ဂိုလ်များပင်ဖြစ်ပါသည်။

- အစိုးရရုံးအရာရှိများ၊
- ဒေသခံအဖွဲ့အစည်းခေါင်းဆောင်များ
- လုပ်ငန်းရှင်များ၊
- စသည်တို့ဖြစ်သည်။

စီမံကိန်းကို တစ်ကြိမ်အကောင်အထည်ပေါ်လာပြီးနောက်တွင် ပြီးစီးအောင်လုပ်ဆောင်ရမည့်အချိန်ဖြစ်ပါသည်။ ဤသူတို့ကို ခရစ်တော်အတွက် စတင်သိမ်းပိုက်ရန် အစီအစဉ်အားဖြင့် တစ်လှမ်းချင်းစီအလုပ်လုပ်ရပါမည်။ စီစဉ်သည့်အတိုင်း ပထမအကြိမ်တွင် မျှော်မှန်းထားသည့်အတိုင်း အောင်မြင်မှုရရှိလိမ့်မည်မဟုတ်။ ဤသို့သောအရာဖြစ်ပေါ်လာသည့်အခါ အစီအစဉ်ကို စီမံ

ဆောင်ရွက်ပြီး ရှေ့သို့လှမ်းတက်ရန် ကြောက်ရွံ့မှုမရှိပါနှင့်။ အဓိကသော့ချက်မှာ ရှေ့သို့ ဆက်၍ လှမ်းချီရန်သာဖြစ်ပါသည်။ မရပ်ပါနှင့်။ အောင်မြင်မှုအတွက် ဘုရားသခင်ကိုသာ စေ့စေ့မျှော်ကြည့်ပါ။

အခြားသူများကို ရှိသေသမှုပြုခြင်းသည် အရေးပါသောအချက်ဖြစ်သည်။

အသင်းတော်ဝင်များသည် ၎င်းတို့က ဧဝံဂေလိတရားအားဖြင့် သိမ်းပိုက်ရန်ကြိုးစားအားထုတ်သည့်လူများနှင့်၎င်းတို့၏ရိုးရာယဉ်ကျေးမှုများကို ပို၍သိလေလေ၊ သူတို့အား ဧဝံဂေလိလုပ်ဆောင်ရာတွင် ပို၍ ထိရောက်မှုရှိလေလေဖြစ်သည်။ သူတို့အား ဘုရားသခင်ဖန်ဆင်းပြီး ချစ်မြတ်နိုးရသောလူများအဖြစ် ထိုက်တန်သောသူများဖြစ်သည်ဟုဆိုကာ မေတ္တာနှင့်လေးစားမှုအားဖြင့် ပေါင်းသင်းဆက်ဆံခြင်းသည် သူတို့အား ဧဝံဂေလိတရားအားဖြင့် သိမ်းပိုက်ခြင်းနှင့်အတူ ရှိလျက်နေမည်ဖြစ်သည်။ မြင့်မြတ်သောစိတ်ထားကို ပိုင်ဆိုင်ထားခြင်းကို သူတို့သိနားလည်ပြီး အလဟသဖြင့်သာ အဆုံးသတ်သွားလိမ့်မည်။ အသင်းတော်တစ်ခု၏အသင်းသားများက သူတို့သည်လည်း တချိန်က ခရစ်တော်မရှိဘဲ၊ မျှော်လင့်ချက်မဲ့လျက်၊ မှားယွင်းသောလမ်းကြောင်းဘက်ဆီသို့ ဦးတည်သွားနေသည်ကို သတိရအောက်မေ့ရန်လိုအပ်ပါသည်။ ထို့ကြောင့် သူတို့သည် ခရစ်တော်အကြောင်းဝေငှသူများအပေါ် မေတ္တာရှေ့ရှုထားရပါမည်။

အခန်း ၈

# နောက်ထပ်ခြေလှမ်း၊ ရှေ့သို့တက်လှမ်းခြင်း။

သင်းအုပ်အရာ၌ငှင်း၊ ခရစ်တော်၏ဆင်းရဲဒုက္ခဝေဒနာကို သိမြင်သော
သက်သေအရာ၌ငှင်း ခန့်ထားသောသူ၊ ထင်ရှားစေတော်မူလတံ့သောဘုန်းအသရေတော်ကို
ဆက်ဆံသောသူဖြစ်သော ငါပေတရုသည်၊ သင်တို့တွင်ရှိသော သင်းအုပ်ချင်းတို့ကို
တောင်းပန်ပါ၏။ သင်တို့နှင့်အတူရှိသော ဘုရားသခင်၏သိုးတော်စုကို ထိန်းခြင်းအမှုမှာ၊
အနိုင်ထိန်းရသောကြောင့်မဟုတ်၊ မစင်ကြယ်သောစီးပွါးကို တပ်မက်သောကြောင့်မဟုတ်၊
အလိုလိုစေတနာစိတ်ရှိ၍ ကြည်ရှုအုပ်ထိန်းကြလော့။ အသီးအသီးအုပ်သောအသင်းတော်တို့ကို
အာဏာထား၍ အစိုးတရပြုသည်မဟုတ်ဘဲ၊ သိုးတော်စုရှေ့မှာ
ပုံသက်သေကိုပြသောသူဖြစ်ကြလော့။ သို့ဖြစ်လျှင်၊ သိုးထိန်းအကြီးပေါ်ထွန်းတော်မူသောအခါ၊
သင်တို့သည် မညှိုးမနွမ်းတတ်သော ဘုန်းကြီးသော ပန်းဦးရစ်သရဖူကို ခံရကြလိမ့်မည်။
(၁ပေ ၅း ၁-၄)

ရှေ့တို့တက်လှမ်းရန်တာဝန်တစ်ခု

သင်သည် စာအုပ်တစ်အုပ်ကို ဖတ်ရှုလေ့လာပြီးနောက်တွင် တင်ပြထားသောအကြောင်းအရာ၏လွှမ်းမိုးခြင်းကို တခါတရံ ခံရနိုင်ပါသည်။ မည်သည့်လားရာသို့သွားမည်၊ မည်သည့်အရာနှင့်စတင်အစပြုရမည်ကို မသေချာမရေရာဘဲ အဘယ်အရာမျှ ပြီးပြည့်စုံလာမည်မဟုတ်ပါ။ ကျွန်ုပ်၏စိတ်ဆန္ဒမှာ ဤစာအုပ်နှင့်ပါတ်သက်ပြီး ဤအခန်းကိုထည့်သွင်းထားရခြင်းမှာ အဓိကအကြောင်းတရားမဟုတ်ပါ။ ကျွန်ုပ်၏မျှော်လင့်ထားချက်မှာ တင်ပြထားသောဘဘောတရားများကို အသက်တာတွင် လက်တွေ့အသုံးချရန်ဖြစ်သည်။ ထို့မှသာ သင်၏အသင်းတော်သည် ခရစ်တော်အတွက် လုပ်ဆောင်နိုင်သောအကြောင်းအရာအားလုံးတွင် ဖြစ်စေလိုသည်အတိုင်း ဖြစ်လာမည်ဖြစ်သည်။ သင်၏အသင်းတော်သည် ဤစာအုပ်တွင်တင်ပြထားသောအကြောင်းအရာတိုင်းကို လက်တွေ့ခဲ့ပြီးပြီဆိုလျှင် ကျွန်ုပ်၏စိတ်ဆန္ဒမှာ သင်သည် အနာဂတ်တွင် သာ၍ အကျိုးရှိသောသူဖြစ်လာရန်ပေတည်း။ သင်၏အသင်းတော်သည် အမှုတော်အတွက် အသင်းသားများအား ပြင်ဆင်ခြင်းကို ဦး

တည်ထားသည့် သွန်သင်မှုကိုပြုရာနေရာမဟုတ်ခဲ့လျှင် ဤအရာက ပြောင်းလဲစေနိုင်ပါသည်။ သင်၏အသင်းတော်အား ဇဝ်ဂေလိလုပ်ငန်းအပါအဝင် သင့်ပတ်ဝန်းကျင်တစ်ခုလုံးကို ကြီးမားသောအကျိုးသက်ရောက်မှုဖြစ်စေသည့် နေရာတစ်ခုဖြစ်စေလိုလျှင် အပြောင်းအလဲဖြစ်လာရမည်။ ၎င်းသည် ရွေးချယ်ပိုင်ခွင့်မဟုတ်ပါ။

သင့်အသင်းတော်အပြောင်းအလဲသည် အလျှင်အမြန်ဖြစ်ပေါ်လာမည်မဟုတ်ပါ။ အချိန်ယူရပေမည်။ သို့သော် သင်၏အသင်းတော်သည် ယခုတွင်ရှိနေသောနေရာတွင် ရောက်ရှိလာနိုင်ဖို့ရန် အချိန်အကြာကြီးယူရသောကြောင့် ဤအချက်ကို မျှော်လင့်မထားနိုင်ပါ။ သင်သည် အသင်းတော်သို့သွားပြီး အရာအားလုံးကို နေ့ချင်းညချင်းပြောင်းလဲစေရန်ကြိုးစားအားထုတ်လျှင် အကြောင်းတရားများစွာဖြင့် ကျဆုံးပေလိမ့်မည်။ အကြောင်းတရားတစ်ခုမှာ လူတို့သည် အလျင်စလိုလုပ်ဆောင်သောအခါ လုပ်ဆောင်မည့်အရာနှင့်ပါတ်သက်ပြီး စဉ်းစားဆင်ခြင်ဖို့အချိန်မပေးကြဟုသောအချက်ပင်ဖြစ်ပါသည်။ အခြားအကြောင်းတရားတစ်ခုမှာ လူများစွာတို့သည် တိုးတက်ခြင်းများကို လိုလားကြသော်လည်း အသင်းတော်ထဲ၌ရှိကြသောလူအချို့တို့သည် အပြောင်းအလဲများစွာကို လျှင်မြန်စွာစီမံထားနိုင်စွမ်းမရှိကြပါ။ ကျဆုံးနိုင်သည့် နောက်ထပ်အကြောင်းတရားတစ်ခုမှာ အသင်းတော်သည် လိုအပ်သောအပြောင်းအလဲကို စီမံကိုင်တွယ်ဖြေရှင်းနိုင်ရန် သင်တန်းပေးပို့ထားသည့်လူများမရှိခြင်းပင်ဖြစ်ပါသည်။ သို့ရာတွင် ဤသည်မှာ အချိန်များစွာ ဖြစ်ပေါ်လာမည်ဖြစ်သည်။ မပြင်မဆင်သောအပြုအမူရှေ့သို့တက်လှမ်းပြီး ကျဆုံးခြင်းထက် အကျိုးကျေးဇူးများစွာကိုဖြစ်ပေါ်စေသည့် ခိုင်မာသောအုတ်မြစ်ကို တဖြည်းဖြည်းချင်းချမှတ်ထားခြင်းသည် ပို၍ ပင်ကောင်းမွန်လှပါသည်။ ဆုံးရှုံးမှုတစ်ခုသည် အသင်းတော်က အလျှင်အမြန်ကုစားမရနိုင်သော စိတ်ပျက်ခြင်းကိုဖြစ်စေနိုင်ပါသည်။ ဤအကြောင်းတရားသည်လည်း သင့်အသင်းတော်၏အနာဂတ်တွင် အပြောင်းအလဲကို ထပ်မံမကြိုးစားလိုသည့် အဓိကအချက်လည်း ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် ဤဖြစ်စဉ်တွင် သင်သည် ဉာဏ်အမြော်အမြင်ရှိသင့်ပါသည်။

## ဖြစ်စဉ်

ရင့်ကျင့်သောတပည့်တော်များကို ထုတ်လုပ်သည့် ပြင်ဆင်ရာနေရာတစ်ခုအဖြစ် သင်၏အသင်းတော်ကိုဖြစ်စေခြင်းနှင့်ဆိုင်သော ဤဖြစ်စဉ်အားဖြင့် အလုပ်လုပ်ဆောင်ခြင်းသည် စိတ်ကူးယဉ်ဆန်သောလုပ်ဆောင်ချက်ပင်ဖြစ်ပါသည်။ ဘုရားသခင်သည် သင့်အား မဖြစ်နိုင်သောလုပ်ငန်းတာဝန်ကို ပေးထားမည်မဟုတ်။ သူ၏တန်ခိုးတော်အားဖြင့် ပြီးပြည့်စုံစေနိုင်သောအရာကိုသာ လုပ်ဆောင်စေမည်ဖြစ်သည်။ အချို့သောအသင်းတော်များသည် အသင်းတော်၏ရင့်ကျင့်မှု၊ အသင်းဝင်အရေအတွက်များ၊ ရရှိနိုင်သောရင်းမြစ်များ၊ ခေါင်းဆောင်မှုပုံစံအမျိုးမျိုး စသည့်အချက်များကြောင့်

အခြားသောအသင်းတော်များထက် မိမိတို့၏လုပ်ငန်းတာဝန်ကို လျှင်မြန်စွာပြီးစီးနိုင်ကြပါသည်။ ဖြစ်စဉ်ဖြစ်ပေါ်ရာအသင်းတော်၏ခေါင်းဆောင်များသည် နောက်ကျနေခြင်းအတွက် စိတ်ဓါတ်ကျခြင်းမရှိကြသင့်ပါ။ စိတ်ဓါတ်ကျခြင်းသည် နောက်ထပ်လုပ်ဆောင်ရမည့်အရာကို ခက်ခဲစေပါသည်။ အထူးသဖြင့် စိတ်ဓါတ်အလွန်ကျသူများသည် အပြောင်းအလဲမလိုချင်သော အသင်းဝင်များ၊ သို့မဟုတ် ဘုတ်အဖွဲ့ဝင်များဖြစ်လျှင် ပိုမိုခက်ခဲပေမည်။ သို့ရာတွင် ဤသည်မှာ တခါတရံ အရှိအတိုင်းဖြစ်လာသောအရာသာဖြစ်သည်။ သူတို့သည် ဘဘောမတူပဲ သင့်အား ပုံမှန် စိတ်အားငယ်စေလိမ့်မည်။ ဒူးထောက်နေစေလိမ့်မည်။ အထက်ကိုမျှော်ကြည့်ပြီး ရှေ့သို့လှမ်းစေလိမ့်မည်။ အပြောင်းအလဲမလိုလားသူများကြောင့် ဖြစ်ပေါ်လာသည့် ပြဿနာများ၊ သို့မဟုတ် ဖြစ်စဉ်၏အစိတ်အပိုင်းဖြစ်မလာခြင်းများ၊ သို့မဟုတ် အချို့သောအကြောင်းတရားများက အသင်းတော်ကိုစွန့်ပစ်ချန်ထားခဲ့သည်ဟူသော သာဓကများလည်းရှိနိုင်ပါသည်။ အသင်းတော်ဖြတ်သန်းကျော်လွှားနေရသောအပြောင်းအလဲဖြစ်စဉ်ကို နှောက်ယှက်ဖျက်ဆီးရန်ကြိုးစားအားထုတ်နေသောသူများ၏အရေးကိစ္စတွင် အသင်းတော်ခေါင်းဆောင်များသည် မှားယွင်းသောသူများအား စည်းကမ်းချမှတ်ထားရန်လိုအပ်ချက်ကို ဆင်ခြင်သတိပြုရန်လိုအပ်ပါသည်။ (တိတု ၃း ၉-၁၀၊ မဿဲ ၁၈း ၁၅- ၂၀၊ ၁ကော ၅) ဘုရားသခင်သည် သင့်အား အောင်မြင်သောသူဖြစ်စေလိုပါသည်။ သူသည် သင်ကြုံတွေ့နေရသောအခက်အခဲများကို လွန်မြောက်စေနိုင်ပါသည်။ သည်းခံပြီး သစ္စာရှိရန်သာလိုအပ်သည်။ သစ္စာရှိခြင်းသည် ဘုရားသခင်ချီးမြှင့်လိုသောအရာဖြစ်ပါသည်။ ထို့ကြောင့် သင်လုပ်ဆောင်ရမည့်ဖြစ်စဉ်နှင့်တာဝန်များကို ဆက်ကပ်ပြီး လက်တော်သို့အပ်နှံလိုက်ပါ။

ဤစာအုပ်ထဲတွင် တင်ပြထားသောသဘောတရားများကို မည်သို့လက်တွေ့အသုံးချရမည်ဟူသောအချက်နှင့်ပါတ်သက်ပြီး သာဓကအနည်းငယ်ကို ပေးထားခြင်းဖြစ်ပါသည်။ ဤအကြောင်းအရာ၏အဓိကအချက်မှာ အသင်းတော်တစ်ခုစီတိုင်းသည် နည်းလမ်းပေါင်းများစွာဖြစ်သည့် တည်ရှိသောနေရာ၊ ခေါင်းဆောင်များ၊ ခေါင်းဆောင်မှုပုံစံ၊ အသင်းသားများ၊ အဖွဲ့အစည်းများ၊ စသဖြင့် ကွဲပြားခြားနားလျက်ရှိကြပါသည်။ အချက်အလက်များနှင့်ဆိုင်သည့်ဤပေါင်းစပ်ခြင်းက အသင်းတော်တစ်ခုစီတိုင်းကို အခြားအသင်းတော်များမှ လုံးဝမှန်ကန်စေသည်။ ထို့ကြောင့် အသင်းတော်တစ်ခုက လုပ်ဆောင်သောအရာများသည် အခြားအသင်းတော် ရေစုန်ဆင်းလုပ်ဆောင်သင့်သည့်အရာနှင့်ကွဲပြားခြားနားပါသည်။ ဆုတောင်းခြင်းနှင့်ဘုရားသခင်၏နှုတ်ကပါတ်တော်သည် ဤစာအုပ်တွင်တင်ပြထားသည့်သဘောတရားနှင့်ပေါင်းစည်းမှုတွင် သင်၏အသင်းတော်အား ရှေ့သို့တက်လှမ်းပြီး ပန်တိုင်ရောက်သည်အထိဆောင်ယူဖို့ရန် လုံလောက်လှပါသည်။ ဘုရားသခင်သည် လိုအပ်သောဉာဏ်ပညာကို ဘုရားသခင်ပေးတော်မူလိမ့်မည်။ (ယာကုပ် ၁း ၅- ၈ )

ဤအကြောင်းတရားမှန်ကန်ခဲ့လျှင် ထိရောက်မှုရှိသောအသင်းတော်တစ်ခုတိုးပွါးစေခြင်းဖြစ်စဉ်သည် အသင်းတော်အားလုံးအတွက် အတူတူပင်ဖြစ်ပါသည်။ အသင်းတော်သည် ဤအကြောင်း

အရာကို လုပ်ဆောင်နိုင်ရန် စီမံဆောင်ရွက်ရမည့် ဒုတိယဦးစားပေးအဆင့်များနှင့်အတူ အဓိကခြေလှမ်း ငါးခုရှိပါသည်။ ထိုအရာတို့နှင့်ပူးပေါင်းလုပ်ဆောင်ခြင်းတွင် အသင်းတော်ခေါင်းဆောင်များသည် အောက်ပါအချက်အလက်များကိုလိုက်လျှောက်ရာတွင် စိတ်ထဲတွင် စောင့်ထိန်းရမည့် သတိပေးထားချက်တစ်ခုရှိပါသည်။

အဆင့် ၁။ ဘုရားသခင်ကို ရှာဖွေပါ။

အဆင့် ၂။ အခြားသူများ၏အကြံဉာဏ်ကိုရယူပါ။

အဆင့် ၃။ သင်၏အသင်းတော်ကို မြှင့်တင်ပါ။

အဆင့် ၄။ စီမံကိန်းတစ်ခုရေးဆွဲပါ။

အဆင့် ၅။ ထိုစီမံကိန်းကို အကောင်းအထည်ဖော်ပါ။

သတိပေးချက်။ စာတန်ကို တိုက်ခိုက်ဖို့ မျှော်လင့်ပါ။

ဤဆင့်များနှင့်သတိပေးထားချက်အကြောင်းကို ယခုတွင် အသေးစိတ်ဆွေးနွေးထားမည်။

အဆင့် ၁။ ဘုရားသခင်ကို ရှာဖွေပါ။

ဤဖြစ်စဉ်၌ပထမအဆင့်မှာ ဆုတောင်းခြင်းနှင့်နှုတ်ကပါတ်တော်အားဖြင့် ဘုရားသခင်ကို ရှာဖွေရန်ဖြစ်သည်။ သင်၏အသင်းတော်ခေါင်းဆောင်များကို စုစည်းသင့်ပါသည်။ သို့မဟုတ် သင်၏အသင်းတော်တစ်ခုလုံးကလည်း ဘုရားသခင်ထံက ဉာဏ်ပညာနှင့်လမ်းပြပို့ဆောင်မှုကိုတောင်းခံသောအခါ အစာရှောင်ဆုတောင်းခြင်းကို ပြုလုပ်သည်လည်း ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဤသည်မှာ ပထမဆုံးအစပြုရမည့်နေရာပင်ဖြစ်ပါသည်။ ရှင်ယာကုပ်က "သင်တို့တွင် တစုံတယောက်သောသူသည် ပညာကိုလိုလျှင်၊ ကဲ့ရဲ့ပြစ်တင်ခြင်းကိုပြုတော်မမူဘဲ၊ ခပ်သိမ်းသောသူတို့အား စေတနာစိတ်နှင့်ပေးသနားတော်မူသောဘုရားသခင်ကို တောင်းစေ" (ယာကုပ် ၁း ၅ ) ဆိုသကဲ့သို့ ဘုရားသခင်သည် သင်၏အသင်းတော်အား ၄င်းလိုအပ်သောဉာဏ်ပညာကို ပေးတော်မူမည်။ ထို့နောက် ရှင်ယာကုပ်က ဘုရားသခင်က လုပ်ဆောင်ရမည်အကြောင်းမိန့်တော်မူသောအရာနှင့်ပါတ်သက်ပြီး လုပ်ဆောင်ထားသောအရာကိုလည်း သေချာစေရန်လိုအပ်ကြောင်း "တောင်းလျှင်ရလိမ့်မည်။ သို့ရာတွင် တွေးတောခြင်းမရှိဘဲ ယုံကြည်သောစိတ်နှင့်တောင်းရမည်။ တွေးတောခြင်းရှိသောသူသည် ကား၊ လေတိုက်၍ လှုပ်ရှားတတ်သောလှိုင်းတံပိုးနှင့်တူ၏။ ထိုသို့သောသူသည် စိတ်နှစ်ခွရှိသောသူ၊ ပြုလေသမျှတို့၌ မတည်ကြည်သောသူဖြစ်၍၊ ထာဝရဘုရား၏လက်တော်မှတစုံတခုကိုရမည်ဟု

မထင်မမှတ်စေနှင့်” ဟု ထပ်လောင်း၍ ဆိုထားသည်။ (ယာကုပ် ၁း ၆- ၈ ) အသင်းတော်တစ်စုံတစ်ခုက နောက်ဆုံးလုပ်ဆောင်လေ့ရှိသောအရာမှာ ဘုရားသခင်အား လမ်းပြပို့ဆောင်ခြင်းကို တောင်းခံပြီး သူပေးထားသည့်ကို လိုက်လျှောက်ရန်ဖြစ်သည်။ ထိုသို့သောအသင်းတော်မျိုးသည် ဘုရားသခင်ထံမှ အဘယ်အရာကိုမျှ ရရှိရန် မျှော်လင့်မထားသင့်ပေ။ ထို့ကြောင့် သင်တောင်းလျှောက်ခြင်းမပြုမှီ ဘုရားသခင်က သင့်အသင်းတော်အားပြသထားသောအရာကိုလိုက်လျှောက်ရန် သင်၏အစီအစဉ်ကို သေချာစေပါ။ ဤအချက်အလက်ကို သင်သိလိုလျှင် ဘုရားသခင်ကိုရှာဖွေခြင်းက ကြီးစွာသောအကျိုးကိုပေးတော်မူမည်အကြောင်း သေချာစေမည်။ သုတ္တံ ၃း ၁၆ က “ကိုယ့်အမှုအရာကို ထာဝရဘုရား၌အပ်ထားလော့။ သို့ပြုလျှင် စီရင်တော်မူလိမ့်မည်” ဟုဆိုထားပါသည်။ သုတ္တံ ၁၆း ၉ နှင့်ပေါင်းစည်းခြင်းတွင် ဤသမ္မာတရားကိုနားလည်သဘောပေါက်လျှင် (“လူသည် မိမိသွားရာလမ်းကို စိတ်ထဲမှာကြံစည်၏။ သို့သော်လည်း သူ၏ခြေရာတို့ကို ထာဝရဘုရားစီရင်တော်မူမည်။”) လိုလားတောင့်တသောအကျိုးကိုရရှိရန် ကောင်းမွန်သောလမ်းထဲသို့ ဘုရားသခင်သည် ပို့ဆောင်ဦး ဆောင်တော်မူမည်အကြောင်း သေချာစေနိုင်ပါသည်။ ဘုရားသခင်က လုပ်ဆောင်စေလိုသောအရာသည် သူ့အား အပြည့်အဝရှာဖွေစေလိုသည့်အရာထက် အခြားအရာကို လုပ်ဆောင်ရန် သင်ဆုံးဖြတ်ချက်ချခဲ့လျှင် သင်၏ခြေလှမ်းများကို ဘုရားသခင်စောင်မတော်မူမည်။

အဆင့် ၂။ အခြားသူများ၏အကြံဥာဏ်ကိုရယူပါ။

ဘုရားသခင်သည် အခြေအနေကိုလမ်းပြဦးဆောင်ပြီး ညွှန်ကြားမှုကိုပေးရန် လူ သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို တခါတရံ အသုံးပြုထားပါသည်။ ထို့ကြောင့် သင်သည် ဘုရားသခင်ကို ရှာဖွေသကဲ့သို့ အခြားသူများထံက အကြံအဉာဏ်များကို တောင်းခံရန်မှာလည်း အလွန်ပင် အရေးကြီးလှပါသည်။ သုတ္တံ ၁၅း ၂၂ က “တိုင်ပင်ခြင်းမရှိလျှင် အကြံပျက်တတ်၏။ တိုင်ပင်သောသူများလျှင်မူကား အကြံတည်တတ်၏” ဟု ဆိုပါသည်။ ထို့ကြောင့် သူတို့၏အကြံဥာဏ်သည် သင့်ကိုအကူအညီပေးနိုင်သောကြောင့် အခြားသူများကိုလည်း ထည့်သွင်းရန် တံခါးဖွင့်သင့်ပါသည်။ ဤနည်းဖြင့် အောင်မြင်ခြင်းကို အမှန်တကယ် သိမ်းပိုက်တော်မူရလိမ့်မည်။

အခြားသူများ၏အတွေ့အကြုံကို ရရှိရန် မတူညီသောအရင်းအမြစ်များကိုရှာဖွေခြင်းသည် အကူအညီဖြစ်ကောင်းဖြစ်နိုင်ပေသည်။ ထိုသူတို့မှာ အောက်ပါပုဂ္ဂိုလ်များပင်ဖြစ်ပါသည်။

- အသင်းတော်ခေါင်းဆောင်များ၊ ( သင့်၏အသင်းတော် သို့ အခြားအသင်းတော်များ)
- အသင်းတော်ကြီးထွားခြင်းလုပ်ငန်းတွင် ထူးချွန်ထက်မြစ်သူများ

- ခရစ်တော်အတွက် သိမ်းပိုက်ရန် သင်ကြံရွယ်ထားသည့် လူ့အဖွဲ့အစည်းနှင့်ပါတ်သက်ပြီး ကျွမ်းကျင်သူများ၏ဗဟုသုတများ (သင့်နိုင်ငံသား နှင့်လူမျိုး)

- ခရစ်တော်အတွက်သိမ်းပိုက်ရန် သင်ရည်ရွယ်ထားသည့်လူများ၏အစိုးရဆိုင်ရာ လူဦးရေအခြေအနေလေ့လာဆန်းစစ်မှုဗေဒ။

- ဆက်နွယ်သောခေါင်းစဉ်နှင့်ပါတ်သက်ပြီး စာအုပ်များနှင့် အင်တာနက်ဆောင်းပါးများ

- သင်၏တိုင်းပြည် သို့မဟုတ် အခြားတိုင်းပြည်များတွင် အခြားသူများက အမှုတော်လုပ်ငန်း၊ ဧဝံဂေလိလုပ်ငန်းတွင် လုပ်ဆောင်နေသောအရာ သို့မဟုတ် လုပ်ဆောင်ခဲ့ပြီးသောအရာများကို ရင်းနှီးမြှုပ်နှံခြင်း။

- သတင်းအချက်အလက်ရရှိနိုင်သောသင်တန်းများ၊နှင့် ကွန်ဖရင့်များကို တက်ရောက်ပါ

သုတ္တံကျမ်း ၁၃း ၁၀ က "မာနကြောင့်သာ ရန်တွေ့ခြင်းရှိ၏။ သတိပေးသောစကားကို နာခံသောသူမည်သည်ကား ပညာရှိ၏" ဟု ဆိုသောအချိန်တွင် ဤအကြောင်းအရာ၏အကျိုးသက်ရောက်မှုများစွာကို ဆိုသည်။ မာန သို့မဟုတ် ရန်တွေ့ခြင်းမဟုတ်လျှင် အခြားသူများထံတွင် အကြံဉာဏ်တောင်းခံခြင်းသည် ဤဖြစ်စဉ်ကို ပိုမိုကျွမ်းကျင်စေနိုင်ပြီး အကျိုးဖြစ်ထွန်းစေသောကြောင့် အောင်မြင်မှုကို ရရှိပေလိမ့်မည်။

အဆင့် ၃။ သင်၏အသင်းတော်ကို မြှင့်တင်ပါ။

အခန်း ၃ တွင် ကျွန်ုပ်တို့ဆွေးနွေးထားသကဲ့သို့ ဉာဏ်ပညာရှိစွာအိမ်ဆောက်သောသူသည် ၎င်း၏အသင်းတော်ကို မြှင့်တင်လိမ့်မည်။ ထို့ကြောင့် သင်နှင့် သင့်အသင်းတော်ခေါင်းဆောင်များသည် အောက်ပါအချက်များကို ဆုံးဖြတ်သတ်မှတ်ရန် လိုအပ်ပါသည်။

- သင့်အသင်းတော်၏ဝိညာဉ်ရေးရာအခြေအနေ၊

- သင့်အသင်းတော်၏ခွန်အား။

- သင့်အသင်းတော်၏အားနည်းချက်၊

- သင့်အသင်းသားများ၏ဖျှမ်းမျှတစေ့တစောင့်လေ့လာချက်ကို ထူးခြားဖော်ပြသည်။

- ရင့်ကျင့်သောယုံကြည်သူတစ်ယောက်၏သမ္မာကျမ်းစာဆိုင်ရာတစေ့တစောင့်လေ့လာချက်ကို ထူးခြားဖော်ပြသင့်သည်။
- အဆိုပြုထားသောတစေ့တစောင်းလေ့လာချက်များ အမှန်တကယ်ဖြစ်ပေါ်လာစေရန် လိုအပ်သည့် အပြောင်းအလဲများ။

ဤအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာလာခြင်းက အစပြုဆုံမှတ်သတ်မှတ်ခြင်းနှင့် သင်ရောက်ရှိလိုသောပန်းတိုင်သို့ အရောက်သွားနိုင်ရန်အကူအညီပေးလိမ့်မည်။

## အဆင့် ၄။ စီမံကိန်းတစ်ခုရေးဆွဲပါ။

ဤအချက်သည် တစ်ကြိမ်ပြည့်စုံလာပြီးသောအခါ စီမံကိန်းတစ်ခုကို ပြင်ဆင်ရန် လိုအပ်ပါသည်။ ဤစီမံကိန်းတည်ဆောက်ခြင်းအတွက် ပြင်ဆင်မှုလုပ်ငန်းတွင် သင်၏အသင်းတော်ခေါင်းဆောင်များသည် သင့်အသင်းတော်နှင့်သက်ဆိုင်အရာများကို ပြီးမြောက်ပြီး အသစ်စတင်သောငင်းတို့၏ပန်းတိုင်များကို ဆန့်ကျင်နိုင်းယှဉ်မှုပြုသည့် ခွဲခြမ်းစိတ်ဖြာမှုကို ကြည့်ရှုသုံးသပ်ရန် လိုအပ်ပါသည်။ သူတို့၏စီမံကိန်းသည် သင်၏အသင်းတော် ယခုရှိနေသောနေရာကနေ ရှိသင့်သောနေရာဆီသို့ရွှေ့ပြောင်းရန်လိုအပ်သည့်ခြေလှမ်းများ ထည့်သွင်းသင့်ပါသည်။ ဤအချက်သည် တစ်ကြိမ်ပြီးပြည့်စုံလျှင် သင်၏အစီအစဉ်ကို လိုက်နာရန်လိုအပ်ပါသည်။

သင်၏စီမံကိန်းတွင် အဘယ်အရာများ ပါဝင်သင့်သနည်း။ သင်၏စီမံကိန်းတွင် အခန်း ၃ တွင် မေးမြန်းထားခဲ့သည်အတိုင်း ဆင်ခြင်စရာမေးခွန်းများပါဝင်လျှင် အကူအညီဖြစ်ပေလိမ့်မည်။

- အပြောင်းအလဲလုပ်ဆောင်ရန် လိုအပ်သောအရာ၊
- တူညီစွာရှိနေသင့်သောအရာ၊
- သင်၏တရားပလ္လင်အမှုတော်၏အရည်အသွေး၊
- သင့်အသင်းတော်၏သွန်သင်ခြင်းလုပ်ငန်း၏အရည်အသွေး၊ ( ကျမ်းစာလေ့လာခြင်း၊ တပည့်တော်လုပ်ငန်းအစီအစဉ်၊ အဖွဲ့ငယ်၊ ဆန်းဒေးစကူးလ်၊ လူငယ်လုပ်ငန်း စသဖြင့်၊ )
- သင့်အသင်းတော်၏သွန်သင်ခြင်းလုပ်ငန်းတွင် အပြောင်းအလဲလုပ်ဆောင်သင့်သည့်အချက်။

- အသင်းတော်လုပ်ငန်းတစ်ခုစီ၏အရည်အသွေးများ၊
- သင့်အသင်းတော်ခေါင်းဆောင်များသည် ၎င်းတို့အဆင့်ရာထူးအတွက် အရည်အချင်းပြည့်မှီကြပါသလား။
- သင့်အသင်းတော်တွင် သင်ကြားပေးသောသူများသည် ဤအဆင့်များအတွက် အရည်အချင်းပြည့်မှီကြပါသလား။
- သင့်အသင်းတော်ရှိအမှုတော်လုပ်ငန်းများသည် လုပ်ဆောင်သင့်သောအရာကို မလုပ်ဆောင်ခြင်း၊
- သင့်အသင်းတော်ရပ်တန့်သင့်သော အမှုတော်လုပ်ငန်းများ။
- သင့်အသင်းတော်ငန်းထဲက ထွက်ပေါ်လာသောအကျိုးရလဒ်များ။
  - လူများခရစ်တော်ထံသို့ တိုးဝင်ချဉ်းကပ်ခြင်း၊
  - လူများအစေခံသောသူများနှင့်ရရှိထားသောလိုအပ်ချက်များ၊
  - လူတို့သည် ယုံကြည်ခြင်းတွင် အသက်တာရင့်ကျင့်ခြင်းဆီတို့ ကြီးထွားခြင်း၊

အဆင့် ၅။ ထိုစီမံကိန်းကို အကောင်အထည်ဖော်ပါ။

သင်၏အသင်းတော်ကိုမြှင့်တင်ပြီး စီမံကိန်းတစ်ခုကို ရေးဆွဲပြီးနောက် သင်၏ခေါင်းဆောင်များသည် ထိုအချက်ကို အသင်းတော်ဝင်များရှေ့တွင် တင်ပြရန်လိုအပ်ပါသည်။ ထိုသို့လုပ်ဆောင်သောအခါ သင်၏သမ္မာသမတ်ကျသောလမ်းစဉ်ကို ဝေမျှသိစေဖို့အတွက် တရားပလ္လင်ကိုအသုံးပြုပါ။ အသင်းတော်ဦးတည်သွားနေသည့် လားရာကိုလည်း ပြပါ။ အသေးစိတ်ဆွေးနွေးမှုကိုပြုနိုင်သည့်နေရာကို ရှာဖွေပါ။ ဘုရားသခင်လုပ်ဆောင်နေသောအသင်းတော်အကြောင်းနှင့်ပါတ်သက်ပြီး အသင်းတော်သည် စိတ်လှုပ်ရှားမှုရှိပါစေ။ ထိုအမှုအရာကို သင်၏အသင်းတော်တွင် လုပ်ဆောင်လာပေမည်။ အစီအစဉ်ကို တစ်ဆင့်ပြီးတစ်ဆင့်ပြီးစီးအောင်ဆောင်ရွက်ပါ။ သင်နှင့်အတူ လူများကို ခေါ်ဆောင်လာပါ။ သူတို့အပေါ်တွင် ပြုလုပ်မည့်အပြောင်းအလဲကို ဖိအားမပေးပါနှင့်။ ထိုသို့ပြောဆိုပြီးနောက်တွင် သင်၏အသင်းတော်တွင် ပြောင်းလဲခြင်းကို မလိုလားအပ်သောသူများရှိလာပေမည်။ (လုကာ ၅း ၃၉ ) ဤအပြောင်းအလဲနှင့်အတူ သူတို့ကို ကူညီမစရန် သင်ကြိုးစားသင့်သော်လည်း နောက်ဆုံးတွင် မလိုလားသောအပြောင်းအလဲ၏အကျိုးသက်ရောက်မှုများနှင့်အတူ အသက်ရှင်ရှုံသက်သက်သာဖြစ်သည်။ သို့သော် သူတို့သည် တွန်းလှန်မှုကိုပြုမည်ဆိုလျှင် ၎င်းသည်

သူတို့၏ရွေးချယ်မှုပင်ဖြစ်ပါသည်။ ဘုရားသခင်က သင့်အား အသင်းတော်၏ခေါင်းဆောင်အဖြစ် သတ်မှတ်ထားသည်ကို သတိရပါ။ သင်၏လမ်းပြမှုနှင့်ဦးဆောင်မှုမပါဘဲ၊ သင်၏အသင်းတော်သည် ကြီးထွားပြီး ရှေ့သို့ချီတက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် သင်၏အသင်းတော်သည် ပန်းတိုင်ဆီသို့ ရောက်ရှိနိုင်ရန် နှိမ့်ချလျက် ဦးဆောင်ပါ။ သုတ္တံ ၁၁း ၁၄ က "အကြံပေးနိုင်သောဉာဏ်မရှိလျှင် ပြည်သားတို့သည် ရှုံးတတ်၏။ အကြံပေးနိုင်သောသူအများရှိလျှင်မူကား၊ ဘေးလွတ်တတ်၏" ဟု ဆိုသည်။

သတိပေးထားချက်။ စာတန်ကို တိုက်ခိုက်ရန် မျှော်လင့်ပါ။

ကောင်းသောသတိပေးထားချက်ကို ၁ပေ ၅း ၈- ၉ တွင် တွေ့ရှိရပါသည်။

"သမ္မာသတိရှိလျက် မအိပ်ဘဲစောင့်နေကြလော့။ သင်တို့၏ရန်သူတည်းဟူသော မာရ်နတ်သည်၊ ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကိုမျိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက် ရှိ၏။ သို့ဖြစ်၍၊ လူပြည်အရပ်ရပ်တို့၌ရှိသောသင်တို့ညီအစ်ကိုများတို့သည် ထိုသို့သောဆင်းရဲကို ခံရကြသည်ဟုသိမှတ်လျက်၊ ယုံကြည်ခြင်း၌တည်၍ မာရ်နတ်ကိုဆီးတားကြလော့။"

စာတန်၏တိုက်ခိုက်မှုကို မျှော်လင့်ထားသင့်ပါသည်။ ဆိုလိုသည်မှာ သင်သည် ခရစ်တော်အတွက် မတူခြားနားသောအရာတစ်ခုကို လုပ်ဆောင်လိုက်လျှင် သူ၏တိုက်ခိုက်မှုများသည် မတူညီသောတိုက်ခိုက်မှုများဖြင့် ရောက်ရှိလာပေမည်။ စာတန်တိုက်ခိုက်လာနိုင်သည့်အကြီးမားဆုံးသောနည်းလမ်းမှာ အသင်းတော်တွင်း၌ အမြဲဖြစ်တတ်သောအရာပင်ဖြစ်ပါသည်။ သူသည် အသင်းတော်အဖွဲ့ဝင်များကို မွှေနှောက်နိုင်သည်။ ဤနည်းဖြင့် ခေါင်းမာမှုများ၊ စိတ်ဓါတ်ကျခြင်းများ၊ သဘောထားကွဲပြားမှုများဖြစ်လာပေမည်။ ထို့ကြောင့် အသင်းသူအသင်းသားများအား ဤဖြစ်စဉ်အားဖြင့် သင်နှင့်အတူ ခေါ်ဆောင်လာရန်မှာ အလွန်ပင်အရေးကြီးသောအချက်ပင်ဖြစ်ပါသည်။ သို့မှသာ သူတို့သည် အသင်းတော်၏အစိတ်အပိုင်းဖြစ်သည်ဟု ခံစားသိမြင်ကြပြီး ကင်းကင်းကွာကွာဖြစ်လာမည်မဟုတ်ပါ။ ထို့ကြောင့် သင်၏အသင်းတော်သည် အစာရှောင်ဆုတောင်းပြီး အသင်းတော်ကိုယ်တိုင်၏မိမိကိုယ်ကိုမြင့်တင်ခြင်းအားဖြင့် ဘုရားသခင်ကို ရှာဖွေရန်ဖြစ်ပါသည်။ အတူတကွပေါင်းစည်းညီညွတ်သောအသင်းတော်ကို ခွဲခြားရန်မှာ စာတန်အတွက် အလွန်ပင် ခက်ခဲမှုရှိပါသည်။

ဝိညာဉ်တိုက်ပွဲတွင် အခြားစိန်ခေါ်မှုတစ်ခုမှာ အသင်းတော်ခေါင်းဆောင်များနှင့် အသင်းသားများသည် ဝိညာဉ်စစ်လက်နက်တန်ဆာဝတ်ဆင်သည်ကို သေချာစေရန်လိုအပ်ပါသည်။ ထိုအကြောင်းနှင့်ပါတ်သက်ပြီး တမန်တော်ရှင်ပေါလုက ဧဖက်သြဝါဒစာတွင် ဤသို့ဆိုသည်။

> ၁၀"ကြွင်းသေးသောစကားဟူမူကား၊ ညီအစ်ကိုတို့၊ သခင်ဘုရားအားဖြင့်၎င်း၊ တန်ခိုးတော်အရှိန်အာဖြင့်၎င်း၊ ခိုင်ခံ့ခြင်းရှိကြလော့။ ၁၁မာရ်နတ်၏ပရိယာယ်တို့ကို ဆီးတားနိုင်မည်အကြောင်း၊ ဘုရားသခင်ပြင်ဆင်တော်မူသောလက်နက်စုံကို ဝတ်ဆောင်ကြလော့။ ၁၂အကြောင်းမူကား၊ ငါတို့သည် အသွေးအသားရှိသောရန်သူတို့နှင့်ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်။ အထွဋ်အမြတ်တို့နှင့်၎င်း၊ အာဏာစက်တို့နှင့်၎င်း၊ လောကီမှောင်မိုက်၌အစိုးတရပြုလုပ်သောမင်းတို့နှင့်၎င်း၊ မိုဃ်းကောင်းကင်၌နေသောနတ်ဆိုးတို့နှင့်၎င်း၊ ဆိုင်ပြိုင်တိုက်လှန်ရကြ၏။ ၁၃ထို့ကြောင့်၊ ခဲယဉ်းဆိုးယုတ်သောနေ့ရက်ကာလ၌ ဆီးတားနိုင်သဖြင့်၊ ကိစ္စအလုံးစုံတို့ကို ပြီးစီး၍ခံရပ်နိုင်မည်အကြောင်း၊ ဘုရားသခင်ပြင်ဆင်တော်မူသောလက်နက်စုံကို ယူဆောင်ကြလော့။ ၁၄သစ္စာတည်းဟူသောခါးပန်းကိုစည်းလျက်၊ ဖြောင့်မတ်ခြင်းပါရမီတည်းဟူသောရင်အုပ်တန်ဆာကိုဝတ်ဆင်လျက်၊ ၁၅ငြိမ်သက်ခြင်းနှင့်ယှဉ်သောဧဝံဂေလိတရားကို ဟောပြောအံ့သောငှါ ပြင်ဆင်သောအဖြစ်တည်းဟူသော ခြေစွပ်ကိုစွပ်လျက် ခံရပ်ကြလော့။ ၁၆မာရ်နတ်ပစ်ခတ်သောမီးစက်လက်နက်ကို ကာသတ်နိုင်သောယုံကြည်ခြင်းတည်းဟူသောလွှားကိုလည်း ခပ်သိမ်းသောလက်နက်တို့အပေါ်မှာ ထပ်ဆင့်၍ ယူဆောင်ကြလော့။ ၁၇ကယ်တင်ခြင်းတည်းဟူသော သံခမောက်လုံးကို၎င်း၊ ဘုရားသခင်၏နှုတ်ကပါတ်တော်တည်းဟူသောဝိညာဉ်တော်၏ထားကိုယူကြလော့။" (အပိုဒ် ၁၀- ၁၇ )

အခန်း ၆ တွင် အကျဉ်းမျှမြင့်လေ့လာဆွေးနွေးထားပြီးသကဲ့သို့ ဘုရားသခင်၏ဝိညာဉ်လက်နက်တန်ဆာသည် ယုံကြည်သူ၏အသက်တာရင့်ကျင့်ခြင်းနှင့်အတူ လုပ်ဆောင်ရန်ဖြစ်ပါသည်။ ယုံကြည်သူတစ်ယောက်သည် ခရစ်တော်၌တည်နေလျှင် သူ၏ဝိညာဉ်လက်နက်တန်ဆာကို ချထားလျက်ရှိသည်။ သူသည် ခရစ်တော်၌တည်နေခြင်းမရှိလျှင် သူ၏ဝိညာဉ်လက်နက်တန်ဆာသည် ပြီးပြည့်စုံခြင်းမရှိပါ။ ထို့ကြောင့် ယုံကြည်သူတစ်ယောက်သည် အသက်တာ ပိုမိုရင့်ကျင့်လာလေလေ၊ သူသည် ပိုမို၍တည်နေပြီးသူ၏လက်နက်တန်ဆာများကိုလည်း တပ်ဆင်လေလေဖြစ်ပါသည်။ ( ၁ကော ၃း ၁- ၃၊ ဟေဗြဲ ၅း ၁၁- ၁၄ ) ထို့ကြောင့် ခရစ်တော်၌ရင့်ကျင့်စုံလင်သောအဖြစ်သို့ရောက်အံ့သောငှါ အသင်းတော်သည် ပြင်ဆင်သောနေရာဖြစ်ရန်မှာ အရေးကြီးသည့်အကြောင်းတရားပင်ဖြစ်ပါသည်။ သူတို့သည် ရင့်ကျင့်ကြီးထွားလာလေလေ၊ မာရ်နတ်၏အစီအစဉ်

များကိုဆန့်ကျင်လျက်ရပ်တည်နိုင်ရန် ခရစ်တော်၌ သာ၍ တည်နေတော်မူလိမ့်မည်။ အကြောင်းမှာ ၎င်းတို့၏ဝိညာဉ်လက်နက်တန်ဆာသည် တပ်ဆင်ထားတော်မူသည်။ သင်သည် ကြုံတွေ့လာမည့် ဝိညာဉ်တိုက်ပွဲများအတွက် သင်၏အသင်းသားများကို ဝိညာဉ်ပိုင်းဆိုင်ရာ ပြင်ဆင်ထားရန်လိုအပ်ပါသည်။ ထိုအရာမှာ သင်လုပ်ဆောင်ရမည့်တာဝန်သာဖြစ်သည်။ အသင်းတော်သည် ပြောင်းလဲခြင်းကိုလုပ်ဆောင်ပြီး အသက်တာအတွက် နေ့စဉ်အသက်တာရှုန်းကန်မှုကိုပြုနေပါသဖြင့် ထိုအရာသည် အကူအညီဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် "သင်တို့သည် ကိုယ်ကို သတိနှင့်ကြည့်ရှုကြလော့။ ဘုရားသခင်သည် မိမိအသွေးနှင့်ဝယ်တော်မူသောအသင်းတော်ကို လုပ်ကျွေးစေခြင်းငှါ၊ သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့ကို အအုပ်အချုပ်ခန့်ထားတော်မူသောသိုးစုတစုလုံးကိုလည်း သတိနှင့်ကြည့်ရှုကြလော့။"

နောက်ထပ်ခြေလှမ်းလှမ်းပါ။

နောက်ထပ်တက်လှမ်းမည့်အဆင့်မှာ သင်နှင့်သင်အသင်းတော်၏ခေါင်းဆောင်မှုအပေါ်တွင် မူတည်ပါသည်။ ဤအချက်အလက်နှင့်အတူ အဘယ်အရာကို လုပ်ဆောင်မည်နည်း။ ဤအရာက လွှမ်းမိုးနိုင်သည့်သဘောရှိပေမည်။ သို့သော် ဘုရားသခင်သည် ဤအရာအားလုံးကို နေ့ချင်းညချင်း၊ တစ်ပတ်အတွင်း၊ တစ်လအတွင်း အသုံးချရန် တောင်းဆိုထားသည်မဟုတ်။ အစီအစဉ်တစ်ခုကို သတ်မှတ်ပါ။ ထို့နောက် ထိုအစီအစဉ်ကို လိုက်နာပါ။ သင်က လက်တွေ့ကျကျလုပ်ဆောင်နိုင်သောအရာကို သတ်မှတ်ဆုံးဖြတ်ပြီး လုပ်ဆောင်ပါ။ နောက်ထပ်တက်လှမ်းမည့်အဆင့်သည် သေးငယ်နေသည်ဖြစ်ပါစေ၊ ကိစ္စမရှိပါ။ အဆင်မပြေနိုင်သောအရာမှာ မိမိကိုယ်ကို အားရကျေနပ်မှုရှိနေခြင်းပင်ဖြစ်ပါသည်။ ထိုအချက်မှာ တိုးတက်မှုလုံးဝမရှိသည့်သဘောကိုတွေ့ရပါသည်။ သင်သည် ပန်းတိုင်ဆီသို့ တက်လှမ်းချီတက်နေသည်ဖြစ်၍ ဘုရားသခင်ကောင်းကြီးချပေးတော်မူပါစေသော်။

# နောက်ဆက်တွဲ

နောက်ဆက်တွဲ ၁။

# အမှုတော်မြွတ်တွင်ရှိသော ဘုရားသခင်၏နှုတ်ကပါတ်တော်။

"လူတို့၏အသက်တာကို ထိထိရောက်ရောက်ဖြစ်လာစေရန် အသင်းတော်အား ဘုရားသခင်ပေးထားသည့် တန်ခိုးနှင့်ပြည့်စုံသောတန်ဆာပလာသည် ၆၆ အုပ်သောကျမ်းစာ၊ ၁၁၈၉ ခုသောအခန်း၊ ၃၁၁၇၃ ခုသောကျမ်းပိုဒ်ပင်ဖြစ်သည်။ သမ္မာကျမ်းစာ စာမျက်နှာတစ်ခုစီတိုင်းသည် ဘုရားသခင်စီရင်တော်မူသည်အတိုင်း အခွင့်အာဏာနှင့်ပြည့်စုံသော နှုတ်ကပါတ်တော်ပင်ဖြစ်ပါသည်။ သမ္မာကျမ်းစာအနှံ့အပြားတွင် အောက်ပါအချက်များကို တွေ့ရှိနိုင်ပါသည်။ "ထို့ကြောင့် သခင်ဘုရားမိန့်တော်မူသည်ကား" ( ၄၁၉ ကြိမ်)၊ "ဘုရားသခင်မိန့်တော်မူသည်" ( ၄၆ ကြိမ် )၊ "သခင်ဘုရား၏နှုတ်ကပါတ်တော်" (၂၇၆ ကြိမ်)၊ "ဘုရားသခင်၏နှုတ်ကပါတ်တော်" ( ၅၃ ကြိမ်)၊ "ဘုရားသခင်မိန့်တော်မူသည်" (၁၂ ကြိမ်)၊ "ကျွန်ုပ်နှုတ်ကပါတ်တော်" ( ၅၆ ကြိမ်)၊ "ကျွန်ုပ်၏ပညတ်ချက်များ" ( ၂၈ ကြိမ်)၊ "ကျွန်ုပ်၏ပညတ္တိစကား" (၁၆ ကြိမ်)၊ "ဘုရားသခင်၏ပညတ်တော်" ( ၁၂ ကြိမ်)နှင့် "သမ္မာကျမ်းစာ" (၅၁ ကြိမ်) တို့ဖြစ်သည်။ သမ္မာကျမ်းစာထဲတွင်ရှိသည့် ၉၆၉ ချက်သော ဖော်ပြချက်များနှင့် အခြားအထောက်အထားများက အသင်းတော်၏အခြားအသင်းသားများကိုပြင်ဆင်ခြင်းနှင့်ပျောက်ဆုံးသူများ၏ အသစ်ပြုပြင်ခြင်းတွင် အသုံးပြုထားသောကြောင့် ဘုရားသခင်၏လူအား စိတ်ချက်မှုအပြည့်ကို ပေးတော်မူလိမ့်မည်။ ထို့ကြောင့် ဟေဗြဲ ၄း ၁၂ က "ဘုရားသခင်၏နှုတ်ကပါတ်တော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြုပြင်ခြင်း၊ သန်လျက်တကာတို့ထက်ထက်ခြင်းနှင့်ပြည့်စုံသည်ဖြစ်၍၊ အသက်နှင့်စိတ်ဝိညာဉ်ကို၎င်း၊ အရိုးဆစ်နှင့်ခြင်ဆီကို၎င်း ပိုင်းခြား၍ ထုတ်ချင်းခွင်းတတ်၏။ စိတ်နှလုံးအကြံအစည်များကိုလည်း သိမြင်တတ်၏" ဟုဆိုသည်။ သို့ဖြစ်၍ သမ္မာကျမ်းစာသည် ဤအကျိုးကျေးဇူးများကို ပေးစွမ်းနိုင်ပါသည်။

## အရေးကြီးပုံ

သမ္မာကျမ်းစာ၏အရေးကြီးမှုကို ကျမ်းစာ၏စာမျက်နှာတိုင်းတွင် တွေ့မြင်နိုင်ပါသည်။ အရှည်ဆုံးအခန်းဖြစ်သော ဆာလံ ၁၁၉ တွင်ပင် ၎င်း၏အရေးကြီးမှုအကြောင်းကို ပြောဆိုနေသည်။ ဤအခန်း၏ပထမဆုံး အပိုဒ်ခြောက်ခုက ၎င်း၏အရေးကြီးမှုကိုဖော်ပြထားသည် ညွှန်ကြားချက်ဖြင့်ဖွင့်ဆိုထားပါသည်။"ထာဝရဘုရား၏တရားလမ်း၌ မလွဲမတိမ်းလိုက်သွားသောသူတို့သည် မင်္ဂလာ

ရှိကြ၏။ သက်သေခံတော်မူချက်တို့ကိုစောင့်၍၊ ကိုယ်တော်ကိုစိတ်နှလုံးအကြွင်းမဲ့ရှာသောသူတို့သည် မင်္ဂလာရှိကြ၏။ ထိုသူတို့သည် ဒုစရိုက်ကိုမပြု၊ လမ်းခရီးတော်၌ လိုက်သွားတတ်ကြ၏။ အကျွန်ုပ်တို့သည် ကြိုးစား၍ကျင့်ဘို့ရာ၊ ကိုယ်တော်သည် ဩဝါဒပေးတော်မူပြီ။ ကိုယ်တော်၏အထုံးအဖွဲ့များကို စောင့်နိုင်မည့်အကြောင်းအကျွန်ုပ်သည် လမ်းဖြောင့်ပါစေသော။ အကျွန်ုပ်သည် ပညတ်တော်အလုံးစုံတို့ ကိုထောက်ထားသောအခါ၊ ရှက်ကြောက်ခြင်းနှင့်ကင်းလွတ်ရပါ၏။" ယုံကြည်သူတို့၏အသက်တာလျှောက်လှမ်းခြင်းနှင့်ပါတ်သက်၍ ဘုရားနှုတ်ကပါတ်တော်၏ သိသာထင်ရှားမှုကို တွေ့မြင်ရပါသည်။ ဘုရားသခင်၏အလိုတော်နှင့်အညီ လျှောက်လှမ်းနိုင်မည့် နည်းလမ်းလည်းဖြစ်ပါသည်။ ၄င်းမှာ နောက် ပိုင်းတွင် ဆာလံဆရာက ကြွေးကြော်ရသည့်အကြောင်း တရားလည်းဖြစ်ပါသည်။ "အကျွန်ုပ်မူကား၊ ပညတ်တော်တို့ကို ရွှေထက်မက၊ ရွှေစင်ထက်သာ၍နှစ်သက်ပါ၏။ သို့ဖြစ်လျှင်၊ ကိုယ်တော်၏ဥပဒေသအလုံးစုံတို့သည်ဖြောင့်ကြသည်ဟု ထင်မှတ်လျှက်၊ မိစ္ဆာလမ်းရှိသမျှတို့ကို မုန်းပါ၏။" ထို့နောက် "နှုတ်ကပါတ်တော်သည် အလွန်စင်ကြယ်သည်ဖြစ်၍၊ ကိုယ်တော်၏ကျွန်သည် နှစ်သက်ပါ၏" ဟု လည်းဆိုပါသည်။

ဘုရားသခင်ကိုယ်တိုင်က သူ့နှုတ်ထွက်စကား၏အရေးကြီးမှုကို ဖော်ပြခဲ့ပါသည်။ သူက "ယနေ့ ငါမှာထားသောစကားကိုနှလုံးသွင်းရမည်၊ ထိုစကားကို သင်၏သားသမီးတို့အား ကြိုးစား၍ သွန်သင်ရမည်။ အိမ်၌ထိုင်လျက်နေသည်ဖြစ်စေ၊ ခရီး၌သွားသည်ဖြစ်စေ၊ အိပ်လျက်၊ ထလျက်ရှိသည်ဖြစ်စေ၊ထိုစ ကားကိုပြောရမည်။ ထိုစကားကိုလည်း သင်၏လက်၌ လက္ခဏာသက်သေဖို့ရာ၄င်း၊ သင်၏မျက်စိ ကြားမှာသင်းကျစ်ကဲ့သို့၄င်း၊ ချည်ထားရမည်။ အိမ်တံခါး၊မြို့တံခါးတို့၌ လည်း ရေးထားရမည်။"(တရား ၆း ၅-၉ ) ဘုရားသခင်၏နှုတ်ကပါတ်တော်သည် ယုံကြည်သူတို့၏ဘဝအသက်တာအစိတ်အပိုင်းတို့ ကိုပေါင်းစပ်ရန် မရှိမဖြစ်လိုအပ်ကြောင်းကို ဘုရားသခင်က ထင်ရှားစေတော်မူသည်။ ၄င်းသည် သူ့ဘဝအသက်တာတွင်လုပ်ဆောင်သမျှအရာအားလုံး၏ ဇစ်မြစ်ဖြစ်သောနှလုံးသားထဲ၌ရှိနေရန် အရေးကြီးလိုအပ်ပါသည်။ နံနက်အိပ်ယာထသည်မှ ညအိပ်ယာဝင်သည့်တိုင် တစ်နေကုန် သားသမီးများကို စိတ် ရှည်စွာသွန်သင်ခြင်းအာဖြင့် နှုတ်ခမ်းပေါ်တွင်လည်း အမြဲရှိနေရန်လိုအပ်ပါသည်။ ဘုရားသခင်က သတိပေးသောအရာတစ်ခုအဖြစ် သူ၏လက်နှင့်နဖူးကိုချည်နှောင်ထားသကဲ့သို့ သူ၏မျက်စိရှေ့တွင် အ မြဲရှိနေရန်လိုအပ်ကြောင်းကိုလည်း ဆိုထားပါသည်။ သူသည် ဘုရားသခင်၏ပညတ်တရားတော်ကို ၄င်း၏တရားတိုင်၊ တံခါးရွက်များတွင် ရေးထားရန်လည်းဆိုထားပါသည်။ ဘုရားသခင်က ဣသရေလ လူတို့အား သူ၏မိန့်တော်မူချက်ကို တစ်လုံးတစ်လေပင်ချန်ထားမေ့ပစ်ရန်အလိုမရှိပေ။

ဘုရားသခသင်က မောရှေအားပေးသောပညတ်ချက်များသည် ကတိတော်ပြည် ကိုသိမ်းပိုက်တော် မမူမီယောရှုအားပေးသောပညတ်တရားကဲ့သို့ပင် အရေးပါကြောင်းတွေ့ရသည်။ "ထိုပညတ္တိကျမ်းစာ၌ ရေးသားသမျှအတိုင်းကျင့်မည်ဟု စောင့်ရှောက်ခြင်းအလို့ငှါ ကျမ်းစာကို မဘတ်မရွတ်ဘဲမနေ၊ နေ့ညဥ့်မပြတ်ကြည့်ရှုဖတ်ရွက်ရမည်။ သို့ပြုလျှင် သင်သည် အကြံထမြောက်၍ အောင်မြင်လိမ့်မည်။" (ယောရှု ၁း၈) ဘုရားသခင်က ယောရှု၏အောင်မြင်မှုကို နှုတ်ကပါတ်တော်နားလည်သဘောပေါက်ခြင်းနှင့် နာခံခြင်းတို့နှင့်ညီမျှစေသည်။ ယောရှုသည် ဘုရားသခင်၏နှုတ်ကပါတ်တော်အကြောင်းကို အမြဲစဉ်း စားနေရမည်။ ဘုရားသခင်၏နှုတ်ကပါတ်တော်ကိုပဲ ပြောရမည်။ ဘုရားနှုတ်ကပါတ်တော်အတိုင်းအ သက်ရှင်ရမည်။ သို့ဖြစ်၍ အကြင်တစ်ဦးတစ်ယောက်

သည် မိမိအသက်တာနှင့်အမှုတော်လုပ်ငန်းတွင် အောင်မြင်မှုကို ဆာငတ်တောင့်တနေလျှင် ထိုနည်းအတိုင်းလုပ်ဆောင်ရပေမည်။ ထိုသို့လုပ်ဆောင်ခြင်းသည် မိမိ၏သခင်ဘုရာကို စိတ်နှလုံး အကြွင်းမဲ့ဥာဏ်ရှိသမျှအစွမ်းရှိသမျှ ချစ်ရာရောက်ခြင်း၏အဓိက သော့ချက်ပင်ဖြစ်ပါသည်။ (တရားဟော ၆း ၅ ) အဘယ့်ကြောင့်နည်း။ ဘုရာသခင်၏နှုတ်ကပါတ် တော်အပေါ်သူ၏ နာခံခြင်းသည် ဘုရားကိုမည်သို့ချစ်ကြောင်းထင်ရှားစေပါသည်။ ( ယော ၁၄း၂၁-၂၄၊ ၁ယော ၅း၃) ထိုအရာမှာ ခရစ်တော်၌တည်နေခြင်း၊ ခရစ်တော်၏စကားသည်သူ၌တည်နေလျက် အသီးများစွာကို သီးခြင်းပင်ဖြစ်ပါသည်။ (ယောဟန် ၁၅း၄-၇)

မောရှေက ဣသရေလလူတို့အား ဘုရားနှုတ်ကပါတ်တော်အကြောင်းပြောဆိုသောအခါ ထိုနှုတ် ကပါတ်တော်၏အရေးကြီးမှုကို တဖန်တွေ့မြင်ရပါသည်။"သင်သည် အသက်ရှင်၍များပြားမည်အ ကြောင်း၊ ထာဝရဘုရားသည် သင်၏ဘိုးဘေးတို့အား ကျိန်ဆိုတော်မူသောပြည်သို့သွား၍ ဝင်စားမည်အကြောင်း၊ ယနေ့ငါမှာထားသောပညတ်အလုံးစုံတို့ကို ကျင့်ဆောင်အံ့သောငှါ သတိပြုရမည်။ သင်၏ဘုရားသခင်ထာဝရဘုရားသည် သင့်ကိုနှိမ့်ချစုံစမ်း၍၊ ပညတ်တော်တို့ကို ကျင့်ချင်သောစိတ်ရှိသည်မရှိ သည်ကိုသိမည်အကြောင်း၊ လွန်ခဲ့ပြီးသောအနှစ်လေးဆယ်ပတ်လုံး တော၌ပို့ဆောင်တော်မူသောလမ်းခရီး တစ်လျှောက်လုံးကို အောက်မေ့ရမည်။ ထိုသို့သင့်ကိုနှိမ့်ချ၍ အငတ်အမွတ်ခံစေတော်မူသောအခါ၊ သင်သည်ကိုယ်တိုင်မသိ၊ သင်၏ဘိုးဘေးမသိဘူးသောမန္နနှင့် ကျွေးမွေးတော်မူသဖြင့်၊ လူသည်မုန့်အားဖြင့် သာအသက်ကိုမွေးရသည်မဟုတ်။ ဘုရားသခင်မိန့် တော်မူသမျှအားဖြင့် အသက်မွေးရသည်ကို သိစေတော်မူ၏။ သို့ဖြစ်၍ သင်၏ဘုရားသခင် ထာဝရဘုရားစီရင်တော်မူသောလမ်းသို့လိုက်၍၊ ကိုယ်တော်ကိုကြောက်ရွံ့သဖြင့် ပညတ်တော်တို့ကို စောင့်ရှောက်ရမည်။" (တရာဟော ၈း၁-၁၆ ) မောရှေ၏ညွှန်ပြချက်မှာ ဘုရားသခင်၏နှုတ်ကပါတ်တော်ကို နားခံလိုက်လျှောက်ခြင်းသည် အရေးကြီးသောအမှုအရာဖြစ် ကြောင်းကိုသိလျက် ဣသရေလလူမျိုးများနှိမ့်ချမှုရှိစေရန် တော၌ပြုခဲ့သောအရာအချို့ကို ဘုရားသခင်ပြုတော်မူကြောင်းဖြစ်သည်။ ထိုနှုတ်ကပါတ်တော်မှာ စားနေသောအစာထက်သာ၍မွန်မြတ်လှပေသည်။ ရံဖန်ရံခါ သူတို့ကို ဘုရားသခင်ကအစာငတ်စေသည်။ သူတို့သည် အသက်တာတွင်နာခံခြင်းမရှိကြသည့်အချိန်တွင် သူတို့စိတ်နှလုံးတွင်ဖြစ်နေသောအရာကိုပြသရန်ရည်ရွယ်၍ မန္နကိုကျွေးမွေးခြင်းဖြင့် ထိုသို့လုပ်ဆောင်ခဲ့သည်။ ဘုရားသခင်၏နှုတ်ကပါတ်တော်အတိုင်း အသက်ရှင်လိုက်လျှောက်ခြင်း၊ ဘုရားသခင်၏လမ်းတော်ကိုလိုက်ခြင်း၊ သူ့ကိုကြောက်ရွံ့ခြင်းသည် ယုံကြည်သူတို့အတွက် အရေးကြီးဆုံးသောအရာဖြစ်ပါသည်။ ယေရှုသည် ထိုအရာကိုသဘောပေါက် နားလည်သည်ဖြစ်၍ တပည့်တော်များက စားစရာဆောင်ယူလာခဲ့ကြသည်တွင် "ငါ့ကိုစေလွှတ်တော်မူသောသူ၏အလိုတော်ကိုဆောင်ခြင်း၊သူ၏အ မှုတော်ကိုပြီးစီးခြင်းအမှုသည် ငါ့စားစရာဖြစ်၏" ဟုဆိုထားသည်။ (ယောဟန် ၄း ၃၄ )

တောင်ပေါ်ဒေသနာတွင် ယေရှုက ဘုရားသခင်၏နှုတ်ကပါတ်တော်၏အရေးကြီးပုံကို အလေး အနက်ထားပြီဖော်ပြထားပါသည်။ "ငါအမှန်ဆိုသည်ကား၊ ကောင်းကင်နှင့်မြေကြီး မပျက်စီးမှီတိုင်အောင် ပညတ္တိကျမ်း၌ အငယ်ဆုံးသောစာလုံးဖိန္ဒုတလုံးမျှပြည့်စုံခြင်းသို့ မရောက်မှီ မပျက်စီးရ။ ထို့ကြောင့် အကြင်သူသည်၊ အငယ်ဆုံးသော ပညတ်တခုကို ကိုယ်တိုင်လွန်ကျူး၍ သူတပါးတို့အားလည်း ထိုအတူ သွန်သင်၏။ ထိုသူသည်ကောင်းကင်နိုင်ငံတော်၌ အငယ်ဆုံးသော

သူဖြစ်လိမ့်မည်။ အကြင်သူသည် ကိုယ်တိုင်ကျင့်၍သူတပါးတို့အားလည်းသွန်သင်၏။ထိုသူသည် ကောင်းကင်နိုင်ငံတော်၌ ကြီးမြတ်သော သူဖြစ်လိမ့်မည်။”(မဿဲ ၅း၁၈-၁၉ ) ယေရှုမိန့်တော်မူသည့်မောရှေ၏ပညတ်စကားသည် အငယ်ဆုံးတိုင်အောင် အလုံးပြည့်စုံလျက်ရှိသည်။ ပညတ္တိကျမ်းတွင် အငယ်ဆုံးသောပညတ်တခုကိုကိုယ်တိုင်ကျူး လွန်ပြီးသူတပါးတို့အားလည်းသွန်သင်လျှင် ကောင်းကင်နိုင်ငံတော်တွင် အငယ်ဆုံးသောသူသာလျှင်ဖြစ် မည်အကြောင်း၊ အခြားတဖက်တွင် မိမိကိုယ်တိုင်နာခံပြီး သူတပါးအားလည်းသွန်သင်လျှင် ကောင်းကင်နိုင်ငံတော်တွင် အကြီးမြတ်ဆုံးသောသူဖြစ်မည်အကြောင်း ရှင်းလင်းစွာဖော်ပြထားပါသည်။ သို့ဖြစ်၍ ဘုရားသခင်သည် မိမိ၏နှုတ်တော်ထွက်စကားကို အလွန်ပင်တန်ဖိုးထားတော်မူကြောင်းကို ရှင်းလင်းစွာဖော်ပြထားပါသည်။ ယုံကြည်သူအားလုံးသည်လည်း တန်ဖိုးထားအပ်ပေသည်။ ယေရှုက ၎င်း၏တရားဒေသနာကို အဆုံးသတ်သောအချိန်တွင် ဤသို့ဆိုခဲ့သည်။“အကြင်သူသည် ငါဟောပြောသော ဤစကားကို ကြား၍ နားထောင်၏။ ထိုသူသည်ကျောက်ပေါ်မှာအိမ်ဆောက်သောပညာ ရှိနှင့်တူကြောင်းကို ငါပုံပြမည်။ မိုယ်းရွာ၍ရေစီးသည်နှင့်လေလာ၍ ထိုအိမ်ကိုတိုက်သည်ရှိသော်၊ ကျောက်ပေါ်မှာတည်သောကြောင့်မပြိုမလဲနေ၏။ အကြင်သူသည် ငါဟောပြောသောဤစကားကိုကြား ၍နားမထောင်ဘဲနေ၏။ ထိုသူသည် သဲပေါ်မှာအိမ်ဆောက်သောလူမိုက်နှင့်တူကြောင်းကို ငါပုံပြမည်။ မိုယ်းရွာ၍ရေစီးသည်နှင့်လေလာ၍ထိုအိမ်ကိုတိုက်သောအခါ၊ ကြီးစွာသောပြိုလဲခြင်းသို့ရောက်လေသည်။”(မဿဲ ၇း၂၄-၂၇ )ဘုရားသခင်၏နှုတ်ကပါတ်တော်သည် လုံခြုံမှုကိုပေးသောနေရာ၊ ခိုင်မာသောရဲ တိုက်၊ ကြား၍နားထောင်သောသူများအဖို့အခြေခံအုတ်မြစ်တစ်ခုဖြစ်လေသည်။

နောက်ဆုံးတွင် “ကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းသည်”(၂တိ ၃း၁၆ )ဟူသောအချက်သည် ကျမ်းစာ၏အရေးကြီးမှုနှင့်ဆိုင်သော သက်သေအထောက်အထားများသာဖြစ်ပါသည်။ပေတရု က ၂ပေ ၁း၂၀-၂၁ တွင် ဤသို့ဆိုပါသည်။ “ကျမ်းစာ၌ပါသော အနာဂတ္တိစကားမည်သည်ကား၊ ကိုယ်အလိုအလျောက်အနက်မပေါ်ဟုရှေးဦးစွာသိမှတ်ကြလော့။ အကြောင်းမူကား၊ အနာဂတ္တိစကားသည် လူအလိုအလျောက်ဖြစ်ဖူးသည်မဟုတ်။ ဘုရားသခင်၏သန့်ရှင်းသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကိုခံရ၍ ဟောပြောကြ၏။” “အနက်ဖွင့်ခြင်း” ဟူသောဂရိစကားလုံးမှာ ဖွင့်ဟ ခြင်း သို့မဟုတ် လှန်ထားခြင်းဟုဆိုလိုသတည်း။ထို့ကြောင့် အပိုဒ် ၂၀ ပါအကြောင်းအရာမှာ မိမိအလိုအလျောက်အနက်ဖွင့်သည့်အနာဂတ္တိစကားသည် မရှိဟုဆိုလိုခြင်းမဟုတ်ပါ။ အနာဂတ္တိစကား သည်ကိုယ်အလိုအလျောက်အနက်မပေါ်၊ လှန်ထားခြင်းမရှိဟုဆိုလိုပါသည်။ တနည်းအားဖြင့် ဘုရားသ ခင်သည် အနာဂတ္တိစကားကိုထင်ရှားပြသသူဖြစ်ပါသည်၊ လူကထင်ရှားစေသည်မဟုတ်။ ထိုအကြောင်း အရာကို အပိုဒ်ငယ် ၂၁ က ပို၍သိသာ ထင်ရှားစေပါသည်။ “အနာဂတ္တိစကားသည် လူအလိုအ လျောက်ဖြစ်ဖူးသည်မဟုတ်။ ဘုရားသခင်၏သန့်ရှင်းသူတို့သည်သန့်ရှင်းသောဝိညာဉ်တော်၏တိုက်တွန်း တော်မူခြင်းကိုခံရ၍ ဟောပြောကြ၏။” ဤကျမ်းပိုဒ်တွင် ရှင်ပေတရုက ဘုရားသခင်သည် အနာဂတ္တိ စကား၏အရင်းအမြစ်ဖြစ်ပြီး၊ သန့်ရှင်းသောဝိညာဉ်တော်သည် မှုတ်သွင်းခြင်းအတွက်ကိုယ်စလှယ်ဖြစ် ကြောင်းဖော်ပြထားပါသည်။ အကြောင်းမူကား၊လေကလှေကိုရွေ့လျားမှုရှိအောင်ရွှင့်လွှတ်စေသကဲ့သို့ သမ္မာကျမ်းစာရေးသားသူများကို သန့်ရှင်းသောဝိညာဉ်တော်ကတိုက်တွန်းတော်မူခဲ့သည်။ ( ဂရိစကား ဖာရိုမင်နွယ်က အသီးသီးစေသည်၊သို့မဟုတ် နှင့်အတူသယ်ဆောင်သည်ဟု အဓိပ္ပါယ်ရှိသည်။)သို့ဖြစ် သောကြောင့်

ဓမ္မဟောင်းနှင့်ဓမ္မသစ်နှစ်ခုစလုံးတွင် ဘုရားသခင်သည် အနာဂတ္တိစကား၏ဇစ်မြစ်နှင့် ဖော်ပြသူဖြစ်ပါသည်။ထို့ကြောင့် နှုတ်ကပါတ်တော်သည် မှုတ်သွားထားခြင်း၊ လူတို့အားပေးထားသော ဘုရားသခင်၏စကားပင်ဖြစ်သည်။ ဤနည်းဖြင့် ဘုရားသခင်၏နှုတ်ကပါတ်တော်သည် လူသားတို့အတွက် အရေးပါဆုံးသောအရာဖြစ်ပေသည်။

## တန်ခိုးတော်

သမ္မာကျမ်းစာဟူသည်မှာ ထိုသို့သောနည်းလမ်းဖြင့် ရည်ရွယ်ချက်ရှိရှိ စီစဉ်ရေးသားထားသောအရာဖြစ်ပါသည်။ ၄င်းက ဘုရားသခင်သတ်မှတ်ထားသောအကြောင်းအရာတိုင်းသည် လူတို့နားလည် သဘောပေါက်ရန်အရေးပါသောအရာဖြစ်ကြောင်း ဆိုပါသည်။ တနည်းအားဖြင့်ဆိုရသော်၊ သမ္မာကျမ်းစာမှာ လူပေါင်းလေးဆယ်ရေးသားထားသည် စနစ်တကျမရှိသောစာမူများကို ရွေးချယ်ထားခြင်းမဟုတ်ဘဲ ရှိရွယ်ထားရှိချက်ဖြင့်အရာအားလုံးကိုပြည့်စုံစေရန်ရေးသားထားသည့် တိကျသောစုစည်းမှုပင်ဖြစ်ပါသည်။ ဘုရားသခင်က ဤသို့မိန့်တော်မူခဲ့သည်။"မိုယ်းရေနှင့်မိုယ်းပွင့်တို့သည် မိုယ်းကောင်းကင်မှဆင်းသက်၍ နောက်တဖန်မပြန်၊မြေသည်မျိုးစေ့ကြဲသောသူအားမျိုးစေ့ကို၄င်း၊ အစာစားသောသူအားအစာ ကို၄င်းပေးမည်အကြောင်း၊ မြေကိုစိုစေသဖြင့်၊ အပင်ပေါက်စေ၍၊ အသီးကိုသီးစေသကဲ့သို့၊ ထိုအတူ ငါ၏နှုတ်ကပါတ်စကားသည်ဖြစ်လိမ့်မည်။ အကျိုးမရှိဘဲငါ့ထံသို့မပြန်ရ။ငါ့အလိုကိုပြည့်စုံစေမည်။ ငါ စေခိုင်းသောအမှု၌အောင်လိမ့်မည်။" (ဟေရှာယ ၅၅း ၁၀-၁၁ ) ထို့ကြောင့် လုပ်ဆောင်မှုတာဝန်အတွက် အကျိုးရှိပြီး လုံလောက်သောအရာဖြစ်ကြောင်း ကျွန်တော်တို့သိမြင်နိုင်ပါသည်။ ဘုရားသခင်၏ အလိုတော်များကိုပြီးပြည့်စုံစေရန် တန်ခိုးတော်ရှိသောနှုတ်ကပါတ်တော်ဖြစ်ပါသည်။

ဘုရားသခင်၏နှုတ်ကပါတ်တော်သည် အကျိုးဖြစ်ထွန်းသောစာအုပ်ဖြစ်သည်သာမက လွှမ်းမိုးနိုင်စွမ်းလည်းရှိပါသည်။ ဟေဗြဲ ၄း ၁၂ က ရှင်းလင်းစွာတင်ပြထားပါသည်။" ဘုရားသခင်၏နှုတ်ကပါတ်တရားတော်သည် အသက်ရှင်ခြင်၊ တန်ခိုးနှင့်ပြုပြင်ခြင်း၊ သန်လျက်တကာ တို့ထက်ထက်ခြင်းနှင့်ပြည့်စုံသည်ဖြစ်၍၊ အသက်နှင့်စိတ်ဝိညာဉ်ကို၄င်း၊ အရိုးဆစ်နှင့်ခြင်ဆီကို၄င်း ပိုင်းခြား၍ထုတ်ခြင်းခွင်း တတ်၏။စိတ်နှလုံးအကြံအစည်များကိုလည်းသိမြင်တတ်၏။" သမ္မာကျမ်းစာသည်အသက်ရှင်ပြီးလူတိုင်း ကိုလွှမ်းမိုးနိုင်စွမ်းရှိသည့်အပြင် လူ၏နက်နဲသောဝိညာဉ်ရေးရာ အတွင်းပိုင်းဆီသို့ဝင်ရောက်နိုင်သဖြင့်လူ၏စိတ်နှလုံးကိုစီရင်နိုင်သည်။ ထို့ကြောင့် ဘုရားသခင်၏နှုတ်ကပါတ်တော်သည် လူ၏အတွေးအ ခေါ်များကိုစစ်ကြောစီရင်နိုင်သောတန်ခိုးရှိပြီး လူတို့၏ကြံဆမှုနှင့်လုပ်ဆောင်မှု၏ရည်ရွယ်ချက်များကို လည်းမှန်ကန်စွာခွဲခြမ်းသိမြင်နိုင်ပါသည်။ ထိုသို့သောတန်ခိုးကိုပိုင်ဆိုင်ထားသဖြင့် သမ္မာကျမ်းစာသည် လူတို့၏အတိုင်းပိုင်းနှလုံးသားကို တွန်းအားပေးနိုင်ပါသည်။ (မာကု ၇း ၁၈-၂၃၊ လုကာ ၆း ၄၅၊ ၈း၁၅၊ ၁ကော ၄း၅) လူတို့၏ရိုးတွင်းခြင်ဆီကို ထိုးဖောက်နိုင်ခြင်း၊ ဘုရားသခင်၏အသက်ရှင်ပြီး အကျိုးကိုပေးနိုင်သောနှုတ်ကပါတ်တော်အားဖြင့် လူ၏အတွေး အခေါ်နှင့်အကြံအစည်များကိုကြည့်မြင်စေ ခြင်းက ထိုသူကိုပြောင်းလဲစေနိုင်သည်(ရောမ

၁၂း၁-၂၊ဧဖက် ၄း၂၃)၊ သန့်ရှင်းစေနိုင်သည်(ဧဖက် ၅း၂၅-၂၇)သူ့အတွက်ပေးဆပ်နိုင်စေသည်။( ယောဟန် ၁၇း၁၇) ထိုသို့သောဖြစ်ရပ်များသည် စာဖတ် သူအနေဖြင့် ဖတ်ရှုသောအရာအပေါ် အမှန်တကယ်တည်နေမည်ဆိုလျှင် သူ့အတွက်အကူအညီဖြစ်စပေ လိမ့်မည်။ ထိုအကြောင်းကို ရှင်ယာကုပ်က ရှင်းလင်းစွာရေးသားထားပါသည်။“လွှတ်ခြင်းနှင့်စပ်ဆိုင်၍ စုံလင်သောတရား၌ စေ့စေ့ကြည့်ရှု၍တည်ကြည်သောသူမူကား၊ တရားနာ၍မေ့လျော့သောသူမဟုတ်၊အကျင့် ကျင့်သော သူဖြစ်သဖြင့်၊ မိမိကျင့်သောအကျင့်၌မင်္ဂလာရှိသောသူဖြစ်သတည်း။” (ယာကုပ် ၁း ၂၅ ) သို့ဖြစ်၍ ဘုရားသခင်၏နှုတ်ကပါတ်သည် တန်ခိုးနှင့်ပြည့်စုံသည်၊လွှမ်းမိုးနိုင်သည်၊အပြစ်ကိုမြင်စေပြီး ယုံကြည်သူတစ်ယောက်၏နှလုံးသားကို ပြောင်းလဲစေနိုင်သည်။

ဘုရားသခင်၏နှုတ်ကပါတ်တော်သည် မယုံကြည်သောသူတို့၏အသက်တာကို ခရစ်တော်၏နောက်လိုက်များအဖြစ်ပြောင်းလဲစေနိုင်သောတန်ခိုးအစွမ်းရှိပါသည်။ ၁ပေ ၁း ၂၂-၂၅ က ဤသို့ဆို ထားပါသည်။ “သင်တို့သည်ဖောက်ပြန်ပျက်စီးတတ်သောမျိုးစေ့အားဖြင့်ဖြစ်ပွါးသည်မဟုတ်၊ မဖောက်ပြန် မပျက်စီးတတ်သော မျိုးစေ့တည်းဟူသောအသက်ရှင်၍ အစဉ်အမြဲတည်တော်မူသော ဘုရားသခင်၏နှုတ် ကပါတ်တော်အားဖြင့်ဖြစ်ဘွားသောကြောင့်၊ ညီအစ်ကိုများကိုချစ်ယောင်မဆောင်၊ အမှန်ချစ်ခြင်း အလို့ငှါ စိတ်ထဲမှာ သမ္မာတရားကိုနားထောင်လျက်၊ စိတ်နှလုံးကို စင်ကြယ်စေပြီးသည်နှင့်အညီ၊ စင်ကြယ်သော စိတ်နှင့်အချင်းချင်းအားကြီးသော ချစ်ခြင်းမေတ္တာရှိကြလော့။ လူမျိုးရှိသမျှသည် မျက်ပင်ကဲ့သို့ဖြစ်၏။ လူမျိုး၏ဘုန်းရှိသမျှသည်လည်းမြက်ပွင့်ကဲ့သို့ဖြစ်၏။မြက်ပင်သည် ညှိုးနွမ်းသွေ့ခြောက်တတ်၏။အပွင့်လည်းကြွေတတ်၏။ ထာဝရဘုရား၏နှုတ်ကပါတ်တရားမူကား၊ ကာလအစဉ်အမြဲတည်၏။ ထိုနှုတ်ကပါတ်တော်သည် သင်တို့အား ဟောပြောသော ဧဝံဂေလိတရားဖြစ်သတည်း။” ရှင်ပေတရုက သူ၏စာဖတ်ပရိသတ်တို့အား တစ်ဦးကိုတစ်ဦးချစ်ကြရန်လိုအပ်သည်မှာ ဒုတိယမွေးခြင်းခံပြီးသောသူ များဖြစ်ခြင်းကြောင့်၄င်း၊ သူတို့အားပြောင်းလဲစေသောအသက်ရှင်သောနှုတ်ကပါတ်တော်ကြောင့်ဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ထိုပြောင်းလဲခြင်းတရားက ဘုရားသခင်၏သမ္မာတရားကိုနာခံ စေနိုင်သည့် အစွမ်းကို သူတို့အား ပေးတော်မူသည်။ သူတို့၏စိတ်နှလုံးကိုသန့်ရှင်းစေနိုင်သည်။ ဤပေးထားချက်သည့် ထိုနည်းလမ်းအားဖြင့်ချစ်ခြင်းမေတ္တာကိုလုပ်ဆောင်ပေးနိုင်ပါသည်။ ရှင်ပေတရုက ဇာတိပကတိ၏ပျက်စီးခြင်းနှင့် ဘုရားသခင်၏နှုတ်ကပါတ်တော်အားဖြင့်တည်နေခြင်း၏အကျိုးကို ထင်ရှားစေပါ သည်။ ထို့ကြောင့် ဘုရားသခင်၏နှုတ်ကပါတ်တော်တွင် ပျက်စီးခြင်းမှ မပျက်စီးနိုင်ခြင်းသို့လည်းကောင်း၊ ပြုပြင်မရနိုင်ခြင်းမှပြုပြင်ခြင်းခံရသောသူအဖြစ်သို့ ပြောင်းလဲစေနိုင်သည့်တန်ခိုးပါရှိသည်။

## အမှုတော်လုပ်ငန်းတွင်လိုအပ်မှု

ဘုရားသခင်၏နှုတ်ကပါတ်တော်သည် အမှုတော်လုပ်ငန်ဆောင်ရွက်ရာတွင် အသင်းတော်ခေါင်းဆောင်များအတွက်မရှိမဖြစ်လိုအပ်သောအကြောင်းမှာ ဘုရားသခင်၏အမြင်အရ မည်သို့ အသက်ရှင်ပြီး ဘဝကိုမည်သို့နားလည်သဘောပေါက်ရမည်အကြောင်း ကျွန်တော်တို့ကိုပြသရန် ပင်

ဖြစ်ပါသည်။ဘုရားသခင်က ဤသို့ဆိုသည်။"ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါ၏အကြံအစည်သည် သင်တို့၏အကြံအစည်နှင့်မတူ။ငါ၏အကျင့်သည်လည်း သင်တို့၏အကျင့်နှင့်မတူ။ မိုယ်းကောင်းကင်သည်မြေကြီး ထက်သာ၍မြင့်သကဲ့သို့၊ငါ၏အကျင့်သည် သင်တို့၏အကျင့်ထက်၄င်း၊ ငါ၏အကြံအစည်သည် သင်တို့၏အကြံအစည်ထက်သာ၍မြင့်၏။"(ဟေရှာယ ၅၅း၈-၉ ) ဘဝအသက်တာကိုယ်တိုင်ရှုမြင်သည့်သဘောကိုနားလည်သဘောပေါက်ခြင်းသည် ယေဘုယျအားဖြင့် အနည်းငယ်ကြိုးစားအားထုတ်မှုဖြစ်စေသည်။ ဘုရားသခင်၏ရှုထောင့်မှ ဘဝအသက်တာကိုနားလည်သဘောပေါက်ခြင်းသည် တချိန်တည်းတွင်ခက်ခဲနိုင်သည်၊ မသက်တောင့်မသက်တာဖြစ်နိုင်သည်။ သမ္မာကျမ်းစာတစ်ခုလုံး၏အကြောင်းအရာ ကိုနားလည်သဘောပေါက်လျက် ဘုရားသခင်၏နက်နဲသောဉာဏ်ပညာနှင့်လုံးပန်းနေရသည်ဖြစ်၍ ခက်ခဲနိုင်ပေသည်။ ဘုရားသခင်၏နှုတ်ကပါတ်တော်သည် ကျွန်တော်တို့အား ခရစ်တော်နှင့်ပို၍တူညီလာ စေရန်အစဉ်အမြဲမြင့်တင်ပေးထားသည်ဖြစ်၍ မသက်တောင့်မသက်သာဖြစ်သာဖြစ်နိုင်ပါသည်။ဤအရာက ဘဝနားလည်သည့်ပုံစံနှင့် မသက်တောင့်မသက်တာဖြစ်စေသည့်သမ္မာကျမ်းစာကိုနားလည်စေရန် ပြောင်းလဲမှုကိုဖြစ်စေရပါမည်။ ကျွန်တော်တို့အားပြောင်းလဲစေခြင်းဖြစ်၍ ဆန့်ထုတ်ခြင်းပင်ဖြစ်သည်။ ကျွန်တော်တို့ဖြစ်ခဲ့သည့်အတိုင်းမဟုတ်ကြတော့ပါ။ လူသစ်ဆီသို့တဖြည်းဖြည်းတက်လှမ်းလာကြသည်။ ကျွန်တော်တို့သည် သမ္မာတရားအတွင်းတွင် ကြီးပြင်းလာကြသည်ဖြစ်၍ ဤဖြစ်စဉ်မှာ အခမဲ့၊ အလင်းပေးခြင်းနှင့် ငြိမ်းချမ်းရေးကိုဆောင်ယူခြင်းဖြစ်သင့်ပေသည်။ အကြောင်းမှာ တည်ငြိမ်မှုကိုပေးသည်မှာ ဘုရားသခင်၏နှုတ်ကပါတ်တော်ပင်ဖြစ်ပါသည်။ ကျဆုံးသောလူသားဖြစ်ခြင်းကြောင့် ကျွန်တော်တို့သည် ဘုရားသခင်လုပ်ဆောင်သကဲ့သို့အရာများကို အမြဲနားလည်သည်မဟုတ်ပါ။ သို့သော် သမ္မာကျမ်းစာက ဘုရားသခင်၏အရာကိုရှင်းလင်းစွာနားလည်နိုင်ရန် ကျွန်တော်တို့ကို အကူအညီပေးထားပါသည်။ ကျွန်တော်တို့သည် ကျမ်းစာကိုလေ့လာရန်အချိန်ယူခဲ့လျှင်၊ ဆင်ခြင်အောက်မေ့ပြီး နားလည်းခြင်းကိုပေးရန် ဘုရားသခင်အားဉာဏ်ပညာကိုတောင်းလျှောက်သောအချိန်ခါ ထိုသို့ဖြစ်နိုင်ပါသည်။ ဘုရားသခင်၏နှုတ်ကပါတ်တော်မရှိလျှင် ကျွန်တော်တို့၏အမှုတော်လုပ်ငန်းသည် အကျိုးမရှိပေ။ ထိုနှုတ်ကပါတ် တော်အားဖြင့်သာ လူတို့၏နှလုံးသားကိုဆွဲဆောင်နိုင်ပါသည်။( တမန် ၂း ၃၇ ) ဘုရားသခင်၏နှုတ် ကပါတ်တော်သည် သံလျက်တကာထက် ထက်မြက်ပြီး သမ္မာကျမ်းစာက"ဝိညာဉ်ဓါး" ဟုပုံဆောင်ထား ပါသည်။ (ဧဖက် ၆း၁၇ ) ဧဝံဂေလိတရားကိုဟောပြောသောသူတို့သည် ဤဓါး၏ထိထိရောက်ရောက် လုပ်ဆောင်နိုင်စွမ်းကိုသိရန်လိုအပ်ပါသည်။ဘုရားသခင်ကိုယ်တိုင်ကလည်း ၄င်း၏နှုတ်ကပါတ်တော်ကို မီး၊ တူအဖြစ်ဖော်ပြထားပါသည်။ သူက "ငါ၏နှုတ်ကပါတ်တော်သည် မီးကဲ့သို့၄င်း၊ ကျောက်ကို ထုချေသောသံတူကဲ့သို့၄င်းဖြစ်သည်မဟုတ်လော့" ဟုဆိုသည်။( ယေရမိ ၂၃း၂၉) တနည်းအားဖြင့် ဘုရားသခင်၏နှုတ်ကပါတ်တော်သည် တန်ခိုးနှင့်ပြည့်စုံတော်မူသည်။ ၄င်း၏အကြံအစည်ကိုပြည့်စုံစေသည်၊ အကြောင်းမှာ သူ၏နည်းလမ်းများသည် ပျက်ပြားနိုင်မည်မဟုတ်ပါ။ (ယောဘ ၄၂း၂) စာတန် ၏စွမ်းအားကိုတိုက်ခိုက်တွန်းလှန်နိုင်ဖို့သော်လည်းကောင်း (မဿဲ ၄း၁-၁၁) လူတို့၏အသက်တာများကို အကျိုးသက် ရောက်စေရန်သော်လည်းကောင်း ထိုသို့သောတန်ဆာပလာသည် ဘုရားသခင်၏ လူအ တွက် မရှိမဖြစ်လို အပ်သောအရာဖြစ်ပါသည်။

အမှုတော်လုပ်ငန်းတွင် သမ္မာကျမ်းစာမရှိမဖြစ်လိုအပ်သည့်အခြားအကြောင်းရင်းမှာ ဘုရားသခင်၏နှုတ်ကပါတ်တော်ဖြစ်ခြင်းကြောင့်ပင်ဖြစ်ပါသည်။ဘုရားသခင်၏နှုတ်ကပါတ်တော်ဖြစ်ခြင်းကြောင့် ဧဖက် ၄း၁၁-၁၆အရ သင်းအုပ်နှင့်ဧဝံဂေလိတို့၏အဓိကပန်းတိုင်ဖြစ်သည့် အမှုတော်အတွက်ဘုရားသခင်၏လူမျိုးကိုပြင်ဆင်းရန်စွမ်းဆောင်နိုင်ပါသည်။("သင်းအုပ်နှင့်ဧဝံဂေလိတို့၏ပြင်ဆင်ခြင်းအမှုတော်လုပ်ငန်း"ခေါင်းစဉ်တွင်ကြည့်ပါ။)ရှင်ပေါလုရေးသားထားသည်မှာ"ထိုကျမ်းစာရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍၊ ဘုရားသခင်၏ လူသည်စုံလင်သောသူ၊ကောင်းသောအမှုအမျိုးမျိုး တို့ကိုပြုစုခြင်းအလို့ငှါပြင်ဆင်သောသူ ဖြစ်မည်အကြောင်း၊ဩဝါဒပေးခြင်း၊ ပြစ်ကိုဘော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊တရားကိုသွန်သင်ခြင်း ကျေးဇူးများကိုပြုတတ်၏"( ၂တိ ၃း၁၆-၁၇) ဟုဆိုပါသည်။ ထို့ကြောင့် အသင်းတော်ရှိရာအဖွဲ့အစည်းနှင့်အသင်းတော်အတွင်းတွင်သစ္စာရှိစွာအမှုထမ်းရွက်စေသည့်ထိရောက်သောစွမ်းအားကိုပိုင်ဆိုင်ရန်ဆန္ဒရှိသောသင်းအုပ်နှင့်ဧဝံဂေလိများသည် ထိုအလုပ်ကိုလုပ်ဆောင်ရန်ပြင်ဆင်ခြင်းခံရသော အသင်းဝင်များရှိရပါမည်။ လုပ်ဆောင်ရန်တာဝန်ကိုပြီးစီးခြင်းငှါလုပ်ဆောင်ရန် ပေးထားသည်မှာ ဘုရားသခင်၏နှုတ်ကပါတ်တော်ပင်ဖြစ်ပါသည်။နှုတ်ကပါတ်တော်သည် ခရစ်ယာန်တစ်ယောက်အား ၄င်းလိုအပ်သည့် ဉာဏ်ပညာနှင့်ဗဟုသုတကိုပေးလျက် အကျင့်စာရိတ္တကို ပြောင်းလဲစေနိုင်ပါသည်။ အမှုတော်အတွက်ပြင်ဆင်ထားနိုင်သည်။ သူ့အတွက်ဘုရားသခင်ပြင်ဆင်ပေး ထားသောလုပ်များအတွက် ပြင်ဆင်ထားနိုင်ပါသည်။

ဘုရားသခင်၏နှုတ်ကပါတ်တော်ဖြစ်တော်မူသောယေရှုက(ယော ၁း၁-၂) ဘုရားသခင်၏နှုတ်ကပါတ်တော်၏တန်ခိုးနှင့် အသက်တာ၌၄င်း၏လိုအပ်မှုကိုနားလည်သဘောပေါက်ပါသည်။ ယေရှုအား ဖမ်းဆီးခေါ်ဆောင်သွားသည့်ညတွင် ထိုအချက်ကိုတွေ့မြင်နိုင်ပါသည်။ သူသည် သူ၏တပည့်တော်များ၊ ကျွန်ုပ်နှင့်သင့်အတွက်ဆုတောင်းပေးခဲ့သည်။(ယော ၁၇း ၂၀)သူက "ကိုယ်တော်၏သမ္မာတရား အားဖြင့်သူတို့ကိုသန့်ရှင်းစေတော်မူပါ။ကိုယ်တော်၏နှုတ်ကပါတ်သည် သမ္မာတရားဖြစ်ပါ၏။(ယော၁၇း ၁၇) "သန့်ရှင်းစေပါ" ဟူသောစကားလုံးမှာ သန့်စင်စေရန်၊ သီးခြားထားရန် ဟူ၍ဖြစ်သည်။ ထို့ကြောင့်ယေရှုက တပည့်တော်များအားသန့်ရှင်းစေရာတွင် သမ္မာတရားကိုအသုံးပြုရန် တောင်းဆိုခဲ့ပါ သည်။ယေရှုက ဘုရားသခင်၏နှုတ်ကပါတ်တော်ကို သမ္မာတရားနှင့်တူညီစေသောကြောင့်ဖြစ်ပါသည်။ ယေရှုအလိုရှိသောသူများမှာ ခရစ်တော်၏အကျင့်သီလကိုတန်ပြန်သက်ရောက်စေမည့်သူများ၊ သန့်ရှင်းရမည့်သူများ၊ ဖြောင့်မတ်စွာအသက်ရှင်ရမည့်သူများဖြစ်ကြပါသည်။ယေရှုက ထိုအရာသည် ဘုရာသခင်၏နှုတ်ကပါတ်တော်အားဖြင့်သာ စုံလင်နိုင်ကြောင်း၊ ထိုသို့သောတောင်းလျှောက်ချက်များကိုပြုလုပ်ရ သည့်အကြောင်းတရားကို သိနားလည်တော်မူသည်။ ထိုအရာကိုသိမှတ်သောအခါ၊ သင်းအုပ်နှင့်ဧဝံဂေလိတို့က သမ္မာကျမ်းစာသည် ဘုရားသခင်၏နှုတ်ကပါတ်တော်ဖြစ်ကြောင်းကို သိနားလည်ရန်လိုအပ် လှပါသည်။ ယုံကြည်သူများ သန့်ရှင်းစင်ကြယ်စေရာတွင်လည်းကောင်း၊ ယုံကြည်ခြင်း၊မျှော်လင့်ခြင်း၊ ချစ်ခြင်း၌ကြီးထွားခြင်းတွင် အကူအညီပေးရန်လည်းကောင်း၊ခရစ်တော်နှင့်မိဿဟာရဖွဲ့ခြင်း၊ဘုရားသခင်၊ ခရစ်တော်၊ သန့်ရှင်းသောဝိညာဉ်တော်ကိုသိသောဉာဏ်၌လည်းကောင်း၊ ဝိညာဉ်တော်အသီးသီးခြင်း စသဖြင့်တို့တွင် အသုံးပြုရန်ပေးထားသည့် ဘုရားသခင်၏နှုတ်ကပါတ်တော်ပင်ဖြစ်ပါသည်။"ခရစ်တော် ၏ကိုယ်ကို တည်ဆောက်၍။ သန့်ရှင်းသူတို့ကိုပြင်ဆင်ခြင်းအတွက်"(ဧဖက် ၄း ၁၂) သူတို့လက်ထဲတွင်

ပေးထားသည့် တန်ဆာပလာဖြစ်ပါသည်။နှုတ်ကပါတ်တော်မရှိလျှင် သူတို့သည် အချည်းနှီးဖြစ်ကြသည်။ ထိုနှုတ်ကပါတ်တော်အားဖြင့် သူတို့သည် ရင့်ကျက်သောသူ၊ အသီးသီးသောသူ၊ ခရစ်တော်၏ ထိရောက်သောတပည့်တော်များကိုမွေးထုတ်နိုင်ပါသည်။

သမ္မာကျမ်းစာသည် အမှုတော်၌မရှိမဖြစ်လိုအပ်သည့်နောက်ဆုံးအချက်မှာ ဘုရားသခင်၏နှုတ် ကပါတ်တော်နောက်သို့လိုက်သောသူတို့သည် ဉာဏ်ပညာနှင့်နားလည်းခြင်းကိုရရှိကြခြင်းကြောင့်ဖြစ်ပါသည်။ (ဆာ ၁၁၁း၁၀၊၁၁၉း၁၀၄၊၁၃၀) သူတို့ကိုသန့်ရှင်းစင်ကြယ်စေမည်။ ဘုရားသခင်၏နှုတ်တော် ကိုသိုထားရခြင်း၏အကျိုးကြောင့်ဘုရားသခင်ကိုမပြစ်မှားပေ။(ဆာလံ ၁၁၉း၉-၁၁)သူတို့ခြေရှေ့မှာမီးခွက်ဖြစ်လျက် သူတို့၏လမ်းခရစ်ကိုအလင်းပေးတော်မူမည်။(ဆာလံ ၁၁၉း၁၀၅) ထို့ကြောင့်သွားရမည့်လမ်းကိုသိမြင်ကြသည်။ ဘုရားသခင်၏လူသည် နှုတ်ကပါတ်တော်အား ဘုရားသခင်၏လူများကို သွန်သင်ရန်လိုအပ်သည့်အကြောင်းတရားများစွာရှိပါသည်။တမန်တော်က ဤအမှုတော်၌အရေးကြီးခြင်း နှင့်မရှိမဖြစ်လိုအပ်ခြင်းကိုသိနားလည်လျက် ဤလုပ်ငန်းကို ပြည့်ပြည့်ဝဝပေးထားခဲ့ပါသည်။(တမန်၆း၄) ထို့ကြောင့် ဤသည်မှာ ယနေ့တွင် အသင်းတော်ခေါင်းဆောင်များအတွက်သာဖြစ်သင့်ပါသည်။ဒါဝိဒ် မင်းက ဤသို့ရေးသားထားပါသည်။"ထာဝရဘုရား၏တရားတော်သည် စုံလင်သည်ဖြစ်၍၊စိတ်ဝညာဉ်ကို ပြုပြင်တတ်၏။ထာဝရဘုရား၏သက်သေခံတော်မူချက်သည်ဟုတ်မှန်သည်ဖြစ်၍ မလိမ္မာသောသူတို့ကို လိမ္မာစေတတ်၏။ထာဝရဘုရား၏နည်းဥပဒေသတို့သည် ဖြောင့်မတ်သည်ဖြစ်၍ စိတ်နှလုံးကိုရွှင်လန်းစေတတ်၏။ ထာဝရဘုရား၏ ပညတ်တော်သည်စင်ကြယ်သည်ဖြစ်၍၊ မျက်စိကိုရှင်းလင်းစေတတ်၏။ထာဝရဘုရားကိုကြောက်ရွံ့ခြင်းသဘောသည်သန့်ရှင်းသည်ဖြစ်၍၊ ကာလအစဉ်အမြဲတည်၏။ထာဝရဘုရား၏ စီရင်တော်မူချက်တို့သည် သစ္စာတရားနှင့်ညီ၍၊ တညီတညွတ်တည်းဖြောင့်မတ်ကြ၏။(ဆာလံ၁၉း၇-၉)

## နိဂုံး

သမ္မာကျမ်းစာ၏အရေးကြီးမှုနှင့်ပါတ်သက်၍ ဘုရားသခင်၏နှုတ်ကပါတ်တော်နှင့် ၄င်း၏တန်ခိုးတော်ကြောင့် အသင်းတော်ခေါင်းဆောင်က ၄င်းသည် သူ၏အရေးအကြီးဆုံးသော တန်ဆာပလာဖြစ်ကြောင်းကိုသိရှိထားရန်အရေးကြီးလှပါသည်။အကြောင်းမူကား၊ မပြောင်းလဲသောသင်းအုပ်က သမ္မာကျမ်းစာကို တရာပလ္လင်ပေါ်မှဖတ်ရှုသည့်အချိန်တွင် ကြားနာသူများသည် ခရစ်တော်ကိုယုံကြည်လာကြသည်မှာဖြစ်လေ့ရှိပါသည်။ကျမ်းစာ၏အစွမ်းတန်ခိုးကြောင့်ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏လူ လုပ်ဆောင်သောအမှုတော်လုပ်ငန်းတွင် မရှိမဖြစ်လိုအပ်သော အရေးကြီးသည့်အရာဖြစ်ပါသည်။

သို့ရာတွင် အသင်းတော်ခေါင်းဆောင်၏ဖျမ်းမျှ ၁၀၀% က ဤစာအုပ်တွင်တင်ပြထားသော သမ္မာတရားကိုသဘောတူလက်ခံထားကြသော်လည်း သူ၏နားလည်မှုကို ၄င်း၏လက်တွေ့လုပ်ဆောင်ခြင်းကအကြိမ်မည်မျှသဘောတူပါသနည်း။တနည်းအားဖြင့် သူ၏နေ့စဉ်အသက်တာနှင့်

အမှုတော်လုပ်ငန်းတွင် သမ္မာကျမ်းစာသည် မည်မျှအရေးပါသနည်း။ဤအရာကိုအဖြေပေးနိုင်ရန် အကြင်သူသည် အောက်ပါမေးခွန်းများကိုဆင်ခြင်အောက်မေ့ရပါမည်။

၁။ တစ်နေ့လျှင် နာရီပေါင်းမည်မျှကျမ်းစာဖတ်ပါသနည်း။
၂။ သမ္မာကျမ်းစာကိုဟောပြောခြင်းနှင့်သွန်သင်ပေးခြင်းမတိုင်မီ လေ့လာခြင်းတွင် တစ်ပတ်လျှင် အချိန်မည်မျှရင်နှီးမြှုပ်နှံသနည်း။
၃။ အမှုတော်မြတ်အတွက်အခွင့်အခါကြုံလျှင်အသုံးပြုနိုင်ရန် သူနှင့်အတူ သမ္မာကျမ်းစာကိုအကြိမ်မည်မျှသယ်ဆောင်ပါသနည်း။
၄။ ကျမ်းစာကျက်မှတ်ခြင်းသည် အချိန်မည်မျှအသုံးပြုသနည်း။
၅။ ကျမ်းစာတစ်ခုလုံးကို အကြိမ်မည်မျှဖတ်သနည်း။
၆။ သမ္မာကျမ်းစာကို သွန်သင်ခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်း၊နှင့် မှားယွင်းသောခံယူချက်နှင့်မှားယွင်းသောဆရာများကိုချေပရာတွင် ကောင်းမွန်စွာအသုံးပြုပါသလား။
၇။ သူ၏အသက်တာတွင် ဘုရားသခင်၏နှုတ်ကပါတ်တော်ကိုအသုံးပြုရန် မည်မျှစိတ်ဝင်စား ပါသနည်း။

ထို့ကြောင့်အသင်းတော်ခေါင်းဆောင်များ၏အသက်တာများ၊အသင်းတော်ဝင်များ၏အသက်တာများတွင် ဘုရားသခင်၏နှုတ်ကပါတ်တော်၏တန်ခိုးတော်၊အရေးကြီးမှုနှင့်မရှိမဖြစ်လိုအပ်မှုကို သဘောတူလက်ခံခဲ့သော် သင်၏စစ်မှန်သောအရာကား အဘယ်နည်း။ပေါလုနှင့်သူ၏ အပေါင်းအဖော်များဟောပြောသောအရာမှာ ဘုရားသခင်၏နှုတ်ကပါတ်တော်ပင်ဖြစ်ပါသည်။ယေရှုအကြောင်းကို သိထားသောလောကကြီး အားဟောပြောခြင်းဖြစ်သည်။“လောကြီးနိုင်ငံကိုမှောက်လှန်သော ဤသူတို့သည် ဤအရပ်တိုင်အောင်ရောက်ကြပါပြီ။”(တမန် ၁၇း ၆) သင်သည် လူတို့ကိုပြောင်းလဲစေရန်နှင့်ယေရှုခရစ်၏ဘုန်းတော်အတွက်လောကကြီးကိုပြောင်းလဲစေရာတွင် အသုံးပြုသော ဘုရားသခင်၏နှုတ်ကပါတ်တော်ကိုပိုင်ဆိုင်ထားပါသည်။

ဤသို့သောအရာများဖြစ်လာစေရန် ကျွန်တော်တို့သည် သမ္မာကျမ်းစာကို ရေးသားသောသူများလုပ်ဆောင်သကဲ့သို့ သမ္မာကျမ်းစာကိုရှုမြင်ကြရန်လိုအပ်ပါသည်။ယောဘက ဘုရားသခင်၏နှုတ်က ပါတ်တော်အကြောင်းကို ဤသို့ဆိုထားသည်။ “ထားတော်မူသောပညတ်တော်တို့ကိုမပယ်။ နှုတ်တော်ထွက်စကားတို့ကိုငါ့ရင်ခွင်၌သိုထားလျက်ရှိ၏။”(ယောဘ ၂၃း၁၂)ဆာလံဆရာကဆိုထားသည်မှာ“မိုယ်းမလင်းမီ အကျွန်ုပ်အော်ဟစ်တတ်ပါ၏။နှုတ်ကပါတ်တော်ကိုမျှော်လင့်လျက်နေပါ၏။ ဗျာဒိတ်တော်တို့ကိုဆင်ခြင် အောက်မေ့လိုသောငှါ၊ ညဥ့်ယံမလွန်မီအကျွန်ုပ်နိုးတတ်ပါ၏”(ဆာလံ ၁၁၉း၁၄၇-၁၄၈)ဟုဆိုပါသည်။ ဘုရားသခင်၏နှုတ်ကပါတ်တော်သည် ဤလူများ၏အသက်တာတွင်အရေးကြီးသကဲ့သို့ ကျွန်ုပ်တို့တွင် အရေးကြီးတော်မူလျှင်လည်းကောင်း၊ ကျွန်တော်တို့၏အမှုတော်မြတ်တွင် ၎င်း၏တန်ခိုးနှင့်လိုအပ်မှုကို ကျွန်တော်တို့နားလည်သဘောပေါက်လျှင် သော်လည်းကောင်၊ နေ့စဉ်ဖတ်ရှုခြင်း၊ဖွဲ့ရှိစွာလေ့လာခြင်း၊ အလွတ်ကျက်မှတ်ခြင်းအားဖြင့် ကျွန်တော်တို့ရိုသေလေးမြတ်ခြင်းရှိလျှင်လည်းကောင်း၊ ကျွန်တော်တို့အ သက်တာတွင်လက်တွေ့အသုံးချပြီး၊ အခြားသူများပြောင်းလဲရန်အသုံးပြုလျှင်သော်လည်းကောင်း နှုတ်ကပါတ်တော်ကိုအလေး အနက်ထားကိုင်

တွယ် အသုံးပြုရန်ပါမည်။ သို့မှသာ ထိုနှုတ်ကပါတ်တော်အားဖြင့် ဘုရားသခင်ကအမှုပြုတော်မူပြီး ကြီးစွာသောအကြိုးကိုရရှိပေမည်။

ဧဝံဂေလိလုပ်ဆောင်ခြင်းလုပ်ကသည် ဤအရာကိုသဘောပေါက်နား လည်ရန်လိုအပ်ပါသည်။ သို့မှသာ အသင်းတော်ကိုဖျက်ဆီးမည့်အရာများထဲမှလွတ်မြောက်နိုင် မည်ဖြစ်ပါသည်။ နှုတ်ကပါတ်တော် ကိုဟောပြောသောသူသည်လည်း အထက်တွင်တင်ပြထားသည့်သင်ကြားရေးနည်းစနစ်များကို အကောင်းသဘောဖြင့် အသုံးပြုနိုင်သည်ဖြစ်၍ နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ သို့မှသာ သူတို့ကို နှုတ်ကပါတ်တော်ဟောပြောခြင်းကိုအစားထိုးမည်မဟုတ်ပါ။ အဘယ့်ကြောင့်နည်း။ အကြောင်းမှာ သူတို့သည် ဘုရားသခင်၏နှုတ်ကပါတ်တော်မှုတ် သွင်းခြင်းခံရသူများမဟုတ်ပါ။ထို့ကြောင့် နှုတ်ကပါတ်တော်ဖြင့်ယှဉ်ကြည့်သောအခါ သူတို့သည် ထင်ထင်ရှားရှားကျဆုံးနိုင်ပါသည်။ဤအရာများသည် လူများစွာကို မေတ္တာရပ်ခံထားသော်လည်း ထိုသို့သောလုပ်ဆောင်ချက်သည် ရေရှည်တွင်အသင်းတော်ကို ထိခိုက်စေနိုင်ပါသည်။ အဘယ့်ကြောင့်နည်း။အကြောင်းမှာ ဤနည်းစနစ်များသည် ယုံကြည်သူများကို တည်ဆောက်ရန်၊ အမှုတော်အတွက် သူတို့ကိုပြင်ဆင်ရန်၊ဘုရားသခင်၏အရာကိုအလေးအနက်နားလည်စေရန် သို့မဟုတ်သူတို့၏ယုံကြည်ခြင်းကိုခိုင်မာသောအုတ်မြစ်ပေါ်တွင်တည်ဆောက်နိုင်ကြစေရန်ဘုရားသခင်ခွဲခန့်ထားသည့် နည်းလမ်းမဟုတ်ပါ။ (မဿဲ ၇း ၂၄-၂၇၊ဧဖက် ၄း၁၁-၁၆) ဘုရားသခင်သည် ထိုတာဝန်အတွက် သမ္မာကျမ်းစာကိုပေးထားခြင်းဖြစ်ပါသည်။ထိုအရာမှာ ရှင်ပေါလုက တိမောသေကိုပြောဆိုရသည့်အကြောင်းတရားပင်ဖြစ်ပါသည်။“ကိုယ်တော်တိုင်ပေါ်ထွန်း၍ နိုင်ငံတော် ထင်ရှားသောကာလ၊ အသက်ရှင်သောသူ၊သေသောသူတို့ကိုစစ်ကြောစီရင်တော်မူသော သခင်ယေရှုခရစ်ရှေ့မှာငှင်း၊ ငါသည် သင်တို့ကိုသစ္စာပေးသည်ကား၊ နှုတ်ကပါတ်တရားတော်ကို ဟောပြောလော့၊ အချိန်ရှိ သည်ဖြစ်စေ၊မရှိသည်ဖြစ်စေ၊ကြိုးစားအားထုတ်လော့။အပြစ်ကိုဖော်ပြလော့။ ဆုံးမခြင်းကိုပြုလော့။အလွန် ရှည်သောစိတ်နှင့်ဩဝါဒမျိုးကိုပေး၍ တိုက်တွန်းသွေးဆောင်လော့။ အကြောင်းမူကား၊နောင်ကာလ၌လူ တို့သည်စင်ကြယ်သောဩဝါဒကိုနာမခံနိုင်၊ယားတတ်သောနားရှိလျှင်၊ မိမိတို့တပ်မက်ခြင်းအတိုင်းများပြာ သောဆရာတို့နောက်သို့လိုက်ကြလိမ့်မည်။ သမ္မာတရားကို နားမထောင်ဘဲ၊ဒဏ္ဍာရီစကားကိုနားထောင်၍ လွဲသွားကြလိမ့်မည်။”(၂တိမော ၄း၁-၄) ဘုရားသခင်၏နှုတ်ကပါတ်တော်ဟောပြောသောသူသည်လည် သေချာစေရန်လိုအပ်ပါသည်။သို့မှသာ သူသည်လည်း “အချိန်ရှိသည်ဖြစ်စေ၊မရှိသည်ဖြစ်စေ”၊ကြိုးစားအားထုတ်ခြင်း၊ အပြစ်ကိုဖော်ပြခြင်း၊ ဆုံးမခြင်းကိုပြုခြင်း၊အလွန် ရှည်သောစိတ်နှင့်ဩဝါဒမျိုးကိုပေး၍ တိုက်တွန်းသွေးဆောင်ခြင်းကိုပြုရန်အဆင်သင့်ဖြစ်မည်ဖြစ်သည်။ ဤအရာများသည် သမ္မာကျမ်း စာအားဖြင့်သော်လည်းကောင်း၊ ၎င်းကိုသွန်သင်သူများ၏ကြိုးစားအားထုတ်မှုအားဖြင့်လည်းကောင်း၊သွန်သင်ခြင်းနှင့်ဟောကြားခြင်းအားဖြင့်လည်းကောင်း လုပ်ဆောင်နိုင်ပါသည်။( ၁တိ ၅း၁၇၊ ၂တိ ၂း ၅) ဤအရာသည် လူတို့၏နားကိုကလိရုံအတွက်သာစိတ်ဝင်စားသောသူတို့အားဖြင့် ပြီးမြောက်မည်မဟုတ်ပါ။ ဘုရားသခင်၏နှုတ်ကပါတ်တော်ကိုအစေခံသောသူများဖြစ်ကြပါစို့။

နောက်ဆက်တွဲ ၂။

# သမ္မာကျမ်းစာလေ့လာသည့် နည်းစနစ်များ

အနက်ဖွင့်ခြင်းဆိုင်ရာစည်းမျဉ်းများ

သမ္မာကျမ်းစာလေ့လာမှုနည်းစနစ်တွင်အသုံးပြုသောနည်းစနစ်မှာ ၎င်းကို မည်သို့နားလည်သ ဘောပေါက်ပြီးသွန်ခြင်းခြင်းပင်ဖြစ်သည်။ ထို့ကြောင့် သင်းအုပ်နှင့်အသင်းတော်ခေါင်းဆောင်များက ဘုရားသခင်၏နှုတ်ကပါတ်တော်ကိုမည်သို့လေ့လာပြီး သင်ပေးသည်ကို သတိပြုရန်လိုအပ်ပါသည်။ ဤတာဝန်၏အရေးကြီးမှုကြောင့် သင်းတော်ခေါင်းဆောင်တစ်ဦးသည်မိမိကိုယ်ကို ဘုရားသခင်၏အလုပ်ကို လုပ်ဆောင်နေသောသူတစ်ဦးအဖြစ်မှတ်ယူလျက် ဘုရားသခင်၏သမ္မာတရားကိုင်တွယ်ခြင်းတွင်လည်း ကောင်းမွန်စွာ ကိုင်တွယ်ထားရပါမည်။ ( ၂တိ ၂း ၁၅ ) ထို့ကြောင့် ဘုရားသခင်၏နှုတ်ကပါတ်တော်ကို ရှင်းပြသောသူတို့သည် သူတို့ပြောဆိုသော သတင်းစကားကို “ဘုရားသခင်မိန့်တော်မူသည်ကား” ဟုဆိုရပါမည်။ သူတို့ပြောဆိုသောစကားသည် ဘုရားသခင်မိန့်တော်မူသောအရာပင်ဖြစ်ပါသည်။ အသင်းတော်ခေါင်းဆောင်က သူ၏သွန်သင်သည့်အတိုင်း တစ်နေ့တွင် ပြန်လည်အကျိုးခံစားရမည်ကို သိနားလည်ရန် လိုအပ်ပါသည်။ ယာကုပ်သည် ၎င်း၏စာဖတ်ပရိသတ်များအား ပြောဆိုသည့်အချိန်တွင် ရှင်းလင်းစွာ တင်ပြထားသည်ကိုတွေ့ရပေမည်။ ( ယာ ၃း ၁ ) ဘုရားသခင်က သူ၏နှုတ်ကပါတ်တော်ကို အလေးအနက်ထားသည်ကို တွေ့ရှိရပါသည်။ ဘုရားသခင်က အသင်းတော်ခေါင်းဆောင်များကို သွန်သင်ပေးရန် မျှော်လင့်မထားပါ။ ထို့ကြောင့် ဘုရားသခင်၏နှုတ်ကပါတ်တော်ကို အလွဲမယူကြရန် သေချာစေရမည်။ အကြောင်းမှာ တစ်နေ့တွင် ဘုရားသခင်၏နှုတ်ကပါတ်တော်မည်သို့ ကိုင်တွယ်သည်ကို ပြန်လည်ဖြေရှင်း ရပေမည်။

ဘုရားသခင်၏နှုတ်ကပါတ်တော်လေ့လာသည့်နည်းစနစ်နှစ်မျိုးရှိပါသည်။ ၎င်းတို့မှာ ဖြတ်တောက်ချဉ်းကပ်ခြင်းနှင့် ခြုံငုံဆင်ခြင်ပြီးချဉ်းကပ်ခြင်းတို့ဖြစ်သည်။ ဖြတ်တောက်လေ့လာခြင်းသည် ကျမ်း စာကျောင်းသူကျောင်းသားများက ၎င်းရေးသားဖော်ပြထားသည့် အကြောင်းအရာကို အသေးစိတ်မဟုတ်ဘဲ ကျမ်းစာအကြောင်းအရာကို ရေးသားဖော်ပြခြင်းပင်ဖြစ်ပါသည်။ ဤချဉ်းကပ်မှုသည် အလွန်ပင် အန္တရယ်ရှိနိုင်ပါသည်။ အကြောင်းမှာ အကြောင်းအရာက ပြောဆိုထားခြင်းမရှိသည့် အကြောင်းအရာများကို လည်းဖြန့်ဝေပေးထားနိုင်ပါသည်။ ဥပမာအားဖြင့် လုကာ ၆း ၃၁တွင် “ကိုယ်၌ပြုစေလိုသည်အတိုင်း သူတပါး၌လည်းပြုလော့”ဟုဆိုထားပါသည်။ ဖြတ်တောက်ချဉ်းကပ်မှုတွင် အချို့သောသူတို့သည် အောက် ပါအတိုင်းပင်မြင်တွေ့နိုင်ပါသည်။ “သူသည် ကောင်းစွာမပြုမူလျှင်၊ ကောင်းစွာပြုမူခြင်းကိုမခံရ။” အဓိပ္ပါယ်များယွင်းစွာ အလွဲယူနိုင်ပါသည်။

ခြုံငုံပြီးချဉ်းကပ်မှုကိုအသင်းပြုသောအချိန်တွင် ကျမ်းစာကျောင်းသူကျောင်းသားများသည် ကျမ်း စာရေးသားသူ၏အဓိကဆိုလိုရင်းအကြောင်းအရာကို သဘောပေါက်နားလည်းခြင်းကိုသာ ဦးစားပေးကြပါသည်။ တနည်းအားဖြင့် သူ့သဘောအတိုင်း သမ္မာကျမ်းစာကို အနက်ဖွင့်ထားခြင်း မဟုတ်။ ၎င်း၏အမှန်အဓိပ္ပါယ်ဖြစ်သောအကြောင်းအရာထဲမှသာ အနက်ဖွင့်ဆိုထားခြင်းဖြစ်ပါ သည်။ ထိုသို့လုပ် ဆောင်ရာတွင် သိမှတ်အသုံးပြုထားရမည့်စည်းမျဉ်းစည်းကမ်းလေးခုရှိပါသည်။

၁။ မူရင်းအဓိပ္ပါယ်

၂။ အကြောင်းအရာဆိုင်ရာအနက်ဖွင့်ဆိုချက်

၃။ သမိုင်းဆိုင်ရာအနက်ဖွင့်ဆိုချက်

၄။ သဒ္ဒါနည်းဆိုင်ရာအနက်ဖွင့်ဆိုချက်

၅။ ခေတ်ကာလပိုင်းဆိုင်ရာအနက်ဖွင့်ဆိုချက်

ကျမ်းစာ၏မူရင်းပုံသဏ္ဍာန်ကိုနားလည်သဘောပေါက်ခြင်းသည် ကျမ်းပိုဒ်၏ မှန်ကန်သော အဓိပ္ပါယ်ကိုနားလည်သဘောပေါက်ရန်အရေးကြီးသောအချက်ပင်ဖြစ်ပါသည်။၎င်းအရာဆိုလိုသော အချက်မှာ သမ္မာကျမ်းစာလေ့လာသင်ယူသူများသည် မူလအတိုင်းအနက်ဖွင့်ရမည်။ စာရေးသား သူအသုံးပြုထား သောစာရေးသားသည့်ဟန်ပန်ကိုလည်း နားလည်သဘောပေါက်ရပါမည်။ စာရေး သားချက်များကို နားလည်သဘောပေါက်ခြင်းသည် သမ္မာကျမ်းစာသင်ယူထားသူများက နားလည် သဘောက်ပေါက်လာစေ ရန်သူရေးသားသောအချက်၏ဆိုလိုရင်းကို သိမြင်စေပါမည်။

ကျမ်းပိုဒ်ကို အကြောင်းအရာဆိုင်ရာအနက်ဖွင့်ဆိုချက်နည်းလမ်းဖြင့် လေ့လာသောအခါ ကျမ်းစာကျောင်းသားများသည် ကျမ်းစာအတွင်းရှိအကြောင်းအရာအတွင်းတွင်ပါဝင်သော ကျမ်းပိုဒ် နားလည် အောင်လုပ်ဆောင်ရပါမည်။ ထို့ကြောင့် ထိုကျမ်းပိုဒ်အတွင်းရှိ အကြောင်းအရာကို နားလည်သဘောပေါက် ရန်ကြိုးစားအားထုတ်ခြင်းသည် ၎င်းတည်ရှိသောစာပိုဒ်အကြောင်းအရာ၊ အခန်းအကြောင်းအရာ၊ ဝိုင်းရံထားသည့်ကျမ်းပိုဒ်များ၏အကြောင်းအရာ၊ ထိုကျမ်းစာအုပ်၊ ဓမ္မသစ်၊ ကျမ်းစာတစ်ခုလုံး၏အကြောင်းအရာများကို နားလည်သဘောပေါက်ရန်လိုအပ်ပါသည်။ ထိုအ ချက်မှာ အလွန်ပင်အရေးကြီးလှပါသည်။ အကြောင်းမှာ သမ္မာကျမ်းစာရေးသားသူ၏ မူလဆိုလို ရင်းကို နားလည်သဘောပေါက်ရန် ကျမ်းစာလေ့လာသူများအနေဖြင့် အစမှအဆုံးတိုင်အောင် စာရေးသားသူ၏အတွေးထဲတွင်ဖြစ်ပေါ်သောအရာကိုလည်း နာလည်သဘောပေါက်ရန် လိုအပ်ပါ သည်။ ကျမ်းပိုဒ်ကို ဆိုလိုရင်း၏အပြင်ဘက်သို့ရောက်သွားအောင် အနက်ဖွင့်ဆိုခြင်းသည် မဖြစ်နိုင် သောအရာပင်ဖြစ်ပါသည်။

သမိုင်းအကြောင်းအရာများကို နားလည်သဘောပေါက်ခြင်းသည် စာရေးသူ၏မူလ ရည်ရွယ်ချက်ကိုသိနားလည်ရန် ကြိုးစားအားထုတ်ကြသည့်အချိန်တွင် အရေးကြီးသောအရာတစ်ခုပင်ဖြစ်ပါသည်။ စာရေးသူသည် ရေးသားနေစဉ်တွင် သမိုင်းဆိုင်ရာရှုထောင့်ကို အခြေခံပြီးရေးသားထားခြင်းပင်ဖြစ်ပါသည်။ သမ္မာကျမ်းစာကိုလေ့လာသင်ယူနေသောသူများသည် သမိုင်းဆိုင်ရာအဖြစ်အပျက်များနှင့်အ ကြောင်းအရာများကိုနားလည်ရန်မှာလည်း အရေးပါသောအကြောင်း အရာပင်ဖြစ်ပါသည်။ အဘိဓာန်များဖတ်ကြားခြင်း၊ သမိုင်းဆိုင်ရာခေတ်ကာလများကိုဖတ်ကြားခြင်းသည် ကျောင်းသူကျောင်းသားများအား သမိုင်းဆိုင်ရာနောက်ခံသမိုင်းကို နားလည်သဘောပေါက်စေပါသည်။

သဒ္ဒါနည်းလမ်းကို နားလည်သဘောပေါက်ခြင်းသည်လည်း ၎င်း၏အနက်ဖွင့်ဆိုခြင်းတွင် လွယ် ကူစေသည်ကိုတွေ့ရပေမည်။ ကျမ်းပိုဒ်ခွဲခြမ်းစိတ်ဖြာမှုက စာကျောင်းတည်ဆောက်ထားပုံကို နားလည်စေ ပါသည်။ ကျမ်းစာစကားလုံးများကို အရှိအတိုင်းနားလည်သဘောပေါက်ခြင်းသည် သူတို့ရေးသားသည့် အချိန်ကာလက သဘောတရားကို နားလည်စေပါသည်။

ခေတ်ကာလသဘောတရားကိုနားလည်လျက် အနက်ဖွင့်ဆိုထားခြင်းသည်လည်း လိုအပ်သောအကြောင်းအရာများပင်ဖြစ်ပါသည်။ ကျမ်းပိုဒ်သည် မည်သူ့ကိုရေးသားပေးပို့သည်၊ မည်သည့်အချိန်တွင် ရေးသားသည် စသဖြင့်သောအရာကိုလည်း နားလည်သဘောပေါက်ရန် လိုအပ်ပေသည်။ ဥပမာအားဖြင့် မောရှေ၏ပညတ္တိကျမ်းတွင် ယဇ်ပုရောဟိတ်နှင့်ဆိုင်သောပညတ်တို့ကို ယုံကြည်သူများအတွက် အသုံးချထားပါသည်။ ထိုသို့ဆိုလျှင် မည်သို့အသုံးချပါသနည်း။ အသုံးချမရလျှင် အဘယ့်ကြောင့်နည်း။ ကျမ်းစာထဲတွင် မည်သည့်ဂတိတော်များသည် ဣသရေလများကို ရည်ညွှန်းပြောဆိုပြီး မည်သည့်အချိန်တွင် အသင်းတော်ကို ရည်ညွှန်းပြောဆိုပါသနည်း။ ကျမ်းစာကို ကောင်းစွာအနက်ဖွင့်ထားခြင်းမရှိမှုက သမ္မာ ကျမ်းစာကို ခေတ်ကာလပိုင်းခြားသည့်ရှုထောင့်မှ လွဲမှားသောကျမ်းစာကို လုပ်ဆောင်သောသူများသည် မကောင်းသောအကျိုးကိုဖြစ်စေနိုင်ပါသည်

နောက်ဆက်တွဲ ၃။

# အသက်ကြီးသူအများဖြစ်ခြင်း၏အကြောင်းရင်းကားအဘယ်နည်း။

သမ္မာကျမ်းစာထဲတွင် အကြီးမားဆုံးသော သက်သေအထောက်အထားမှာ တည်ထောင်ထားသော ဒေသန္တာရအသင်းတော်အတွင်းတွင် အသင်းကြီးသူတစ်ဦး၊ သင်းအုပ်တစ်ဦးတည်း တည်ရှိခြင်းမဟုတ်ဘဲ အသက်ကြီးသူ၏များပြားခြင်းကိုတွေ့ရသည်။ အသက်ကြီးသူဟူသည်မှာ သင်းအုပ်နှင့်အတူ လုပ်ကျွေးပြီး ထိန်းကျောင်းကြသည့် ယောကျ်ားများဖြစ်ကြသည်။ သူသည် အသက်ကြီးသူစတင်ထားသော်လည်း ခေါင်းဆောင်မှုနှင့်ပါတ်သက်ပြီး ၎င်း၏ဆုကျေးဇူးနှင့် ဘုရားသခင်၏ခေါ်ခြင်းပင်ဖြစ်သည်။ (ဧဖက် ၄း ၁၁) ဆက်နွယ်နေသောကြိုးစားအားထုတ် မှုဖြစ်ပါသည်။ ဓမ္မဟောင်းကျမ်းတွင် ခေါင်းဆောင်အများဖြင့် ဣသရေလများကို အုပ်ချုပ်သည်ဟူသော ဖော်ပြချက်ကိုဖော်ပြရန် သမ္မာကျမ်းစာသက်သေအထောက်အ ထားရှိပါသည်။ (ထွက် ၃း ၁၆၊ ဝတ်ပြု ၄း ၁၅၊ တော ၁၁း ၁၆၊ မဿဲ ၂၁း ၂၃ )ဤသည်မှာ သမ္မာကျမ်း စာက ဗျာဒိတ်ကျမ်းတွင် အဆုံးသတ်ထားသောလုပ်ဆောင်မှု၊ ကောင်းကင်ဘုံ၌ပင်လျှင် အသက်ကြီးသူ များစွာရှိကြောင်း ဖော်ပြထားပါသည်။ (ဗျာ ၄း ၄၊ ၁၀၊ ၅း ၆၊ ၁၉း ၄) ၎င်းသည် ဓမ္မသစ်ကျမ်းတွင် ထပ်ခါထပ်ခါ ဖော်ပြထားသည်ဖြစ်၍ အံ့သြစရာမရှိပေ။ ဤအချက်နှင့်ပါတ်သက်၍ ရည်ညွှန်းချက်များစွာရှိတော်မူကြောင်းကို တွေ့ရပါမည်။ ဥပမာ တမန်တော် ၁၄း ၂၃တွင် ရှင်ပေါလုက သူ၏ပထမဆုံး သာသနာ့ခရီးစဉ်ကို အဆုံးသတ်တော့မည်ဖြစ်၍“အသင်းတော်တိုင်းတွင် သူတို့အတွက် အသက်ကြီးသူများကိုခန့်အပ်ခဲ့သည်။” သူသည် အသင်းတော်တစ်ခုအတွက် အသက်ကြီးသူတစ်ဦးတည်း မဟုတ်ဘဲ အများကိုခန့်ထားခဲ့ရသည်။ ယေရှုရှလင်အသင်းတော်ကိုလည်း အသက်ကြီးသူအများက ဦးဆောင်ခဲ့သည်။ ( တမန်တော် ၁၅း ၂၂၊ ၁၆း၄) ထို့ပြင်ရှင်“ပေါလုသည် မိလက်မြို့တွင်ရှိနေသောအခါ သူသည် ဧဖက်မြို့နှင့် ကိုစေလွှတ်ပြီး အသင်းတော်အသက်ကြီး သူအဖြစ်ခေါ်ထားပါသည်။” (တမန် ၂၀း ၁၇) ရှင်ပေါလုသည် တိတုကို ညွှန်ကြားရသည်ဖြစ်၍ “မြို့တိုင်းတွင် အသက်ကြီးသူများကိုခန့်အပ်ထားရန်မှာ” ရှင်ပေါလုက တိတုကိုပေထားသောတာဝန်ပင်ဖြစ်ပါသည်။ ယာကုပ်က သူ၏စာဖတ်ပရိသတ်များကို ရေးသားထားသည်မှာ တစ်စုံ တစ်ယောက်သောသူသည်ဖျားနာလျှင် “အသင်းတော်၏အသက်ကြီးသူကိုခေါ်၍၊ ဆုတောင်းပေးရမည်၊ ဆီလိမ်းဘိသတ်ပေးရမည်ဟုဆိုထားသည်။ ”(ယာကုပ် ၅း ၁၄) ရှင်ပေါလုသည် ဖိလိပ္ပိအသင်းတော်သို့စာ ရေးသားသည့်အချိန်တွင် သူသည် “ကျွေးမွေးပြုစုသူများနှင့် သင်းထောက်များအပါအဝင် ဖိလိပ္ပိတွင်ရှိကြကုန်သော သန့်ရှင်းသူအပေါင်းတို့” ဟူ၍ ရေးသားလိပ်မူခဲ့သည်။ (ဖိလိ ၁း၁ ) ဟေဗြဲရေးသားသူကလည်း ၎င်း၏စာဖတ်ပရိသတ်များအား သင်းထောက်များကို နာခံမှုပြုရန်ရေးသားခဲ့သည်။ (ဟေဗြဲ ၁၃း၁၇) ရှင်ပေါလုကလည်း သက်သာလောနိတ်အသင်းတော်အား မိမိတို့အသက်ကြီးသူများကိုချီးမွမ်းပြီး ၎င်းတို့ကို များစွာလေးစားသမှုပြုနိုင်ရန် တိုက်တွန်းခဲ့သည်။ (၁သက် ၅း ၁၂-၁၃ )ထို့နောက် ကျမ်းစာတစ်ခုလုံးသည် အဖုံးတစ်ခုမှတစ်ခုဆီသို့ကြည့်သောအခါ အသက်ကြီးသူအများ

အကြောင်းကိုသာ ပြောလေ့ရှိပါသည်။ အသင်းတော်ကိုကြည့်ရှုခြင်းနှင့်ထိန်းကျောင်းခြင်းတွင် တစ်ဦးထက် သာ၍များစွာသောအသက်ကြီးသူများ အသင်းတော်တွင်ရှိနေရသည့် အကြောင်း တရားပင်ဖြစ်ပါသည်။

သင်းအုပ်ဦးဆောင်သောအသင်းတော်သည် သမ္မာကျမ်းစာနှင့်ကိုက်ညီသော အသင်းတော် မဟုတ် သကဲ့သို့ အသင်းများကဦးဆောင်သည့်အသင်းတော်သည်လည်း ကျမ်းစာနှင့်ကိုက်ညီသော အသင်းမဟုတ်ပါ။ ဤအရာသည် ဘုရားသခင်ကြိုက်နှစ်သက်သော အသင်းတော်အုပ်ချုပ်ရေး ပုံစံဖြစ်ခဲ့လျှင် အောက်ပါမေးခွန်းကို ဖြေဆိုရပေမည်။ ဘုရားသခင်သည် အသင်းတော်တွင် အ ဘယ့်ကြောင့် အသက်ကြီးသူများကို ထားပါသနည်း။ ထိုသူများသည် သိုးများကိုပြုစုသူ၊ ထိန်း ကျောင်းသူ၊ စောင့်ရှောက်သူများ( တမန်တော် ၂၀း ၁၇၊၂၈၊-၃၀၊ ၁ပေ ၅း ၁-၂)၊ သိုးများရှေ့တွင် ခရစ်ယာန်များမည်သို့အသက်ရှင်ရမည် ကိုပြသသောသူ( ၁ပေ ၅း ၃)၊ နာခံရန်၊ လေးစားရန်၊ မေတ္တာဖြင့်ရိုးသေလေးစားရန်ဘုရားသခင် သတ်မှတ်ပေးထံပေးထားခံရသောသူများသည်(၁သက် ၅း ၁၂-၁၃၊ ဟေဗြဲ ၁၃း၁၇) အဘယ့်ကြောင့် ယောကျ်ားများဖြစ်ရပါသနည်း။ ( ၁တိ ၃း ၁-၇၊ တိတု ၁း ၅-၉) ဘုရားသခင်သည် အသင်းတော်တွင်ရှိ ကြသည့် မတူညီသောဝိညာဉ်ရေး ရင့် ကျင့်မှုနှင့်တာဝန်ရှိသူများကို အသက်ကြီးသူများအဖြစ် အဘယ့်ကြောင့်ရွေးချယ်ပါသနည်း။ အ သက်ကြီးသူများထက် အသင်းတော်ရှိလူများ၏ပေါင်းစပ်ဉာဏ်ပညာသည် သာ၍ကြီးပါသလား။ ထိုသို့ဖြစ်နိုင်ပါသော်လည်း ထိုအရာသည် အဓိကအကြောင်းတရားမဟုတ်ပါ။ အချိန်တိုင်းတွင် အသင်းသားတို့၏ဖျမ်းမျှသည် အသင်းတော်၌ဖြစ်နေသောအရာကို သတိမပြုကြပေ။ သူတို့က ဘုရားသခင်သည် အသင်းတော်တွင် တည်ရှိခြင်းနှင့်လမ်းပြခြင်းအကြောင်း ၎င်းတို့၏ရှုပါရုံနှင့် နား လည်မှုတို့ကို မဝေငှကြပေ။ အသင်းတော်မည်သို့ စီမံလုပ်ဆောင်သည်ဟူသောအရာကိုပင် သိသော ဉာဏ်မရှိကြပေ။ သင်းအုပ်-ဆရာသည် ၎င်း၏နေရာအတွက် ဘုရားသခင်ခေါ်ထားသောသူ( ဧ ဖက် ၄း ၁၁)၊ အခြားအသက်ကြီးသူများသည် ၎င်းတို့၏လုပ်ငန်းနေရာကို စိတ်အားထက် သန်ကြသည့် ဝိညာဉ်လူများ( ၁တိ ၃း ၁-၇) ဖြစ်ကြသောကြောင့် အသင်းတော်အဖွဲ့အစည်း မဟုတ်ဘဲ တစ်ဦးတစ်ယောက်အားဖြင့် အသင်းတော်ကိုဦးဆောင်ရန် ဘုရားသခင်ရွေးကောက် ထား သည်ဖြစ်လိမ့်မည်ဟူသော အဓိပ္ပါယ်ဖြစ်ပါသည်။ အသင်းတော်တွင် အခြားသူများတွင် မရှိ သည့် ရင့်ကျင့်မှု၊ ဉာဏ်ပညာ၊ အတွေ့အကြုံ ဘုရား သခင်ကို သိသောဉာဏ်တို့သည် သင်းအုပ်- ဆရာတို့တွင် ရှိပေသည်။ ထို့ကြောင့် အသက်ကြီးသူသည် အသင်းတော်အတွက် ဆုံးဖြတ်ချက်ကို ချမှတ်ရန် ပို၍ ကောင်းသောသူဖြစ်ပါသည်။ အသက်ကြီးသူများ သည် အသင်းသားတို့၏အမြင်ကို နားမထောင်၊ မစဉ်းစားရဟုမဆိုလိုပါ။ နောက်ဆုံး ဆုံးဖြတ်ချက်ကို ချမှတ်သူများသာဖြစ်ကြ ပါသည်။ အသင်းတော်ကို ကျွေးမွေးပြုစုဖို့ရန် အရည်အချင်းပြည့်မှီပြီး ရင့်ကျင့်သောအသက်ကြီး သူများရှိရန်မှာ ဘုရားသခင်၏အကြံအစည်မဟုတ်ပါ။ ဓမ္မသစ်၏သွန်သင်ချက်များကို ဆန့်ကျင် လျက်ရှိပါသည်။ ထို့ကြောင့် အသက်ကြီးသူများမှာ လူတို့အားဖြင့်မဟုတ်၊ ယေရှုခရစ်အားဖြင့် လူတို့ကို ဦးဆောင်သူများဖြစ်ပါသည်။ ( ၁ပေ ၅း ၄ )

# စာရေးသူအကြောင်း

Randy သည် ၁၉၅၇ခုနှစ် ဒီဇင်ဘာလတွင်မွေးဖွါးခဲ့ပြီး ရိုမင်ကက်သိုလစ်မိသားစုတွင် ကြီးပြင်း လာသောသူဖြစ်သည်။ သူ၏ငယ်ဘ၀တွင် ဘုရားသခင်၏တည်ရှိခြင်းအကြောင်းကို မေးခွန်းထုတ်ခဲ့ပြီး အရွယ်ရောက်လာသောအခါ ဘုရားမဲ့ဝါဒီတစ်ဦးအဖြစ်ရပ်တည် အသက်ရှင်ခဲ့ သည်။ နောက်ပိုင်းတွင် ခရစ်တော်အကြောင်း ၎င်းအားပြောဆိုကြသောလူများကြောင့် သူ၏ ယုံကြည်ချက်အပေါ် သံသယစိတ်ဖြင့် မေးခွန်းထုတ်လာသည်။ ထို့ကြောင့် သူသည်ယေရှု အ ကြောင်းပြောဆိုချက်များကိုစဉ်းစားဆင်ခြင်ရင်း ဓမ္မသစ်ကျမ်းနှင့် ဓမ္မဟောင်းကျမ်းအချို့ကို ဖတ်ရှုခဲ့ သည်။ ယေရှုသည် အဘယ်သူဖြစ်ကြောင်းကို နားလည်သဘောပေါက်ပြီးနောက် Randy သည် ဘုရားတစ်ဆူရှိရမည်ဟု နားလည်လာသည်။ သူသည် ယေရှုကို မိမိ၏ကယ်တင်ပိုင်ရှင်နှင့်သခင် အဖြစ် ၁၉၈၂ ဩဂုတ်လ ( ၁၈ ) ရက်တွင် ယုံကြည် လက်ခံခဲ့သည်။

Randy ပြောင်းလဲလာသည့်နောက်တစ်နှစ်တွင် ယုံကြည်ခြင်းအတွက်အကျဉ်းခံနေကြသော ဆိုဗီယက်ယုံကြည်သူများအတွက် စတင်ဆုတောင်းခဲ့သည်။ ထိုအချိန်တွင် သူ၏စိတ်နှလုံးသားထဲ တွင် ဆိုဗီယက်ယူနီယံသို့သွားကာ သင်းအုပ်လုပ်လိုသည့်ဆန္ဒမှာ တဖွါးဖွါးဖြစ်လာခဲ့သည်။ သို့ရာ တွင် ၁၉၉၄ခုနှစ် ကျမ်းစာကျောင်းပြီးဆုံးပြီးနောက် ၁၁ နှစ်ကြာသည်အထိ ဖြစ်မလာခဲ့ပေ။ သူ သည် သင်းအုပ်ဖြစ်လာသည့်အခါ ယူကရိန်းသို့ ပထမဆုံးသောခရီးကို သွားခဲ့သည်။ ထိုမှ ပြန်လာပြီး နှစ်နှစ်ကြာသောအခါ ပထမဆုံး ရုရှတွင် ကျမ်းစာကို နှစ်ပတ်သင်ကြားပေးပြီးနောက် ယူကရိန်းတွင် နှစ်ပတ်ကြာသင်ကြားပေးရပြန်ပါသည်။ ထိုအတွေ့အကြုံများက ဘုရားသခင်၏တိ ကျသောလမ်းပြပို့ဆောင်မှုအကြောင်း အသက်တာတွင် နားလည်သဘောပေါက်စေရန် အကူအညီ ပေးခဲ့သည်။ Randy နှင့်သူ့မိသားစုဖြစ်ကြသော ဇနီးဖြစ်သူ Annette နှင့် သားသမီးလေးယောက် တို့သည် ( Elya, Jeremiah, Luke , Tabitha ) တို့သည် ၂၀၀၁ခုနှစ် ဇူလိုင်လတွင် ယူကရိန်းနိုင်ငံ ကိုင်အိ သို့ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ Randy နှင့် Annette တို့သည် ၂၀၁၁ခုနှစ်၊ ဇူလိုင်လတွင် ၁၀ နှစ်နီးပါးရှိခဲ့သည်။ သူတို့သည် ယူရုရှရှိအသင်းတော်ခေါင်းဆောင်များနှင့် ၎င်းတို့၏ဇနီးများ အား သင်ကြားပေးခြင်းတွင် ပါဝင်ကြပါသည်။

Randyသည် အမေရိကန်ပြည်ထောင်စုတွင်နေထိုင်သည့်အချိန်အတွင်း အမှုတော်လုပ် ဆောင်မှုမှာ အကူအညီလိုအပ်နေသည့် အသင်းတော်လေးနှစ်ခုတွင် သင်းအုပ်ဆရာလုပ်ဆောင်ပြီး ထောင်သာသနာနှင့် အိုးမဲ့အိမ်မဲ့သောသူတို့အား ဧဝံဂေလိလိုက်လံဝေငှခြင်းလုပ်ငန်းတွင်လည်း ပါဝင်ပေသည်။ နောက် ပိုင်းတွင် သူသည် Michigan ပြည်ထောင်စုရှိ Bark River Bible Church တွင် သင်းအုပ်ဆရာအဖြစ် ၈ နှစ်ကျော်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ သူသည် အသင်းတော် များ၏လိုအပ်ချက်ကို အကူအညီပေးသည့် အဖွဲ့အစည်းတစ်ခုဖြစ်သော Bible Related Ministries

တွင်လည်း ပူးပေါင်းပါဝင်လုပ်ဆောင်သူတစ်ဦးအဖြစ် ၁၀ နှစ်ကျော် ( ၁၉၉၀-၂၀၀၀ )ထမ်းဆောင်ခဲ့သည်။

Randy သည် အီလက်ထရွန်နစ်နည်းပညာဘွဲ့၊ သမ္မာကျမ်းစာတွင် B.Th ဘွဲ့နှင့် M.Min ဘွဲ့တို့ကိုလည်း ရရှိထားပါသည်။ ထိုကျမ်းစာဘွဲ့နှစ်ခုစလုံးကို Chicago ရှိ Moody Bible Institute မှ ရရှိခြင်းဖြစ်သည်။

အဖေအမေခေါင်းဆောင်စီမံခန့်ခွဲမှုညံ့ဖျင်းရင်ဆင်းရဲ

မောင်နှမအချင်းချင်း မတည့်ရင် ဆင်းရဲတယ် ( တိုင်းပြည်မတည့်သည့်အချိန် )

အိမ်တွင်းသူခိုးများတဲ့အိမ်ဆင်းရဲ

လက်ကြောမတင်းသူ (လူပျင်း ) များရှိရင် ဆင်းရဲ

အိမ်နီးချင်းကောင်းမရှိရင် ဆင်းရဲတယ်